
www.burmeseclassic.com

လျှို့ဝှက်ဆန်းကြယ်စာရေးဆရာကြီး

# သူရိန်ဇော်

## သံသရာဆန်းကြယ်အံ့ဩဖွယ်




www.burmeseclassic.com

www.burmeseclassic.com

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

BURMESE CLASSIC

## ကြုံတောင့်ကြုံခဲ အမှုသမားရန်ပွဲ

တစ်နေ့သ၌ ငင်းလှမြို့၏ ဈေးတန်းအတွင်းသို့ အသက်သုံးဆယ်ခန့်လူတစ်ဦးနှင့် အသက်နှစ်ဆယ့်ငါးနှစ်ခန့် အမျိုးသမီးတစ်ဦး တို့သည်လေးနှစ်သားအရွယ် ကလေးငယ်ကိုတစ်ယောက် တလဲချီပိုး၍ ဝင်ရောက်လာခဲ့ကြသည်။

၎င်းတို့မှာ လင်မယားဖြစ်သည်ဟု ယူဆစရာ ရှိသော်လည်း တစ်ဦးနှင့်တစ်ဦး လုံးဝစကားပြောခြင်းမရှိဘဲလျက် ဈေးတန်း အတွင်းရှိကုန်စိမ်းသည်၊ ဆန်းသည်နှင့် အခြားတိုလီမိုလီရောင်း ချသည့်ပစ္စည်းများကိုသာ ကြည့်ရှုငေးမောရင်း လျှောက်လာခဲ့ ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူများမှာ စည်ကားသွား၍ အချို့မှာနွားကြီးများကို ဆွဲသွားလေ ရှိရာ အနီးမှဖြတ်သွားသူ တစ်ယောက်အား ယောကျ်ားကြီးဖြစ်သူက မေးလိုက်သည်။

'ဒီမှာမိတ်ဆွေ၊ ဒီနေ့စည်ကားသွားချည်သား ဘာနေ့များပါလိမ့်'

ထိုအခါ အမေးခံရသူက...

'ခြသွင်...ခင်ဗျားတို့က တစ်နယ်တစ်ကျေးကနေတွေပါလား၊ ကျွန်တော်တို့မြို့ရဲ့ တစ်သက်တစ်ခါကျင်းပတဲ့ နွားပွဲသဘင်၊ အဲဒီမှာနွားတွေကို လေလံပစ်တော့ နွားပွဲဈေးတွေလဲ ခြေချင်းလိမ်နေတော့တာပေါ့'

'ဟုတ်ကဲ့၊ အခုလိုပြောတဲ့အတွက် ကျေးဇူးအထူးတင်လှပါတယ် မိတ်ဆွေ'

ထိုနောက် သူတို့ဆက်ထွက်လာခဲ့ရာ မိန်းမဖြစ်သူမှာ ဈေးဆိုင်တန်းများကိုသာ ငေးကြည့်လျက် လိုက်ပါလာခဲ့လေတော့သည်။

မိန်းမ၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်လျက် အလွန်ထရာ ဆာလောင်မှုကိုသိပ်ခံနေဟန် ရှိလေသည်။

ထိုစဉ် ကလေးငယ်က...

'မေမေ၊ မုန့်စားချင်တယ်'

'အေး...အေး၊ စားရမှာပေါ့ သားရယ်'



မိခင်ဖြစ်သူ မိန်းမက ကလေးငယ်အား နှစ်သိမ့်လိုက်ရင်း ဈေးဆိုင်တန်းများ ရှိရာသို့ တစ်ဖန် ကြည့်လိုက် ပြန်သည်။ ယောကျ်ားဖြစ်သူကလည်း ရှေ့ယောင်၍ လှမ်းကြည့်လိုက်လေသည်။

ဈေးဆိုင်တန်းများတွင် မုန့်ဟင်းခါး၊ ကောက်ညှင်းထုပ်၊ အကြော်စုံရောင်းချသော တဲကလေးများအပြင် ထန်းရည်နှင့် ကွက်ကြော်ရောင်းချသော ဆိုင်များကိုလည်း တွေ့လိုက်ရလေတော့သည်။

လေတစ်ချက်အသုတ်တွင် မွှေးပျံ့သည့် ထန်းရည်နံ့နှင့်စူးရှသည့် ချက်အရက်နံ့တို့သည် ရှေ့မှ ယောကျ်ား၏နှာဝသို့ ဝင်ရောက်လာသည်။

ထိုအခါ ယောကျ်ားဖြစ်သူက နှုတ်ခမ်းကိုလျှာဖြင့် သပ်လိုက်သည်။

'ကလေးကလဲ ဆာလှပြီရှင်၊ တစ်ဆိုင်ဆိုင်မှာ တစ်ခုခုဝင်စားကြရင်ကောင်းမယ်'

မိန်းမဖြစ်သူက ယောကျ်ားကိုပြောလိုက်ရာ ယောကျ်ားဖြစ်သူက...

'စားကြမယ်လေ၊ ဘယ်ဆိုင်ဝင်မလဲ'

'လူရှင်းတဲ့ ဆိုင်တစ်ဆိုင်ဝင်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ ဒါဖြင့်ဟိုးဘက်က အကြော်တဲကို ဝင်ကြတာပေါ့'

မိန်းမသည် ကလေးငယ်ကိုပွေ့ချီ၍ ယောကျ်ား နောက်မှ လိုက်လာခဲ့သည်။

မကြာမီ သူတို့သည် မလှမ်းမကမ်းရှိ လူနည်းသောအကြော်တဲတစ်တဲသို့ ဝင်ရောက်မိကြတော့သည်။

'ထိုင်ကြပါ၊ ထိုင်ကြပါ၊ ထိုင်ခုံတွေ အားပါတယ်၊ အကြော်တွေကလဲ အသင့်ရှိပါတယ်ကွယ်'

ဈေးသည်အဒေါ်ကြီးသည် အကြော်ကြော်နေရာမှ ဆီးကြို၍ ဖိတ်မန္တကပြုပြီးလျှင် ပန်းကန်ပြားထဲသို့ အကြော်များ ထည့်ပေးပြီး အချဉ်ရည်နှင့် လတ်ဆတ်သော ဆလပ်ရွက်များ ကိုလည်း လာရောက်ချပေးလေသည်။

မိန်းမဖြစ်သူက ကလေးငယ်ကို ငှက်ပျောကြော်တစ်ခုပေး၍ ဘူးသီးကြော်တစ်ခုကို ကောက်ယူဝါးနေစဉ် ယောကျ်ားဖြစ်သူက မျက်နှာချင်းဆိုင်တဲ ထန်းရည်ပုလင်းများကိုငေးစိုက်ကြည့်လျက်ရှိလေသည်။

ပြီးမှ အကြော်သည် အဒေါ်ကြီးအားကြည့်လျက်...

'ထန်းရည်နဲ့ကတော့ တယ်မွှေးကိုး အစ်မကြီးရဲ့၊ မင်းလှ ထန်းရည်ကတော့ နာမည်ကြီးပါပဲ'

ယောကျ်ားဖြစ်သူ၏စကားကြောင့် အကြော်သည် အဒေါ်ကြီးက ပြုံးသိုက်ပြီး....



'ဪ....ငါ့မောင်တို့က ဧည့်သည်တွေထင်ပါရဲ့၊ တို့မြို့က ထန်းရည်တင် မဟုတ်ဘူးကွယ်၊ ချက်အရက်ပါနာမည်ကြီးတာ၊ အရှေ့ကထန်းရည်တဲဟာ အဒေါ် ယောကျ်ားရောင်းတဲ့ ထန်းရည်တဲပေါ့၊ ချက်အရက်နဲ့ကြက်ကြော်ပါရှိတယ်လေ'

'ဪ....ဟုတ်လား'

ယောကျ်ားက ပြောရင်းမှ ထန်းရည်တဲကိုကြည့်ကာ နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်ချိန်တွင် မိန်းမဖြစ်သူက မမြင်ဟန်ပြု၍ နောက်ထပ် ပဲကြော်တစ်ခုကို ကောက်ယူလျက် အချဉ်ရည် တို့ပြီး စားလိုက်လေ၏။

အဒေါ်ကြီးက....

'မေ့သို့ မောင်ရင်ရေ....၊ ဟောဒီအိုးက ချက်အရက်တွေ ထည့်ထားတဲ့ အိုးပဲ၊ ရော့....ရော့၊ တစ်ခွက်ယစ်ဖလားမြည်း ကြည့်စမ်းပါကွား၊ မင်းလှ ချက်အရက် ဘယ်လောက်ကောင်း တယ် ဆိုတာ သိရအောင်'

ပြောပြောဆိုဆိုဖြင့် အကြော်သည် အဒေါ်ကြီးက အနီးရှိ ချက်အိုးအဖုံးကို ဖွင့်၍ မြေပန်းကန်လုံးဖြင့် အပြည့် ခပ်ယူပေးသည်တွင် ယောကျ်ားက ကမန်းကတန်း လှမ်းယူပြီး မော့ချလိုက်တော့၏။

မိန်းမကမူ မမြင်ဟန်ဆောင်လျက် တတိယမြောက်အကြော်တစ်ခုကို ကောက်ယူစားနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမဦးစွာ ယောကျ်ားဖြစ်သူ၏ မျက်နှာမှာ ရှုံ့မဲ့သွားပြီး နောက်အကြော်တစ်ခုကို နှစ်ကိုက်မျှဖြင့် မြည်းလိုက်သောအခါ ရင်း၏ မျက်နှာမှာ ထူအမ်းအမ်း ဖြစ်လာလျက် ပန်းနုရောင် သမ်းလာတော့သည်။ ထိုအခါ ယောကျ်ားဖြစ်သူက....

'ကောင်းတယ် အစ်မကြီး၊ နောက်တစ်ပိုင်းခေါက် ပေး စမ်းပါဦးဗျာ....'

'ရမယ်...ရမယ်'

အကြော်သည် အဒေါ်ကြီးက အနီးမှ ပုလင်းတစ်လုံးကိုဖွ ယူထည့်ပေးလိုက်၏။

ယောကျ်ားဖြစ်သူက လျှပ်မြန်စွာဆွဲယူ၍ ခွက်အတွင်းထည့် မမော့သောက်လိုက်၏။

ပြီးလျှင်....

အကြော်တစ်ခုကို ယူ၍ ဝါးပြန်၏။

မိန်းမကမူ ကလေးငယ်အား ပေကျံနေသည်များကို သု သင်ပေးလျက် ရှိလေသည်။

ထိုအခိုက်....

အရှေ့ထန်းချည့်တဲမှ အမူးသမားလေးဦးခန့် အကြော်ဆ အတွင်းသို့ ဝင်ရောက်လာကာ အကြော်များ စားနေကြ သည်။



ပန်းနုရောင်မျက်နှာမှ သည်းထွတ်ထွတ်ရဲအောင် နီလာသည့် မျက်နှာဖြစ်လာသော ယောကျ်ားသည် ဆက်နှုတ်မင်းစည်းစိမ်ဖြင့် နောက်ရောက်လာသည့် အမူးသမားများနှင့် ဆောက်တတ်ရာရာ စကားလက်ဆုံကျနေတော့၏။

နောက်ထပ် လူအချို့ ရောက်လာပြန်သည်တွင် အမူးသမားများထဲမှ တစ်ဦးက....

'ဟေ့...ဆရာဒွန်း၊ နွားပွဲ ပြီးသွားပြီလားကွ၊ ပြန်ကြတော့မလို့လား'

'အေးကွ...ပြီးသွားပြီ၊ ဒါကြောင့် ဦးစိန်ဆီမှာ ချက်အရက် နည်းနည်းလာချတာလေ၊ အကြော်စားပြီးရင် ပြန်ကြတော့မယ်'

ဒုတိယ ဝင်လာသည့် အုပ်စုမှ လူတစ်ယောက်က ပထမအုပ်စုမှ အမူးသမား၏ အမေးကိုဖြေကြားပြီးလျှင် အနီးရှိ ဝါးကွပ်ပျစ်တွင် ဝင်ရောက်ထိုင်လိုက်ကြလေသည်။

ထိုကြားထဲတွင် မိန်းမနှင့် ပါလာသည့် ယောကျ်ားက လျှာလေး အာလေးဖြင့်....

'လုပ်...လုပ်ပါဦး၊ အစ်မကြီး၊ နောက် တစ်စိတ်လောက် ရော့ဗျာ...ကျသင့်တဲ့ငွေ၊ အကြော်ဖိုး ပါပါတယ်နော်...အော'

'အေး...အေး၊ ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



အကြော်သည် အခေါက်ကြီးလည်း အရက်တစ်စိတ်ကို ချပေးပြီး ပိုငွေကိုပါ တစ်ပါတည်း ပြန်အမ်းပေးလိုက်သည်။

မိန်းမက စိတ်ပျက်ဟန်ဖြင့် ရေနွေး တစ်ခွက်ကိုသောက်လိုက်ပြီး နောက်ဘစ်ခွက်ကို ကလေးငယ် သောက်ရန်အတွက် အေးသွားအောင် မှုတ်နေလေ၏။

ထိုအခိုက်....

အနီးအပါးမှ အကြော်စားနေသည့် အမူးသမားများသည် နွားပွဲနှင့် ၎င်းတို့၏နွားများအကြောင်းကို ပြောနေကြလေ၏။

'ခုအေးကွာ...ဖိုးချစ်ရာ၊ အရေးထဲမှာ ငါ့ နွားပြာကြီးက ကပ်တတ်တတ် လုပ်နေတာနဲ့ မနည်းကြိမ်းမောင်းခေါ်ခဲ့ရတာကွ၊ ဈေးကလဲ နည်းပါကွာ'

ထိုသူ၏ စကားကြောင့် ဖိုးချစ် ဆိုသူက....

'အင်း....မင်းရဲ့ ခြံပေါက်ဆိုတော့ ဒီနွားပြာကြီးအပေါ်မှာ သံယောဇဉ်ဖြစ်နေမှန်း ငါ်သိပါတယ်ကွာ၊ ဒါပေမယ့် မင်းရဲ့ နွားကြီးက သိပ် အလုပ်မလုပ်နိုင်တော့ဘူး ထွန်းရဲ၊ နောက်ပြီး ကပ်တတ်တတ် ပေတေတေနဲ့ ဆိုတော့ ရသလောက်နဲ့ ရောင်းလိုက်တာ အေးပါတယ်ကွာ'

'ဟာ....ဟား.... ဒီမိတ်ဆွေရဲ့ စကားက မှန်တယ်၊ ရောင်းလိုက်တာ အကောင်းဆုံးပါ။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမနဲ့ နွား မသနားနဲ့လို့ ဆိုရိုးရှိတာပဲ မဟုတ်လားဗျ၊ ဟဲ....ဟဲ'



ထိုစကားကို ပြောလိုက်သူမှာ မိန်းမနှင့် အတူပါလာသည့် ယောကျ်ားဖြစ်လေသည်။

ထိုသူ့စကားကို အရက်မူးနေသူထန်းရည်သမားတစ်စုတို့က ကောင်းချီးပေးကြလေ၏။

'ဟုတ်တယ်ဗျို့....ဒါမှန်တယ်'

'မှန်တာပေါ့ဗျာ'

'သိပ်မှန်၊ ဟဲ....ဟဲ'

မိန်းမဖြစ်သူကမူ မတုန်မလှုပ် ထိုင်နေလျက် ကလေးငယ်ကို သာ ဂရုတစိုက် ပြုလုပ်ပေးနေလေသည်။ ယောကျ်ားဖြစ်သူက အာလေးလျှာလေးဖြင့် ဆက်ပြောပြန်၏။

'ဘယ်လောက် အသုံးမကျတဲ့ နွားဖြစ်ပစေ၊ တန်ရာတန်ဖိုးတော့ ရပါတယ်ဗျာ၊ ရောင်းလို့မရတာက မိန်းမဗျ၊ တစ်ပြားမှ မတန်ဘူးဗျို့'

'အာ....ဒါတော့'

'အင်း'

'အဲ'

ထိုအခိုက် အမူးသမားများထဲမှ လူတစ်ယောက်က....

'ဟေ့ကောင်...မင်း ဘယ်လိုကောင်စားလဲ၊ လူတစ်ယောက်ကတာ ဘယ်လောက်မူးမူး ကိုယ့်မိန်းမကိုတော့ မကောင်းမပြောသင့်ဘူးလို့ ငါထင်တယ်၊ ခုတော့....'

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏ စကားမဆုံးခင် မူးနေသည့်ယောကျ်ားက... ဝေါသည်ဖြင့်...

'အို...ကျုပ်က ပေါင်းနေတဲ့ ယောကျ်ားဗျ၊ ခင်ဗျားကဘာ ဆိုင်လို့ ဝင်ပြောရတာလဲ'

'ပြောချင်လို့ ပြောတယ်ကွာ'

'ဘာဗျ...ကဲ'

'ဒိုင်း...ဒိုင်း...ချလွှမ်း'

'အင့်'

'အင့်'

'အို...လုပ်ကြပါဦး၊ အကြော်တွေ မှောက်ကုန်ပါပြီ ကုန်ပါ ပြီတော့'

အကြော်သည် မိန်းမကြီးသည် တစ်ဆိုင်လုံး အုန်းအုန်းထ အောင် ရိုက်နှက်ထိုးကြိတ်နေသူနှစ်ဦးနှင့်အတူ ပါဝင်ရန်တကဲကဲ ဖြစ်နေသည့် အမျိုးသမီးများကို အော်ဟစ် ကျိန်ဆဲနေသ တော့၏။

အချို့အမျိုးသမီးများကလည်း ရန်ပွဲတွင် ပါဝင်လာကြ၏ တချို့ကလည်း ပထမအမျိုးသမီးဘက်မှ ပါဝင်ကူညီလေ၏

ထိုအခါ ရန်ပွဲမှာပိုမိုကြီးကျယ် စည်ကားလာလေတော့၏ သူဆဲတီး ပျော်ပွဲကြီးတစ်ပွဲ ဖြစ်ပေတော့၏။



ထိုအချိန် အတန်ကြာ[illegible] ရန်ပွဲမှာ အရှိန်တန့်သွားတော့ သည်။

ထိုအခါလူအချို့မှာ အကြော်[illegible]င်အတွင်း၌အလဲလဲအကွဲကွဲ ဖြစ်နေ[illegible]တော့သည်။

ပထမဦးစွာ ခြေ့သည့်လူစိမ်းအမျိုးသမီးက...

'ကျွန်တော်...ကျွန်တော် မိန်းမနဲ့ ကလေးတော့ဗျာ၊ ဘယ် ရောက်နေသလဲ လုပ်ကြပါဦး'

ဟု ပတ်ဝန်းကျင်မှ လူများကို အကူအညီတောင်းလေ၏။

ထိုအခါ ကျန်အမျိုးသမီးများကသည်...

'အယ်သူ့သိမှာလဲဗျ၊ ကျုပ်တို့အားလုံး မူးမူးရူးရူးနဲ့ ရန်ဖြစ် နေကြတာပဲ ဟုတ်လား'

'ဟာ...ဒါဆို ဒုက္ခပါပဲ၊ ကျွန်တော့်ကို ကူညီကြပါဦးဗျာ၊ ကျွန်တော် မိန်းမနဲ့ ကလေးကို ရှာအောင်ရှာပေးကြပါဦး'

ဟု နောင်တရသံဖြင့် သနားစဖွယ် ပြောရှာလေ၏။

ထိုအခိုက် အပြင်ဘက်မှ ရောက်လာသည့် အမျိုးသမီးတစ် ဦးက...

'ရှာမနေနဲ့တော့ဗျို့၊ ခင်ဗျားရဲ့ မိန်းမနဲ့ ကလေးလားတော့ မသိဘူး၊ ခပ်ချောချော မိန်းမတစ်ဦးနဲ့ လေးနှစ်သားအရွယ် ကလေးငယ်တစ်ယောက် လမ်းပေါ်က မောင်းလာတဲ့ ကား [illegible]ကို တားပြီး လိုက်သွားတာ တွေ့လိုက်ရတယ်'

'ဘယ်...သွားဗျ'

'[illegible]ပါဗျ၊ [illegible]ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ၊ ကျွန်တော့်ရင်ထဲ မီးတောက်သွားပြီဗျာ၊ သူတို့သွားအပြီ ကျွန်တော့်ကို နာကြည်းသွားပြီဗျာ၊ အဟီး...ဟီး

အမှုးသမားက ထိုသို့ပြောဆိုရှိ ငိုခလရာ ခပ်စောစောက ဝင်ရောက်ထိုးကြိတ်၍ ရန်ဖြစ်ထားသော အမှုးသမားများမှာလည်း အတော်ပင် စိတ်မကောင်း ဖြစ်သွားကြရတော့သည်။ သို့ရာတွင် ထွက်ခွာသွားသော ၎င်းအမှုးသမား၏ မိန်းမနှင့်ကလေးအား တွေ့ရှာပေးနိုင်ရန် ကိစ္စကို မည်သူမျှစွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ပါပေ။

ထိုအခါ အရက်သည် မည်မျှဒုက္ခပေးစွမ်းကြောင်းနှင့် အရက်ကြောင့် မိမိဘဝသာမက မိသားစုနှင့်ပင် ကွေကွင်းရပြီဖြစ်ကြောင်း မင်းလှမြို့၏ အချုပ်ခန်းလေးအတွင်းမှ အမှုးသမားယောက်ျား သံဝေဂတရား ရနေမိတော့၏။

ဆိုးရွားလေစွ ကျွန်ုပ်ဘဝ

ကျွန်ုပ်၏အမည်မှာ မောင်သိန်းဟန်ဖြစ်၍ ကျွန်ုပ်၏ညီငယ်မှာ မောင်လှဟန် ဖြစ်လေသည်။ ကျွန်ုပ်၏အသက်မှာ ဆယ့်သုံးနှစ်ရှိ၍ ညီငယ်ဖြစ်သူ မောင်လှဟန်မှာ ရှစ်နှစ်ခန့်ရှိပြီဖြစ်၏။

ကျွန်ုပ်တို့မိသားစုသည် ပြည်မြို့အောင်နှင့်နီးသော ဝါးရုံသာရပ်ကွက်တွင် နေထိုင်၍ အနီးအပါး၌ ကိုင်းတောရပ်ကွက်၊ ဘုတင်ရပ်ကွက်၊ တရုတ်စုရပ်ကွက်၊ ဆင်စုရပ်၊ ဆံတော်ရှင် သည့်နေရာများသို့ နံနက်မိုးလင်းသည်နှင့် ခြံမှထွက်သော သင်းချဉ်၊ ခလပ်၊ မုန်လာနှင့် အခြားဟင်းသီးဟင်းရွက်များ ... ကား လှည့်လည်ရောင်းချခြင်းကို နေ့စဉ်မပြတ် ကျွန်ုပ်လုပ်ရပါဖြစ်၏။

www.burmeseclassic.com



တစ်ခါတစ်ရံ ညီငယ်ဖြစ်သူ မောင်လှဟန်လည်း လိုက်ပါလေ့ရှိလေရာ မောင်လှဟန်မှာ ခြေအငြိမ်မနေ၊ လက်အငြိမ်မနေ လေ့ရှိသူတစ်ဦး ဖြစ်သောကြောင့် မကြာခဏ ပြဿနာတက်လေ့ရှိသကဲ့သို့ ထိုသို့ဖြစ်ရသည့်အခါတိုင်းပင် ဖခင်ဖြစ်သူ ဦးရဲလှက ကျွန်ုပ်အား ဗျာမကာ မဆော်ပလော်ကြီးလေ့ ရှိသောကြောင့် ကျွန်ုပ်မှာ ညီငယ်မောင်လှဟန် ပါလာသောအခါများ၌ မျက်ခုံးများပင် လှုပ်လျက် ရှိနေလေတော့၏။

ယနေ့လည်း ကုန်စိမ်းများ ရောင်းချပြီး ဖြစ်သောကြောင့် လိုအပ်သည့် ဆန်ဆီ စသည်ပစ္စည်းများကို ဈေးအတွင်း၌ ဝယ်ခြမ်းကာ နေ့အိမ်သို့ ပြန်လာကြစဉ်အခိုက် မင်းကြီးတော်ပေါ်၌ အရှိန်နှင့်ပြေးထွက်လာသော မြင်းလှည်းရှေ့မှ မောင်လှဟန်က ရုတ်တရက် ကျော်ဖြတ်လိုက်ရာ မြင်းလှည်းမောင်း သူမှာ ဖျတ်လတ်သူတစ်ဦး ဖြစ်သောကြောင့် မြင်းဇက်များကို သတ်၍ အရှိန်သတ်လိုက်နိုင်သောကြောင့်သာ မောင်လှဟန်မှာ သေကံမရောက် ငံးဖြစ်ပေတော့၏။

သို့ရာတွင် လှည်း၏အမြီးဖျားနှင့် ရိုက်ခတ်မိသောကြောင့် မောင်လှဟန်၏ ဦးခေါင်းတွင် ဒဏ်ရာအနည်းငယ်ရ၍ သွေးများ တစိမ့်စိမ့်ထွက်ကျနေတော့၏။

'ငါ့တူကွာ၊ သတိသတိမဲ့ ဒုက္ခရောက်တော့မလို့၊ ဦးလေး မြန်မြန်ပေလို့သာပေါ့ကွာ'



လျက် မောင်လှဟန်၏ ဒဏ်ရာကိုကြည့်ရှုရင်း စိတ်မသက်သာစွာ ပြောနေလေ၏။

'တော်သေးတာပေါ့ များသွားလားကွယ် ကလေး၊ ရော့...ရော့ ဟောဒီသွေးဆေးလေး သိပ်ထည့်လိုက်ပါကွယ်'

ခရီးသည် အဒေါ်ကြီး ပေးလာသော ဆေးမှုန့်အနည်းငယ်ကို ကျွန်ုပ်က လှမ်းယူ၍ ညီဖြစ်သူ မောင်လှဟန်၏ ဦးမှ ဒဏ်ရာတွင် သိပ်ပေးလိုက်ရာ မောင်လှဟန်မှာ စပ်ဖျင်းလွန်းသဖြင့် အရှုံ့ရှုံ့တမဲ့မဲ့ဖြစ်ကာ မျက်ရည်များကျနေတော့သည်။

'ကိစ္စမရှိပါဘူး ခင်ဗျ၊ ဒဏ်ရာကလည်း ကြီးလှတာမဟုတ်ပါဘူး၊ ဦးလေးတို့ သွားလိုရာ သွားကြပါခင်ဗျာ'

ကျွန်ုပ်၏ စကားကြောင့် ခရီးသည် အဒေါ်ကြီးနှင့် မြင်းလှည်းသမားကြီးတို့မှာ စိတ်သက်သာရာ ရသွားဟန်ဖြင့် ထွက်ခွာရန် ပြင်ဆင်လိုက်ပြီးမှ မြင်းလှည်းသမားကြီးက...

'ဩ်...ဦးလေးကလဲ စိတ်မကောင်းပါဘူး ငါ့တူရယ်၊ ရော့...ရော့ ဒီအပ်တဲ့ ဆေးဝါးလေး ဘာလေး ဝယ်ဖို့ ပြီးတော့ ပိုတာ မုန့်ဝယ်စားကြပေါ့ကွာ'

မောင်လှဟန်မှာ မြင်းလှည်းသမားကြီးပေးသော ငွေ [illegible]ကျပ်ကို ဆတ်ခနဲ လှမ်းယူလိုက်၏။

သို့နည်းမှာပင်...

ခရီးသည် အဒေါ်ကြီးကလည်း...

'ရော့...ရော့ ဒေါ်ဒေါ်ကလဲမုန့်ဖိုးပေးခဲ့ပါရစေကွယ်'

ခရီးသည် အဒေါ်ကြီး [illegible]ပေးသော ငွေ တစ်ကျပ်ကို လည်း မောင်လှဟန်က လျှပ်တစ်ပြက် လှမ်းယူလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မြင်းလှည်းမှာ မျက်စိအောက်မှ ထွက်ခွာ သွားတော့သည်။

ထိုအခါ ကျွန်ုပ်က...

'ညီလေးရာ...ဘာဖြစ်လို့ သူများပေးတာကို အလကားယူရတာလဲကွ၊ ဒီဇက်ရာလောက်ကို ဘာဆေးဝါးမှ ဝယ်စရာ မလိုပါဘူးကွ၊ အိမ်ကျမှ ကုက္ကိုရွက် ထောင်းသိပ်ရုံနဲ့ ပျောက်နိုင်ပါတယ်'

'ဟဲ...ဟဲ...ဟော့တောင် သိန်းတန်၊ မင်းဟာ တကယ်အတဲ့ကောင်ပါလားကွ၊ မင်းလို လူမျိုးဟာ ရာသက်ပန်ဆင်းရဲဦးမယ့်ကောင်ပါပဲ'

ကျွန်ုပ်မှာ ညီဖြစ်သူ မောင်လှဟန်၏ စကားကို နားမလည်နိုင်ဘဲ ရှိသောကြောင့် အကြောင်းသား ငေးကြည့်နေမိစဉ်...

၎င်းက...

'ဟော တောင် သိန်းတန်ရဲ့၊ တို့ ဒီနေ့ ခြိကထွက်တဲ့ကုန်စိမ်းတွေ အကုန် ကုန်တာတောင် ငွေတစ်ကျပ် ရခဲ့လားကွ'

'အင်း...အဲဒီလောက်တော့ ရပါတယ်'

ထိုအခါ ညီဖြစ်သူ မောင်လှဟန်က မထေ့တထေ့ ပြုံးလျက်...

'တကယ်ထားပါဦး၊ အခုဟာက မယင်ပန်းဘဲ နှစ်ကျပ်ရတော့ အဆင်ပြေတာပေါ့ကွာ'

ညီငယ်၏ အချောင်ရယူလိုသော စိတ်ခါတ်ကို ကျွန်ုပ်က မနှစ်မြို့ခြင်း ...



'မင်းငွေနှစ်ကျပ်က အခုရအတွက်များတာဘော့ အမှန်ပဲ ညီလေး၊ ဒါပေမယ့် တန်ဖိုးမရှိဘူးကွ'

'ဘာ...ဘာဖြစ်လို့ တန်ဖိုးမရှိရမှာလဲ၊ ပြောစမ်းပါဦး သိန်းတန်'

မောင်လှဟန်မှာ အထက်အောက်လည်းဖြစ်၊ ကျွန်ုပ်ကလည်း လွန်စွာချစ်ခင်လေရာ ကျွန်ုပ်အား မင်းနှင့်ငါနှင့် ပြောဆိုခြင်းအား အကျင့်ပါနေလေတော့၏။

ကျွန်ုပ်ကလည်း ပြန်လည်ရှင်းပြ၏

'ဒီလိုကွ ညီလေးရ၊ ငါကြားဖူးနားဝရှိသလောက် လူဆိုတာ ကြယ်တဲ့အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုမှသာ လူတော်လူကောင်းတစ်ယောက် ဖြစ်မယ်လို့ အဆိုရှိတယ်ကွ'

'ဟား ဟား ဟား၊ ဘုရားဖြစ်မယ့်အတူတဲ့နီခဲကလဲ လာလာ ညီသေး၊ ဒီမှာကွ သိန်းတန်ရ၊ အခုလဲ ငါ့အသက်နဲ့ရင်းပြီး လှည်းရှေ့ကဖြတ်သွားလို့ ဒီငွေနှစ်ကျပ် ရလိုက်တာပဲကွ၊ ကိုဘာကြောင့် မစင်ကြယ်ဘူးလို့ ပြောရတာလဲ'

ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ဦးမှာ ကျွန်ုပ်က ကုန်စိမ်းတောင်း ထမ်းကိုထမ်း၍ မောင်လှဟန်နှင့်စကားပြောလျက်လျှောက် ကြရာ ကျွန်ုပ်တို့နေထိုင်ရာခပ်ဟွက်ကိုပင် လှမ်း၍ မြင်နေရ ဖြစ်လေတော့၏။

ကျွန်ုပ်က ညီငယ်၏စကားကို ဆက်၏။

'အေး...မင်းက နှစ်ကျပ်ရဖို့အတွက် မြင်းလှည်းရှေ့ကတမင် ဖြတ်ထွက်ပြေးတယ်၊ မြင်းလှည်းဆရာ မတော်ရင် မင်း

www.burmeseclassic.com

www.burmeseclassic.com



အသက်ပါသွားနိုင်တယ်၊ ဒါပေမယ့် [illegible] နိုင်စရာတွေကို လဲ ထည့်တွက်ပါဦး ညီလေးရဲ့'

'ဘာများလဲ သိန်းတန်'

'မြင်းလှည်းဘီးချော်ပြီး မှောက်သွားနိုင်[illegible]တယ်၊ မြင်းတွေခြေ ကျိုးနိုင်တယ်၊ မြင်းလှည်းသမားသေနိုင်[illegible]၊ ခရီးသည်အပေါ် ကြီး ဗုဂ္ဂိုလ်ရောက်နိုင်တယ်၊ မြင်းက ခြေ[illegible]က်အား လ[illegible]အာနဲ့ ထမ်းပေါ်ပြေးတက်ရင် လမ်းသွားလမ်းလာတွေပါ အဆင်ခုက္ခ ရောက်နိုင်တယ်...'

အဲဒီတော့ကွာ မင်းတော့ငွေနှစ်ကျပ်ယာ အများသူငါကို ဒုက္ခရောက်စေပြီးမှ ရတာတဲ့အကျိုးအမြတ်ဖြစ်ပုံမို့ ငါတော့ မစင်ကြယ်ဘူးလို့ ထင်မိတာပဲ'

ကျွန်ုပ်က ထိုသို့ပြောသောအခါ ညီငယ်ဖြစ်သူမောင်လှဟန် က ယောက်ယက်ခတ် ရှယ်မောပြီးလျှ[illegible]က်သို လုပ်လျက်...

'မင်းက လူ[illegible]ကြီးအား စိတ်နှလုံးဖျားဆိုတဲ့ရောဂါမျိုး မလိုချင်ဘူးကွာ [illegible]မှာ အရေးတော့ [illegible]ရေးတာတွေ လုပ်နေနဲ့၊ ငါကတော့ အဖေ့လိုပဲ မရှုရတဲ့နည်းနဲ့ ရှာတာကို သဘောကျတယ်'

'အော...အဓိကပြောရတာတစ်ခု ကျန်သေးတယ် လှဟန်ရဲ့'

'ပြောစမ်းပါဦးကွ'

'အခုဆို မင်းနဲ့မှာ [illegible]ရပ်တဲ့အတွက် အိမ်ရောက်ရင် အဖေက[illegible]ကျိန်းမဲ့သော်လည်းတော့မှာပဲ၊ မင်းလဲ ပါတယ်လေ'

ကျွန်ုပ်မှာပြောရင်းမှ ချက်ချင်းပင် ကျောချမ်းသွားသော် လည်း မောင်လှဟန်ကမူ ထီမထင်ဟန်ဖြင့် မျိုးများကိုတွန့်၍ ပုခုံးလှုပ်ယမ်းလိုက်လေသည်။

ပြီးမှ...

'ဒါတော့ ငါလဲမတတ်နိုင်ဘူး'

ကျွန်ုပ်မှာ ဖခင်ဖြစ်သူဦးရဲလှ၏တုတ်ကြောကို မြင်ယောင် မိပြီးလျှင် ခြေလှမ်းများတွန့်သွားသကဲ့သို့ ကျွန်ုပ်အပေါ် သား ရှိသည့်ဖခင်၏မေတ္တာကိုလည်း စိတ်ထဲမှ ပြန်လည်ဆန်းစစ်နေမိ တော့သည်။

ဖခင်ကြီးသည် သားနှစ်ယောက် ရှိသည့်အနက် ညီငယ် မောင်လှဟန်အပေါ် အလိုလိုက်သလောက် ကျွန်ုပ်အပေါ်တွင် မူ နှိပ်ကွပ်လွန်းသည်ဟု ယူဆမိသည်။

မြောမတာလည်း ရိုက်နှက်တတ်သကဲ့သို့ လုံးဝဦးစားမပေး ပါချေ။

မိခင်ကြီးကမူ...

'သားရယ်၊ မင်းအဖေကို စိတ်မဆိုးပါနဲ့၊ သူ့မှာ စီးပွားရေး မကောင်းတော့ စိတ်တွေညစ်ပြီး သားကို အလိုမလိုက်နိုင်တာ ပါ၊ လှန်ခဲ့တဲ့အချိန် မင်းညီလေး မမွေးခင်ကများ ငါ့သားကို ချစ်လိုက်ရှာတာ၊ လက်ပေါ်ကကို မချပါဘူးကွယ်'

'ဟင်...ဒီလိုဆို ညီလေးမွေးလာတော့ ကျွန်တော့်ကို မချစ် တော့ဘူး ဆိုပါတော့ ဟုတ်လားမေမေ'

'အို...ဒီလိုလဲ မဟုတ်ပါဘူးလေ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ အချက်ကျကျမေးလိုက်သောအမေးကြောင့် မိခင်ကြီး ဒေါ်အေးငြိမ်းမှာ စကားပင် ပြန်မဖြေနိုင်ရှာဘဲ ငိုင်တွေနေတော့သည်။

ထို့အတွက်....

ကျွန်ုပ်မှာ မိခင်ကြီး စိတ်မချမ်းမသာဖြစ်မည်ကို စိုးရိမ်မိသည့်အတွက် စကားစကို ရပ်လိုက်ရတော့သည်။

ရပ်ကွက်အတွင်းမှ လူအချို့ကလည်း ကျွန်ုပ်၏ညီငယ်မောင်လှဟန်နှင့်စာလျှင် ကျွန်ုပ်အား ချစ်ခင်ကြ၏။

သနားကြသည်၊

ကျေးမွေးကြသည်၊

ကျွန်ုပ်ကိုယ်၌ကလည်း ယနေ့အထိ သူတစ်ထူးအား တတ်နိုင်သမျှ ကူညီစောင့်ရှောက်သည်ကလွဲ၍ မည်သည့်အခါမျှ ဒုက္ခမပေးခဲ့ချေ။

ကျွန်ုပ်မှတ်မိသမျှပြောပြရလျှင် ကျွန်ုပ်၏ဖခင် ဦးရဲလှသည် အထက်အရပ်မှ အောက်အရပ်သို့ ကုန်ရောင်းကုန်ဝယ် သွားလုပ်ခြင်းဖြင့် တစ်လတစ်ခေါက်နှစ်ခေါက်စသည် ရောက်ရှိလာကာ ကျွန်ုပ်တို့မိသားစုအား လုပ်ကိုင်ကျွေးမွေးခြင်းပင်။

ယခုအခါ၌....

ခရီးလမ်းတစ်ခလျှောက်တွင် သူခိုးဓားပြများ ထကြွနေချိန်ဖြစ်ရာ အရောင်းအဝယ်လုပ်ငန်းကို နားထားရသဖြင့် ခြံထွက်သီးနှံလေးများကို ရောင်းချခြင်းဖြင့် မငတ်အောင် ကြိုးစားနေရခြင်း ဖြစ်လေတော့သည်။



ကျွန်ုပ်အား ရိုက်နှက်ရာတွင်မူ ပေါ်ရွာမှလူများပင် မခံမရပ်နိုင်အောင် ကြမ်းတမ်းလွန်းလှ၏။

ကျွန်ုပ်ကမူ ခံရလွန်းအားကြီးသဖြင့် ကြိမ်ဒဏ်ကို မမှုတော့သည့် ကျွဲ နွားကဲ့သို့ လည်းကောင်း၊ မီးအကြိမ်ကြိမ်ဖုတ်၍ ပေပေါ်တင်ကာ တူဖြင့် အထုအထောင်းခံရသည့် သံကဲ့သို့ လည်းကောင်း၊ တဖြည်းဖြည်း မာကျောချ်လာလေရာ ဆယ့်သုံးနှစ်သားသာ ရှိသေးသော်လည်း ကျွန်ုပ်၏ ခန္ဓာကိုယ်အချိုးအဆစ်မှာ ထွားကျိုင်းလျက် ရင်အုံတွိုက နို့မောက်လှိုင်းထကာသကဲ့သို့မောင်း၊ လက်ဖျံ၊ ပေါင်တံတို့မှာလည်း တုတ်ခိုင်မည့် အနေအထား ရှိနေလေ၏။

အိမ်ရှေ့သို့ရောက်သောအခါ မိခင်ကြီးသည် ပန်းမုန်လာ၊ ဆလပ်နှင့် နံနံပင်များကို ရေလောင်းနေသဖြင့် ကျွန်ုပ်က ပုဆိုးတမ်းကို အိမ်ပေါ်ကဲ့ဝမှာ ချထားလျက် မိခင်၏လက်မှရေခွက်ကို လှမ်းယူလိုက်တော့သည်။

'ပေး အမေ၊ ကျွန်တော် ဆက်လောင်းလိုက်ပါ့မယ်၊ ပါလာတဲ့စွည်းတွေကို အမေ ချက်ပြုတ်ရဦးမှာ ဟုတ်လား'

'နားပါဦးလား သားရယ်၊ ရောက်ရောက်ချင်း ကိုတော့ ပင်ပန်းလှပါတယ်'

'ရပါတယ် အမေရယ်၊ သား မပင်ပန်းပါဘူး'

မိခင်ဖြစ်သူက ကျွန်ုပ်အား ကြင်နာမှုကြည့်လျက် ထမင်းဟင်းချက်ပြုတ်ရန် ထွက်ခွာသွားစဉ် ကျွန်ုပ်က အပင်များကို ရေလောင်းနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်....

မိုးကြိုး တစ်ချုန်းသံ ကဲ့သို့ အသံကြီးတစ်ခု မြည်ဟိန်းသံက ကြားရလေသည်။

'ဟေ့ သိန်းထန်၊ အဲဒီအလုပ်ကိုတားခဲ့စမ်း၊ ဒီကိုလာခဲ့'

ကျွန်ုပ်သည် သက်ပြင်းကို မြင်းစွာရှိုက်၍ အိမ်ပေါ်သို့ ဖခင်ကြီးရှိရာသို့ လျှင်မြန်စွာ ထွက်ခွာခဲ့ရလေတော့သည်။

'ဒီမှာကြည့်စမ်း၊ ကိုယ့်ညီလေး မြင်းလှည်းနဲ့ တိုက် ယောက်တောင် လမ်းမှာ သေသွားရသလား၊ ဟေ့ကောင် ပြောစမ်း'

ဒေါသထွက်လျက်ရှိသည့် ဖခင်၏မျက်နှာကိုကြည့်၍ ကျွန်ုပ်က တည်ငြိမ်စွာ ပြောသည်။

'သေလို့မဟုတ်ပါဘူးအဖေ၊ ညီလေးက ရှေ့လော လမ်းကို ဖြတ်ကူးလိုက်လို့ပါ။ အဲဒါ...'

'ဟေ့ကောင်၊ တော်တော်၊ မင်းဟာ အကြီးဖြစ်ပြီး ကို ညီကို ဂရုစိုက်ဖမန်းမသိဘူး၊ မသေမကောင်းမပျောက်တော ကွာ၊ ကဲ...အဲဒါ ဂရုမစိုက်ဦး...ဂရုမစိုက်ဦး'

'ဗုန်း...ဗုန်း'

ကျွန်ုပ်၏မျက်လုံးထဲ၌ လျှပ်စီးတို့ ဝင်းလက်သွားသည်

ကြယ်ပွင့်များ ကြွေသကဲ့သို့ အလင်းတန်းများကို တွေ့လိုက်ရသည်။

တုတ်ဖကြာသည် ကျွန်ုပ်၏ ရင်နှင့်ကျောအနှံ့ ထရစ် ရောက်လျက် သည်။



သို့ရာတွင်....

ကျွန်ုပ် မငိုပါ။

ကျွန်ုပ် မျက်ရည်လည်း မကျပါ။

ကိုယ်ကိုတင်း၍သာ တောင့်ခံထားသည်။

'အံမယ် မငိုးဘ ငိုလဲမငို၊ အော်လဲမအော်ဘူး၊ အာလဲ ငါ့ ကို အာခံချင်သေးတယ်၊ ဟုတ်လား ကဲကွာ...ကဲကွာ'

'ဖြန်း ဖြန်း ဖြန်း'

ကျွန်ုပ်၏ကျောသည် ကော့ထွက်သွားသည်။

နာကျင်ခြင်းဝေဒနာသည် တစ်ကိုယ်လုံး ပျံ့နှံ့လျက် ရှိနေချေသည်။

'တော်.. တော်ပါတော့ ကိုရဲလှရယ်'

မိခင်ကြီး၏အသံကိုကြားရပြီးလျှင် ဖခင်ကြီး၏ဒေါသတကြီး အော်ဟစ်သံကိုပါ အနီးကပ် ထပ်မံကြားလိုက်ရပြန်၏။

'ဘာ မင်းသားလုပ်ပုံကြည့်စမ်း၊ အခုကတည်းက ငါ့ကို အာခံချင်နေဘယ်၊ ဒီ ဖြစ်မယ်ဆိုကာ အဖေက ငါ ထင်သား ပဲ၊ ခွေးမသား၊ တောက်...လုပ်ရရင် သေတော့မှာပဲ၊ ဟေ့ ကောင် ထွက်သွားစမ်း'

ကျွန်ုပ်သည် ဖခင်အား မလေးမစားဖြင့် အာခံခြင်းမဟုတ် ပါ၊ ဖခင်ကြီး ဒေါသပြေသည်အထိ ရိုက်နှက်နိုင်စေရန် အား တင်းထားခြင်းဖြစ်ပါ၏။

ကျွန်ုပ်၏ ညီငယ်ဖြစ်သူ မောင်လှဟန်မှာမူကား တိုင်တစ် တိုင်ကို မှီ၍ ကျွန်ုပ်အား ကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်း၏ အကြည့်တွင် သနားညှာတာခြင်းနှင့် စိတ်မကောင်းဖြစ်ခြင်းတို့ အလျှင်းမရှိကြောင်း ကျွန်ုပ်ခန့်မှန်းမိပါ၏။

'ဟာ ကောင် သိန်းဟန်၊ ခုချက်ချင်း မင်း ငါ့ရှေ့ကထွက်သွားစမ်းကွာ'

'ဟုတ်ကဲ့ အဖေ'

ကျွန်ုပ်သည် ဖခင်ကြီး စိတ်ဆိုး ပြေစေရေးအတွက် ၎င်း၏ဆန္ဒအတိုင်း အောက်ထပ်သို့ဆင်းရန်ခြေလှမ်းပြင်လိုက်စဉ် မီးဖိုချောင်အဝမှ မိခင်ကြီး၏မျက်ရည် ဖြိုင်ဖြိုင်ကျသော မျက်နှာကို မြင်ယောင် မိလိုက်သဖြင့် ခေတ္တမျှ ရပ်ကြည့်လိုက်ပြီးမှ စိတ်မကောင်းစွာဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

သို့သော်....

ကျွန်ုပ်သည် တခြားသို့ ထွက်သွားခြင်း မပြုဘဲ စိုက်ခင်းမှ အပင်များကို ရေလောင်းခြင်းဖြင့်သာ အလုပ်ကို အာရုံစိုက်နေစဉ် အိမ်ပေါ်ထပ်မှ မိခင်ကြီး၏ ကြိတ်၍ ငိုရှိုက်သံများကို တစ်ခါတစ်ရံ ကြားနေမိလေ၏။

ထိုအချိန်တွင်....

ကျွန်ုပ်၏ ညီငယ် မောင်လှဟန်မှာ လေးခွတစ်လက်ဖြင့် အိမ်ပေါ်မှ ဆင်းလာပြီးနောက် ကျွန်ုပ်အား တစ်ချက်ကြည့်ပြီးလျှင် ရပ်ကွက်ထဲသို့ ထွက်သွားလေတော့သည်။

မကြာမီ...

ကျွန်ုပ်၏ မိခင်ကြီးသည် နှင်းပုလင်းကို ကိုင်၍ ကျွန်ုပ်ထံ ရောက်လာလေ၏။

ပြီးလျှင်....



အင်္ကျီကို လှန်စေ၍ ကျောပြင်မှ သွေးစို နေသော အရှိုးရာများအား နှင်းသိပ်ပေးလေရာ ကျွန်ုပ်က ငြိမ်သက်စွာ ရပ်နေမိလေသည်။

'သား စာသွားသင်ဦးမလို့လား'

'ဟုတ်ကဲ့၊ သွားရမယ် အမေ'

'ဒါဆိုရင် ဟင်းကျက်တော့မယ်၊ ထမင်းကျန်တာရှိနေတယ်၊ ဘေးသွားမပါလား သားရဲ့'

'မစားတော့ဘူး အမေ၊ ပြန်လာမှပဲ စားတော့မည်'

ကျွန်ုပ်လည်း ရေလောင်းခြင်းကို ရပ်တန့်၍ အဝတ်လဲကာ တစ်ရပ်တည်း၌ရှိသည့် ကျွန်ုပ်အား စာပေသင်ကြားပေးသော ဆရာဦးလူအေး၏ အိမ်ဘက် ထွက်ခွာလာခဲ့လေတော့၏။

www.burmeseclassic.com

ထူးဆန်းသော ချည်သည်နှင့် ရွှေဟယ်ဒနစ်ကောင်

ညှိသို့ ပင်ပန်းတစ်ခါ၊ အရိုက်ခံတစ်လှည့်၊ စိတ်ဆင်းရဲမှုတစ်ဖုံ စသည်ဖြင့် လုံးချာ လည့်၍ နေထိုင်ခဲ့ပြီးနောက် လေးနှစ်ခန့် ကြာသောအခါ ကျွန်ုပ်တို့ အိမ်ရှေ့၌ ဆိုင်းဘုတ်ကလေးတစ်ခု ကို တွေ့ရမည် ဖြစ်လေသည်။

ယင်းဆိုင်းဘုတ်ကို အောက်ပါအတိုင်း ရေးသားလေသည်။

မြ

ရွှေပန်းတိမ်သုပ်ဝန်း

ကျွန်ုပ်၏မိခင် မြေဖြူချက်အရ ဖခင်ကြီးသည် ပန်းတိမ်မျိုး ရိုး ဖြစ်၍ ပန်းတိမ်ပညာကို ကျွမ်းကျင်စွာ တတ်မြောက်သော



လည်း အရောင်းအဝယ်လုပ်ငန်းကို ဝါသနာ ထုံသည့်အတွက် တစ်နယ်မှ တစ်နယ်သို့ ကုန် ကူးသန်းရောင်းဝယ်ခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုနေရာမှ ယခုအခါတွင် လွန်စွာဆင်း ရဲလှသော မိသားစု၏အတိဒုက္ခရောက်မှုကြောင့် ပန်းတိမ်ပညာ ဖြင့် စီးပွားရှာရန် ဆုံးဖြတ်လိုက်ကြောင်းများကို သိရလေ၏။

ပထမပိုင်း၌ တကိုယ်တော်နေ၍ တစ်ယောက်မျှပင် အပ်နှံခြင်း မရှိ ခဲ့ပေ။

သို့ရာတွင်....

နောက်ပိုင်း၌ ဖခင်ကြီး၏ လုပ်ငန်း ကျွမ်းကျင်မှုအရ လက် ရာ ခေတ်ဆင်ကောင်းမွန်ခြင်း၊ ဈေးနှုန်းသက်သာရခြင်းနှင့်ဆက် ဆံမှု ကောင်းခြင်းများကြောင့် ပြည်မြို့၌ ရွှေဆိုင်များသာမက ရန်ကုန်မြို့ မကွေးမြို့မှ ရွှေဆိုင်များကပင် ပုံဆန်းဆန်းများကို လာရောက်အပ်နှံကြရာ ကျွန်ုပ်တို့ မိသားစု၏ စီးပွားရေးမှာ အထိုက်အလျောက် တိုးတက်လာခဲ့ပြီးနောက် ယခင်အိမ်လေး ကို ဖျက်၍ ခန့်ညားသော တိုက်ခံအိမ်ကြီး တစ်လုံးကိုပင် ပြန် လည် တည်ဆောက်နိုင်ပြီ ဖြစ်လေတော့သည်။

ကျွန်ုပ်မှာမူ ထိုအချိန်ထိ ထစ်ခနဲရှိလျှင် အရိုက်ခံရမြဲ ဖြစ် သည်။

ညီငယ်မောင်လှဟန်ကလည်း ထုံးစံအတိုင်း ပြဿနာရှာမြဲ ဖြစ်ပေသည်။

စိတ်ညစ်သောအခါများတွင် ကျွန်ုပ်သည် ဟင်းရွက်ခင်းများ သို့သာ မြက်နုတ်၊ ပေါင်းသင်၊ ရေလောင်းခြင်းဖြင့် စိတ်ဖြေ ရာ ရှာရ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးလှအေး သင်ကြားပေးသော စာပေများကိုကား တစ်နေ့မှ မလစ်လပ်ရလေအောင် ဂရုတစိုက် သင်ကြားခဲ့၏။

ထို့ကြောင့်လည်း....

ယခုအခါတွင် ကျွန်ုပ်သည် သတင်းစာနှင့်တကွ ဘုရားရှိခိုးစာအုပ်များနှင့် မဂ္ဂဇင်းအချို့ကိုပင် ဖတ်ရှုနိုင်ပြီး ဖြစ်နေလေသည်။

မောင်လှဟန်မှာ စာပေ ပညာကို လုံးဝ စိတ်ဝင်စားသူ မဟုတ်ပေ။

တစ်နေ့တွင် ဖခင်ကြီးက ကျွန်ုပ်အား လှမ်းခေါ်သဖြင့် ကျွန်ုပ်က ရှိသေစွာ ရပ်နေစဉ်—

'သိန်းတန်၊ မနက်ဖြန်ကစပြီး မင်းကို ပန်းတိမ်ပညာ သင်ကြားပေးမယ်၊ ဝီရိယစိုက်ပြီး အလုပ်လုပ်၊ ကစားတာပြုတာတော့ လုံးဝအချိန်မရဘူး၊ အလုပ်ကို ဂရုမစိုက်ရင်တော့ မင်းငါ့လက်နဲ့တွေ့မယ်၊ သတိသာထားပေတော့ ဟုတ်လား'

'ဟုတ်ကဲ့....အဖေ'

မိခင်ကြီးကမူ မနီးမဝေးမှ စားပွဲကို ဖုန်သုတ်ရင်း ဝမ်းမြောက်ဝမ်းသာရှိသည့် မျက်နှာထားဖြင့် ကျွန်ုပ်အား ကြည့်နေလေသည်။

ကျွန်ုပ်မှာ ဖခင်ကြီး၏ စီးပွားရေး အဆင်ပြေလာပြီ ဖြစ်သောကြောင့် အရပ်တကာကို တုန်စိမ်းလှည့်လည် မရောင်းရဘဲ သီးပင် စားပင်လေးများကို ပြုစုခြင်းနှင့် တစ်အိမ်လုံး စားရေး၊ သောက်ရေးအတွက် မိခင်ကြီးအား ကူညီ၍ ချက်ပြုတ်လုပ်ကိုင်ပေးခြင်း အစရှိသည်တို့ဖြင့်သာ အချိန် လုံနေရသော



ကြောင့် ယခုကဲ့သို့ ပန်းတိမ်ပညာ သင်ရမည် ဆိုသော အခါ ကျွန်ုပ်မှာ အမှန်တကယ်ပင် ဝမ်းသာမိပေတော့သည်။

သို့သော်....

ဒေါသကြီးသော ဖခင်ကြီးနှင့် နီးကပ်စွာ လက်ပွန်းတတီး တပ်ကိုင်ရမည်ဖြစ်ရာ ကျွန်ုပ်မှာ ခပ်လန့်လန့် ဖြစ်နေပေတော့သည်။

ညီငယ်မောင်လှဟန်မှာကား လေးခွတစ်လက်ဖြင့် နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် ထွက်ခွာသွားပြီးလျှင် ထမင်းစားချိန်မှသာ ပြန်လာ၍ ထမင်းစား၏။

ထမင်းစားပြီးသည်နှင့် အလစ်ချောင်း၍ ထွက်ပြန်၏။

ထို့နောက်....

ညနေ ထမင်းစားချိန်အမီမှသာ ၎င်းကို တွေ့ရမည်ဖြစ်လေသည်။

ထိုသို့....

ပြန်မလာမီတွင် ၎င်း၏ပြဿနာများသာ အိမ်သို့အရင်ရောက်နှင့်နေပြီ ဖြစ်သည်။

သရက်သီးများကို လေးခွနှင့်ပစ်ခြင်း ပြဿနာ၊ ချောထိသဖြင့် အိမ်တစ်အိမ်၏ ပန်းကန်စင်မှ ပန်းကန်တစ်ချပ်ကွဲသည့် ပြဿနာနှင့် ဗယာကြော်ဆိုင်မှ ဗယာကြော်များကို အလစ်ခိုးယူသည့်ပြဿနာများ ဖြစ်သည်။

တစ်ခါတစ်ရံ၌လည်း ကလေးချင်း ထိုးကြိတ် ကြသည့် ပြဿနာတွင် မောင်လှဟန်က အုပ်စုဖြင့် တစ်ဖက်သားကို ရိုက်ချခြင်းများလည်း ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ပြဿနာများ ဖြစ်ပေါ်လာသည်ရှိသေး။

ဖခင်ကြီးသည် လာရောက်တိုင်တန်းသူများအား တောင်းပန်ခြင်းဖြင့် လည်းကောင်း၊

ငွေကြေးတန်ရာ တန်ဖိုးပေးလျော်လည်းကောင်း ကျေအေးစေလေသည်။

မောင်လှတန်ကိုကား ဆူပူရုံမျှသာ ဆူပူလျက် တစ်ခါမျှ ရိုက်နှက်ဆုံးမခြင်း မရှိဘူးချေ။

အကြောင်းနှင့် စင်လျှဦး၏ မိခင်ကြီးက အလိုမလိုက်သင့် ကြောင်းပြောသောအခါ ဖခင်ကြီးနှင့် တစ်ယောက်တစ်ခွန်း စကားများခြင်းဖြင့်သာလျှင် မသိတန်ဆောင်ကာ အလုပ်တစ်ခု ကို ရယူရှာ၍ လုပ်ကိုင်နေတော့သည်။

တစ်နှစ်ခန့်အကြာ၌ ကျွန်ုပ်အသက် တစ်ဆယ့် ခြောက်နှစ် မြောက် ရောက်ရှိသောအခါ အဆူခံ အဆဲခံ အရိုက်အနှက်ခံ၊ အညှဉ်းဆဲခံရင်းမှပင် ကျွန်ုပ်သည် ပန်းတိမ်ပညာကို အထူးပင် ကျွမ်းကျင်နားလည်မှုအထိ တတ်မြောက်ခဲ့လေသည်။

ကျွန်ုပ်တို့ မိသားစုစီးပွားရေးလည်း ပိုမိုတိုးတက်လာခဲ့လေသည်။

သို့ရာတွင်....

မောင်လှတန်၏ ခိုးယူသုံးစွဲမှု၊ အလျော်ပေးရမှုများလည်း များပြားလာခဲ့သည်။

ကျွန်ုပ်တို့အိမ်တွင် ရွှေထည်လာရောက်အပ်နှံသူများဖြစ်သည့် သူဌေးသူကြွယ်များ၊ ရွှေဆိုင်ပိုင်ရှင်များဖြင့် အမြဲစည်ကားနေ လေတော့သည်။



ကျွန်ုပ်၏ မိခင်ကြီးလည်း ဧည့်သည်များအား၊ ရေနွေးလက်ဖက်ရည်မှအစ ထမင်းဟင်းအထိ ဧည့်ခံရလေရာ မအားလပ်နိုင်အောင်ရှိနေသောကြောင့် ကျွန်ုပ်က အလုပ်အားသည်နှင့် တစ်ခါတစ်ရံ ကူညီရလေသည်။

ညီဖြစ်သူ မောင်လှတန်မှာ အပျော်ကြူးလျက်သာ ရှိနေတော့သည်။

ဧည့်သည်များနှင့် အလုပ်ရှုပ်နေသောအခါသမယသည် ၎င်းအတွက် ပိုမို၍ အခွင့်အရေးရရှိစေရန် ဖန်တီးပေးသကဲ့သို့ ဖြစ်နေလေသည်။

ဤသို့ဖြင့် လနေပါင်းအတော်များများကို ဖြတ်သန်းမိချိန်တွင် တစ်နေ့၌ ကျွန်ုပ်တို့၏အိမ် ရှေ့သို့ မြင်းရထားတစ်စီး ရောက်လာပြီးလျှင် ခန့်ညားသောလူကြီးတစ်ဦး ဆင်းလာလေရာ ကျွန်ုပ်က အလုပ်ခန်းမှလှမ်းမြင်လိုက်ရသည်။

ထိုပုဂ္ဂိုလ်ကြီးမှာ မြန်မာလူမျိုးများ၌ထူးထူးကဲကဲ ရှည်လျားလှသော ကရုပ်အမောင်းကို ဗိုင်းဆိုင်၍ ရုပ်ရည်အားဖြင့် အထူး ခန့်ညားကာ လမ်းလျှောက်ပုံမှာလည်း တန်ပါလှပါသည် ဟု ကျွန်ုပ်မှတ်ယူမိသည်။

ဖခင်ကြီးက အိမ်ရှင်ပီပီ ဧည့်ဝတ်ပြု၍ ကြိုဆိုခေါ်ဝင်ပြီးလျှင် ဧည့်ခန်း၌ထိုင်ကြလေသည်။

ဥပဓိရုပ်ခန့်ညားသည့် အရပ်ရှည်ရှည်လူကြီးက...

'ပန်းတိမ်ဆရာကြီး ဦးရဲလှဆိုတာ မိတ်ဆွေပါလား'

ဟု မေးလေသည်။

'ဟုတ်ပါတယ်၊ ကျွန်တော်ဦးရဲလှပါ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ဖခင်က ပြန်လည်ဖြေကြားသည်။

'အင်း...ဆရာဦးရဲလှရဲ့ ပန်းတီမ်လက်ရာကတော့ မြန်မာပြည်မှာ အလွန်ရှားပါး ကောင်းမွန်လှပါပေတယ်ဗျာ'

ဤကဲ့သို့ ချီးမွမ်းလိုက်ရာ ကျွန်ုပ်၏ဖခင်မှာ မနေတတ်မထိုင်တတ်ဖြစ်၍...

'ဟာ...ဒါလောက်တောင်လဲ မဟုတ်သေးပါဘူး ခင်ဗျာ၊ ကျွန်တော့်ထက် ပေါ်တဲ့လူတွေ တစ်ပုံကြီးရှိဦးမှာပါ'

'ဒါလဲ မှန်ချင်မှန်မှာပေါ့လေ၊ ကျုပ် ပြောချင်တာကတော့ မိတ်ဆွေတစ်ယောက်ရဲ့ အနုစိတ်ကျတဲ့ ရွှေထည်လက်ရာအချို့ကိုကြည့်မိရာမှာ ပြည်မြို့က ဆရာဦးရဲလှရဲ့ လက်ရာလို့ သိရပေတယ်ဗျာ'

'ဟုတ်ကဲ့၊ ပြောလဲပြောတာပေါ့၊ မုန့်နဲ့လက်ဖက်ရည်များကိုလဲ သုံးဆောင်ပါဦး၊ မိတ်ဆွေကြီး'

'ကျေးဇူးတင်ပါတယ်'

ထိုအချိန်၌ မိခင်ကြီးလည်းအခြားကိစ္စတစ်ခုဖြင့် မီးဖိုချောင်ဘက်သို့ ထွက်ခွာသွားရာ ဧည့်သည်ကြီးနှင့်ကျွန်ုပ်၏ဖခင် နှစ်ဦးသာကျန်ခဲ့ကြတော့သည်။

ကျွန်ုပ်လည်းထိုဧည့်သည်ကြီးကို စိတ်ဝင်စားသည်နှင့် ဖခင်ကြီးမသိစေရန် ဟနေသောပျဉ်တစ်ချပ်ကြားမှ ချောင်းမြောင်းကြည့်ရှုနေမိတော့သည်.

ကျွန်ုပ်မြင်ရသည်မှာ ဧည့်သည်ကြီးသည် မုန့်နှင့်လက်ဖက်ရည်များကိုသာ အေးဆေးစွာ စားသောက်နေပြီးလျှင်တစ်အိမ်လုံးကိုစူးရှသောမျက်လုံးများဖြင့် တစ်ချက် အကဲခတ်လိုက်လေတော့၏။

ပြီးမှ...

'ဒီလိုဗျာ၊ ဒီကိစ္စကိုခင်ဗျားနဲ့ နှစ်ဦးတည်းသာ ပြောချင်တယ်၊ ဖြစ်နိုင်ရင် ခင်ဗျားမိသားစုကိုတောင် မသိပါစေနဲ့'

'ပြောနိုင်ပါတယ်ဗျာ၊ စိတ်ချရပါတယ်'

ထိုအခါ ဧည့်သည်ကြီးသည် အိတ်အတွင်းမှ ဆီစိမ်စက္ကူဖြင့် ပတ်ထားသော အထုပ်တစ်ထုပ်ကို ကမန်းကတန်း ထုတ်ယူလိုက်တော့သည်။

ထိုနောက် ဆီစိမ်စက္ကူများကို တဖြည်းဖြည်းခွာလိုက်သောအခါ လှပသော ရွှေဟင်္သာရုပ်ကလေးနှစ်ရုပ်ကို ကျွန်ုပ်မြင်တွေ့လိုက်ရလေသည်။

ဒီနေရာမှာ တစ်ခုပြောပြချင်တယ်ဗျ ဆရာရဲလှရဲ့'

'ပြောပါ မိတ်ဆွေကြီး၊ ပြောနိုင်ပါတယ်'

'ကျုပ်တို့ဟာ ဟံသာဝတီမင်းအဆက်ဆက်မှာ အမှုထမ်းခဲ့ပြီးထင်ရှားခဲ့တဲ့ မှူးမတ်အမျိုးအနွယ်တစ်ခုက ဆင်းသက်လာတဲ့ သူတွေပါပဲ'

'ဟုတ်ကဲ့'

ဒီဟင်္သာရုပ်နှစ်ရုပ်ကလဲ ကျုပ်တို့ဆွေမျိုးစု ဘေးဘိုးဘီဘင်လက်ဆက်ကတည်းက အမြတ်တနိုး အမှတ်တရထားလာခဲ့တဲ့ အထိမ်းအမှတ် ပစ္စည်းဖြစ်ကြောင်း ပြောလိုတာပါ'

'မှန်ပါတယ် မိတ်ဆွေကြီး၊ အဲဒီတော့ကျွန်တော်က ဘာလို ဆောင်ရွက်ပေးရမှာပါလိမ့်'



www.burmeseclassic.com

www.burmeseclassic.com



ဆေးသည်ကြီး၏ စကားအဆုံး၌ ကျွန်ုပ်၏ဖခင်ကြီးက မေး လိုက်ရာ ဆေးသည်ကြီးကရွှေ ဟသ်္ာရုပ်များကို ကောက်ကိုင် လျက်....

'ဒီမှာကြည့်ဗျာ၊ သက်ရှုတွေက နှစ်ပေါင်းအတော်ကြာလှ လို့ တချို့နေရာတွေမှာ ပျက်ကုန်ပြီ၊ ဖောဒီအတောင်ပံတွေ လည်ပင်းနေရာတွေ ကြည့်ပါလား၊ ပွန်းပဲ့နေတာ'

'ဟုတ်ပါတယ်ခင်ဗျာ'

'ကောင်းပြီဗျာ၊ အဲဒီတော့ ခင်ဗျားဆီမှာရှိတဲ့ အကောင်း စားရွှေအချို့နဲ့ထပ်ဖို့ပြီး မူရင်းလက်ရာ မပျက်အောင် မွမ်းမံ ပေးစေချင်ပါတယ် ဖြစ်မလားဦးရဲလှ'

'အို... စိတ်ချပါ မိတ်ဆွေ၊ အားလုံး အဆင်ပြေစေရမယ်'

'ကျုပ်ကလဲ ယုံကြည်ပါတယ်လေ၊ ပြီးတော့ တစ်ခုတော့ ရှိသေးတယ်ဗျ၊ ဟသ်္ာရုပ်ကြီးဘက် အတောင်ပံနေရာမှာ တစ် ဖက်ကို တစ်ဆယ့်ခြောက်လုံးနှုန်းနဲ့ ရုပ်နှစ်ရုပ်လုံး အတွက် စုစုပေါင်း ခြောက်ဆယ့်လေးလုံးကို ပေးခဲ့မယ်၊ တည့်နိုင်ပါ့ မလား'

'ရပါတယ် မိတ်ဆွေကြီး'

ထိုအခါ ဆေးသည်ကြီးသည် ကတ္တီပါအိတ်တစ်ခုကို ယူ၍ စားပွဲပေါ်သို့သွန်ချလိုက်ရာ စိန်တုံးကလေး အတော်များများ ပြန့်ကျဲသွားသည်ကြောင့် တခင်းဝင်းလက်သက် ဖြစ်သွား တော့ရာ ချောင်းကြည့်နေသည့် ကျွန်ုပ်ပင် မျက်စိကျိန်းသွား သဖြင့် မျက်တောင်တဖျပ်ဖျပ် ခတ်လိုက်ရလေသည်။



ကျွန်ုပ်၏ဖခင်က စိန်တုံးလေးများကို ကတ္တီပါ အိတ်ထဲသို့ ကောက်ထည့်နေစဉ် ဆေးသည်ကြီးက...

'ကျွန်ုပ်အနေနဲ့ ဦးရဲလှက အကောင်းဆုံး ပြုလုပ်ပေးနိုင်လိမ့် မယ်လို့ယုံကြည်ပြီးသားပါ၊ ဒါနဲ့ထည့်ရမယ့်ရွှေနဲ့ လုပ်ခအတွက် ဘယ်လောက်ကျမလဲဆိုတာ သိပါရစေ'

'အင်း'

ကျွန်ုပ်၏ဖခင်သည် စိတ်ထဲမှခန့်မှန်းတွက်ချက် ပြီးနောက်...

'သုံးထောင်ကျပါတယ်'

'ရော့ကျာ'

ဆေးသည်ကြီးက အိတ်ထဲမှထုတ်ယူလိုက်သော ငွေများကို ရေတွက်၍ ဖခင်အားပေးလိုက်ကြောင်း ချောင်းကြည့်နေသော ကျွန်ုပ်တွေ့လိုက်ရသည်။

'ဘယ်အချိန်လောက်မှာ လာယူရမလဲ ဦးရဲလှ'

ကျွန်ုပ်၏ဖခင်သည် မျက်စိမှိတ်၍ စိတ်ကူးပြီး တွက်ချက် ကြည့်ပြီးမှ လှျင်....

'တစ်လအောင့်ကြာလိမ့်မယ် မိတ်ဆွေ၊ ဘာဖြစ်လို့ဆိုတော့ ကျွန်တော့်မှာလဲ လက်ခံထားတဲ့ပစ္စည်းတွေက ခပ်များများ နေတယ်၊ နောက်ပြီး မရှေးဟောင်းမူလလက်ရာ ပျက်အောင် အကောင်းဆုံး ပြုပြင်ပေးရမှာဆိုတော့ အချိန်ယူလုပ်ရမှာ ဖြစ်မှာပဲ'

'ကောင်းပြီလေ၊ ကိစ္စမရှိပါဘူး၊ တစ်လပြည့် ကျုပ် လာယူမယ်၊ အခုနှုတ်တော်လဆန်း နှစ်ရက်နေ့ဆိုတော့ နောက် လပြာသိုလဆန်း နှစ်ရက်နေ့မှာ ကျုပ်လာခဲ့ပါ့မ

www.burmeseclassic.com



'စိတ်ချပါခင်ဗျာ'

ညွှေသည်ကြီးသည် ထရန်ဟန်မြင်လိုက်ပြီးမှ ကြာစ်စုံတစ်ရော သတ္တိရဟန်ဖြင့်...

'ခြေခြာ်....တစ်ခုတော့ ရှိတယ် ဦးရဲလှ'

အားမျှားပါလိမ့်'

'ချိန်းတဲ့ရက်မှာ ကျုပ်မလာနိုင်ရင် တစ်ပတ်ထောက်စော ဆိုင်းပြီး မလာတဲ့အဆုံး ကျုပ်ရဲ့အိမ်ကို လာပို့ပေးနိုင်မလား

ညွှေသည်ကြီး၏စကားကို ခေတ္တမျှ ချင့်ချိန်လိုက်ပြီးမှ ဖခ ကြီးက....

'ပို့ပေးပါမယ်လေ၊ လိပ်စာသာပြောခဲ့ပါ၊ ဆက်ဆက်လ ပို့ပေးပါ့မယ်'

'ဦးမောကျော်သူမြတ်၊ ဘောဟ်ထော်၊ ခြိန်ပါတ်၊ ရန်ကုန်မြို့ ရင် ရပါဘယ်'

ဖခင်က လိပ်စာကို စာရွက် တစ်ရွက်ပေါ်၌ ခဲတံဖြင့် ခ မှတ်လိုက်နေလေ၏။

ပြီးမှ....

'အားလုံးစိတ်ချပါဗျာ'

'စိတ်ချပါတယ် ဦးရဲလှ၊ သို့ပေမယ့် ကျုပ်ရဲ့ ပစ္စည်းနဲ့ ပ သက်လို့ ခင်ဗျားကလွဲရင် ဘယ်သူ့ကိုမှ မပြစေချင်ဘူး၊ ဘ ဖြစ်လို့လဲ ဆိုတော့ ကျုပ်တို့ ဆွေ့ဥ်မျိုးစက်ရဲ့ အမြတ်တန် ပစ္စည်း ဖြစ်လို့ပါပဲ'

'စိတ်ချပါလို့သာ ပြောလိုပါတယ်'



'ကဲ...သွားမယ်ဗျို့'

ထို့နောက်....

ညွှေသည်လူကြီးလည်း ဖခင်အား နှုတ်ဆက်၍ အိမ်ရှေ့၌ အသင့်ရပ်စောင့်ဆိုင်းလျက်ရှိသော မြင်းရထားပေါ်သို့ တက် ရောက်ထွက်ခွာသွားရာ ကျွန်ုပ်လည်း နေရာမှ ခွာ၍ အလုပ် ခန်းသို့ ပြန်လာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ရွှေဟင်္သာ၏ လျှို့ဝှက်ချက်

ကျွန်ုပ်မှာ အလုပ်ကြီး ခေါင်းပမ်းအား လုပ်ကိုင်ရလွန်း၍ ဖြ… ယခုအခါ၌ ပန်းတိမ်လုပ်ငန်းကို ဖခင်နှင့်ပါး ကျွမ်းကျင်စွာလုပ် ကိုင်နိုင်ပြီဖြစ်လေ၏။

အလှူခံလာသည့် အပ်ထည်များမှအပ တော်ရုံတန်ရုံအ… ထည်များကို ကျွန်ုပ်ပင် ပြုလုပ်ပေးနေရသည်။

တစ်နေ့တွင်....

ကျွန်ုပ်နှင့်ဖခင်တို့ နှစ်ဦးသား အလုပ်ခန်းအတွင်း၌ အလုပ် လုပ်နေကြစဉ် ဖခင်ကြီးက ရွှေဟင်္သာရုပ်တစ်ရုပ်အား ရွှေဖိုမှ… မံရန် ပြုလုပ်နေသည်ကို လှမ်းမြင်လိုက်ရသည်။

သို့သော်....

ကျွန်ုပ်ကိုကား တစ်စုံတစ်ရာမျှ မပြောမပြချေ။



ထိုအခိုက်....

ကျွန်ုပ်တို့ ခြံဝင်းအတွင်းသို့ ပုလိပ်သား နှစ်ယောက် လှမ်း ဝင်လာပြီးလျှင် အိမ်ရှေ့မှနေ၍ လှမ်းအော်ခေါ်လေ၏။

'ဗျို့ ဦးရဲလှ၊ ဦးရဲလှ ရှိသလား'

ဖခင်ကြီးလည်း အသံကြားသဖြင့် အိမ်ပေါ်မှ တစ်ပျာကယာ ပြေးဆင်းသွားတော့သည်။

'ဘာကိစ္စ ရှိလို့ပါလဲ'

'ဩော်...တခြားကိစ္စတော့ မဟုတ်ပါဘူး၊ ခင်ဗျားရဲ့သား …င်လှဟန်နဲ့ ခိုက်ရန်ဖြစ်ပွားမှုအဖြစ် ဓားမြှောင်တစ်ချောင်း …တွေလို့ လက်နက်မှုနဲ့ ပြည်မြို့ဂါတ်ထဲမှာ ဖမ်းထားပါတယ်၊ …ဝတ်အုပ်နဲ့ ဆွေးနွေးဖို့ လိုက်ခဲ့စေချင်လို့ပါ'

'အိုး...ဟုတ်လား၊ လိုက်ခဲ့ပါမယ်...လိုက်ခဲ့ပါမယ်၊ အကျႌ …ပါရစေ၊ ခဏလေးဗျာ'

ထို့နောက်....

ဖခင်ကြီးသည် မိခင် ဒေါ်ငြိမ်းလှအား အကျိုးအကြောင်း …ပြော၍ ထွက်ခွာရန် ပြင်လိုက်ပြီးမှ သတိရဟန်ဖြင့် ကျွန်ုပ် …သို့ လျှောက်လာကာ....

'ဟေ့ ကောင် သိန်းတန်၊ မင်းလုပ်လက်စပစ္စည်းတွေ ခဏ …ထား၊ ငါ့အိတ်ထဲမှာ ဟင်္သာရုပ်နှစ်ခုရှိတယ်၊ အဲဒါ လည်းပင်း …ဆက်တွေ ဖြုတ်ပြီး သည့်ပင်း နေရာမှာ အလိုက်သင့် ရွှေဖိုပြီး …ဆက်ထားစမ်း၊ ဒါ တစ်ခုပဲ လုပ်နော်၊ အခြားနေရာမှာ …မလုပ်နဲ့၊ ငါပြန်လာမှ လုပ်မယ်၊ ပြီးတော့...အလုပ်ခန်း …ဘယ်သူမှ မဝင်စေနဲ့၊ မင်းလဲ ဘယ်မှမသွားနဲ့'

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ အဖေ"

ထို့နောက်....

ဖခင်လည်း ပုလိပ် နှစ်ယောက်နှင့်အတူ ပြည်မြို့ ဂါတ်တဲသို့ လိုက်ပါသွားတော့သည်။

ကျွန်ုပ်မှာ ညီငယ်မောင်လှဟန်အတွက် စိုးရိမ်မိသော်လည်း ကြာကြာမစဉ်းစားနိုင်ဘဲ ဖခင်ကြီး တာဝန်ပေးခဲ့သည့်အတိုင်း တစ်ခုလျှင်လက်တစ်ဝါးသာသာခန့်ရှိသည့်ဟင်္သာရုပ်နှစ်ကောင် အား ပြုပြင်ရန် ဖခင်ကြီး အံဆွဲဆီသို့ ယျောက်လာ ခဲ့တော့၏။

ရွှေဟင်္သာရုပ်ကလေးများမှာ တစ်ခုနှင့်တစ်ခု ခွဲ၍မရအောင် ဆင်တူယိုးမှားရှိနေပြီးလျှင် လက်ရာမှာ အထူးပင် တောင်းမွန် သေသပ်လှကြောင်း တွေ့ရလေတော့၏။

ကျွန်ုပ်လည်း ဟင်္သာ တစ်ကောင်၏ လည်ပင်း အဆက်ကို ဖြုတ်၍ ရွှေဖို့ပြီးလျှင် မူရင်း လက်ရာ မပျက်အောင် ပြန်ဆက် ထားလိုက်သည်။

တစ်ဖန်....

ဒုတိယ ရွှေဟင်္သာတစ်ကောင်၏ လည်ပင်းအဆက်ကို ဖြုတ် လိုက်တော့သည်။

ထိုအခါ အံ့ဩမှုကြောင့် ကျွန်ုပ်မှာ 'ဟာခနဲ' ပင် ဟစ်အော် မိသည်အထိ ဖြစ်ရတော့၏။

အဘယ်ကြောင့် ဆိုသော်....

ဒုတိယ ရွှေဟင်္သာ၏ ကိုယ်ထည်မှာ ပထမ ရွှေဟင်္သာကဲ့သို့ ရွှေသားချည်းမဟုတ်ဘဲ ခေါင်းပွဖြစ်ပြီးလျှင်ကိုယ်ထည်အတွင်း၌ ဂွမ်းစ အတော်များများကို ထိုးထည့်ထားသောကြောင့်ဖြစ်၏။



ကျွန်ုပ်သည် ထိုဂွမ်းစများအား အပြင်သို့ဆွဲထုတ်၍ ဟင်္သာ ရုပ်ကို စားပွဲပေါ်သို့ မှောက်ချလိုက်သောအခါ ရဲရဲတောက် ချက် ရှိသော အနီရောင်ပတ္တမြားကြီး တစ်လုံးကို တွေ့လိုက်ရ ပြန်တော့၏။

ထိုပတ္တမြားကြီးရှိကြောင်းကို ပိုင်ရှင်ဖြစ်သူများပင် သိလိမ့် မည် မဟုတ်ကြောင်း ကျွန်ုပ်တွေးမိ၏။

အကယ်၍ သိခဲ့ပါလျှင် ဤကဲ့သို့လက်လွှတ်စပယ် အပ်နှံလိမ့် မည် မဟုတ်ပါပေ။

ကျွန်ုပ်သည် တပြောင်ပြောင်ဖြင့် မီးလျှံကဲ့သို့ နီရဲသော ပတ္တမြားကြီးကိုကြည့်ကာ ခေလာဘစိတ်များ တက်လာ မိရာမှ စိတ်များကို ချိုးနှိမ်၍ စဉ်းစားနေလိုက်သည်။

ကျွန်ုပ်၏ဖခင်ကြီးသာ သိရှိခဲ့သော် ထို ပတ္တမြားကြီးအား ပိုင်ရှင် မသိအောင် ယူထားပေမည်လား....။

ကျွန်ုပ် အမှန်မဆုံးဖြတ်နိုင်အောင် ဖြစ်နေရသည်။

အဆုံးတွင်....

မူလ ပိုင်ရှင်၏ ပစ္စည်းသာဖြစ်ရာ ထိုပစ္စည်းကို မူလအတိုင်း ပြန်လည်ထည့်သွင်းထားရန် ဆုံးဖြတ်လိုက်တော့သည်။

သို့မှသာ ဖခင်ကြီးလည်း စိတ်စနိုးစနောင့်ဖြစ်မှုမှ သက်သာ ရာရပေတော့မည်။

ပိုင်ရှင်အနေဖြင့် သိ မသိကိုမူ ကျွန်ုပ် မတွေးလိုတော့ချေ။ ဤသည်မှာ ကံတရားအတိုင်းသာ ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ယူဆ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်....,

ပတ္တမြားကြီးကို နောက်ဆုံး၌ ရွှေဟင်္သာ၏ ကိုယ်ထည်သို့ ထည့်သွင်းပြီးလျှင် ငွေမှိုစများဖြင့် မူလအတိုင်း မလှုပ်နိုင်အောင် ပြုလုပ်လျက် ဟင်္သာ၏ လည်ပင်းအား ဆက်လိုက်တော့၏။

အခေါ့ချက်ပြီးနောက် ချိန်ခွင်တွင် တစ်ဖက် တစ်ကောင် တင်၍ ချိန်ကြည့်ရာတွင် အလေးချိန်မှာ အလွန်တရာ တိကျစွာ တူညီနေကြောင်း အံ့ဩစဖွယ် တွေ့ရတော့သည်။

ကျွန်ုပ်လည်း ပတ္တမြားထည့်ထားသော ရွှေဟင်္သာရုပ်ကို ယူ၍ ကျွန်ုပ် တစ်ယောက်တည်းသာ မှတ်မိနိုင်သော သေးငယ်သည့် အမှတ်အသားတစ်ခုကို ကျွန်ုပ်၏ပညာဖြင့် မှတ်သားထားလိုက်သည်။

ကျွန်ုပ်မှာ ထူးခြားသောဟင်္သာရုပ် ဖြစ်သောကြောင့်သာ ဤသို့ အမှတ်မထင် မှတ်သားလိုက်သော်လည်း တမင်ရိုးတစ်ရာ ရည်ရွယ်ချက်ဟူ၍ ထူးထူးကဲကဲ မရှိပါချေ။

သို့ရာတွင်....

အမှတ်မထင် မှတ်သားမိခဲ့သော ထိုအမှတ်အသားလေးမှာ တစ်နေ့သောအခါ၌ ကျွန်ုပ်ဘဝအတွက် လွန်စွာ အရေးကြီးသော အကြောင်းရာတစ်ခု ဖြစ်ခဲ့ရလေသည်။

'သားမေ အလုပ်ကြီးစားလှချည်လား၊ ရေမိုးချိုးတော့လေကွယ်၊ ထမင်းစားတော့ပေါ့'

'သား မဆာသေးပါဘူး အမေ၊ အဖေနဲ့ ညီလေးတို့လာမှပဲ အတူစားတော့မယ်'

'အင်း....အင်း'



ကျွန်ုပ်သည် ချက်ချင်းပင် အားမို့လျက်ရှိသည့် မိခင်၏မျက်နှာကို အကဲခတ်လိုက်မိသဖြင့် ဒုက္ခပေးလွန်းသော ညီငယ် မောင်လှဟန်ကို ဒေါပွသွားမိလေသည်။

ကျွန်ုပ်၏မိခင်မှာ ဖခင်ကဲ့သို့ ကြမ်းတမ်းခြင်းမရှိဘဲ ဘုရားတရား ရှိသော၍ ဘာသာရေးကို ကိုင်းရှိုင်းကာ သနား ညှာတာ စိတ်ထားရှိသူ ဖြစ်သည်။

လပြည့် လကွယ်နေ့ ဥပုသ်တက်တွင် ကြွလာသည့် သံဃာတော် အပါး အတော်များများ ဆွမ်းနှင့်တကွအပြင် အခြားအသုံးအဆောင်များကိုလည်း လောင်းလှူလေ့ ရှိ၏။

ရပ်ကွက်ထဲမှ ဆင်းရဲသူအချို့ အားလည်း ဖခင်ကြီးကွယ်ရာ၌ ပေးကမ်းလေ့ ရှိကြောင်း ကျွန်ုပ်သိရလေသည်။

ဤမျှ စိတ်ထားကောင်းမွန်ရှာသည့် မိခင်ကြီးမှာ ကြမ်းတမ်းရက်စက်သော လင်ယောက်ျားနှင့် ဆိုးသွမ်းသော သားငယ် မောင်လှဟန်တို့အတွက် အမြဲတမ်းပင် ခံသာက ရောက်လျက်ရှိရ လေသည်။

အဖန်ငယ် မှောင်ရိပ်ရောက်သောအခါ ဖခင်နှင့် မောင်လှဟန်တို့သည် ခြံဝင်းမှတစ်ဆင့် အိမ်အတွင်းသို့ ခပ်သုတ်သုတ် လှမ်းဝင်လာကြသဖြင့် အလုပ်ခန်းကိုပိတ်၍ ကျွန်ုပ်လည်း ၎င်းတို့ရှိရာသို့ ထွက်ခွာသွားခဲ့သည်တွင် မောင်လှဟန်က....

'ဟဲ...ဟဲ...ဟဲ ကျွန်တော့်ကို ရိုက်မလို့ အမေရ၊ ဘာရှိမယဲ၊ ကျွန်တော်က ရာဇဝတ်အမှုကို ကျွန်တော်တော့ ဝါးချိုင်က ပန်းတော်ဆရာ ဦးရဲလှရဲ့သားလို့ပဲ ပြောရော'

www.burmeseclassic.com

www.burmeseclassic.com



မောင်သုဟန်က စကားကို တစ်ဝက်ဖြတ်ပျက် ရပ်ထားလိုက်ရာ ဖခင်က ခပ်ပြုံးပြုံးဖြင့်....

'အဲဒီတော့ ရာဇဝတ်အုပ်က ဘာပြောသလဲ သားရဲ့'

'ဟော့ ကောင်တွေ၊ ရပ်လိုက်စမ်းလို့၊ သူ့တပည့် ပုလိပ်သားနှစ်ယောက်ကို လှမ်းပြောလိုက်၊ ပြီး သူ့ ဆီကိုခေါ်ပြီး တိုးတိုးတိုးတိုးနဲ့ ပြောနေတယ်'

'ဟား ဟား ဟား'

'ဟဲ...ဟဲ...ဟဲ'

သားအဖနှစ်ယောက်မှာထိုကိစ္စအတွက် လုံးဝစိတ်အနှောင့်အယှက်မဖြစ်ဟန်နှင့် ဟားတိုက်ရယ်မောနေကြရာ ကျွန်ုပ်နှင့်မိခင်ဖြစ်သူ နှစ်ဦးမှာ ကြောင်စီစီဖြစ်လျက် ရှိနေသည်။

မိခင်ကြီးမှာ မျက်စိမျက်နှာမကောင်းရှာဘဲ မီးဖိုဆောင်သို့ ထမင်းဟင်းခူးခပ်ရန် ထွက်ခွာသွားစဉ် ကျွန်ုပ်ဘက်သို့လှည့်လာပြန်သည်။

'သိန်းတန်၊ ငါလုပ်ခိုင်းတာ ပြီးပြီလားကွဲ့ဟေ၊ အဆင်ပြေပြေရှိရဲ့လား'

'လုပ်ပြီးပါပြီ အဖေ၊ အဆင်ပြေပါတယ်၊ အဖေလိုက်ကြည့်ပါဦး'

ဖခင်သည် ကျွန်ုပ်နှင့်အတူ အလုပ်ခန်းအတွင်းရှိ ရွှေဟင်္သာရုပ်များကိုလိုက်ကြည့်ပြီးလျှင် ကျေနပ်စွာ ခေါင်းညိတ်လျက်ရှိပြီးနောက် အလုပ်ခန်းကို သော့ချာစွာပိတ်၍ထမင်းစားသောက်ရန် ထွက်လာခဲ့ကြသည်။

❖

ချိန်းထားသော်လည်း မပေါ်လာခဲ့သည့်ရွှေဉည့်သည်

နောက်နေ့များမှ၍ ရွှေဟင်္သာရုပ်များ၏ အတောင်ပံတစ်ဖက်စီ၌ စိန်တစ်ဆယ့်ခြောက်လုံးစီကို ဖခင်ကြီး ဦးရဲလှက လက်မြောက်စွာ စီခြယ်လေရာ နဂိုကပင် လှပလွန်းသည့် လက်ရာသည်။

ရွှေဟင်္သာရုပ်များမှာ စိန်တုံးကလေးများ၏စတာကြောင့် တဖျပ်ဖျပ်အရောင်လက်လျက် ရှိပေတော့သည်။

ငွေသားတန်ဖိုးနှင့် စိန်အလုံးပေါင်း ခြောက်ဆယ့်လေးလုံးတန်ဖိုးပေါင်းလျှင် ထိုဟင်္သာရုပ်နှစ်ရုပ်၏တန်ဖိုးမှာ နည်းလှမဟုတ်ပေ၊

ထိုတန်ဖိုးထဲ၌ ကျွန်ုပ်တစ်ယောက်တည်းသာသိသော ပ ကြီး၏တန်ဖိုးပါ ထည့်တွက်လျှင် လွန်စွာအဖိုးထိုက်တန်ပေမည်ဟု ကျွန်ုပ်ယူဆနေမိသည်၊

www.burmeseclassic.com

www.burmeseclassic.com



အရုပ်များ၏ လည်ပင်းအရစ်အဖောင်းများနှင့်အတောင်[illegible] တစ်ဝိုက်ရှိ ကွာကျနေသော ရွှေသားများကိုလည်း ဖခင်ကြီးက[illegible] ရွေးလက်ရာမပျက် ပြန်[illegible]ည် မွမ်းမံပေးလိုက်ရာ လုံးဝအပြ[illegible] အနာအဆာမရှိသည့် လှပ၍ လက်ရာမြောက်လှသော ဟင်္သာ[illegible] နောင်အဖြစ် မြင်ရလေတော့သည်။

'ဘယ့်နှယ်လဲသိန်းတန်၊ လျှော့ရဲ့လားကွ'

'လှတယ်အဖေ၊ မူလလက်ရာလဲမပျက်၊ ပိုပြီးတော့လဲ လှ[illegible] လာတယ်ထင်ရတယ်'

'အေးကွ'

ကျွန်ုပ်အား မည်သည့်အခါကမျှပစားမပေး စကားကော[illegible] မပြောခဲ့သောဖခင်ကြီးမှာ ထိုနေ့ကျမှပင် ဟင်္သာရုပ် နှစ်ရုပ်[illegible] ကြည့်၍ ကျွန်ုပ်အား လိုလိုလားလားစကားပြောသဖြင့် ကျွန်ု[illegible] မှာ ဝမ်းသာအားတက်မိရလေသည်။

'သူ့ပိုင်ရှင်က ပြောသိုလဆန်းနှစ်ရက်နေ့မှာ လာယူမှာကွ'

'ဒါဆိုရင် ငါးရက်လောက် လိုသေးတာပေါ့နော်'

'ဟုတ်တယ်သိန်းတန်၊ ဒီကြားထဲမှာ ပိုးစွည်းကို လုံခြုံအော[illegible] တို့ကထိန်းသိမ်းထားရမယ်'

'ဟုတ်တာပေါ့ အဖေ၊ သူ့ခမျာလဲအဖေ့ကို ယုံကြည်လွန်[illegible] လို့ ဒီလောက်အဖိုးတန်တဲ့ပစ္စည်းကို အပ်နှံထားတာလို့ ကျွ[illegible] တော်ယူဆမိတယ်'

'မှန်တာပေါ့ကွာ'



ကျွန်ုပ်၏စကားအတွက် ဂုဏ်ယူစွာဖြင့် ပြုံး၍ပြောလိုက် [illegible]သော စကားအဆုံး၌ ကျွန်ုပ်လည်း လုပ်စရာရှိသည့်အခြားအပ် [illegible]ည်များကို ဆက်လက်လုပ်ကိုင်နေသည်။

ဖခင်ကြီးသည်း စိတ်ချရသောနေရာ၌ ထားသို့ရန်အတွက် ရွှေဟင်္သာရုပ်နှစ်ရုပ်ကိုယူဆောင်ကာ အလုပ်ခန်းမှ ထွက်သွား လေတော့သည်။

ကျွန်ုပ်တို့သားအဖမှာ အလုပ်ကို အထူးကြိုးစား လုပ်ကိုင် [illegible]ကျက်ရှိခဲ့သော်လည်း မောင်မင်းကြီးသား မောင်လှမာန်မှာ ဆို [illegible]သောအမှုများကို ဆက်လက်ကျူးလွန်ဆောင်သော ဆော[illegible] [illegible]ကျက် ရှိလေတော့သည်။

ဂတ်ထဲမှထွက်လာပြီးသော ခနောက်တစ်နေ့မှာပင် လူငယ် [illegible]ဦးကိုခေါ်ဆောင်ကာ ကိစ္စနှင့်ပတ်သက်၍ ငွေးကိုဝိုင်းသတ် [illegible] ခွေးရှင်နှင့်စကားများ ရန်ဖြစ်ကြသဖြင့် တစ်ရပ်ကွက် [illegible]ညစ်ညူး နေသည်။

ထိုလူငယ်အုပ်စု၏ခေါင်းဆောင်မှာကား ကျွန်ုပ်၏ညီမောင် [illegible]မာန်[illegible] ဖြစ်လေသတည်း။

ခွေးရှင်က မကျေနပ်သဖြင့် တိုင်မည်ဟူသော သတင်းများ [illegible]ကြ[illegible]လာလေရာ ထုံးစံအတိုင်းပင် ကျွန်ုပ်၏ ဖခင်ကြီး[illegible] [illegible]ရှင်အား ကျေနပ်အောင် မျက်နှာမအောက်ချ၍တောင်း [illegible]သောကြောင့် ပြီးသွားပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှတ်မိသမျှမှာ ထိုနေ့သည် ပြာသိုလဆန်း နှစ်ရက်နေ့ ဖြစ်ကြောင်းပင်။

ထိုနေ့သည်ကား မွှေးဟင်္သာရုပ်များကို ဥပဓိရုပ်ကောင်း ကောင်းနှင့် အရုပ်အမောင်း ကောင်းလှသည့် လူကြီးက လာ ရောက်ယူမည့်နေ့ ဖြစ်လေသည်။

ဖခင်ကြီးလည်း စောင့်မျှော်နေရရှာ၏။

သို့ရာတွင် မိုးသာစုံးစုံးချုပ်သွားသည်။

ထိုလူကြီးမှာ လုံးဝပေါ်မလာပေ။

ဖခင်ကြီးသည် အိပ်ချိန်တန်သော်လည်း မအိပ်နိုင်သေးဘဲ ဧည့်ခန်းထဲ ရေနွေးကြမ်းသောက်ရင်း စောင့်မျှော်နေကြောင်း ကျွန်ုပ်ရိပ်မိသည်။

အတန်ငယ်ညဉ့်နက်မှပင် အိပ်ရာသို့တန်း၍ဝင်သွားလေတော့ သည်။

ကျွန်ုပ်ကမူ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖတ်ရှုနေလျက်ရှိနေ လေသည်။

အချိန်အနည်းငယ်ကြာသောအခါ ခေါက်ထားသောတံခါးဝ မှ ခြေသံကြားရာဖြင့် ဖခင်ကြီးလည်း တပျာကယာအိပ်ခန်း အတွင်းမှ ပြန်ထွက်လာကာ ကျွန်ုပ်နှင့်အတူ တံခါးဆီသို့ ပြိုင်တူ လို ရောက်ရှိသွားကြတော့သည်။



သို့သော် တံခါးကိုဟ၍ ခေါင်းတစ်လုံးက ရှေးဦးစွာ ပြူ ထွက်လာပြီးနောက် တစ်ကိုယ်လုံး ဝင်ရောက်လာသော အခါ ရွှေကိုယ်တော်မောင်လှဟန်ကို တွေ့လိုက်ရလေသည်။

'ဟာ...အချိန်မရှိမှ ဘယ်ကပြန်လာတာလဲ သားရဲ၊ အဖေက ဖြင့် မင်းအိပ်နေပြီထင်နေတာ'

ကျွန်ုပ်က တံခါးကို သော့ခတ်နေစဉ် ဖခင်ကြီးကထိုသို့မေး လိုက်၏။

မောင်လှဟန်က ခပ်အေးအေးဖြင့်....

'ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး ကြက်သားဟင်း ချက် စားကြလို့ ဖေဖေ၊ ဒါကြောင့် နည်းနည်း နောက်ကျ သွား တာပါ'

ဖခင်သည် ဘာမှ မပြောသော်လည်း ယခုတစ်ကြိမ်တွင် မျက်နှာထား သုန်သုန်မှုန်မှုန်ရှိနေလေ၏။

မွှေးဟင်္သာရုပ်ပိုင်ရှင် ရောက်မလာသည့်အတွက်လည်း စိတ် ပူပင် ရှုပ်ထွေးနေလျက်ရှိကြောင်း ကျွန်ုပ်တွက်ဆမိ၏။

ဤသို့ဖြင့် နောက်ထပ် ငါးရက်ခန့် ကြာသည့် တိုင်သော် လည်း မွှေးဟင်္သာရုပ်ပိုင်ရှင်မှာ ရောက်မလာခဲ့ပေ။

ဖခင်ကြီးက ကျွန်ုပ်အား ဖွင့်မပြောသော်လည်း ရက်သတ္တ ပတ် ကျော်လွန်လျှင်ကား ပိုင်ရှင်၏နေအိမ်သို့ သွားရောက်ပို့ ဆောင်ရမည် ဖြစ်ကြောင်း ကျွန်ုပ်သိထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငြိ ထိခေါ်များအတွင်း၌ နှုတ်က ခေါ်သကြီးလှသော ဖခင်ကြီး၏ လက်ခံနိုင်ရှိလျှင် မိခင်ကြီးနှင့် ကျွန်ုပ်အား သူပု ကြိမ်း…ခြင်း သော ရှိခဲလေတော့၏။

အရာရာကို စိတ်ကိုင်းကျသည် မရှိဘဲ အမြဲဆူပူနေတော့၏။ ထိုသို့ …ရခြင်းမှာ ရွေးလာသည့်ရုပ်များအတွက် ပူပန်မှုဖြင့် အလို မကျ…ရခြင်းဟု ကျွန်ုပ်အားလည်းမိပါ၏။

ဖြာသိုသဆန်းနှစ်ရက်မှသည် ရက်သတ္တပတ်ကျော်လွန်သွား လေပြီဖြစ်၏။

ထိုညတွင် ဖခင်ဖြစ်သူက ကျွန်ုပ်အား ခေါ်၍…

'သိန်းတန် မနက်ဖြန်ကျရင် ငါနဲ့အတူ ရန်ကုန်ကို လိုက်ခဲ့ရမယ်၊ အဲဒါ ခုညကတည်းက ပြင်ဆင်သင့်တာ ပြင်ဆင်ထား၊ မနက်စောစော အိမ်က ထွက်မယ်နော်….၊ ထင်မပြောပါရစေနဲ့ ကြားလား'

'ဟုတ်ကဲ့ ဖေဖေ'

ကျွန်ုပ်က ထိုသို့ ပြန်ပြောစဉ်တွင် အိမ်အောက်ထပ်မှ ရှုးရှူး ဝါးဝါး ထိုးဟောင်လိုက်သည့် ခွေးဟောင်သံကြောင့် ပြတင်းပေါက်မှ ငုံ့ခနဲ ခုန်ဆင်းလိုက်သည်တွင် တဖုတ်ဖုတ်ပြေးလွှား သွားသော ခြေသံကိုသာ ကြားလိုက်ရတော့၏။

ခြေသံနှင့် ဝါးရုံပင် အနမင်တွင်း ဝင်ရောက်ပျောက်ကွယ် သွားခြင်း ဖြစ်သည့်အတွက် လက်နက် တစ်စုံတစ်ရာ မရှိသော



…နှိပ်အဖို့ လိုက်သွားရန် အစီအစဉ်ကို ချက်ချင်း ရပ်ဆိုင်း …က်တော့သည်။

'ဖေ့ သိန်းတန်၊ ဘာတွေလဲဟေ့'

ဖခင်ကြီးက ပြတင်းပေါက်မှ ငုံ့ကြည့်၍ ကျွန်ုပ်အား လှမ်း…သည်တွင် ကျွန်ုပ်က….

'လူတစ်ယောက် လာချောင်းတာပဲ အဖေ…၊ ဇခွေးလဲ ထိုး…ဟောင်ရော၊ ခြံဘေးက ဝါးရုံပင်ရိပ်ထဲကို ထွက်ပြေးသွားတာ …သူ့လိုက်ရတယ်'

ဆို နောက်…

ကျွန်ုပ်လည်း အိမ်ပေါ်ထပ်သို့ ပြန်တက်ခဲ့ရာ စိတ်ပူပန်စွာ …နေရှာသည့် မိခင်ကြီးကိုလည်း ဩခန်း၌ တွေ့ရတော့၏။

ဤနေရာ၌ စာရှုသူများအား ကျွန်ုပ် အစနေဖြင့် ပြောပြရန် …ခဲ့ကျန်ခဲ့သည်မှာ ကျွန်ုပ်သည် ရုပ်ကွက်ထဲမှဆရာဦးလှအေး …တွင် စာပေသင်ကြားရင်း တစ်ဖက်မှလည်း ကိုယ်ခံပညာ …ဖြစ်သည့် ဗန်တို ဗန်ရှည်၊ မြန်မာ သိုင်းပညာများကို လေ့…၌ သင်ကြားရခဲ့ရာ အတော်အတန်တတ်မြောက်နေပြီးဖြစ်၍ …နှိပ်အားသည်နှင့် ဆရာဦးလှအေးထံပြေးလျက် ဆက်ထက် …ကြားနေတုန်းပင် ဖြစ်လေသည်။

'တောက်…တို့အိမ်ကို ဘယ်တုန်းကမှ သူခိုးမကပ်ခဲ့ပါဘူး …တာ အကြံတစ်ခုခုနဲ့ လာတာဖြစ်ရမယ်၊ ဒါနဲ့ ငြိမ်းနိုင် …အငယ်တောင်ကော'

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီး၏ အမေးကို မိခင်ကြီးဖြစ်သူက ဦးခေါင်းယမ်း၍ ဖြေလိုက်သောအခါ ဖခင်ကြီးမှာ မျက်နှာကြီး နီရဲ သည်အထိ ဒေါသထွက်လျက်....

'ဟင်...ဒီကောင် သိပ်လွန်ပါးဝတယ်၊ ဘယ်တော့မှ အချိန်မှန်မပြန်ဘူး၊ သူ့အပေါင်းအသင်းနဲ့ လျှောက်ပြီး လူဆိုး သူခိုး ဒုက္ခပေးနိုင်တယ်ဆိုတာ မသိဘူး၊ နေပေ စေ...လာမှတွေ့မယ် သိကြရောပေါ့'

မောင်လှဟန် အပေါ်၌ ဒေါသမထွက်စဖူး ထွက်နေသော ဖခင်ကြီးအား ကြည့်၍ ကျွန်ုပ်နှင့် မိခင်ကြီးတို့မှာ အံ့အားသင့်ကာ ငြိမ်သက်လျက် ရှိနေကြတော့၏။

ထိုအချိန်တွင်....

တံခါးခေါက်သံ ကြားလိုက်ရပြီးလျှင် တံခါးခေါက်သံ 'ဒေါက် ဒေါက် ဒေါက် ဒေါက် ဒေါက်'ဟူ၍ ခေါက်သံ ကြောင့် မောင်လှဟန်၏ အချက်ပေး သင်္ကေတ ဖြစ်ကြောင်း သိသည်နှင့် ကျွန်မကလည်း ထ၍ရ စောင့်၍ ဖွင့်ပေးနေ ထုံးစံအတိုင်း တံခါးကို ဖွင့်နေစဉ် ဖခင်ကြီးသည် ယား ကြိမ် နှစ်လုံးပူးကို လှမ်းဆွဲလိုက်ကြောင်း ရိပ်ခနဲ တွေ့လိုက် လေသည်။

ညီဖြစ်သူမောင်လှဟန်သည် စီးကရက်တစ်လိပ်ကို ဟန်ပါပါ ခဲ၍ အိမ်တွင်းသို့ ခပ်တည်တည်ဝင်လာခဲ့ရာ ဖခင်နှင့် မိခင်



တွေ့လိုက်သောကြောင့် တစ်ခဏမျှ တန့်သွားသော်လည်း ခပ်ထင်ဟန်ဖြင့် ခပ်တည်တည်လုပ်ကာ....

'အဖေနဲ့အမေတို့ မအိပ်ကြသေးဘူးလား ဟင်....၊ ဘာလုပ် နေကြတာလဲ'

မောင်လှဟန်က ထိုသို့ပြောရာ မိခင်ကြီးက....

'သွားချယ်၊ ညဉ့်နက်လှပါပကော ခုတင်ကပဲ အိမ်မှာ သူခိုး ကပ်တယ်ကွယ့်၊ ယောကျာ်းလေးဆိုတာ ညရေးညတာ အိမ်မှာ ရှိနေမှပေါ့၊ ခုဆိုရင် အမေ့သားဟာ တစ်ဆယ့်ငါးနှစ်သားရှိ နေပြီ၊ လူပျိုပေါက်ဆိုပါတော့၊ ဒီအရွယ်ဟာ မိဘတွေ အား ကိုးဖို့ ကောင်းနေပြီပဲ'

ထိုအခါ မောင်လှဟန်က စီးကရက်ကို ဟန်ပါပါခဲ၍ မြှိုး လိုက်ပြီး...

'ဟာဗျာ အမေကလဲ၊ သားဟာ ကလေးမဟုတ်တော့ဘူး နေရာတကာမှာ မချုပ်ချယ်စမ်းပါနဲ့၊ ဖေဖေသာဆိုရင် ဘယ်တော့မှ မပြောဘူး၊ အမြဲတမ်း သား အလိုကျပဲ၊ နေချင် သလိုနေ သုံးချင်သလိုသုံး၊ လုပ်ချင်တာလုပ်၊ ဒါကြောင့်မို့ သားက ဖေဖေ ကိုပဲချစ်တာ၊ ဟုတ်တယ်နော် ဖေဖေ'

သို့ရာတွင် ဖခင်က အံကြိတ်လျက်....

'ဟုတ်တယ်...လှဟန်၊ အရင်တုန်းကတော့ ဟုတ်တယ်၊ အခု တော့ မရှိတော့ဘူး၊ မင်းဟာ အရှုံးဘုံမြောက်၊ ချေးမြှောက် တာက်စားဆိုတဲ့ ကောင်မျိုးပဲ၊ တို့မိသားစုတွေမှာ တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ လုပ်ကြာကိုင်ကြနဲ့ ကြီးပွားတိုးတက်အောင် စုဆောင်းနေသသောကို၊ မင်းကတော့ မိဘငွေကြေးကို တင်သလိုသုံးဖြုန်းရုံတင် အားမရတဲ့အပြင် ဘန်းခေါင်သန်းလွဲအရည်မရ၊ အဖမရတာတွေနဲ့ အပေါင်းလိုက်နေတယ်၊ ထားလိုက်ပါဦး၊ ညစ်ညူး ညတာမှာ မင်းဟာ သူခိုးလူမိုက်ပုံစံမျိုးဖြစ်နေတာ၊ ဒီည သူခိုးကပ်တိုက်စွကို ငါလုံးလုံးသဘောမကျဘူးကွ၊ နားလည်လား အဲဒါဟာ မင်း အမေယောက်ခေါ်ပြီး တို့မိသားစုရဲ့စီးပွားရေးကို ဒုက္ခပေးမယ့် ရည်ရွယ်ချက်ဆိုတာ မင်း နားလည်ဖို့ သင့်တယ်'

လှဟန်က ဘာမှမကိုင်ပါဘူးဟူသော အဓိပ္ပာယ်ဖြင့် ပခုံးနှစ်ဖက်ကို ဟန်ပါပါ ကျုံ့ပြလိုက်သည်။

ဖခင်ကြီးက ဆက်ပြောသည်။

'အဲဒီတော့ နောက်နေ့ညတွေကစပြီး မင်း အကျင့်တွေကို ပြင်လိုက်ပါ လှဟန်'

'အာ...ဒါတော့'

လှဟန်က စကားကို ယပ်းခုလတ်၌ ရပ်တန့်လိုက်ရတော့သည်။

အဘယ်ကြောင့်ဆိုသော် ဖခင်ကြီး၏ အားဝယ် ကြိမ်နှင့်ချောင်းပူးသည့် လှဟန်၏ ကိုယ်ခန္ဓာအနှံ့အပြားသို့ စုန်ချည်ဆန်ချည် ဝဲလှည့်နေသောကြောင့် ဖြစ်ပေတော့သည်။

'ဟဲကွ...အဲဒါ ငါ့ကို ခံပြောဦး၊ ငါက ဒါလုပ်ဆိုရင်လုပ်ဘယ်တော့မှ ခံမပြောနဲ့၊ ပြောဦးကွာ ငြင်းဦးကွာ'



'ဖုန်း'

'ဖြန်း...ဖြန်း...ဖြန်း'

'အင့်'

'အ....'

ထူးခြားသည်မှာ ဖခင်ကြီးက ဒေါသတကြီး ရိုက်နှက်နေသော်လည်း ဖောင်လှဟန်မှာ တင်ကြိမ်မှ ဟာစ်အော်ခြင်းမရှိတဲ့ မျက်ရည်လည်းမကျဘဲလျက် စူးရှတောက်ပြောင်သော မျက်လုံးဖြင့် ပေခံနေလေသည်။

'အံမယ်...မင်းက ငါ့ကို စမ်းလာဖေပါလေ၊ ကဲ...'

'ဖြန်း ဖြန်း ဖြန်း'

'အီး....'

အရှိန်ပြင်းထန်သော တုတ်စကြာကြောင့် ပါးစပ်မှ ညည်းသံ ထွက်ပေါ်လာသော်လည်း ညည်းငယ်မျှပင် ငိုယိုအော်ခြင်း မပြုပါပေ။

ထိုအခါ မိခင်ကြီးက ငိုယိုလျက်....

'ကိုရဲ့လှရယ် တော်ပါတော့ ရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊ သားလေးဟာ နောက် မိုက်မှုမကျတော့ပါဘူး'

'ဘာကွ'

'ဟုတ်ပါတယ်၊ တော်ပါတော့ အား၊ သူ့ ခမျာ သိပ်နာနေရှာပြီ၊ ဆက်ရိုက်ရင် သေဖို့ရှိပါတော့တယ်'

မိခင်ကြီးက ငိုယိုတောင်းပန်သကဲ့သို့ ကျွန်ုပ်ကလည်း ကျောက်မည်းဆဲဆဲ ကြိမ်လုံးရှေ့တွင် ကျွန်ုပ်ကိုယ်တိုင်ကိုယ်ဝင်ရောက်ကာ ထားလိုက်သောကြောင့် ဖခင်ကြီးသည် ကျွန်ုပ်အား

www.burmeseclassic.com



ဗူးဗူးဝါးဝါး တစ်ချက်စိုက်ကြည့်ကာ ကြိမ်လုံးကို တစ်နေရာသို့ လွှင့်ပစ်လိုက်ပြီးလျှင် အိမ်ခန်းအတွင်းသို့ ဝင်ရောက်သွားလေသည်။

ကျွန်ုပ်တို့သားအမိသည် မောင်လှဟန်၏ အရိုးရှိုးရှိုးများကို ငှက်ပျောသီးမှည့်ဖြင့် နယ်၍ နနွင်းလည်း သိပ်ထည့်ပေးထားသည်။

မောင်လှဟန်ကမူ ငြိမ်သက်စွာထိုင်နေပြီးလျှင် အင်္ကျီတကျစ်ကျစ်ကြိတ်နေသည်။

ထိုအင်္ကျီကိုတိုက် ဖခင်ကြီး ကြားသွားမည်စိုးသောကြောင့် မိခင်ကြီးနှင့် ကျွန်ုပ်တို့ သားအမိသည် အသံတစ်မျိုးတစ်မျိုးထွက်စေ၍ ဖုံးဖိနေရတော့သည်။

ဤသို့အားဖြင့် ထိုညမှာ၌ ကျွန်ုပ်တို့မိသားစုအတွက် ဆိုးရွားသော ကံကြမ္မာသည် ကျရောက်ခဲ့ပြီဖြစ်ကြောင်း မည်သူမျှ ရိပ်မိသိရှိခြင်း ဖြစ်မိမည် မဟုတ်ချေ။

## လမ်းပေါ်က ဓားပြကြီး မုန်တိုင်း

အိမ်၏လုံခြုံရေးအတွက် မိခင်ကြီးအား မှာကြားသင့်သမျှ ကြားပြီးနောက် နံနက်ဝေလီဝေလင်းတွင် အဆင့် ၂ ရှိနေ ပွဲရုံမှ ကုန်တင်ကားတစ်စီးဖြင့် ကျွန်ုပ်တို့ သားအဖနှစ်ဦး ပါလာခဲ့ရာ အင်းမမြို့သို့အရောက်၌ ကားကို ခေတ္တရပ်နားလေသည်။

ထိုကားမှာ ဖခင်ကြီး၏ မိတ်ဆွေဖြစ်သော ကုန်ပွဲစားကြီး ဦးသာလှ၏ကားဖြစ်သောကြောင့် ကျွန်ုပ်တို့သားအဖ ရန်ကုန်မြို့သို့ လိုက်ပါခွင့်ပြုခဲ့ခြင်း ဖြစ်ပေတော့သည်။

ဒိုင်ဘာနှင့် စပယ်ယာတို့က အင်းမမြို့မှာ ထမင်းဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကြောင်းနှင့် ကျွန်ုပ်ကို စားသောက်ပါရန်ပြော
ရာ သောလှသေးသော်လည်း ဖခင်ကြီးက အတူစားသော
ကြမည်ဖြစ်ကြောင်း ပြောကြားလေသည်။

ကျွန်ုပ်တို့ ထမင်းစားနေစဉ် ကားတစ်စီးသည် ကျွန်ုပ်
ကားအနီး၌ ထိုးရပ်သွားပြီးလျှင် လူတစ်ယောက်က ကား
ခေါင်းဖုံးကို စစ်ဆေးကြည့်ရှုနေကြောင်း တွေ့ရသည်။

ကားထဲ၌ လူနှစ်ယောက်ထိုင်နေပြီးလျှင် နှစ်ယောက်စ
ပင် ဦးထုပ်များက မျက်နှာအုပ်လုနီးပါး ဆောင်းထားကြ
ကျွန်ုပ်တို့ စားသောက်နေရာသို့ မသိမသာ ကြည့်နေကြ
ကျွန်ုပ် အကဲခတ်မိပေ၏။

ကြာမီ ထိုကားသည် ထွက်ခွာသွားတော့သည်။

ကျွန်ုပ်တို့လည်း စားသောက်ပြီးစီးပြီ ဖြစ်သောကြ
ဖခင်ကြီးက အားလုံးအတွက် ကျသင့်ငွေကို ရှင်းပေးပြီးလျ
ကားပေါ်တက်၍ ခရီးဆက်လက် ထွက်ခွာလာခဲ့တော့သည်။

ကျွန်ုပ်မှာ ယခု တစ်ကြိမ်သာ ခရီးသွားဖူးသူ ဖြစ်သေ
ကြောင့် ကုန်တင်ကားနောက်ဘက် တာရပတ်ကြားမှ လှမ်း
ရသည့် ရှုခင်း မြင်ကွင်းများကို အဆန်းတကြယ်ဖြစ်ကာ ကြ
ရှု၍ဆုံး ဖြစ်နေသည်။

ဖခင်ကြီးမှာမူ အိပ်ငိုက်လျက်သာ လိုက်ပါခဲ့လေသည်။

ရာသီမှာ ပြာသိုလ ဖြစ်လေရာ ချမ်းအေးသောကာလ
ပြီးလျှင် ကျွန်ုပ်တို့၏ အောက်၌ရှိသော ကုန်များမှာ ပဲ
များဖြစ်သောကြောင့် နွေးထွေး၍ ငြိမ်ရှိရှိ လိုက်ပါခဲ့ကြ
သည်။



တစ်နေ့လုံး မောင်းလာသောကားမှာ ညနေ မိုးချုပ်စတွင်
သာယာဝတီမြို့၌ ညနေစာ စားသောက်ကြပြီးနောက် လိုအပ်
သည့် ဆေးလိပ်ကွမ်းယာစသည်များကိုဝယ်ယူကြပြီးလျှင် ခရီး
ဆက်လက်ထွက်ခွာခဲ့ပြန်သည်။

သာယာဝတီမြို့မှ ထွက်စတွင် မြောက်လေ၏ တိုက်ခတ်မှု
ကြောင့် ချမ်းအေးလှသဖြင့် ကျွန်ုပ်တို့ သားအဖမှာ အနွေး
ထည် ကိုယ်စီဝတ်ကြရတော့သည်။

ထိုစဉ်....

နောက်ဘက်မှ မောင်းနှင်လာသော ကား တစ်စီးသည်
ဟွန်းသံတပွမ်ပွမ်ပေးကာ ကျွန်ုပ်တို့၏ကားကို ကျော်တက်သွား
တော့၏။

ကျွန်ုပ်က အမှတ်မထင်ကြည့်လိုက်သောအခါ ထိုကားသည်
ဆိုင်မှ၌ ကျွန်ုပ်တို့ ထမင်းစားစဉ် ရပ်ထားခဲ့သော ကားဖြစ်
ကြောင်း သတိပြုမိလေတော့သည်။

ထိုအခိုက်....

ကျွီခနဲ ဘရိတ်အုပ်သံသည် စူးရှစွာ ထွက်ပေါ်လျက်
ကျွန်ုပ်တို့၏ကားမှာ ယိမ်းထိုးသွားလေတော့၏။

ကားပေါ်မှ ကျွန်ုပ်တို့ သားအဖလည်း ကားဦးပိုင်းသို့
အရှိန်ဖြင့် ပါသွားတော့၏။

ထိုအခါ ကျွန်ုပ်က တာရပတ် အပေါက်မှ အရှေ့ဘက်သို့
ကြည့်မိရာ ကားတစ်စီးသည် လမ်းကို ကန့်လန့်ဖြတ်၍ ပိတ်ဆို့
ထားကြောင်း တွေ့လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကားမှာ မကြာမီက ကျော်တက်သွားသောကား ဖြ
ပေ၏။

'အဖေ ခါးပြတွေနဲ့တူတယ်'

'ဟုတ်ရဲ့လားကွ'

'ဟုတ်လိမ့်မယ် အဖေ....၊ ဒီကားကို ကျွန်တော်တို့ ထမင်း
စားနေတုန်း၊ အင်းမမြို့မှာ တွေ့ခဲ့ရတယ်'

'ဒါဆိုရင်တော့ သေချာသွားပြီပေါ့ကွာ'

ကျွန်ုပ်တို့ သားအဖ၊ ထိုသို့ ပြောဆိုနေစဉ်မှာပင် လူတ
ယောက်သည် ကားနောက်ဘက်မှ ကိုယ်တစ်ပိုင်း ထွက်လျက်
ကျွန်ုပ်တို့အား လက်နှိပ်ဓာတ်မီးဖြင့် ထိုးထားတော့၏။

တစ်ဖက်မှ ၎င်း ကိုင်ဆောင် ထားသော သေနတ်ကိုလည်း
လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြလိုက်၏။

ပြီးလျှင်....

'ဗျို....ဦးရဲလှ၊ ခင်ဗျားတို့ သားအဖ နှစ်ယောက်လုံး
အောက်ကို ဆင်းခဲ့ကြစမ်း၊ မြန်မြန်လုပ်.... ကျုပ်စိတ်မရှည်ရင်
သေနတ်ထဲက ကျည်ဆန်တွေ ကုန်အောင် ခင်ဗျားတို့ ဗိုက်ထဲ
ပစ်ထည့်လိုက်မှာ နော်'

မည်သို့မျှ မယှဉ်သာသည့်အဆုံးတွင် ကျွန်ုပ်တို့သားအဖမှာ
၎င်းတို့ အလိုကျအတိုင်း ကားအောက်ဘက်သို့ ဆင်းလာခဲ့ကြ
သည်တွင် ခေါင်းဆောင်ဖြစ်ဟန်တူသည့် ပုပုဝဝလူက....



'ကဲ...ဦးရဲလှ၊ ခင်ဗျားဆီက ရွှေဟင်္သာရုပ်နှစ်ရုပ်ကို ကျုပ်
ကို လွှက်ထဲ ဆင်ပါ၊ ဒါမှမဟုတ်ရင်တော့ ကျုပ်သေနတ်က
စကားပြောလာလိမ့်မယ်'

၎င်းတို့သည် စုစုပေါင်း ငါးယောက်ဖြစ်၍ တစ်ယောက်က
ကားရှေ့ခန်းရှိ ဒရိုင်ဘာနှင့်စပယ်ယာကို သေနတ်ဖြင့် ချိန်ထား
ပြီး၊ ကျန်လေးယောက်က ကျွန်ုပ်တို့ သားအဖ နှစ်ယောက်
အား ကားနောက်ဘက်တွင် ဝိုင်းထားကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့အား ဝိုင်းထားသည့် လူလေးယောက်တွင်ခေါင်း
ဆောင်နှင့် တူသူသာ သေနတ်ပါ၍ ကျန် ... ယောက်မှာ ဓား
မြှောင် အသီးသီး ကိုင်ဆောင် ထားကြောင်း ကျွန်ုပ်သတိပြုမိ
လေသည်။

ထိုစဉ် ဖခင်ကြီးက....

'ကျွန်တော်တို့ ရန်ကုန်ကို အလည်အပတ်သွားမလို့ပါဗျာ၊
ဘယ်က ရွှေဟင်္သာရုပ်မှတ်ကို မပါပါလား မိတ်ဆွေ'

'ဟား ဟား.... ခင်ဗျားရဲ့ စကားကို ကြားရတာ အတော်
ကို ရယ်ချင်စိတ်ပေါက်လာပြီဗျ၊ အင်း .. ပြောရတော့မှာ
ပေါ့၊ ကျုပ်ပြောတဲ့ စကားဆိုးရင်တော့၊ ခင်ဗျားငြင်းလို့ရမှာ
မဟုတ်တော့ဘူး ဦးရဲလှ...

'ကဲ... ကျုပ်ပြောမယ်၊ ကျွန်တော်တို့ဟာ မြည်ိနဲ့ ရန်ကုန်
လမ်းတစ်ကြောမှာ လုယက်တိုက်ခိုက်နေတဲ့ မုန်တိုင်း ဆိုတာလေ
ခင်ဗျား ကြားဖူးမှာပေါ့....

www.burmeseclassic.com

www.burmeseclassic.com



'အဲ...ခင်ဗျားတို့ ဒီနေ့ ဒီရက်မှာ ရွှေဟသာ နှစ်ကောင် ...၊ ခင်ဗျားတို့ ပြန်ရင် အိမ်မှာ ပြာပုံပဲ တွေ့ရလိမ့်မယ်၊ ရန်ကုန် ယူသွားမယ် ဆိုပြီး ကျုပ် အဖွဲ့သား တစ်ယောက်က ... ကျုပ်ရဲ့အဖွဲ့သားတွေနဲ့မောင်လှဟန်တို့က ခင်ဗျားအိမ်ကို ဓားပြ အတွင်းကျကျ သတင်းတစ်ခုပေးထားတယ်'

... တိုက်ပြီး အိမ်ကို မီးရှို့ကြလိမ့်မယ်၊ ခင်ဗျားမိန်းမ အသက် ... ရင်တော့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့လေ၊ ဟဲ...ဟဲ'

'ဒီသတင်း မမှန်ပါဘူးဗျာ'

ဓားပြ ခေါင်းဆောင်၏ စကားကို ကျွန်ုပ်၏ ဖခင်ကြီးက ငြင်းဆိုသည်တွင် ခေါင်းဆောင်ဖြစ်သူက....

'ကောင်းပြီ၊ ဒီလိုဆိုရင် သတင်းပေးတဲ့လူမှဲ့နာမည်ကိုပြော ပြမယ်၊ သူကတော့....သူကတော့....၊ ဟဲ...ဟဲ....ခင်ဗျားရဲ့သား မောင်လှဟန်ဆိုပါတော့ဗျာ၊ ဟား....ဟား'

'ဗျာ....'

'ဟင်....'

ကျွန်ုပ်သည် မိုးပြိုသည်ဟု ပြောလျှင် ယုံချင်မှ ယုံမိပေလိမ့် မည် ဖြစ်သော်လည်း ကျွန်ုပ်၏ ညီ ဖြစ်သူ မောင်လှဟန်သည် ဓားပြအဖွဲ့ဝင်တစ်ယောက် ဖြစ်နေသည့်အပြင် မိမိ၏ မိသားစု ပျက်စီး၊ ရာပျက်စီးကြောင်း သတင်းပေးရှုလက်ဆောက်ချသည် ဟူသော စကားကို လုံးဝ ယုံကြည်ခြင်း မရှိနိုင်အောင် ဖြစ်... တော့သည်။

'ဟား ဟား.... ဘာဖြစ်လို့ ငိုင်နေကြတာလဲ ဦးရဲလှ၊ မ... တိုင်း တဲ့၊ ကျုပ်က မပိုင်ရင် ခြင်တောင်ရှိဂါတဲ့ ယောင် မဟုတ် ... ဒီထက် တကျတဲ့ အကြောင်းအရာတစ်ခု ပြောရဦး...



ကျွန်ုပ်၏ ဖခင်သည် လည်လိမ်ခံရသော ကြက်ကြီးကဲ့သို့ ... ခေါင်းစင်းစင်းဖြစ်ခနေပြီးလျှင် ကျွန်ုပ်ကိုယ်တိုင်ပင် အိပ်မက်မက် ... ရာမှ ကယောင်ကတမ်းဖြစ်နေသူကဲ့သို့ မတုန်မလှုပ် ကျောက် ... တစ်ရုပ်လို ဖြစ်နေသည်။

ဖခင်ကြီးသည် မိုင်းပေါင်းများစွာမှ ပြေးလွှားခနေရသူတစ် ... ကဲ့သို့ မောဟိုက်နွမ်းလျစွာ အသက်ရှုလိုက်ပြီးလျှင်....

'ကျုပ် ပြောနေလဲ အပိုပါပဲလေ၊ ခင်ဗျားပြောတာတွေ ... အားလုံးတိကျနေသားပဲ၊ ဒီတော့ ရွှေဟသာရုပ်နှစ်ရုပ်ကို ... ယူသွားပါတော့'

'ဟဲ...ဟဲ သဘောပေါက်မြန်သားပဲ၊ ဒါမှလဲ နှစ်ဦးနှစ် ... အလုပ်မရှုပ်ဘဲ အချိန်ကုန်သက်သာမှာပေါ့ဗျာ'

ကျွန်ုပ်မှာ ထိုအခါကျမှပင် အိပ်မက်မှ လန့်နိုးလာသူကဲ့သို့ ... တ်ရှိအခြေအနေကို ပြန်လည်သတိရမိလေသည်။

ဖခင်ကြီးသည် အိတ်ထဲမှ နှိုက်ယူလိုက်ရသည့် ရွှေဟသာ ... ကောင် ထည့်ထားသော ကတ္တီပါအိတ်ကလေးကို လှမ်းပေး ... တ်ရာ မိမိကိုယ်တိုင်ကလည်း ဝမ်းသာအားရဖြင့် လှမ်းယူ ... ည်အခိုက် သေနတ်က ဝှေ့ရမ်းရစွာ ရှိနေချိန်တွင် ကျွန်ုပ်က

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို လျှင်မြန်စွာ ဆုံးဖြတ်၍ မုန်တိုင်း၏ သေနတ်ကိုင်လက်ကို ထမ်း၍ ခတ်ထုတ်လိုက်သည်။

သေနတ်မှာ ချုံတောအတွင်းသို့ လွင့်စဉ်သွားလေသည်။

ရှေ့ဟည့် နှစ်ကောင်ကို လှမ်းယူမည်ဆဲဆဲ မုန်တိုင်း၏လက်မှာ လမ်းခုလတ်၌ ရပ်တန့်သွားစဉ်အခိုက် ကျွန်ုပ်၏ ညာလက်ဝါးစောင်းသည် မုန်တိုင်း၏လည်ပင်းသို့ အရှိန်ပြင်းစွာဖြင့်ဝင်ရောက်သွားတော့သည်။

'ဒုက်'

'အင်း'

မုန်တိုင်း ငိုက်စိုက်စိုက်ဖြစ်သွားစဉ်တွင် ဓားမြှောကိုင်လူဆိုးနှစ်ဦးရှိရာသို့ စုံခုန်၍ တစ်ယောက်၏ ဓားကိုင်လက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်ပြီး နောက်တစ်ယောက်အား ခြေကိုရွှဲ၍ ကန်ထုတ်လိုက်သည်။

ထိုအခိုက် နောက်ဘက်မှ ရုတ်ရုတ်သဲသဲ အခြေအနေကြားရမှ သေနတ်ကိုင်လူဆိုးက သဘောပေါက်သွားပြီလျှင် ကားနောက်ပိုင်းရှိ ကျွန်ုပ်တို့ရှိရာသို့ သေနတ်ဖြင့် လှမ်းပစ်လေတော့သည်။

'ဒိုင်း...ဒိုင်း'

'အဖေ...ငုပ်နေလိုက် အဖေ'



ကျွန်ုပ်ကထိုသို့အော်ဟစ်ပြောလိုက်သော်လည်း ဗလကောင်းသည့် ဖခင်ကြီးမှာ ကျွန်ုပ်ခါးကိုင်လူဆိုးတစ်ယောက်အား လက်သီးဖြင့် ဝင်ရောက်ထိုးကြိတ်ရန် ခြေလှမ်းပြင်လိုက်စဉ်အခိုက်မှာပင်...

'အား'

'ဟင်...အဖေ ကိုထိသွားပြီလား အဖေ၊ ကျွန်တော် ကိုမှိုပိုးအား၊ လှမ်းဘေးချုံစပ်ကို လိုက်ခဲ့ပါ'

ကျွန်ုပ်လည်း သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်ခတ်နေသည့်ကြားမှ ဖခင်ကြီးအား ဆွဲခေါ်ကာ ကားလမ်းဘေး မတောစပ်ဆီသို့ ပြေးတစ်အားပြေးထွက်လာခဲ့တော့၏။

ထိုအခိုက် ကားတစ်စီးထိုးရပ်လာပြီးလျှင် သေနတ်များဖြင့် ဆူစပ် ပစ်ခတ်ပြန်လေတော့သည်။

'ဒိုင်း...ဒိုင်း'

'ဒိုင်း'

'မဟာကောင်တွေ၊ လက်နက်ချပြီး နေရာမှာတင် ရပ်နေနေ၊ မင်းတို့ကိုပုလိပ်အဖွဲ့ကဝိုင်းမိထားနေပြီ၊ တစ်ယောက်မှ လှုပ်ကြနဲ့'

'တား...ပုလိပ်တွေ ဆိုပါလား၊ တော်သေးတာပေါ့ သိန်းတန်၊ အဖေတို့ ကံကောင်းတာပဲကွ'

'ဒိုင်း....ချောက်...ချောက်'

www.burmeseclassic.com

www.burmeseclassic.com



'ကဲကွာ....လက်နက်မချချင်ဦး'

'ဒိုင်း....ဒိုင်း'

သေနတ်ကိုင် လူဆိုးက လှမ်းပစ်၍ခုခံနေရာ ကျည်ဆန်ကုန်နေချိန်တွင် ပုလိပ်ဘက်မှ ပစ်လိုက်သောကျည်ဆန်က လူဆိုး၏ ထိမှန်သွားပုံဖြင့် အားခနဲ အော်သံကို ကြားလိုက်ရတော့၏။

ကျန်လူဆိုးများမှာ တောစပ် အမှောင်ရိပ်အတွင်းသို့ ဝင်ရောက်၍ ထွက်ပြေးသွားကြတော့၏။

ကျွန်ုပ်တို့ သားအဖလည်း အတန်ကြာအောင် စောင့်ဆိုင်းနေပြီးနောက် လက်မြှောက်၍ ဖခင်ကြီးက လှမ်းအော်ပေးသည်။

'ကျုပ်တို့ လူကောင်းတွေပါဗျာ၊ ခါးပြအတိုက်ခံရတဲ့ လူတွေပါ'

'ဒါဆိုရင် လက်မြှောက်ပြီး ထွက်ခဲ့ကြ၊ ကားရှေ့က မီးရောင်အောက်ကို လာခဲ့ကြပါ'

ကျွန်ုပ်တို့ သားအဖလည်း ကားရှေ့မီးရောင်အောက်ဆီသို့ လာခဲ့ကြရာ မှန်ရည်ပုံရသည့် မြန်မာရာဇဝတ်အုပ်တစ်ယောက်နှင့် ကုလားပုလိပ် ငါးယောက်တို့ကို ခြောက်လုံးပြူး၊ ရိုင်ဖယ်သေနတ်များဖြင့် တွေ့လိုက်ရတော့၏။

ပုလိပ်ရာဇဝတ်အုပ်က မေးမြန်းရာ ကျွန်ုပ်တို့ သားအဖမှာ မောင်လှဟန် အကြောင်းကို ချန်လှပ်၍ ခါးပြများက လုယက်



ရန် ကြိုးစားပုံနှင့် ဖခင်ကြီး ဒဏ်ရာရရှိကြောင်းများကိုပြောပြလိုက်ရာ ရာဇဝတ်အုပ် လုပ်သူက....

'ခင်ဗျားတို့ ကံကောင်းတာပဲဗျ၊ ကျုပ်တို့က မှော်ဘီဂါတ်တဲကပုလိပ်တွေပဲ၊ သာယာဝတီမြို့က ဝန်ထောက်တစ်ယောက်ကို လိုက်ပို့ရင်း အပြန်မှာ သေနတ်သံကြားရလို့ ရောက်လာတာပဲ၊ ပြစမ်းပါဦး ခင်ဗျား ဒဏ်ရာ'

ကျွန်ုပ်က ဖခင်ကြီး၏ လက်မောင်းမှဒဏ်ရာကို ပြသရာ....

'အို...ရှပ်ထိသွားတာပါ၊ ကိစ္စ မရှိပါဘူး။ ဂါတ်တဲကျမှ ဆေးလေး ဘာလေး ထည့်တာပေါ့၊ တစ်ရက် နှစ်ရက်နေရင် ပျောက်သွားမှာပါ၊ ခင်ဗျားတို့ ပစ္စည်းတွေတော့ ဘာတစ်ခုမှ ပါမသွားဘူး မဟုတ်လား'

'ဟုတ်ကဲ့ မပါပါဘူး'

'ကဲ...ကျုပ်တို့ ကားနဲ့ပဲ မှော်ဘီဂါတ်တဲကို လိုက်ခဲ့ကြဗျာ၊ ဟိုမှာ နည်းနည်း ပါးပါး စစ်ချက် မှတ်တမ်းရေးပြီး လိုအပ်တာလေးတွေ ဖြေဖို့ပါပဲ၊ တက်ကြဗျာ'

ကျွန်ုပ်လည်း ကားပေါ်သို့ မတက်မီ ရပ်ထားသည့် ကုန်ကားမှ ဒရိုင်ဘာနှင့် စပယ်ယာတို့အား ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်၍ ကားပေါ်သို့ တက်ပြီး ဖခင်ကြီးဘေးတွင် ထိုင်လိုက်စဉ် ပုလိပ်ကားမှာ တစ်ရှိန်ထိုး မောင်းထွက်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## မာလီကြီး ပြောပြသော အဖြစ်အပျက်

ကျွန်ုပ်တို့သားအဖနှစ်ဦးအား ပုလိပ်ရာဇဝတ်အုပ်ကကောင်းမွန်စွာ ညှိခံပြီးနောက် မော်ဘီမြို့မှ ဒေါက်တာဆတ္တား ဆိုသူ ကုလားဆရာဝန်တစ်ယောက်အား ခေါ်ယူ၍ ဖခင်ကြီး၏ လက်မောင်းမှ ဒဏ်ရာကို ကြည့်ရှုကုသစေလေသည်။

ထိုရာဇဝတ်အုပ်၏ နာမည်မှာ ဦးစိုးစံဖြစ်ကြောင်း နေ့စဉ် တာဝန်ကျ ဝန်ထမ်းနှင့် တာဝန်ခွဲဝေထမ်းဆောင်ခြင်း ဇယားများ ရေးဆွဲထားသည့် ဘောက်ကြီး(ဘလက်ဘုတ်)၌ ကြည့်ရှုအရ သိရလေသည်။

မကြာမီ နေသာတိုင်သာရှိနေမြဲဖြစ်သောကျွန်ုပ်ဖခင်ကြီးနှင့် ကျွန်ုပ်တို့အား လိုအပ်သည်များကိုမေးမြန်း၍အမှုကိုမှတ်တမ်း၌



ရေးသွင်းကာ မော်ဘီဂ ါတ်တဲ အတွင်း၌ ရှိသည့် ခုံရှည်များကို ...းကပ်၍ အိပ်စက်စေလေသည်။

ကျွန်ုပ်တို့ သားအဖနှစ်ဦးလည်း ခရီးပန်းခြင်းဒဏ်၊ တိုက်ခိုက် အတ်ပုတ်ရခြင်းဒဏ်နှင့် စိတ်ပင်ပန်းမှုဒဏ်တို့ကြောင့်ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားကာ နံနက်လင်းမှပင် တစ်ရေးနိုးလေတော့သည်။

'ကဲ...ဦးရဲလှ၊ ခင်များတို့သားအဖ ဟိုမှာတွေ့ရတဲ့သောက်ရေအိုးကပဲ မျက်နှာသစ်ပေမတော့၊ မြန်မြန်လုပ်ကြဗျို့၊ ရန်ကုန်သွားမယ့် ကားတစ်စီး အဆင်သင့်ရှိနေတယ်၊ ကျုပ်ပြောထားလို့ မထွက်သေးဘဲ ခင်ဗျားတို့ကို စောင့်နေတာ'

'ဟုတ်ကဲ့ ဆရာဇဝတ်အုပ်မင်း'

ကျွန်ုပ်တို့လည်း အလျှင်အမြန် မျက်နှာသစ်၍ ရာဇဝတ်အုပ် ဦးစိုးစံအား ကျေးဇူးတင်ကြောင်းဖြင့် အလျှင်အမြန်နှုတ်ဆက်ကာ အလျှင် ဂါတ်တဲနှင့် မနီးမဝေးရှိ ကားဂိတ်သို့ ကတိုက်ကရိုက် သွားရောက်ကြလေတော့၏။

'လာ...လာ၊ ဒီကိုလာကြပါ၊ နောက်ဘက်မှာ နေရာရှိပါတယ်...'

စပယ်ယာလေးကလှမ်းခေါ်နေရာ ကျွန်ုပ်တို့သားအဖလည်း ကား၏နောက်ပေါက်မှတက်ရောက်လိုက်သည်။

ကားသည် စက်နှိုး၍ ထွက်ခွာလာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တွင် ကုန်ပစ္စည်းနှင့် မော်ဘီမြို့ထွက် သံပုရာသီးနှင့် မုန်လာဥများသာ ရှိလေရာ ခရီးသည်ဟူ၍ ကျွန်ုပ်တို့သားအဖအပြင် ကုန်စိမ်းသည် သုံးဦးသာလိုက်ပါလာကြောင်း တွေ့ရှိရလေသည်။

သို့ရှိစဉ် ဖခင်ကြီးက....

'သားရေ....ကျွန်ယုံ့တစ်ဖက်ကန်း၊ သားသမီးယုံ့ စုံလုံးကန်း ဆိုတာ အဖေတို့ အဖြစ်ပဲကွ'

ကျွန်ုပ် မှတ်မိသိရှိရသမျှ ကျွန်ုပ်အား နာမည်သာ ခေါ်၍ သားဟု တစ်ကြိမ်တစ်ခါမျှ ပခေါ်ခဲ့ဖူးသော ဖခင်ကြီး၏ခေါ် ပြော ဆက်ဆံမှုကြောင့် ကျွန်ုပ်မှာ ဝမ်းသာ ငိုး၊အံ့သြခြင်းဖြ ငြိမ်သက်စွာ နားထောင်နေမိတော့သည်။

'အဆုံးမတော့ အမိက တရားခံဟာ အဖေပဲကွ၊ ဒီကော ဆိုးနိုင်အောင် အဖေကနွင့်ပြုအလိုလိုက်ထားခဲ့တာကိုး၊ နောက် ပြီး မင်းတို့ သားအမိ မသိအောင်လဲ သူ့ကို ငွေကြေး နေ့စ ပေးပြီး သုံးစွဲစေတယ်၊ သူ့အဖို့တော့ ပေ့လို့ သူ အရသာရှိမှာ ပေါ့၊ လှုပ်ဟန်အသက်က တစ်ဆယ့်ငါးနှစ်ကျော်ကျော်သာ ရှိမေ မယ့် ဒီကောင်ဟာ လူ့ဘဝမှာ လူပေါင်းအတော်များများ ပေါင်းသင်းပြီး အတွေ့အကြုံ ရှိနေပြီဆိုတာ အဖေ အခု စဉ်းစားတွက်ချက်မိတော့တယ်၊ ဒါပေမယ့် လွန်သွားပြီလေ'

ဖခင်ကြီးသည်ကား ပြတင်းပေါက်မှ မြင်တွေ့နေရသော ရှုခင်းများကို ရီဝေစွာ ကြည့်ရှုလိုက်ရင်း ပတ်တီး စည်းထား သော လက်မောင်းမှဒဏ်ရာကိုတစ်ချက်ငုံ့ကြည့်ပြီး မဲ့ပြုံးပြုံး က် ခေါင်းညိတ်လိုက်၏။



ပြီးမှ—

'နောက်ဆုံးကွာ၊ အဖေတို့ ဘယ်လို ချမ်းသာနေပြီဆိုတာ သိရအောင် ရွှေငွေပစ္စည်းတွေထားတဲ့နေရာအထိ အဖေ လိုက် ပြမိတယ်.... အခု မှားတာ၊ တကယ်တော့ ဒီလိုပြတာကလဲ ဝမ်းသာစေချင်တာက တစ်ကြောင်း၊ လိမ္မာရင် မင်းအတွက်ပဲ ဆို ့ သိစေချင်တာကလဲ တစ်ခကြောင်းကြောင့်ပါ၊ အခုတော့ အခုတော့....ဟင်း'

ဖခင်ကြီးသည် ကျွန်ုပ်အား ရီဝေဖွာကြည့်၍ စကားစကို ပ်ထားလျက် ပြင်းထန်သော သက်ပြင်းတစ်ချက်ကို ရှိုက်သွင်း ိုက်လေ၏။

ကျွန်ုပ်....

'ဒီလောက်လဲ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ အဖေ၊ ံသမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားရမှာ ပါ့....'

ကျွန်ုပ်၏ စကားအဆုံး၌ ဖခင်ကြီးက....

'ငါ့သားပြောတာ ဟုတ်ပါတယ်ကွယ် လွန်လေပြီးသော မှာ ဘယ်လိုမှ ပြင်လို့ရမှာ မဟုတ်တော့ပါဘူး၊ အဖေ တ်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်အောင် ဖြစ်နေရတာက ဖေ အပေါ်မှာ ချစ်ခင်ပြီး အင်မတန် အနွံအတာ ခံရှာတဲ့ အမေအတွက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ထိုအခါကျမှ ရှေးပြုခေါင်းဆောင် မှန်ဘိုင်း ပြောသွားသော စကားများကို ပြန်လည်သတိရကာ အိမ်၌ ကျန်ခဲ့သည့် မိခင်ကြီးအတွက် စိုးရိမ်ပူပန်နေမိလေတော့၏။

ထို့ကြောင့် ကျွန်ုပ်က....

'ဟုတ်တယ်အမေ၊ သားဘာစ်ခုအကြံပေးပါရစေ၊ ဒီပစ္စည်းကို ရန်ကုန်ပို့ ဖို့တိစ္စ သားတစ်ယောက်တည်း သွားနှင့်ပြီးပါ ဖေဖေက အိမ်ကို အမြန်မြန်ရင် မကောင်းဘူးလား ဟင်'

'မထူးတော့ပါဘူး သားရယ်၊ အခုလဲ ရန်ကုန်မြို့နဲ့ မဝေး တော့ပါဘူး၊ ဒီပစ္စည်း ကိစ္စပြီးမှပဲ အိမ်ကို အတူတူ ပြန်ကြ တော့မှာပဲ၊ ခုမသိတာက ဒီပစ္စည်း ပိုင်ရှင်ကို သား မသိဘူး နောက်ပြီး သားက ရန်ကုန်မြို့ကို ရောက်ဖူးတာ မဟုတ်ဘူး တစ်ခါ ပေါ်ပေါက်လာနိုင်တဲ့အန္တရာယ်တွေ...လဲ ရှိသေးတယ် ဒီတော့ အတူတူသွားကြတာပဲ ကောင်းပါတယ်'

ကျွန်ုပ်သည်း ဖခင်ကြီး၏ အစီအစဉ်မှာ အခြေအနေအ အကောင်းဆုံး ဖြစ်နေသောကြောင့် ပြန်လည် မပြော တော့ ကားလမ်းဘေး ဝဲယာမှ ရှုခင်း မြင်ကွင်း များကို ကြည့်လျက် ကား၏ သယ်ဆောင်ရာ လိုက်ပါလာခဲ့တော့၏။

သို့ဖြင့် နေ့လယ ဆယ့်တစ်နာရီခန့်အချိန့်တွင် ရန်ကုန်မြို့ ရောက်ရှိခဲ့တော့၏။

ထို့နောက်....



မြင်းရထား တစ်စီးကို ခေါ်ဆောင်ကာ ဘောက်ထော်သို့ အမေ ငှါးခိုင်းလေသည်။

မကြာမီ....

ခြံကြီးဝင်းကြီးများဖြင့် နေထိုင်သည့် ဘောက်ထော်မြို့စွန် သို့ ရောက်ခဲ့သည်တွင် ကျသင့်ငွေကို ပေး၍ မြင်းရထားကို လွှတ် လိုက်တော့သည်။

ကျွန်ုပ်တို့သည် ခြံကျယ်ကြီးများ ရှေ့တွင် ရေးချိတ်ထား သည့် အိမ်နံပါတ်၊ ခြံနံပါတ် များကို ဂရုတစိုက် ကြည့်ရှု၍ သွားခဲ့ကြရာ ခြံတစ်ခြံရှေ့သို့အရောက်၌ ခြံစည်းရိုးမှ ပန်းရိပ်ပင် များကို ကတ်ကြေးဖြင့် ညှပ်နေသူ တစ်ဦးကို တွေ့ရလေ၏။

သို့ဖြင့် ကျွန်ုပ်က....

ဦးလေးခင်ဗျာ...၊ ခြံနံပါတ်၊ ဟာ...ဘယ်နားလောက်မှာ ပါသလဲ'

'ဘာ'

ထိုလူကြီးမှာ ကျွန်ုပ်မေးလိုက်သော စကားအား မြေပိုကျ ဖြင့် ထိတ်လန့်သွားသည့် ယုန်သူငယ်ကဲ့သို့ ပြူးတူးပြဲတဲ ဖြစ် ကာ ပြန်မေးနေလေ၏။

ထို့ကြောင့် ကျွန်ုပ်ကပင်....

'တိုသင်း၊ ခြံနံပါတ်.... ဘယ်နားလောက်မှာ ရှိမလဲ ခေး ပါ'

www.burmeseclassic.com



'ဦးကျော်သူမြတ် ဆိုတဲ့ ပုဂ္ဂိုလ်ကြီးအိမ် ထင်ပါရဲ့ ဟုတ်လား'

တိုးတိတ်သောအသံဖြင့် ပြောလိုက်သည့် မာလီကြီး၏အမေးကို ကျွန်ုပ်၏ဖခင်က....

'ဟုတ်ပါတယ် မိတ်ဆွေ၊ ဦးကျော်သူမြတ်အိမ်ပါဗျာ'

'တိုးတိုးပြောပါ မိတ်ဆွေ၊ ပုလိပ်တွေ ကြားကုန်ပါမယ်'

အထိတ်တလန့်ပြောလိုက်သော မာလီကြီးအား ကျွန်ုပ်က အံ့ဩစွာ ကြည့်မိပြီးလျှင်....

'ဘာဖြစ်လို့ တိုးတိုးပြောရမှာလဲဦးလေးရဲ့၊ လူတစ်ယောက်ကိုတွေ့ဖို့မေးတဲ့ကိစ္စမှာတိုးတိုးမပြောရင်ဖမ်းဆီးစွဲမယ်လို့ အင်္ဂလိပ်အစိုးရရဲ့ တရားဥပဒေစာအုပ်ထဲမှာ ရေးထည့် ထားသလားဆိုစမ်းပါဦး'

'ဟာ....မင်းတို့တွေ့ချင်တဲ့ လူက တိုးတိုးတိတ်တိတ်တောင် မမေးရဲတဲ့သူတွေ မောင်ရင်လေးရဲ့'

'ဟုတ်လား၊ ဘာဖြစ်လို့ပါလိမ့်'

ထိုအခါ မာလီကြီးသည် ဘေးဘီကို တစ်ချက် အကဲခတ် ကြည့်ရှုလိုက်ပြီးနောက် ကျွန်ုပ်တို့သားအဖကို ကြည့်ကာ အသံ တိုးတိုးဖြင့် ပြောလေသည်။

'ခင်ဗျားတို့က ဦးကျော်သူမြတ်နဲ့ ဘာတော်လဲ'

'သူက ကျွန်တော်တို့ဆီမှာ ပစ္စည်းလေးတစ်ခု အပ်သွားလို့ လာပေးတာပါ၊ ဘာမှမတော်ပါဘူး'



ကျွန်ုပ်၏ဖခင်က ထိုသို့ပြောလိုက်ရာ မာလီလူကြီးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးနောက်....

'အဲဒီပစ္စည်းဟာ ဖြစ်နိုင်ရင် ဘယ်လောက် တန်ဖိုးကြီးတဲ့ ပစ္စည်းပဲဖြစ်ဖြစ်၊ ခင်ဗျားတို့ဘာသာ ပြန်ယူသွားပေတော့၊ သွားပေးလို့လဲ ဦးကျော်သူမြတ် ရတော့မှာမဟုတ်ဘူးဗျ'

'ဘာဖြစ်လို့လဲ ဦးလေး'

'ဘာဖြစ်လို့လဲ ဦးလေး'

ကျွန်ုပ်က သိချင်ဇောဖြင့် အလောတကြီး မေးလိုက်သောအခါ မာလီဦးလေးကြီးက....

'ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့နှစ်ပတ်ခန့်က ဦးကျော်သူမြတ်ရဲ့ခြံဝင်းထဲကို ပုလိပ်အဖွဲ့က ဝင်ရောက်စော်ခတ်ပြီး ဦးကျော်သူမြတ်နဲ့ကပ္ပည်နှစ်ဦးကို ဖမ်းသွားကြတယ်လေ'

ထိုစကားကြောင့် ကျွန်ုပ်တို့သားအဖမှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရှုနေမိကြတော့သည်။

မာလီဦးလေးကြီးက ဆက်ပြောပြန်သည်။

'အဲဒီတုန်းကများ ဘောက်ထော် ရပ်ကွက် တစ်ခုလုံး ကြောက်လန့်ပြီး အုတ်အော်သောင်းနင်း ဖြစ်သွားတာပေါ့ဗျာ....'

'ဒါနဲ့ ဘာဖြစ်လို့ဖမ်းတာလဲမိတ်ဆွေ၊ တဆိတ်လောက်ပြောပါဦးဗျာ'

'အင်း....ဦးကျော်သူမြတ်ဟာ အင်္ဂလိပ်ကို တိုက်ခိုက်တဲ့သူ အမြောက်အမြားကို စုဆောင်းနေတဲ့ မျိုးချစ်ခေါင်းဆောင် တစ်ဦးလို့ပြောကြတာပဲဗျို့'

www.burmeseclassic.com



ထိုအခါ ကျွန်ုပ်က ဝင်မေးသည်၊

'ဒီအကြောင်း သတင်းစာတွေထဲမှာ ထည့်ရေးတာမတွေ့ပါလားဦးသေး'

ကျွန်ုပ်မှာ နေ့အိမ်၌ နေ့စဉ်သတင်းစာများကို ဖတ်ရှုလေ့ရှိရာ ထိုသတင်းကို မတွေ့မိသောကြောင့် ဤသို့ မေးလိုက်ခြင်းဖြစ်သည်၊

မာလီဦးလေးကြီးက...

'မထည့်ဆို ဦးကျော်သူမြတ်ရဲ့အဖွဲ့ဝင် တပည့်တပန်းတွေက သိပ်များတယ်လို့ပြောကြတယ် မောင်ရင်ရဲ့၊ တော်ကြာထောင်ထဲအထိလိုက်ပြီး ဆူဆူပူပူလုပ်ကြမှာစိုးလို့ ထင်ပါရဲ့ကွယ်'

ကျွန်ုပ်တို့သားအဖမှာ သက်ပြင်းကိုယ်စီချ၍ ငြိမ်သက်နေကြခိုက်တွင် မာလီလူကြီးကပင်....

'ခုတော့ သူ့အိမ်နဲ့သူ့ခြံထဲမှာ ပုလိပ်နဲ့ စုံထောက်အတော်များများအရပ်ဝတ်နဲ့ စောင့်နေကြလေရဲ့၊ ဒါကြောင့် ကျုပ်က ခင်ဗျားတို့ကို သတိပေးရတာပါ၊ ကျုပ်နဲ့တွေ့ရတာ ခင်ဗျားတို့ကံကောင်းတယ်သာ မှတ်'

'ကျေးဇူး တင်ပါတယ်ခင်ဗျာ'

'ကျေးဇူးတင်ပါတယ် မိတ်ဆွေ'

'မလိုပါဘူးဗျာ၊ ကိစ္စမရှိပါဘူး'

ထိုအခိုက် ဖခင်ကြီးက တစ်စုံတစ်ခုကို သတိရလျက်ကမန်းကတန်းမေးလေသည်၊

'သူ့မှာ ဆွေမျိုးဉာတိတွေရှိတယ်ရော ကြားမိသလား မိတ်ဆွေ'



'ကျုပ်တို့သူဌေးကြီးနဲ့ ဦးကျော်သူမြတ်တာ အင်မတန် ခင်ကြတာကလား၊ ဒါပေမယ့် ဆွေမျိုးရှိတယ်ဆိုတာတော့ လုံးဝကြားမိပါဘူး'

'ကျေးဇူးပဲမိတ်ဆွေ၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦးခင်ဗျာ'

ဖခင်ကြီးက နှုတ်ဆက်သည်တွင် မာလီလူကြီးက ဦးခေါင်းညိတ်လျက်...

'ဩော်...တဆိတ်၊ သူ့အိမ်ကြည့်ချင်ရင် ဒီခြံကနေ လေးခြံကျော်မှာရှိတဲ့ အိမ်ကြီးကြီးနဲ့ ဆေးအပြာရောင် သုတ်ထားတဲ့အိမ်ကိုမှသိမသာ ကြည့်သွားကြပေါ့ဗျာ၊ အဲ...မသက်ာ ဖြစ်ရင်တော့ ပုလိပ်တွေကဖမ်းဆီးပြီး စစ်လားဆေးလား လုပ်မှာကိုလဲ သတိပြုဦးဗျို့၊ ကဲ...ကဲ သွားကြပေတော့'

ကျွန်ုပ်တို့သားအဖလည်း မာလီဦးလေးကြီးကို နှုတ်ဆက်၍ထွက်ခွာလာကြရာ လမ်းတွင်ဖခင်ကြီးက ထိုအိမ်ရှေ့မှ ဖြတ်လျှောက်ရန် တားမြစ်သော်လည်းကျွန်ုပ်၏ အကြိမ်ကြိမ်ပူဆာကြောင့် ခပ်တည်တည်ဖြင့် ထိုခြံကြီးရှေ့မှ ဖြတ်လျှောက်လာကြတော့သည်၊

ကျွန်ုပ်တို့သည် မသိမသာအကဲခတ်၍ကြည့်ရှုလေရာ အလွန်ခမ်းနားထည်ဝါသော နှစ်ထပ်ကျွန်းသား အိမ်ခန့်ခန့်ကြီးကို တွေ့ရပြီးလျှင် အပြာရောင်ဆေးဖြင့်လှပစွာခြယ်သထားသည်ကို တွေ့ရသတော့သည်။

ခြံထဲ၌ သစ်ပင်များကို အကာအကွယ်ယူကာ အပြင်ဘက်ကို မသိမသာ အကဲခတ်နေသောလူတစ်ယောက်စနှစ်ယောက်စ

www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ရသော ကျွန်ုပ်တို့သားအဖလည်းရှိုးရှိုးလူမ်းသွား လမ်း လာများအဖြစ် မာန်ခဲ့ကာ လမ်းမအတိုင်း လျှောက်လာခဲ့ကြတော့သည်။

'အဟင်း....ငါ့နယ်၊ မြို့ထဲကများ တစ်စုံတစ်ရာနဲ့ လှမ်းပြ လိုက်မလားလို့ တထိတ်ထိတ် ဖြစ်လိုက်ရတာ၊ အခုမှပဲ အားရ ပါးရအသက်ဝအောင် ရှူရတော့တယ် သားရယ်၊ ဟဲ...ဟဲ ဟဲ....'

'ဟား ဟား ဟား'

ကျွန်ုပ်ဖခင်ကြီး၏ စကားကြောင့် နှစ်ဦးသား ရယ်မောကြ ပြီးလျှင် အဆင့်တွေ့ရသည့် မြင်းရထားတစ်စီးကို လှမ်းခေါ်၍ ပြည်ကားဂိတ်သို့ အမောင်းခိုင်းရတော့သည်။

ပြီးမှ ထမင်းဆိုင်တစ်ဆိုင်တွင် ဝင်ရောက်စားသောက်ကြ ပြီး နံနက်ပိုင်းတွင် ပြည်မြို့သို့ ထွက်ခွာမည်ဟု သိရသော ကား တစ်စီးပေါ်၌ ကားဒရိုင်ဘာနှင့် စပယ်ယာတို့၏ ခွင့်ပြု ချက်အရ တက်ရောက်အိပ်စက်ကြတော့သည်။

ကျွန်ုပ် အိပ်ရာမှနိုးသောအခါ ဖခင်ကြီးသည် ကြက်သွန် အိတ်တစ်အိတ်ပေါ်၌ထိုင်၍ ကျွန်ုပ်အား ကြင်နာစွာတစိမ့်စိမ့် ကြည့်ရှုလျက်ရှိကြောင်း တွေ့ရလေတော့သည်။

## ဘဝပြောင်းသွားသော သားအဖ

ပြည်မြို့သို့ ရောက်သောအခါ မြင်းလှည်းတစ်စီးကို ငှား၍ ကျွန်ုပ်တို့နေထိုင်ရာ ဝါးရုံချပ်ကွက်သို့ အမြန် မောင်းနိုင်းလိုက် တော့၏။

ကျွန်ုပ်တို့ သားအဖမှာ အိမ်နှင့် နီးကပ်လာလေ၊ စိတ်က တထင့်ထင့်ဖြင့် ရောက်ချင်ဇော ပြင်းထန်လေ ဖြစ်နေတော့၏။

ရပ်ကွက်မှ အသိအချို့က မြင်းလှည်းပေါ်မှ ကျွန်ုပ်တို့ သား အဖကို တွေ့မြင်လိုက်ရသောအခါ ဖါးစပ်ဟလျက်အံ့သြတကြီး ဖြစ်နေသည်ကို သတိပြုလိုက်မိ၏။

အမြန် သွားနေသော မြင်းကိုပင် နှေးကွေး လွန်းသည်ဟု ကျွန်ုပ် ထင်မြင်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ....

ကျွန်ုပ်တို့ ရပ်ကွက်ထိပ်သို့ ရောက်ပြီဖြစ်သောကြောင့် မြင်းလှည်းကို ရပ်စေ၍ ပိုက်ဆံပေးချေပြီး အိမ်ရှိရာသို့ ဒရောသောပါး သုတ်ခြေတင်လာခဲ့ကြ၏။

လူအများသည် ကျွန်ုပ်တို့အား လူထူးလူဆန်းသဖွယ် ရပ်တန့်၍လည်းကောင်း၊ အိမ်ထဲမှ ထွက်လာကြ၍လည်းကောင်း ကြည့်ရှုနေကြသည်။

မည်သူ တစ်ဦးတစ်ယောက်မျှပင် မည်သည့် စကားမျှ မပြောကြချေ။

ကျွန်ုပ်တို့ အိမ်ရှိရာသို့ ရောက်လာကြပေပြီ။

သို့ရာတွင် ကျွန်ုပ်တို့ အိမ်ကား မရှိတော့ပေ။

အိမ်အစား မီးလောင်ငုတ်တိုနှင့် မီးကျွမ်းထားသည့် အခြေအနများသာ တွေ့ရလေသည်။

အခြေအနေကို ကျွန်ုပ်တို့ သားအဖ သုံးသပ်မိပြီ ဖြစ်လေသည်။

ကျွန်ုပ်တို့ မျှော်မှန်းထားသည့် အခြေ အနေ ထက်ပင် ပို၍ ဆိုးရွားကြောင်း တွေ့ရှိရတော့သည်။

'ဟေ့ မောင်သိန်းတန်၊ မင်းအဖေ ဦးရဲလှကို ခေါ်ပြီး ဆရာ့ အိမ်ကို လိုက်ခဲ့ကြကွယ်၊ ဟိုကျမှ အေးအေး ဆေးဆေး ပြောကြတာပေါ့'

လူအုပ်ထဲမှ လူတစ်ဦးက ထိုသို့ပြောသဖြင့် ကျွန်ုပ် ဂရုစိုက်၍ ကြည့်လိုက်ရာ ထိုသူမှာ ကျွန်ုပ်အား စာပေနှင့် သိုင်း



ပညာများကို သင်ကြားပေးသည့် ဆရာဦးလှအေး ဖြစ်ကြောင်း သိရသည်နှင့် ကျွန်ုပ်က....

'ဟုတ်ကဲ့ဆရာ၊ ကဲ- အဖေ၊ လာပါ အဖေရယ်၊ ထိုကျတော့ အကြောင်းစုံ သိရမှာပေါ့'

'နေအုံးပါသားရယ်၊ ဒါနဲ့ မင်းအမေ မငြိမ်းအေး ဘယ်မှာလဲ၊ ဒါ ငါအခု သိချင်တယ်၊ ပြောကြစမ်းဗျာ၊ ကျုပ်မိန်းမ ဘယ်မှာလဲ၊ ခင်ဗျားတို့ သိရမယ်၊ ပြောကြစမ်းပါ'

ဖခင်ကြီးက စိတ်ထိခိုက်ကြေကွဲလျက် ရပ်ကြည့်နေသူများကို စိတ်လိုက်မာန်ပါ မေးလေရာ ဆရာ ဦးလှအေးက လူအုပ်အတွင်းမှ ထွက်လာလျက် ဖခင်ကြီး၏ လက်မောင်းကို ဆွဲကိုင်လိုက်ပြီး....

'သိရမှာပေါ့ ကိုရဲလှရယ်၊ လာပါ....ကျုပ်ရဲ့အိမ်ကို လိုက်ခဲ့ပါ၊ အားလုံး ကျွန်တော် ပြောပြပါ့မယ်'

ဆရာ ဦးလှအေး၏ ဖျောင်းဖျမှုကြောင့် ဖခင်ကြီးငြိမ်သက်သွားစဉ် ကျွန်ုပ်ကလည်း တစ်ဖက်မှ ကျွန်လက်မောင်းကို ဆုပ်ကိုင်၍ ဆရာ ဦးလှအေး၏ အိမ်ရှိရာသို့ ဆွဲခေါ် လာခဲ့ရတော့သည်။

ရပ်သူရွာသားများသည် ကျွန်ုပ်တို့အား လှမ်းမျှော်ကြည့်ရှုရင်း တီးတိုးတီးတိုးပြောဆိုလျက် ကျန်ရစ်ခဲ့လေ၏။

ဆရာ ဦးလှအေး၏ ဇနီးနှင့် သားဖြစ်သူ ကျွန်ုပ်သူငယ်ချင်း မောင်ပုည တို့သည် ကျွန်ုပ်တို့သားအဖအား ဆီးကြို၍ နေရာထိုင်ခင်းပေးကြလေသည်။

အတန်ငယ် နားနေပြီးသောအခါ ဆရာဦးလှအေးက....

www.burmeseclassic.com

www.burmeseclassic.com



'မပြောလဲမပြီး၊ တော်းလဲ မမြည် ဆိုတာလို မပြောချင်ခဲပမယ့် သိအောင် ပြောရတော့မှာပဲ ကိုရဲလှ၊ စိတ်နှလုံးကိုသာ ခိုင်အောင်ထားပြီး နားထောင်ပါလို့ ပြောချင်တယ်'

'ပြောစမ်းပါ ဦးလှအေး'

'ကောင်းပြီ ဦးရဲလှ၊ ခင်ဗျားတို့ ရန်ကုန်ထွက်သွားတဲ့ ညမှာပဲ ခင်ဗျားသား မောင်လှဟန် ဦးစီးတဲ့ မုန့်တိုင်းအဖွဲ့ ဓားမြ ဂိုဏ်းဟာ ခင်ဗျားတို့ အိမ်ကိုဓားမြဝင်တိုက်ကြတယ်....

'ဒေါ်မြိမ်းအေး ယူကျုံးမရဖြစ်ပြီး သူ့သားကို ရွှေ၊ ငွေ၊ လက်ဝတ်လက်စားတွေ သိမ်းထားတဲ့ သော့ကို ပစ်ပေးပြီး စိတ်ထိခိုက်စွာနဲ့ အိမ်ပေါ်က ဆင်းပြေးလာတယ်....

ဒါကိုမောင်လှဟန်ကတို့ ဂိုဏ်းသား ဓားမြတစ်ယောက်က လွတ်ပြေးတာလို့ထင်ပြီး သေနတ်နဲ့ပစ်လိုက်တာမှ ခြံရှေ့လမ်းပေါ်မှာ လဲကျသွားတော့တယ်....

'အဲ့...ခင်ဗျားရဲ့ မိန်းမကို ပစ်သတ်တဲ့ လူဆိုးကိုလဲ မောင်လှဟန်က ပြန်ပစ်တာ လူဆိုးလဲ သေပြန်တယ်၊ သေနတ်သံတွေကြောင့် ထောင်က အကျဉ်းသမားတွေလဲဆူဆူညံညံလုပ်တာနဲ့ ထောင်လှန့်သံချောင်းတွေလဲ ခေါက်ရော ဓားပြတွေလွတ်ပြေးသွားကြတယ်....

'ဒါပေမယ့် ပုလိပ်တွေ သူတို့နောက် မလိုက်ရဲအောင် ခြောက်လှန့်တဲ့အနေနဲ့ ရမ်းသန်းပစ်ခတ်သွားကြရာမှာ မီးတုန်းထားတဲ့ မှန်အိမ်ကို ထိမှန်ပြီး ပြုတ်ကျပြီး မီးလောင်တယ်ဆိုပါတော့ဗျာ'

'ဒါ...ဒါဆို ကျုပ်မိန်းမ သေပြီပေါ့နော်'



'ဟုတ်ပါတယ် ကိုရဲလှ၊ ကတိနိုင်သမျှသာ စိတ်ကို ထိန်းပါဗျာ၊ ခင်ဗျားတို့လဲ မရှိတာနဲ့ ကျုပ်တို့ ရပ်ဆွေရပ်သားတွေ ပြီး ပုလိပ်အကူအညီနဲ့ပြုချက်နဲ့ ချက်ချင်းပဲ သင်္ချိုင်းမှာ မြှုပ်နှံ လိုက်ကြရတယ်'

'ဖြစ်မှ ဖြစ်ရလေ မအေးမြိမ်းရယ်၊ ငါဘယ်လိုပြောရမှာလဲ ယ်၊ အကယ်တော့ မအေးမြိမ်းဟာ ကျုပ်အပေါ်မှာအလွန် ကြောက် ရှိသေတဲ့ မိန်းမကောင်းတစ်ယောက်ပါဗျာ၊ ကျုပ် သာ သူ့ကို ဘာဆိုဘာမှ ဦးနှောက်ပေးခဲ့တာ မဟုတ်ပါဘူး၊ ကျုပ်ရင်ထဲမှာ သူ့ကို သံယောဇဉ်ပေမယ့်၊ ဘယ်တော့မှ အလို လိုက်ခဲ့ဘူး၊ အမြဲ မာမာထင်းထင်းဆက်ဆံခဲ့တယ်၊ နောက် တော့ သူသေအောင် ကျုပ်က ဟိုကောင့်ကို မွေးပေး သလို ဖြစ်သွားတယ်၊ အမိက တရားခံဟာ ကျုပ်ပဲဗျာ....၊ ကျုပ်ကြောင့် ကျုပ်မိန်းမ သေတာပါ'

ဖခင်ကြီးသည် ယူကျုံးမရဖြစ်လျက် မျက်နှာကို သက်ဝါး လက်ဖြင့် အုပ်ကာ ယောကျ်ားကြီးတန်မဲ့ ငိုရှိုက်နေတော့ရာ ကျွန်ုပ်လည်း ဝမ်းနည်းလျက် မျက်ရည်ကျမိလေတော့၏။

တစ်ဆက်တည်းမှာပင်....

မောင်လှဟန်အား တွေ့ရာသင်္ချိုင်း ဓားမဆိုင်း ဆိုသလို လိုက်လံရှာဖွေ၍ နှိပ်နှိပ်စင်းရန် အကြံဖြစ်မိလေသည်။

ဆရာ ဦးလှအေးတို့ မိသားစုမှာ ကျွန်ုပ်တို့သားအဖအတွက် စိတ်မကောင်းဖြစ်လျက် မနားမနေဖျောင်းဖျနှစ်သိမ့်ကြ လသည်။

www.burmeseclassic.com



ကျွန်ုပ်လည်း မိခင်ကို သတိရမိ၍ ငိုရလွန်းသဖြင့် ထို တစ်ညလုံးအိပ်မပျော်ဘဲ၊ နောက်တစ်နေ့၌ တစ်ကိုယ်လုံးချ တောက် ပူလောင်ကာ နေမကောင်းဖြစ်လေတော့သည်။

ကျွန်ုပ်သည် ကယောင်ကတမ်းဖြင့် အိပ်မက်ဆိုးများ မက်ပြီးလျှင် အိပ်မက်ထဲ၌ မိခင်ကြီးနှင့် တွေ့ရ၏။

မောင်လှဟန်၏ မခန့်လေးစား မျက်နှာဖြင့် ဟက်ဟက် မက် ပြုံးရယ်နေပုံကိုလည်း မြင်ရ၏။

ဓားများ၊ တုတ်များ၊ သွေးများ၊ လက်အိတ်များနှင့် အ ရွှေဟင်္သာရုပ်နှစ်ရုပ်ကို ကိုင်ထားသည့် ဦးကျော်သူမြတ်နှင့် ဓားပြခေါင်းဆောင် မုန့်တိုင်း ကိုလည်း တွေ့ရပြန်၏။

ထို့နောက်....

ကျွန်ုပ်သည် လေထဲမြောက်တက် လွင့်ပါသွားသောကြော ကြောက်လန့်တကြား ဟစ်အော်လိုက်မိ၏။

'သား....သား....လူလေး မောင်သိန်းတန်၊ သတိရပြီး ဟင်....'

'ဟော မောင်သိန်းတန်၊ ဆရာ ခေါ်နေတယ်လေ၊ ကောင်းကောင်း ရပြီမဟုတ်လားကွယ့်'

'သူငယ်ချင်း သိန်းတန်'

ကျွန်ုပ်သည် အသံများကြောင့် မျက်စိတို့အားယူဖွင့်ကြ မိရာ စိုးရိမ်သောကရောက်နေသောမျက်နှာထားများနှင့် နေကြသည့် ဖခင်ကြီး ဦးရဲလှ၊ ဆရာ ဦးလှအေးနှင့် သူငယ် မောင်ပုညတို့ကို တွေ့လိုက်ရတော့သည်။



ထိုအခါ ကျွန်ုပ်က....

'ရေ....ရေပေးပါ'

'ရော့....ရော့'

မောင်ပုညသည် ကျွန်ုပ်အားရေတစ်ခွက်ကို အလျင်အမြန် ယူဆောင်၍ပေးရာ ကျွန်ုပ်လည်း တစိမ့်စိမ့် သောက်ချလိုက် တော့သည်။

'ဖြည်းဖြည်းသောက်ပါ သားရယ်၊ တော်ကြာ သီးနေပါဦး ယ်....'

ဖခင်ကြီးကို စိုးရိမ်စွာပြောသည်တွင် ကျွန်ုပ်က....

'ကျွန်တော် ဘာဖြစ်လို့လဲ အဖေ'

'ငါ့သားဟာ သတိမရဘဲ နှစ်ရက် ရှိသွားပြီကွယ့်၊ တစ်သက် းအဖျားအနာ မရှိတဲ့သားဟာ ခရီးပန်းခြင်း၊ အအိပ်ပျက် ခြင်း၊ အစားပျက်ခြင်းအပြင် တိုက်ခိုက်သတ်ပုတ်ရခြင်းနဲ့ စိတ် ခိုက်ခြင်းတွေ ရောစွက်ပြီး အခုလို အပြင်းဖျားတာနဲ့တူပါ ယ်'

'ဟုတ်ကဲ့....အဖေ'

'ငါ့ကောင် တော်တော်လေးစိုးရိမ်သွားတယ်ကွ မောင်သိန်း န်ရဲ့၊ မင်းဖျားနေတဲ့အချိန်မှာ ကယောင်ကတမ်းတွေ အော် စ်နေတယ်၊ မင်းအဖေခမျာစိုးရိမ်ပြီး ညဘက်တောင် မအိပ် ဘူးကွယ့်'

'ဟာ....အဖေပါ လဲနေမှ ခက်ကုန်လိမ့်မယ်၊ ကျွန်တော် အတွက် ဆရာကြီးတို့မိသားစုလဲ အတော်ဒုက္ခ ရောက်နေကြမယ် နဲ့'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာကြီးဦးလှအေးက....

'မင်းနှယ်ကွယ်၊ မေးတာသရာကြီးရဲ့အညွှဲပဲဟ္မ၊ ဒီအိမ်
မင်းအိမ်ဆိုလဲ မှားနိုင်မလား၊ ဘာပဲဖြစ်ဖြစ် ဆရာကြီး
အားမနာဘဲ စိတ်ချမ်းချမ်းသာသာနဲ့ နေဆိုင်ကြပါ ...
လား'

'မှတ်ကဲ့ ဆရာကြီး'

ကျွန်ုပ် နေထိုင်ကောင်း၍ နှစ်ရက်ခန့်ကြာသောအခါ ပြ...
ဂါတ်တဲမှ ရာဇဝတ်အုပ်နှင့် ပုလိပ်သားတစ်ယောက် ရောက်...
၍မောင်လှမှန်နှင့်ပတ်သက်သော လိုအပ်ချက်များကို ဖခင်...
နှင့်ကျွန်ုပ်အား လာရောက်မေးမြန်းကြလေသည်။

ပုလိပ်များ ပြန်သွားသောအခါ ဆရာကြီး ဦးလှအေးက...

'ခင်ဗျားသား မောင်လှကန်တာ ပီမတိုင်မီရက်တွေကတ...
က ကျောက်ပုံဆိပ်ဆိပ်ကမ်းမှာမသင်္ကာစရာလူအချို့နဲ့ ခဏ...
တွေ့ရတာ မောင်ပုညက ကျုပ်ကို ပြန်ပြောတယ်၊ ဒါ...
ပြီအဆင်ထိခိုက်အောင် မိုက်မဲလိမ့်မယ်လို့ ကျုပ်တို့လဲမ...
မိဘူးလေ'

'မှတ်ပါတယ် ကိုလှအေး၊ တကယ်တော့ဒီကောင်တာ...
ရေလိုထိုးချင်တယ်၊ အလုပ်မလုပ်ဘဲငွေရမယ့်နည်းလမ်းကို ...
ရင်းက ဒီလမ်းစဉ်ကိုလိုက်သွားတာဖြစ်မှာပဲ....'

'တောက်...ဒါခဲမယ်ဗျာ ကိုယ့်မိသားစုကို ...ပြီးစေ...
တိုက်တဲ့အမြင် မအေကိုပါ သေအောင် လုပ်သွားတာ...
အသည်းနာလှတယ်၊ ရာဇဝင်ရှိုင်းတယ်ဗျာ'



'အတ္တလွန်ကဲပြီး ဝုစရိုက် ဘူးလွန်သူတွေအတွက်ကံကြမ္မာက
...နာသာပေးမယ် မဟုတ်ပါဘူးကိုရဲလှ၊ တစ်နေ့တော့အဖြေ
...လာပါလိမ့်မယ်'

'ကျုပ်ကတော့ဒီရက်အထိ မစောင့်ချင်ဘူးကိုလှအေး၊ အမြန်
...ဖမ်းစေတွာဒူးတွေ တွေ့ပြီး သက်တာ ပစ်လိုက်ချင်တော့တာ
...'

'စိတ်အေးအေးထားပါ ကိုရဲလှရယ်၊ မလိမ္မာတဲ့သူတာ မိုက်
...နောက်ကို လိမ္မာတဲ့သူက ချောက်လိုက်စရာ မလိုပါဘူး၊
...ဒေက သူတို့ကိုအမြဲစောင့်ကြည့်နေမှာပါ'

ကျွန်ုပ်တို့အားအဖသည် ဆရာဦးလှအေး၏နေအိမ်တွင် တစ်...
...နေဆိုင်ကြလေသည်။

ထိုနေထိုင်မိသည့်အချိန်များတွင် စိတ်ပြေလက်ပျောက်ရှိစေ...
ဆရာဦးလှအေးက ကျွန်ုပ်အားသိုင်းပညာများကိုဆက်လက်
...ကြားပေးလေသည်။

မောင်ပုညနှင့်လည်း တိုက်ခိုက်လေ့ကျင့်ခြင်း အမှုများကို ပြု...
လေ၏။

ခင်ကြီးမှာမူ ပုတီးတစ်ကုံးဖြင့် ဘုရားခန်းမှ ထွက်သည်
...ဘဲ နေထိုင်းလသည်။

တစ်လကျော်သောအခါ ဖခင်ကြီး၏ဆန္ဒအတိုင်း ကျွန်ုပ်တို့
...ဟောင်းနေရာမှ မီးလောင်ပုတ်တိုမျှားကို ရှင်းလင်းကာရပ်
...သားများအားလုံးက ကျွန်ုပ်တို့သားအဖအတွက် ဝါးတဲ
...တစ်လုံးကို ဝိုင်းဝန်းဆောက်လုပ်ပေးကြ၏။

www.burmeseclassic.com



ဆရာဦးလူအေးနှင့် သားဖြစ်သူ ေမာင်ပုညတို့လည်း လာ ရောက်အကူအညီ ပေးကြသည်။

ဖခင်ကြီး၌ ကျန်ရှိသောငွေအနည်းအကျဉ်းမှ အိုးခွက်ပန်း ကန်စသည့် မဖြစ်မနေပစ္စည်းလေးများကို ဝယ်ယူ၍ သားအဖ နှစ်ဦးဖြစ်သလို နေထိုင်ကြရသည်။

ကျွန်ုပ်လည်း ငယ်စဉ်က ပြုလုပ်မြဲဖြစ်သော ဗိုက်ခင်ဆလေးကို ပြန်လည်ပြုစုပျိုးထောင်ရသည်။

နှစ်လခန့်ကြာသောအခါ စိမ်းစို၍လတ်ဆတ်သော ကျွန်ုပ်၏ ဟင်းရွက်ခင်းလေးကို ပြန်လည်အတ်ရလေတော့သည်။

ထိုအခါ ကွယ်လွန်သူမိခင်ကြီးအား သတိရမိပြီးလျှင် ကျွန်ုပ် မှာဝမ်းနည်းခြင်းဖြစ်မိသည့် အကြိမ်ပေါင်း ထောင်သောင်းကော အောင် ရှိရတော့သည်။

ကျွန်ုပ်သည် ဖခင်ကြီး မသိအောင် ခိုင်းထမ်းပိုးများကို ပြုလုပ်ပြီးလျှင် မနက်ပိုင်းဖခင်ကြီးမနိုးမီယှာခင့်ထုံးစံအတိုင်း ဟင်း ရွက်များကိုခူး၍ ပြည်မြို့တွင် လှည့်လည်ရောင်းချပြီး အပြန်တွင် ဖခင်ကြီးအတွက်အသုံးအဆောင်ပစ္စည်းနှင့်ချက်စရာ ဟင်းရံများ ကို ဝယ်လာခဲ့လေသည်။

'အလို...သားရယ်၊ ပင်ပန်းလှပါကလား၊ ဒါမျိုး နောက် မလုပ်ပါနဲ့တော့ကွယ်'

ဖခင်ကြီးသည် နံနက်ခင်း စကြံလျှောက်၍ ပုတီးစိပ်နေရာမှ ကျွန်ုပ် ဝင်လာသည်ကို လှမ်းမြင်သည်နှင့် ထိုကဲ့သို့ ပြောလေ တော့သည်။

ကျွန်ုပ်က....



ဒါတော့ ခွင့်ပြုပါလို့ အဖေ့ကို တောင်းပန်ပါရစေ၊ သား ာ့ ပန်းထိမ်အလုပ်ကို စိတ်နာတဲ့အတွက် မလုပ်ချင်တော့ အဖေ'

ဟုတ်ပါတယ်၊ သားလိုပဲ အဖေလဲ ဒီတစ်သက် ပန်းထိမ် ာနဲ့ အသက်မွေးမှု မပြုတော့ပါဘူး'

အဲဒီတော့ သမ္မာအာဇီဝလဲကျတဲ့ ခြံထွက်သီးနှံတွေရောင်း မချမ်းသာပေမယ့် ကျွန်တော်တို့သားအဖ ဝဝလင်လင် စားရနိုင်မှာပါအဖေ၊ဟိုအရင်က ကျွန်တော်တို့ မိသား းယောက်သုံးတာတောင် ဖူလုံအားပဲဥစ္စာ'

ိုအခါ ဖခင်ကြီးသည် မိခင်ကြီးအား သတိရဟန်ဖြင့် ာညှိုးကျသွားလေသည်။

အေးပါလေ၊ အဖေက ငါ့သားပင်ပန်းတာ မကြည့်ချင် သားလုပ်ချင်တယ်ဆိုရင်လဲ သားပြောသလို သမ္မာ ဝကျတာအမှန်ပါ၊ ဒါပေမယ့် အဖေတစ်ခုပြောချင်တယ် လာ...လာ အိမ်ထဲသွားကြစို့'

ကျွန်ုပ်လည်း ဖခင်ကြီး၏နောက်မှ လိုက်ပါ၍ အိမ်ထဲသို့ ာက်ခဲ့လေတော့သည်။

ခင်ကြီးသည် ခေါင်းရင်းရှိ ဘုရားစင်အောက်၌ ထိုင်လိုက် ာက် အမြင့်သို့ တစ်ချက်လှမ်းကြည့်လိုက်ပြီးလျှင်....

ီလိုသားရယ်၊ ငါ့သား ဆင်းဆင်းရဲရဲ လုပ်နေမယ့်အစား ာသံ့ာတစ်ကောင်ကို ရောင်းချပြီး....

တာ ...ဒါတော့'

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီး၏စကားမဆုံးမီမှာပင် ကျွန်ုပ်က လက်ကာ၍ခေါ် ကိုခါယမ်းပြလိုက်သည်။

ထို့နောက် ကျွန်ုပ်ကရှင်းပြရသည်။

အခုလို အဖေ စကားမဆုံးခင် ဖြတ်ပြောလိုက်ရတဲ့ အတွ ခွင့်လွှတ်ပါအဖေ၊ ဘာကြောင့် သားအခုလိုပြောရသလဲဆိုတော့ ပိုင်ရှင်တော် ဒီနေ့အထိ အသက်ရှိနေဖို့သားဘာရယ်၊ နောက် ပိုင်ခွင့်ရှိတဲ့ သူ့မိသားစု ဆွေစဉ်မျိုးဆက်ကို မစုံစမ်းရသေး ဖာရယ်၊ အဲဒါတွေကြောင့် ကျွန်တော်ဟာ ဒီပစ္စည်းနဲ့ပ ဆက်သို့ လုံးဝ မစဉ်းစားသင့်ဘူးထင်ပါတယ်'

'မှန်တယ်သား၊ မင်းဟာ အင်မတန်ရိုးသားဖြောင့်မတ် ကိုယ်ကျင့်တရားရှိတဲ့ လူတစ်ဦးဖြစ်တဲ့အတွက် အဖေ ဂုဏ် ပါတယ်ကွယ်၊ အဖေကိုယ်တိုင်လဲ သားရဲ့သဘောအတိုင်းပ ဘာပဲဖြစ်ဖြစ် ဒီပစ္စည်းကို ပိုင်ရှင် သို့မဟုတ် သူ့ရဲ့အမွေဆက် ခွင့်ရှိတဲ့ ဆွေစဉ်မျိုးဆက် တစ်ဦးဦးဆီကို ရောက်အောင် မေးဖို့တာဝန် အဖေတို့မှာရှိပါတယ်လေ'

ဖခင်ကြီးက ထိုသို့ပြောသဖြင့် ကျွန်ုပ်မှာ အထူးပင် ဝမ်း မြောက်ဝမ်းသာ ဖြစ်မိလေသည်။

'ဟုတ်တယ်အဖေ...နောက်ပြီး သူ့ဘ ါးရဲ့ပစ္စည်းကို အလ သုံးစားပြုပြီး ကျွန်တော်တို့သားအဖ ချမ်းချမ်းသာသာနေ မယ့် ကျွန်တော်တို့လိပ်ပြာက ဆာမြဲတမ်း ခြောက်လှန့်နေတော မှာပါပဲ'

'တော်လိုက်တာကွယ်'

'နောက်တစ်ခုရှိသေးတယ်အဖေ'



'ဘာများပါလိမ့်သားရယ်'

'ဒီလိုအဖေ၊ ကျွန်တော်တို့အိမ်မှာ အကုသိုလ်မဝင်ခင် ငွေးတော့၊ ပွဲစားတွေ လာရောက် အပ်နှံတဲ့ပစ္စည်းတွေလဲ းပြတိုက်သွားတဲ့နေရာမှာ ပါသွားတာလဲ အဖေ သိပါတယ် နော်၊

'အဲဒီကိစ္စအတွက် ပိုင်ရှင်ဖြစ်သူတွေကလဲ တစ်ဆင့်တစ်ဆင့် ဖြစ်မှန်ကို သိသွားကြပြီး ကျွန်တော်တို့သားအဖကို သနား ာနဲ့ ဘယ်သူမှလာပြီး အလျော်မတောင်းကြဘူးနော်'

'အေး....ဟုတ်တယ်သား'

'အဲဒီလို အားလုံးက နားညှာတာနေတဲ့အချိန်မှာ ကျွန် ာ်တို့က ချမ်းချမ်းသာသာနဲ့နေတိုင်ရင် ဒါဟာ သူတို့ပစ္စည်း နဲ့ဖိုးကို လျော်ပေးရတာ အကြောင်းမဟုတ်ပေမယ့် ကျွန် ာ်တို့ကို လူလုံးမ်တွေလို့ တစ်သက်လုံး ထင်နေကြလိမ့်မယ် ဖေ

ကျွန်ုပ်က ရှည်လျားစွာ ရှင်းလင်းပြောပြလိုက်သောအခါ ခင်ကြီးဦးရဲလှသည် ပြုံးရွှင်စွာ ဦးခေါင်းညိတ်ရင်း....

'ငါ့သားပြောတာ အားလုံးမှန်ပါတယ်၊ နောက်ပြီး ဟို းပြကောင်က အန္တရာယ်ပေးဦးမယ်၊ အခုလို ဆင်းဆင်းရဲရဲနဲ့ စိတ်ချမ်းသာအောင် နေသွားကြတာပေါ့သားရယ်၊ ဒါလဲ ကောင်းတာပေါ့ပဲ....

'ဒါပေမယ့် အဖေ သဘောတူ ခွင့်ပြုမယ်ဆိုရင် သား တစ်ခု ပြောချင်ပါတယ်'

'ပြောလေကွယ်၊ ပြောပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က ဒီပစ္စည်းပိုင်ရှင်နဲ့ ဆွေစဉ်မျိုးဆက်ကို လိုက်ပါ စုံစမ်း မေးမြန်းကြည့်ချင်တယ် အဖေ'

'ဟေ...'

'ဒါပေမယ့် အချိန်ကာလကိုမှန်းလို့မရနိုင်ဘူး မဟုတ်လား၊ တစ်လကြာရင် ကြာမယ်၊ တစ်နှစ်ကြာရင် ကြာမယ်၊ ဒါမှ မဟုတ် ဒီထက်လဲ ကြာရင် ကြာမှာ အဖေ'

ထိုအခါ ဖခင်ကြီးမှာ အားတက်သရောဖြင့်...

'ကောင်းလိုက်လေကွယ်၊ အဖေကလဲ လူ့ဘ၀ကို စိတ်ကုန်နေတာ၊ ဘုန်းကြီးဘ၀နဲ့ အရိုးထုတ်ဖို့ စဉ်းစားနေတာကွယ့်၊ သားကိုစိတ်မချနိုင်တာကြောင့်သာ'

'ကောင်းတဲ့ အလုပ်ပဲ အဖေရယ်...၊ သားကို သံယောဇဉ်ဖြစ်မနေပါနဲ့၊ ဒါပေမယ့် အဖေ ဘုန်းကြီးဝတ်နေမယ့် ဒီပစ္စည်းကိုတော့ ကောင်းကောင်းထိန်းသိမ်းထားပေးပါနော်'

'အင်း...ဒါကတော့ ထိန်းသိမ်းမှဖြစ်မှာပဲလေ၊ သွားလေရာ ငါ့သား ယူသွားလို့ကတော့ အန္တရာယ်တွေကို ဖိတ်ခေါ်သလို ဖြစ်လိမ့်မှာပေါ့'

ထို့နောက်...

ကျွန်ုပ်တို့သားအဖမှာ လိုအပ်သည်များကို တိုင်ပင်နှီးနှောကြသည်။

အဆုံး၌ ဓွေရေးကြေးရေးအပိုင်းသို့ရောက်ရှိလာသည်။

'ဒါနဲ့ အဖေ မှာ ငွေကြေး သိပ်ရှိတာဘာ မဟုတ်ဘူး သားရယ်၊ ငါ့သား သွားရမှာက နေ့ဆုအနှံ့ဆိုတော့ လောက်မှာ မဟုတ်ဘူးကွယ့်'



သားအတွက် မပူပါနဲ့အဖေ၊ ကြုံရာကျပန်းအလုပ်မှန်သမျှ လုပ်နိုင်ပါတယ်၊ နောက်ပြီး အဖေ့ကို ကတိတစ်ခု သားပေးပါတယ်၊ အဲဒါက ပစ္စည်းပိုင်ရှင်ရဲ့ ဆွေစဉ်မျိုးဆက်ကို ရှာဖွေရင်း သားလဲ သမ္မာအာဇီဝကျတဲ့ လုပ်ငန်းတစ်ခုနဲ့ ချမ်းသာသာဖြစ်အောင်ကြိုးစားပါမယ်ဆိုတာပါပဲ'

'သာစုကွယ် သာဓု...သာဓု၊ ငါ့သားဟာ တကယ်လဲချမ်းပြီး ထူးချွန်ပြောင်မြောက်မယ့် လူတစ်ယောက်ပါ၊ ရည်ရွယ်အတိုင်း ပေါက်မြောက်အောင်မြင်နိုင်ပါစေကွယ်'

ထိုညက ဖခင်ကြီးအတွက် ဆောင်ရွက်ဖွယ်ဝေယျာဝစ္စများကို လုပ်ဆောင်ရွက်ပြီးသည့်နောက် ဖခင်ကြီးနှင့် ခွဲခွာရမည့်အရေး၊ မရောက်ဖူးသောနေရာများသို့သွားရောက်ရမည့်အရေးကို တွေးကာ အိပ်မပျော်နိုင်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အဓိပတိလူမိုက်နှင့် တွေ့ဆုံမိခြင်း

ဆရာဦးလှအေးတို့မိသားစု၏ အကူအညီဖြင့် ဖခင်ကြီး ဦး[illegible] လှအား ဖိုးဝင်းတောင်ခြေရှိ ကျောင်းတစ်ကျောင်း၌ဘုန်းကြ[illegible] ဝတ်စေပြီးနောက် ကျွန်ုပ်သည် ဆရာဦးလှအေးတို့ အိမ်၌ [illegible] ရက်ခန့် နေထိုင်ကာ နောက်တစ်နေ့တွင် ကြုံရာ ကားတစ်စီးဖြ[illegible] ရန်ကုန်မြို့သို့ ဆင်းလာခဲ့လေ၏။

ကျွန်ုပ်တွင် ပါလာသည့် အနည်းငယ်သော ငွေကြေးလေ[illegible] ဖြင့် အတတ်နိုင်ဆုံး ခြိုးခြံသုံးစွဲရလေသည်။

ရန်ကုန်မြို့သို့ရောက်သောအခါ ဆရာဦးလှအေး၏ မိတ်ဆွေ[illegible] နေထိုင်သည်ဆိုသော ကြည့်မြင်တိုင်နတ်စင်လမ်းရှိအိမ်သို့ မြ[illegible] ရထား တစ်စီးဖြင့် ထွက်ခွာလာခဲ့သည်။



ညီရာတွင် အိမ်တံခါး သော့ခတ်ထားသည်ကို တွေ့မြင်ရပြီး လျှင် အိမ်နီးနားချင်းများပြောပြချက်အရ မိသားစု အားလုံး ခရီးထွက်သွားသည် သိရလေသည်။

အချိန်မှာ မှောင်စပျိုးပေပြီ...။

ယနေ့ည အဖို့ ကျွန်ုပ်အတွက် အိပ်စက်ရန် နေရာတစ်ခု လိုအပ်လျက်ရှိကြောင်း ကျွန်ုပ် စဉ်းစားနေမိတော့သည်။

စိတ်ပျက်ပျက်ဖြင့် ခြေဦးတည့်ရာလျှောက်လာခဲ့ရာ ဝါးခနီး များ ရောင်းသော ဗဟာတံတား တစ်ခုကို ကျော်လွန်ပြီးနောက် ကျောက်မီးသွေးများစုပုံထားသည့် ဗဟာတံတားအနီးသို့ရောက် ရှိလာခဲ့သည်။

ထိုနေရာတွင် ကျောက်စရစ်ခဲများနှင့် သဲများကိုသည်း သမ္ဗန်များအတွင်းမှ အလုပ်သမားများက တောင်းများဖြင့် ဆယ်တင်နေကြောင်း တွေ့ရှိရသဖြင့် ဆည်းဆာအလှနှင့် ဝမ်းစာရေး အဝကို ထင်ဟပ်ဖော်ပြထားသည့် သဘာဝရှုခင်း ကား ချပ်ကြီးအား ရပ်ကြည့်ငေးမောလျက် ရှိနေမိတော့သည်။

ရှေ့ရေး နောင်ရေးများကိုမေ့လျက် လှပသော ရှုခင်းအား ရပ်ကြည့် ငေးမောနေသည်များသည် ခဏအတွင်း ပျောက် ကွယ်သွားရလေတော့၏။

အကြောင်းသော်ကား....

ကျွန်ုပ်နှင့် မနီးမဝေးတွင်လူတစ်ယောက်အားလူလုံးယောက် က တုတ်များဖြင့် အသေအလဲလိုက်လံရိုက်နှက်နေသောကြောင့် ဖြစ်လေသည်။

'ရိုက်ကွာ....ရိုက်ဟေ့....အသေရိုက်'

www.burmeseclassic.com

www.burmeseclassic.com



'မလှုပ်စေနဲ့ကွ'

သုံးယောက်အနက်မှ ဟစ်ကြွေးသံနှင့်အတူ တက်ညီ လက်ညီ ရိုက်နက်ကြသော်လည်း တစ်ယောက်တည်းသမားမှာကြော စိတ် လုံးဝမရှိဘဲ ကျရောက်လာသည့် တုတ်ချက်များကို သ ထား၍ ရှောင်တိမ်းနေကြောင်း မတွေ့ရသည်။

အကယ်၍သာ တုတ်ချက်တစ်ချက် မိလိုက်လျှင် နေရာတွ ပုံလဲ သွားနိုင်၏။

ပွဲမှာ ကြည့်၍ မကောင်းလှပေ။

တစ်ဖက်သတ် ပွဲမျိုး ဖြစ်နေသည်။

ကျွန်ုပ်၏ ဒေါသတို့ ဆူပွက်လာ၏၊ ကျွန်ုပ်သည် လက်ပိုက်၍ ကြည့်မနေနိုင်တော့ပါ။

ထိုအချိန်တွင်...

တစ်ယောက်တည်းသမားမှာ တုတ်ချက်ကိုရှောင်တိမ်းရင်း ခလုတ်တိုက် လဲကျသွားရာ တုတ်ချက်သုံးချက်မှာ ထိုသူ၏ကိုယ် ပေါ်သို့ ဆင့်၍ရိုက်ချရန် ချိန်ရွယ်ပြီးကြလေပြီ။

ကျွန်ုပ်၏ ကိုယ်သည် ပေါ့ပါး လျှင်မြန်စွာဖြင့် တစ်ဟုန်ထိုး ခုန်ဝင်လိုက်တော့၏။

တစ်ယောက်သော သူ၏ လည်ပင်းကို လက်ဝါးစောင်း ပြင်းပြင်း တစ်ချက်သွင်း၍ လည်းကောင်း၊ ကျွန်ုပ်တစ်ယောက်၏ လက်ဆောင်းသို့ဝိုက်ခြေဖြင့်ပက်ကန်လိုက်ခြင်းဖြင့် လည်းကောင်း သုံးယောက်သား အထိနာနေလိုက်၏။

'အား'

'အီး'



'အင့်'

'ဒေါက်'

'ဒလောင်'

'ဒေါင်'

အောင်တစ်သံနှင့် ကိုင်ဆောင်ထားသောတုတ်များ မြေပေါ် သို့ ကျသွားသံမှာ စည်းဝါးနှင့်တိုက်ထားသကဲ့သို့ ညီညာစွာရှိလှ ပေတော့သည်။

ကျွန်ုပ်က လဲကျနေသူကို လှမ်းထူလိုက်ရသည်။

'ကျေးဇူးတင်ပါတယ် မိတ်ဆွေ'

'ဒါတွေ လုပ်မနေနဲ့၊ ဒီကောင်တွေကို သတိထားဦးမျို့၊ ကျုပ်က နည်းနည်းပါးပါး ညာညာတာတာလုပ်ထားလို့ လှုပ် ရှားနိုင်သေးတယ်...၊ ခင်ဗျားကို ရန်မူသို ရသေးတယ်၊ ပေါ့ မနေနဲ့'

'တုတ်...ဟုတ်ကဲ့'

ပြောပြောဆိုဆို ထိုလူက ကျနေသည့် တုတ်တစ်ချောင်းကို ကောက်ယူ လိုက်သောအခါ လဲကျနေသည့် သုံးယောက်သည် တော့နင်း တော့နင်းနှင့် ထ၍ ဖနောင့်နှင့်ဖင်ပါး တစ်သား တည်း ကျအောင် ခြေဦးတည့်ရာ ထွက်ပြေးလေတော့၏။

'ဟား...ဟား...ဟား'

'ဟဲ...ဟဲ...ဟဲ'

ပတ်ဝန်းကျင်မှ အလုပ်သမား တချို့က ထွက်ပြေးသွားသူ သုံးဦးကို ကြည့်၍ လှောင်ပြောင်ရယ်မောနေကြလေသည်။

ကျွန်ုပ် ကယ်တင်ခဲ့သူက...

www.burmeseclassic.com

www.burmeseclassic.com



'မိတ်ဆွေက ဘယ်ကိုသွားမှာလဲ'

'ကျွန်တော်လား၊ ကျွန်တော်က နယ်က လာတဲ့ ခရီးသ
တစ်ဦးပါဗျာ၊ ဘာရယ်ညာရယ် မဟုတ်ဘဲ ထမင်းလျှောက်လ
ရင်း မမျှော်တဲ့ ရန်ပွဲကို ဝင်ရောက်ဖြေရှင်းမိတာပါ'

ထိုအခါ ထိုသူက ပြုံး၍ ပြော၏။

'အတော်ပဲ၊ ဒီလိုဆိုရင် ကျွန်တော်နဲ့လိုက်ခဲ့ဗျာ၊ ခင်ဗျား
ကျွန်တော် ညွှန်ပြပေးပါမယ်'

ကျွန်ုပ်၌ နေရေး၊ စားရေး တည်းခိုစရာလည်း လုံးဝမရှိ ဖြစ်နေ
ထိုသူခေါ်ဆောင်ရာသို့ လိုက်ခဲ့တော့သည်။

သူသည် ဝါးခနီးမျှားရောင်းချရာ ဈေးတန်းဘက်မှတဆ
လမ်းတစ်လမ်းသို့ ချိုးဝင်သွားပြီးနောက် အသင့်အတင့်ကော
မွန်သော အိမ်တစ်အိမ်အတွင်းသို့ ဝင်ရောက်သွားသဖြင့် ကျွ
လည်း ထက်ကြပ်မကွာ လိုက်ပါခဲ့တော့၏။

'ဟာ ဆရာ၊ ကျွန်တော်တို့ အားလုံး ဆရာ့ကိုလိုက်ရှာနေ
ကြတာ၊ ဆရာ ဘယ်သွားနေလို့လဲ'

ထိုင်နေသည့် လူခြောက်ဦးအနက် အသားမည်းမည်း
တစ်ဦးက မတ်တတ်ထ၍ ရိုသေစွာပြောရာ ကျွန်ုပ်အား ခေ
လာသူက ကျွန်ုပ်အား လက်ညှိုးထိုးပြလျက်...

'တော်သေးတာပေါ့ကွာ၊ ဗားကရာလူမိုက်ချက်ကြီးတို့အဖွဲ့
ငါနဲ့ သွားတိုးလို့ သူတို့ သုံးယောက်က အသေနှံ့တာမှာ ဒီမိ
ဆွေကဝင်ကယ်ပေတဲ့ မင်းတို့အားလုံး ငါ့ကို အသက်ရှင်လျှ
တွေ့ကြရတာ မှတ်ပေတော့၊ နို့မဟုတ်ရင် မလွယ်ဘူး'



ထို့နောက်...

လူခြောက်ဦးသည် အထုပ်ကိုယ်စီကို စားပွဲပေါ် ချလိုက်
ကြသည်။

အသေအချာ ကြည့်သောအခါ ထိုအထုပ်များမှာ ငွေထုပ်
များ ဖြစ်နေကြောင်း ကျွန်ုပ်သတိပြုမိတော့သည်။

'ထိုင်ပါမိတ်ဆွေ၊ ဒါနဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ'

'သိန်းတန်ပါ'

'ထိုင်ပါ ကိုသိန်းတန်၊ ဟေ့–လုပ်ကွာ၊ စားစရာနဲ့ အရက်
တွေ ချကြကွာ၊ ပြီးမှ အလုပ်ကိစ္စ ပြောကြတာပေါ့'

မကြာမီ စားပွဲပေါ်၌စားကောင်းသောက်ဖွယ်အစုံအလင်
အပြင် နိုင်ငံခြားဖြစ် အကောင်းစား အရက်ပြင်း များပင်
ရောက်ရှိလာတော့သည်။

လူတစ်ဦးက ကျွန်ုပ်အား ခေါ်လာသူနှင့် ကျွန်ုပ်အတွက်
အရက်များကို ဦးစွာ ငှဲ့ထည့်ပေးပြီးမှ ၎င်းတို့အတွက် ငှဲ့ထည့်
လေသည်။

ကျွန်ုပ်မှာ ယခုအသက်အရွယ်ထိ အရက်သေစာ သောက်
စားဖူးခြင်း မရှိခဲ့ပေရာ အစိမ်းသက်သက် ဖြစ်သော်လည်း
နောက်တွင် မည်သည့်လူစားမျိုးများဖြင့် ပေါင်းသင်းရမည်
မသိသော ကျွန်ုပ်ဘဝအတွက် ဟန်ကိုယ့်ဖို့သဘောမျိုးဖြင့် ခပ်
တည်တည် ဟန်ဆောင်သောက်ရလေတော့သည်။

'ကဲ... ပြောစမ်းဘာသိုက်'

'ကျွန်တော် ငွေက ဗိုလ်ခန်းလှသန်းဆီကငွေပါဆရာ'

'ကောင်းပြီ...စိန်မောင်ပြော'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က ဘိန်းခန်းချောင်စိန်ဆီကပါဆာ့ပု'

ခေါင်းတုံးဆံတောက်နှင့်လူက မင်တတ်ရပ်၍ပြောရင်း ... ထုပ်ကို ရှေ့သို့တွန်းပို့လိုက်သည်။

ပြီးလျှင် ထိုသူက...

'တင်ထွန်း'

'ဟုတ်ကဲ့ဆရာ၊ ကျွန်တော်က အဝမ်ရဲ့လောင်းကစားဝိုင်း... ပါ။ နောက်ပြီး စံထွန်းခဲ့ဖဲဝိုင်းကလဲ ရပါတယ်'

အရပ်ရှည်ရှည် ဆံပင်ဖုတ်သိုက်နှင့်လူက ငွေထုပ်နှစ်ထုပ်... ရှေ့သို့တွန်းပို့ရင်း ပြောလိုက်လေသည်။

ထိုအခါဆက်လက်၍...

'မိုးသီး'

'ဟဲ့...ဟဲ၊ ကျွန်တော်က ပွဲကြီးရဲ့အရက်ဆိုင်က ရခဲ့တဲ့အ... နာနတ်တောဘက်မှာ ဆေးမောင်တို့အဖွဲ့နဲ့ အခြားအဖွဲ့တ... ဆေးခြောက်အရောင်းအဝယ်အလုပ်မှာ ဆနက်ပြုပြီး စိုလ်... ခဲ့တယ်ဆရာ၊ ဆေးခြောက်တွေကိုတော့ အစိန်ကိုဘိန်းခန်း... ခဏ အပ်ထားခဲ့ပါတယ်'

'ကောင်းတယ် မိုးသီး၊ မင်းလုပ်တာ သဘောကျစရာပဲ၊ ... အပိုင်မှာ ဒါမျိုးလာယှုပ်လို့မရဘူး၊ ဒီအတွက် တစ်နေ့... ဆေးမောင်တို့အဖွဲ့ကို ပညာပေးရမယ်၊ ကဲ...လှငွေ၊ ဆို... ဟေ့'

'ကျွန်တော်က တီတီစိန်ရဲ့မာကျေးက်ဝိုင်းနဲ့ ဒေါ်အမာ... တိမ်ခန်းက ရလာတာပါဆရာ'

ခပ်ပုပုလူက အထုပ်နှစ်ထုပ်ကို အရှေ့သို့ တွန်းပို့သည်တွင်



ကျွန်ုပ်အားခေါ်လာသူသည် ငွေများကို အလျှင်းဂရုမစိုက်ဘဲ ... အခန်းရှိ ထင်းရှူးသေတ္တာတစ်ခုအား ဂွင်းသို့ လှမ်းပစ်ထည့်လိုက် တော့သည်။

နှုတ်မလည်း....

'ပြောပြစမ်းတော့၊ ဘာအခက်အခဲတွေ ရှိသေးလဲ'

ခေါင်းတုံးဆံတောက်နှင့်လူက မတ်တတ်ထရပ်၍ပြော၏။

'လျှောင်စိန်ခက်ဆံပုံ နည်းနည်းမကျော်နေလို့ သူ့ဗိုက်... ကို လက်သီးပြင်းပြင်း မကျွေးခဲ့ဘူးဆရာ'

'ဟုတ်ပြီ...နောက်ရှိသေးလား'

'ရှိပါသေးတယ်ဆရာ'

အရပ်ရှည်ရှည် ဆံပင်ဖုတ်သိုက်နှင့်လူက မတ်တတ်ထ၍ပြော သည်။

'ကဲ...ပြောစမ်း'

'စံထွန်းက ကျွန်မတော် လက်ထဲကို ငွေတွေ ဆောင့်ကြီးမအောင့် ... နဲ့ သူ့ညီသူကြီးကို တစ်ချက် ကန်ထည့်ခဲ့တယ်ဆရာ'

'အော...အေး၊ ပြီးတာပြီးပစေ၊ နောက်နောင် ခွင့်လွှတ်လို့ ... တဲ့ကိစ္စလောက်တော့ ခွင့်လွှတ်ကြတာမပေါ့ကွာ၊ တကယ်တော့ ...ဟာ တို့အားလုံးရဲ့ ကျေးဇူးရှင်တွေပဲ မဟုတ်လား'

'ဟုတ်ပါတယ်ဆရာ'

'မှန်ပါတယ်ဆရာ'

'ဟုတ်ကဲ့'

'ကဲ...သောက်ကြစားကြကွာ၊ စောပါသေးတယ်၊ ပြီးတော့မှ ... ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ အနည်းငယ်စားသောက်နေကြစဉ် နောက်[illegible]
သုံးယောက် ရောက်လာ၍ ငွေများအပ်နှံပြန်လေသည်။

ထို့နောက် အတူသောက်စား၍ အတန်ငယ် ကြာ[illegible]
အခါ အရပ်ရှည်ရှည် ဆံပင်ဖုတ်သိုက်နှင့်လူမှုလွှဲ၍ အား[illegible]
နှုတ်ဆက် ထွက်ခွာသွားကြတော့သည်။ ကျွန်ုပ်တို့သုံးဦး[illegible]
ကျန်သောအခါ ကျွန်ုပ်အား ခေါ်လာသူက...

'ကိုသိန်းတန်...ခင်ဗျား ကျွန်တော်တို့နဲ့နေမလား'

'နေမယ်ဆိုရင် ဘာလုပ်ရမှာလဲပိတ်ဆွေ၊ နောက်ပြီး [illegible]
ဆွေ့ရဲ့နာမည်လဲ သိပါရစေ'

'ဟဲ...ဟဲ၊ အလုပ်ဟုတ်လား၊ အလုပ်ကတော့ စား[illegible]
သောက်လိုက်ပေါ့ဗျာ၊ အဲ...တကယ်လို့ လိုအပ်ခဲ့ရင် ည[illegible]
စောင်းက သဲကွင်းဆိပ်ကမ်းမှာ လက်စွမ်းပြသလို ပြရမ[illegible]
ဖြစ်နိုင်ရင် ဒီထက်ပိုချင်သေးပိုမယ် ကိုသိန်းတန်'

ကျွန်ုပ်မှာ ထိုသူ၏အပြောကြောင့် ဆတ်ခနဲတုန်လှုပ်[illegible]
မိတော့သည်။ ထို့ကြောင့်...

'ဟင်... ညနေက ရိုက်နှက်ထိုးကြိတ်ကြတာပဲ၊ အဲဒီ[illegible]
ပိုချင်လဲပိုမယ်ဆိုတော့ သတ်ဖို့ပဲရှိတော့တာပေါ့၊ မဟုတ်[illegible]
လား'

'ဟား ဟား ဟား... မဆိုးပါဘူး၊ သဘောပေါက်[illegible]
သားပဲ၊ ကျွန်တော့် နာမည်က ကွက်ကြားတဲ့၊ ကြည့်မြင်[illegible]
နယ်မြေမှာတော့ တရင်းတစ်ဆူ ဆိုပါတော့ ကိုသိန်းတန်၊
ဗျားဟာ ညနေက ကျွန်တော့်ကို အလစ်ဝင်ရောက်တိုက်ခို[illegible]
တဲ့ သဲကွင်းလူမိုက် ချက်ကြီးရဲ့ လူတွေ လက်ထဲက ကယ်[illegible]



[illegible]တွက် ကျေးဇူးတင်တဲ့သဘောဆိုပါတော့၊ ကျွန်တော်နဲ့နေရင်
[illegible]တတ်နိုင်ဆုံး အဆင်ပြေအောင် လုပ်ပေးပါမယ်'

[illegible]ချက်။ ထိုခေတ် ထိုအခါက ကွက်ကြားမှာ လမ်းမတော်
ဖိုးတုတ်၊ ဗိုလ်ဘထောင် ဓမိုးတို့ ပြိုင်ဘက် ကြည့်မြင်
တိုင်၌ နာမည်ကြီး လူမိုက်တစ်ယောက်ဖြစ်ကြောင်း
ဗဟုသုတ အဖြစ် သိရှိ နိုင်စေရန် ဖော်ပြ အပ်ပါ
သည်။

စာရေးသူ။

'ဟုတ်ကဲ့၊ ကျွန်တော် စဉ်းစား ပါဦးမယ် ကိုကွက်ကြား၊
[illegible]ကြားတဲ့မှာ စဉ်းစားခွင့် ပြုပ ဗျာ'

ကျွန်ုပ်၏ပြောစကားကိုသဘောပေါက်ပုံဖြင့် ပြုံးရယ်လျက်
[illegible]ခေါင်းညိတ်ပြီးနောက် ထင်းရှူးသေတ္တာထဲ၌ ငွေထုပ်များထဲမှ
[illegible]ထုပ်ကိုယူ၍...

'ရော့...ငွေတစ်ထောင်၊ လိုရမည်ရ သုံးစွဲဖို့ ယူထားလိုက်ပါ
[illegible]သိန်းတန်'

'အို...ကျွန်တော် မယူ...'

ကျွန်ုပ်မှာ မတရား ရရှိသော ငွေများကို မယူချင်သည့်
[illegible]လျောက် မည်သို့ငြင်းရမည်မသိဘဲ ထစ်ထစ်အအ ဖြစ်နေစဉ်
[illegible]ကွက်ကြားက...

'အို... ကိုယ့်လူက မသန့်ရှင်းတဲ့ ငွေဆိုပြီး မယူချင်ဘူးနဲ့ တူ
[illegible]ယ်၊ ဒီမှာ ကိုသိန်းတန်၊ ရှင်းရှင်း ပြောရရင် မိုက်ကြေးငွေပြီး
[illegible]တယ် ဆိုပေမယ့်၊ ကျွန်တော်တို့ဟာ သူတို့ကိစ္စတွေ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



အတွက် တာဝန်ယူ ဆောင်ရွက်ပေးနေတာပါ၊ ဆောင်ရွက်ခ ဆိုပါတော့ဗျာ....

ဘာတွေ ဆောင်ရွက်ပေးရသလဲလို့ ကျွန်တော်ပြောပြမယ် သူတို့အလုပ်ကိစ္စတွေမှာ အပြိုင်အဆိုင်လုပ်လာမယ့်၊ ဗိုလ်ကျလာမယ့် လူဆိုးလူရမ်းကားတွေကို နှိမ်နင်း ပေးရတဲ့အပြင် ပုလိပ်ဘက်က ပမ်းဆီးတာကအစ ကျွန်တော်တို့က အကာအကွယ်ပေးနေရတာပဲ....

သမ္မာအာဇီဝနဲ့မှတ့ဲ ဆောင်ရွက်မှု လုပ်ငန်းတစ်မျိုးပေါ့၊ အဆင်မသင့်ရင် ကျွန်တော်တို့ အသက်တောင် သူတို့အတွက် စတေးသင့် စတေးရမှာ....ဒါကြောင့် ထိုက်ထိုက်တန်တန် ရတဲ့ငွေတွေပေါ့ဗျာ၊ ရော့....ယူထားပါ'၊

ကိုကွက်ကြားပြေ သည်မှာ ဟုတ်သလိုလိုနှင့် ဖနဒဆာကြောင် ကျွန်ုပ်သည် မပြောသာတော့ဘဲ ငွေတစ်ထောင်ထုပ်ကိုယူ၍ ကျွန်ုပ်၏လွယ်အိတ်အတွင်း ဘောက်ထည့်လိုက်လေသည်။

ထိုညက လူမိုက်တင်ထန်းတူသည် အရပ်ရှည်ရှည်၊ ဆံပင်ဗုတ်သိုက်နှင့်လူ အဆင်သင့်ပြင်ဆင်ပေးသည့် မော်တော်ကားပေါ်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်မော်သွားလေတော့သည်။

ဤသို့ဖြင့် ကျွန်ုပ်သည် ကြည့်မြင်တိုင်လူမိုက် ကွက်ကြားမိတ်ဆွေဟုသည့်ရင်းအဖြစ် နေထိုင်လာခဲ့ရာ ကျွန်ုပ်တောင်းဆိုချက်အရ လူမိုက်အချင်းချင်း ရိုက်နှက်ကြရာတွင်သာ ကျွန်ုပ်ပါဝင်၍ အခြားကိစ္စများ၌ ကျွန်ုပ်အလျှင်း ပါဝင်ခြင်းမရှိပေ။

ကျွန်ုပ်အတွေးတွင် လူမိုက်များမှာ လူကောင်းများ၏ရန်



ဖြစ်သောကြောင့် ၎င်းတို့အား အဆိုနာအောင်လုပ်နိုင်လျှင် လူကို ကူညီရာရောက်သည်ဟူသောသဘောကို နှလုံးပိုက်ထားသောကြောင့် ဖြစ်၏။

ထိုကဲ့သို့နေထိုင်ရင်း တစ်ဖက်မှလည်း ရွှေဟင်္သာရုပ်ပိုင်ရှင်ကျော်သူမြတ်၏သတင်းကို သက်လုံမီသမျှ စောက်လှမ်းရလေသည်။

သို့ပါသော်လည်း မည်သည့် သတင်းအစအနကိုမျှ မရသေးဘဲ ရှိနေလေသည်။

အချို့ပြောစကားအရ အာဏာပိုင်များက ကြိုးပေးလိုက်ကြပြီး၊ အချို့ပြောစကားများအရ ကျွန်းသို့ပို့လိုက်သော မတိကျသည့်သတင်းများကိုသာ ကြားရသည်။

တစ်နေ့တွင် ကြည့်မြင်တိုင်လူမိုက်ကွက်ကြား၏တပည့်ဖြစ်သူမောင်သည် ထောင်မှလွတ်မြောက်လာရာ မျိုးချစ်မောင်ဦးကျော်သူမြတ်မှာ ထောင်ထဲ၌ အသက်ရှင်လျက် ရှိကြောင်းနှင့် ဦးကျော်သူမြတ်အား တည်ကြက်သဘောထားလျက် အခြားခေါင်းဆောင်များအား ဖမ်းဆီးနိုင်ရန် ထိပ်အစိုးရ၌ ကြံစည်နေသည်ဆိုသော သတင်းကို ကြားရသည်။

ထို့ကြောင့်လည်း မျှော်လင့်ချက်များ ဖြစ်ပေါ်လာကာ ၎င်းအနေအရ ကွက်ကြားတို့နှင့်ပင် ဆက်လက်နေထိုင်ပြီး ကျော်သူမြတ်နှင့် တွေ့ဆုံနိုင်ရန်ကြိုးစားမည်ဟု စိတ်ဆုံးဖြတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## လှိုင်မြစ်အတွင်းမှရယ်မောသံ

ကြည့်မြင်တိုင်လူမိုက်ကွက်ကြားမှာ ငှင်းအားရန်ပြုလိုသူများနှင့်မြိုင်ဖက်များကိုသာ ရက်စက်စွာတတ်ပြီး ကျွန်ုပ်နှင့် ငှင်း... တပည့်များကိုမူ အမြဲလိုလိုပင် လိုက်လိုက်လျောလျော ဆက်... တတ်၍ ကျွန်ုပ်ကိုလည်း အခြားသူများထက် ဦးစားပေး... ရှိသည်။

နောက်မှရောက်လာသည့် ကျွန်ုပ်အား ဦးစားပေးသည်... သအာ ဝမကျုဟုယူဆလျက် ကျွန်ုပ်အား အမြဲရန်လို၍ မ... မုန်းထားရှိသော မှ...တားဟူသည့် ကုလားလူမိုက်နှင့်ကျွန်ုပ်... တစ်နေ့တွင် ကြံ့ခတာသချိုင်းအတွင်း၌ ယှဉ်ပြိုင်သတ်ပုတ်ကြ... ဒိုင်လူကြီးအဖြစ် ကွက်ကြားကဆောင်ရွက်သည်။



ပွဲစသည်နှင့် ကျွန်ုပ်၏အကြမ်းပတမ်းနှင့် ပါးနပ်စွာယှဉ်တွဲ အသုံးပြုသော တိုက်ကွက်ကြောင့် ကုလားလူမိုက်မှတ်တားမှာ အချိန်အနည်းငယ်အတွင်း နှဖူးကွဲ၊ ဒူးပြဲ၍ လက်ကျိုးသွားတော့သည်။

ထိုနေ့မှစ၍ ကွက်ကြားတပည့်များမှာ ကျွန်ုပ်အား မလွန်ရဲကြရတော့ချေ။

အသက်သုံးဆယ်ခန့်ရှိမည့် ကွက်ကြားမှာ လူကောင်ထွားသော ကျွန်ုပ်၏ ကိုယ်လုံးကိုယ်ပေါက် ကြောင့် အမြဲတစေ ကျွန်ုပ်တော် ခင်ဗျားဟူမသာ အသုံးအနှုန်းဖြင့် ပြောတတ်၍ ကျွန်ုပ်အားလည်း ညီငယ်တစ်ဦးကဲ့သို့ ချစ်ခင်အားကိုးသေး၏။

ထိုအခါ၌ သိန်းတန်ဟူသော ကျွန်ုပ်၏နာမည်မှာ ရန်ကုန်မြို့ကလေးကာ၌ အတန်ငယ်ထွက်လျက်ရှိပေသည်။

ကျွန်ုပ်ကလည်း ပွဲအခါများများ တိုးခွဲပေးရာ တိုက်ခိုက်သတ်ပုတ်ခြင်းအလုပ်သည် ကျွန်ုပ်အတွက် ထမင်းစား ရေသောက်ပမာသို့ ဖြစ်လျက်ရှိတော့သည်။

ထစ်ခုက်ကောင်းသည်မှာ ကျွန်ုပ်ရောက်ရှိသည်မှစ၍ ယနေ့အချိန်အထိ လူသတ်မှုတစ်မှုမှ မရှိခဲ့ခြင်းဖြစ်ပေသည်။

အကယ်၍ဖြစ်ခဲ့လျှင်လည်း မြန်မြန်ထောင်ကျ၍ ဦးကျော်မြတ်နှင့် မြန်မြန်တွေ့ဆုံနိုင်သည်ဟူသော သဘောထားလိုက်သည်။

သို့ရာတွင် တစ်နေ့တွင် သူရိယသတင်းစာ မျက်နှာဖုံး၌ ပါသောအကြောင်း ရေးသားထားသောသတင်းတစ်ပုဒ်ကို အံ့ဩ ဖတ်ရှုရလေသည်။

www.burmeseclassic.com



## သူပုန်ခေါင်းဆောင်ထောင်ဖောက်ပြေးခြင်း

အင်္ဂလိပ်အစိုးရအား ပုန်ကန်ရန်အတွက် လူသူလက်နက် စုဆောင်းနေသည့် မျိုးချစ်သူပုန်အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကျော်မြတ်သူဆိုသူအား လွန်ခဲ့သော နှစ်လကျော်ကျော်မှစ၍ လျှို့ဝှက်စွာဖမ်းဆီးပြီး ရန်ကုန်အကျဉ်းထောင်ထဲ၌ စစ်ဆေးနေဆဲရှိရာမှ ယမန်နေ့ည ၁၀ နာရီခန့်တွင် လက်သမားအလုပ်ရုံမှ လှေကား အကူအညီကိုရယူ၍ ထောင်နံရံကိုကျော်ကာ တစ်ဖက်သို့ ကြိုးဖြင့်ခုန်ဆင်းကာ လွတ်မြောက်သွားကြောင်း သိရှိရပါသည်။

ဦးကျော်မြတ်သူမှာ တပည့်တပန်း များပြားသည့် သူပုန်ခေါင်းဆောင်တစ်ဦးဖြစ်ရာ အကျဉ်းသားများထဲ တွင်ရှိနေသည့် ၎င်း၏တပည့်အချို့၏အကူအညီဖြင့် ယ ကဲ့သို့ ထွက်ပြေးလွတ်မြောက်သွားခြင်း ဖြစ်နိုင်သည်ဟု ပုလိပ်ဖက်မှ ယူဆသဖြင့် အကျဉ်းသားအချို့ကို အသေ အချာ စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ထောင်အပြင်မှလူအချို့၏ပြောပြချက်အရ ညဉ့် နာရီကျော်ကျော် မိုးသည်းထန်စွာရွာနေခိုက်တွင် မြန်မြန်မောင်းနှင်လာသည့် မီးရထားတစ်စီးပေါ်သို့ ရွာထဲမှ ပြေးလာသော အရပ်ထောင်ထောင် မော မောင်းလူတစ်ဦးက လှုပ်ဘင်ပြုက် ခုန်တက်လိုက် သွားကြောင်း သိရှိရပြန်သည်။



ဤသို့ လွတ်မြောက်ခြင်းကိစ္စမှာ အပြင်နှင့်ထောင်တွင်း လျှို့ဝှက်စွာ ဆက်သွယ် ဆောင်ရွက်သွားသည်ဟု ပုလိပ်ဘက်က ယူဆ၏၊ ထို့ကြောင့် ပုလိပ်အဖွဲ့မှ ထိုကိစ္စကို အပူတပြင်း အရေးယူ၍ ဆောင်ရွက်လျက် ရှိကြောင်း သိရလေသည်။

ထိုသတင်းကို ဖတ်ရှုရသောအခါ ကျွန်ုပ်သည် လွန်စွာဝမ်းသာမိပေ၏၊ အဘယ့်ကြောင့်ဆိုသော် ထောင်ပြင်ရောက်နေသော ဦးကျော်သူမြတ်အား တစ်နေ့မဟုတ် တစ်နေ့တွင် ရှာ၍တွေ့နိုင်မည်ဖြစ်သောကြောင့်တည်း။

ဤသို့ဆိုလျှင် ကျွန်ုပ်သည် ယခုနေထိုင်လျက်ရှိသည့် ကွက်ကြား၏လူမိုက်အလုပ်မှထွက်၍ ရှာအနှံ့ စုံစမ်းမည်ဟု စိတ်ကူးမိတော့သည်။

ထို့ကြောင့် အခါအခွင့်သင့်သည့်နေ့တစ်နေ့တွင် လူမိုက်ခေါင်းဆောင်ကွက်ကြားအား ပြောကြားရန် ကြံစည်ထားလေသည်။

တစ်နေ့တွင် ကွက်ကြားက ကျွန်ုပ်အား ကြည့်မြင်တိုင် တစ်ဖက်ကမ်းရှိ နေတိုင်မကောင်းသော ၎င်း၏တပည့်တစ်ဦးထံ ငွေကြေးအနည်းငယ် ပေးခိုင်းလိုက်ရာ ကျွန်ုပ်လည်း သမ္ဗန်တစ်စီး ငှားရမ်း၍ လှိုင်မြစ်အတွင်း ဖြတ်သန်းလာခဲ့လေသည်။

ထိုအချိန်၌ လှိုင်းလေများပြင်းထန်၍ မိုးသက်လေများက အဆမတန် မြစ်ပြင်ပေါ်သို့ တိုက်ခတ်လာလေရာ ကျွန်ုပ်စီးလာသော သမ္ဗန်ကလေးမှာ ဖက်ရွက်ကလေးပမာ ဘယ်လူးညာ ယိမ်းနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရေစီးမှာလည်း အလွန်လျင်မြန်နေသည်။ သမ္ဗန်သမားမှာ ဈေးမှောက်ခေရှန် အထူးသတိထား၍ ကြိုးစားပြီးထိန်းသိမ်းနေရှာသည်။

အခြားလှေသမ္ဗန်၊ ရွက်သင်္ဘော၊ မော်တော်တို့လည်း လှိုင်းလေများ၏ ရိုက်ပုတ်မှုကို အလူးအလဲခံနေရလေသည်။

ဤသို့ရှိစဉ် ကျွန်ုပ်နှင့်ခေါ်လှမ်းလှမ်းမှ သမ္ဗန်တစ်စီးမှာ ရေအလယ်တွင် တိမ်းမှောက်သွားလေတော့သည်။

'မား'

'ဒုက္ခပဲ ဆရာလေးရေ'

ကျွန်ုပ်နှင့်သမ္ဗန်သမားမှာ နှစ်ဦးစလုံး မြင်လိုက်ကြသဖြင့် အထိတ်တလန့် ဖြစ်သွားကြတော့သည်။

မှောက်သွားသောသမ္ဗန်နှင့်အတူ ရေပြင်ပေါ်၌ ခေါင်းသုံးလုံးကို တွေ့ရ၍ အားအားထောက်ရှုလျှင် လူသုံးယောက်အား ပါရှိကြောင်း သတိပြုမိလေသည်။

'ကဲ...ဗျို့ သမ္ဗန်ဆရာ၊ သူတို့ဟာ ကြံသက်ရေစီးကနေ ကျုပ်တို့ဘက် မျောပါလာမှာဗျို့၊ အဲဒီတော့ ကြိုးစားပြီးတော့ မှီအောင်ခတ်ပါ၊ ကျွန်တော်ဆွဲပြီးဆယ်ပါ့မယ်'

'ကောင်းဘယ် ဆရာလေး၊ နို့ပေမဲ့ရင် သူတို့သေလိမ့်မယ်၊ ကျွန်တော်ခတ်မယ်၊ ဆရာလေးသာ ကြိုးစားဆယ်ပါ'

သမ္ဗန်ဆရာလည်း အထူးကြိုးစား၍လှော်ခတ်လေရာ လူသုံးယောက် မျောပါလာသည့် ရေစီးကြောင်းအနောက်၌ နီးကပ်လာသောလူနှစ်ယောက်၏ဆံပင်များကို ဖမ်းဆွဲလျက် သမ္ဗန်



ပေါ်သို့ ဆွဲတင်လိုက်ရာ တစ်ဦးမှာကား ရေစီးကြောင်းအတိုင်း အတန်ငယ်ဝေးဝေးသို့ ရောက်သွားတော့သည်။

'လိုက်...လိုက်၊ မြန်မြန်လိုက်ဗျို့'

ကျွန်ုပ်က မျောပါသွားသူနောက်သို့ လက်ညှိုးထိုး၍ မောပန်းစွာ ပြောလိုက်သည်တွင် ဆအောင်ပေါက်ရှာသော သမ္ဗန်သမားမှာ ဦးလှည့်၍ မျောပါသွားသူနောက်သို့ လှော်ခတ်ပြန်လေသည်။

ရေ၌မူ မျောပါနေသူမှာ တစ်ခါ တစ်ခါ လှိုင်းများအကြား၌ ပြုပ်ပျောက်ကွယ်နေတတ်သည်။

တစ်ကြိမ်တွင် ရေပြင်ပေါ်သို့ ဘွားခနဲ ပေါ်လာရာ ကျွန်ုပ်လည်း လေ့ကျင့်ထားသည့်အတိုင်း ဆောင်းနေတော့၏ ဒိုက်တိုး၍ မြစ်ထဲ ခုန်ဆင်းကာ အားစိုက်၍ ကူးပြီးလျှင် လှိုင်းတစ်လုံး ထပ်မံရိုက်ခတ်မီ ထိုသူအား ဖမ်းဆွဲထားလိုက်တော့၏။

ထိုသူသည်လည်း ကျွန်ုပ်အား ကြောက်အားလန့်အား ဖက်နေတော့ရာ ကျွန်ုပ်က ခပ်ခွာခွာဆွဲ၍ ကျွန်ုပ်ဆီသို့ ဦးတည်လာနေသည့် သမ္ဗန်ဆီသို့ ကူးခဲ့ရတော့သည်။

ကျွန်ုပ်မှာ အလွန်အလွန် မောပန်း၍ လက်မနိုင်ကျမတတ် ဖြစ်နေရတော့သည်။

အဘယ်ကြောင့်ဆိုသော်...

ရေနစ်သူက ကြောက်အားလန့်အား ဖက်တွယ်ခြင်း၊ ရုန်းကန်ခြင်းတို့ကြောင့် ဖြစ်လေသည်။

ထိုအချိန်မှာပင်...

သရှိန်ရောက်လာသောကြောင့်သာ တော်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သမ္မာန်သမားက ကျွန်ုပ် ဆွဲလာသူ၏ ဆံပင်များကို ဦးစွာဆွဲထား၍ သမ္ဗန်ပေါ်သို့ ပစ်တင်ပေးရ၏။

ဤသို့ဖြင့် ခက်ခဲစွာဖြင့် သမ္ဗန်ပေါ် တင်ပြီးသောအခါ အလွန် လှပသော မိန်းမပျို တစ်ဦးဖြစ်ကြောင်း တွေ့လေတော့သည်။

လူအားလုံးမှာ သတိမေ့နေလေရာ သမ္ဗန်ဆရာက ရေများ အန်ထွက်စေရန် ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုနေစဉ် ကျွန်ုပ်က ခတ်တက်ကို ထိန်းထားရ၏။

အတန်ကြာလျှင် သမ္ဗန်ဆရာက ကျွန်ုပ်အား ပြောပြသည်။

'စိုးရိမ်စရာတော့ မရှိတော့ပါဘူး ဆရာလေးရေ...၊ ရေတွေ အန်ထွက်အောင် လုပ်ပေးပြီးပြီ၊ အရေးကြီးတာက ကမ်းကို ရောက်ဖို့ အရေးကြီးတယ်ဗျို၊ ဟိုကျမှ အဝတ်အစားလဲပေးပြီး နွေးထွေးအောင် လုပ်ပေးမှ ဖြစ်မယ်'

'မှန်ဘယ်ဗျ မိတ်ဆွေ၊ ကြောက်လန့်ပြီး သတိမေ့နေတာပဲ ဖြစ်မယ်၊ ကဲ...လုပ်ပါဦးဗျာ၊ သွက်သွက်ကလေး ခတ်စမ်းပါဦး'

သမ္ဗန်ဆရာ ချမ်ာလည်း မနားတမ်း ခတ်လေရာ မကြာမီ ဆိပ်ကမ်းသို့ရောက်၍ လူမိုက် ကွက်ကြား၏ တပည့် နေထိုင်ရာ တဲစုသို့ အပြေးအလွှားသွားရောက် မေးမြန်းရတော့သည်။

'သံလုံးဆိုတာ ကျွန်တော်ပါခင်ဗျာ၊ ဆရာကိုကွက်ကြားက လွှတ်လိုက်တာလား၊ ကြွပါ...အိမ်ပေါ်ကိုကြွပါ'

ထိုသူက ကျွန်ုပ်အား အရေးတယူ ဖိတ်ခေါ် သော်လည်း ကျွန်ုပ်က...



'ဟေ့ကောင် သံလုံး၊ မိန်းမ နှစ်ယောက်လောက် ခေါ်သွားစမ်း၊ ပြီးတော့ မီးဖို တစ်ဖို မြန်မြန်ဖိုစမ်းကွာ၊ တိုမှာ ရေနစ်တဲ့လူ သုံးယောက်ပါလာလို့၊ ငါခေါ်လာခဲ့မယ်'

ကျွန်ုပ်လည်း သံလုံး၏ စကားကို စောင့်မနေတော့ဘဲ ရေတွင် အတန်ကြာ နစ်နေသည့် မိန်းမပျိုကို အရင်သယ်ဆောင် ချီပိုး၍ ယူလာချိန်တွင် သမ္ဗန်ဆရာကလည်း ယောက်ျားကြီးကို မနိုင့်တနိုင် ထမ်းလာရှာသည်။

ထိုသူများကို သံလုံး တဲပေါ် တင်လိုက်စဉ် အသင့်ခေါ် ဆောင်ထားသည့် မိန်းမနှစ်ဦးနှင့် ယောက်ျား တစ်ဦး အပြင် သံလုံးကိုပါ ဝိုင်းဝန်းပြုစုနေကြစဉ် ကျွန်ုပ်နှင့်သမ္ဗန်သမားသည်း ဒုတိယအသုတ်အဖြစ် မှာဖိုင့်ဖိုင့်အဘော်ကြီးအား နှစ်ဦးသား မ ချီ၍ သယ်ပိုးရပြန်သည်။

ထိုသို့ မ ရာတွင် သမ္ဗန်သမားမှာ အဘော်ကြီး၏ဦးခေါင်းပိုင်းမှ မ ရလေရာ မသက်သာသဖြင့်...

'ဆရာလေးရေ...သူတစ်ပါး အသက်ကို ကယ်ဆယ်တာဟာ ကောင်းသော အပြုအမူပါပဲ၊ သို့ပေမယ့် ဒီလို အလေးချိန်မျိုး ရှိနေရင်တော့ နောက်နောင် ကောင်းမှု ဆိုပေမယ့် ဆင်ခြင်ခြင် လုပ်မှဖြစ်မယ်လို့ စိတ်ဆုံးဖြတ်လိုက်ပြီဗျ၊ ဟဲ...ဟဲ'

'ဟား...ဟား...ဟား'

သမ္ဗန်သမား၏ စကားကြောင့် ကျွန်ုပ်မှာ ပင်ပန်းသည့်ကြားထဲမှ သဘောကျစွာ ရယ်မောနေမိသေးတော့၏။

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးကို သီလုံး၏ တဲပေါ်သို့ခေါ်ခဲ့သွားပြီး ပေးလိုက်ကြပြန်သည့်တွင် တဲပေါ်မှလူများလည်း ဆက်လက်ပြန်ရောက်လာကြသည်

ကျွန်ုပ်နှင့် သမ္မန်ဆရာလည်း သီလုံးပေးထားသော အဝတ်အစားများကိုလဲလှယ်၍ သီလုံး [illegible] အရက်တစ်ခွက်စီကို မော့သောက်လိုက်ကြရာ ရင်တွင်း၌ နွေးထွေး၍ နေသာထိုင်သာ ဖြစ်လာစဉ် ရေနစ်သူ သုံးဦးမှာ သတိ ရလာတော့သည်။

ကျွန်ုပ်က သက်သာသလို နေထိုင်ကြရန်ပြောဆိုပြီး အဖြစ်အပျက်များကို မေးမြန်းသည်တွင် ၎င်းတို့က ကျေးဇူးတင်လျက် ကျွန်ုပ်တို့အား ပြန်လည်ပြောကြားကြသည်မှာ ယောက်ျားကြီးမှာ သမ္မန်ဆိပ်မှ သမ္မန်သမားကြီးဖြစ်၍ မိန်းမကြီးနှင့်မိန်းမပျိုမှာ အဒေါ်ကြီးနှင့် တူမဖြစ်ပြီးလျှင် အေးရွာရှိ အသိမိတ်ဆွေများ ရှိရာသို့ သမ္မန်ငှား၍လာစဉ် ရုတ်တရက် ရွာချလာသော မိုးသက်လေကြောင့် ယခုကဲ့သို့ သမ္မန်မှောက်ကြောင်း များကို ပြောကြလေသည်။

ထိုနောက် မိန်းမပျိုသည် ဝင်းလက်တောက်ပသည့် သမင်မငယ်၏ ရွှန်းလဲ့သော မျက်လုံးများသဏ္ဌာန် ကျွန်ုပ်အား စူးစူးစိုက်စိုက်ဖြင့် ကျေးဇူးတင်စွာကြည့်ရှုနေသည်။ ပြီးမှ...

'စပယ်တို့ဘဝရှိခဲ့အသက်ကို စွန့်စွန့်စားစား ကယ်တင်တဲ့ အစ်ကို့ကျေးဇူးကို စပယ်တစ်သက်မမေ့တော့ပါဘူးရှင်၊ စပယ်တို့မှာ အစ်ကိုပေးတဲ့အသက်ပဲ ရှိပါတော့တယ်'

'ကျွန်တော့်နာမည် သိန်းတန်ပါ'



'ဟုတ်ကဲ့အစ်ကိုသိန်းတန်နောက်ပြီးသမ္မန်သမားဦးလေးကို ကျေးဇူးတင်ကြောင်း ပြောပါရစေရှင်'

'မလိုပါဘူး တူမကြီးရယ်၊ ဒီဆရာသာ မကယ်ဘူးဆိုရင် ဦးလေးလဲ ဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူး'

'ဒီလိုလဲ ဘယ်ဟုတ်မလဲရှင်၊ တူမကြီးရေ့...လက်ဆွဲအိတ်ရော ကျသွားပြီလား'

သမ္မန်သမားလူကြီးအား ပြောရင်းမှ အဒေါ်ကြီးကမစပယ်ထံ လှမ်းမေးလိုက်၏။

'မကျပါဘူး ဒေါ်ဒေါ်၊ သမ္မန်မှောက်မယ်လဲ လုပ်ရော စပယ်ရဲ့လက်မှာ သားရေကြိုးနဲ့ချည်ထားလိုက်တာပေါ့၊ ဒီမှာ...'

မစပယ် ဟူသည့်မိန်းမပျိုက ပြုံးရွှင်စွာဖြင့် သူမ၏လက်မှ သားရေကြိုးဖြင့် ချည်နှောင်ထားသည့် လက်ဆွဲအိတ်ကို ပြသပြီးနောက် ဖြုတ်ယူလိုက်တော့သည်။

ထိုနောက် ရေနစ်သည့် သမ္မန်သမားကြီးနှင့်ကယ်ဆယ်သည့် သမ္မန်သမားကြီးတို့အား တစ်ဦးလျှင် ငွေတစ်ရာစီ ထုတ်ပေး၍ ကူညီသူများအား ငွေငါးဆယ်စီ ကန်တော့လေသည်။ ပြီးမှ...

'ဦးလေးရဲ့ သမ္မန်အတွက်တော့ မစပယ်စိတ်မကောင်းမိဘူး ဦးလေးရယ်'

ထိုအခါ မှောက်သွားသည့် သမ္မန်သမားကြီးက...

'ကိစ္စမရှိပါဘူး တူမကြီးရယ်၊ မိုးလေငြိမ်းမှပဲ လှိုင်းမြစ်ရဲ့ ကမ်းတစ်လျှောက်မှာ လိုက်ပြီးစုံစမ်းရှာတော့မှာပဲ၊ တွေ့ရင်သူတို့ကတော့ ဘာပဲဖြစ်ဖြစ် ဆယ်ထားလိုက်ကြမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင်တော့ တော်သေးတာပေါ့ ဦးလေးရယ်'

'တူမကြီးတို့ရော့အေးရှာကို မသွားတော့ဘူးလား'

'မသွားတော့ဘူး ဦးလေး၊ ကြောက်သွားပြီ၊ နောက်မ[illegible] မှပဲလာတော့မယ်၊ ကံကောင်းလို့ မသေကောင်း၊ မပျော[illegible] ကောင်း'

မစပယ်ဟူသည့် ချစ်စဖွယ်မိန်းမပျိုသည် ကျွန်ုပ်ထံ မျှ[illegible] တစ်ချက်ခဲ့၍...

'ဒီက အစ်ကိုသိန်းတန်အတွက် ရှိင်းရာကျမှာစို့ လို့ ငွေ[illegible] ခွဲမကျန်တော့တာပါရှင်၊ ဒီအတွက် ခွင့်လွှတ် စေချင်ပါ[illegible] အစ်ကိုသိန်းတန်'

'ကိစ္စမရှိပါဘူး၊ အဲ....မစပယ်၊ အစ်ကို့အနေနဲ့ ငွေမ[illegible] ဘူးကွယ်'

မိန်းမပျိုမှာ ကျွန်ုပ်ပြောလိုက်သည့် စကား၏အဓိပ္ပာ[illegible] မည်သို့ကောက်လိုက်သည် မသိပေ။

မျက်နှာလေးမှာ ရှက်သွေးဖျန်းလျက် ပန်းနုရောင် [illegible] သွားသကဲ့သို့ အဒေါ်ကြီးကလည်း ပြုံးစိစိလုပ်လျက် ရှိ[illegible] ကြောင့် ကျွန်ုပ်လည်း အနေရအထိုင်ရခက်သွားကာ သ[illegible] အားကူက်ကြား ပေးခိုင်းသည့် ငွေအချို့ကို ပေး၍ မှာ[illegible] ရှိသည်များကို မှာကြားနေတော့သည်။

ကျွန်ုပ်တို့အားလုံးသည် မိုးဘက်လေမျှား ပါးသည်[illegible] အတန်ကြာမျှ အာလာပသလ္လာပများကို ပြောကြားကြ[illegible] သည်။



ထိုသို့ပြောကြားရင်းမှ မစပယ်တို့တူဝရီးမှာ မအူကုန်းထိပ် [illegible]နေထိုင်ပြီး အိမ်ဆိုင်ကလေးဖွင့်၍ မပူမပင်စားနိုင်ကြကြောင်း [illegible]သိုး သိရလေတော့သည်။

ကျွန်ုပ်လည်း လာရောက် လည်ပတ်ပါရန် အတန်တန်မှာ [illegible]ကြားသဖြင့် လည်မည်ဖြစ်ကြောင်း ပြန်ပြောရလေ၏။

အပြန်၌ မြစ်ပြင်သည် ဓောဓေကအဖြစ်အပျက်ကို မည်သို့ [illegible]မသိလေဟန်ဖြင့် သင်ဖြူးကဲ့သို့ ပြန့်ပြူးညင်သာစွာ စီးဆင်း [illegible]နေက်ရှိရှာလေသည်။

ထိုအခါကျွန်ုပ်ဖတ်ဖူးသည့် စာတစ်ပုဒ်ထဲမှ မိန်းမများသည် [illegible]ကဲ့သို့ကောက်ကွေ့၏၊

မာယာပရိယာယ်များ၏။

အန္တရာယ်များ၏။

ဟူသောအပိုဒ်ကို သွားရောက်သတိရမိကာ နောက်ဘက်၌ [illegible]ထိုင်နေသည့်မစပယ်အားလှမ်းကြည့်မိရာ သူမကကျွန်ုပ်ကိုပြုံးပြ [illegible]က်သဖြင့် ကျွန်ုပ်ရင်မှာ ဖိုလှိုက်သွားရတော့သည်။

သူမက....

'အင်း....ကျွန်မတော့ ရေလမ်းခရီးသွားရမှာ တော်တော့ကို [illegible]ကြောက်သွားပြီ ဒေါ်ဒေါ်ရယ်'

'အေး....ညည်းပဲကြောက်၊ ငါကညည်းထက်ကြောက်သွား [illegible]ယ်၊ တယ်လောက်အထိ ကြောက်လဲဆိုရင် ရေလမ်းခရီးသွား [illegible]မှာ သင်ယူရတာ ထက်တောင် ပိုပြီး ကြောက်သေးတယ် [illegible]စပယ်ရေ'

'ဟဲ ဟဲ ဟဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခင် ခင် ခစ်၊ ဘာဆိုင်လို့လဲအဒေါ်ရဲ့'

အဒေါ်ကြီး၏ မပြောစကောင်းကြောင့် သမွန်သမား ဦး

ကြီးက ဂူနန္ဒြမ်းဆောင်နိုင်အောင်သဲနယ်လေးလဲ မခပယ်က

တခစ်ခစ်ရယ်မောလျက် အရှက်ပြေပြန်မေးလေ၏။

ကျွန်ုပ်ကမူ ကျိတ်၍ရယ်နေသည်။

'ညည်း လင်ယူမှ သိလိမ့်မယ်'

'အို...ဒေါ်ဒေါ်ကလဲ'

'ဟား ဟား ဟား'

မခပယ် ရှက်စနိုးအသံနှင့် သမွန်သမားကြီး၏ ဟား

ရယ်မောသံမှာ လှိုင်မြစ်အတွင်းသို့ မျှောလွင့်သွား လေ

သတည်း။

## ကျွန်ုပ်ဖဲသမားဖြစ်ရခြင်း

က်ကြွားမှာ လူမိုက်ခေါင်းဆောင်တစ်ဦးဖြစ်သော်လည်း

၏ကျေးဇူးရှင်ဖြစ်၍ ကျွန်ုပ်အပေါ် အလွန်ကောင်းရှာ

သည်။

ား အသက် အဝတ်အစားမှစ၍ အမျော်အပါးအထိ

သေး မရှိသရှိပေ။ ကျွန်ုပ်မှာ တစ်ခါတစ်ရံ၌ ပြယနေလ့

တ်ရှင်ကားအချို့ကို သွားကြည့်သည်မှလွဲ၍ တခြား

အပေါ် လုံးဝမရှိပေ။

သူသဖြင့် အမျိုးသမီးကိစ္စကင်းရှင်းခဲ့ရာ၏ ပထမ

ကြားက အမျိုးမျိုးတိုက်တွန်းသော်၏ နောင်တော

ကျွန်ုပ်၏ ခါးခါးသီးသီး ငြင်းဆန်မှုကြောင့် တိုက်တွန်း

တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆို့ရာတွင် ၎င်း၏တပည့် ဖဲ့ဝိဇ္ဇာတစ်ဦးကိုခေါ်ကာ ကျွန်ုပ်အ
ဖဲပညာ သင်ကြားပေးစေသည်၊

ဤသို့ဖြင့် အားလပ်သည့်အခါများ၌ လူမိုက်ကွက်ကြား
အတွေ့အကြုံ ဗဟုသုတများသူဝီပီ သဆောတရား များ
ကျွန်ုပ်အား မပြောပြလေ့ရှိသည်၊

သူသည် လူဆိုးလူမိုက်ဖြစ်၏၊ သို့ရာတွင် အသိရှိသော
မိုက်တစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ် သဘောပေါက်ပါ
သည်၊

မှတ်ချက်၊ ၊ထိုအချိန်က လူမိုက်ကွက်ကြားအား သုတ်
ရှင်းလင်းလိုသူများသည် အတော်အတန်
များနေသော်လည်း ကွက်ကြားမှာ အသိ
တို့ဖြင့် ရှောင်တိမ်းနိုင်သောကြောင့် အန္တရာ
မှ လွတ်ကင်းနေသည်ကို ကြည့်ခြင်းအား
ကွက်ကြားသည် လူမိုက်သာမဟုတ် ဆင်ခြင်
သောနားမျက်စိရှိသူဟု မှတ်ယူနိုင်လေသည်၊

စာရေ

ကျွန်ုပ်သည် အားနေသောအခါများတွင် ဗဟုသုတဖြ
ရန် ရန်ကုန်မြို့အနှံ့ လျှောက်လည်လေ့ရှိသည်၊ အထူး
ရွှေတိဂုံစေတီတော်ကို သွားရောက်ဖူးမြော်လေ့ရှိသည်၊

တစ်နေ့တွင် ကျွန်ုပ်နှင့် ကွက်ကြား၏တပည့်လေးတစ်ဦး
ပလာဇာပွဲတွင် ပြသနေသည့် ခေတ်ရှင်ကားကြည့်ရန် အ
ပန်းဆိုးတန်းသို့အရောက်တွင် လမ်းဖြတ်ကူးလိုက်စဉ် ကား



ာ အရှိန်ပြင်းစွာဖြင့် ကျွန်ုပ်တို့နှစ်ဦးရှိရာသို့ ဝင်ရောက်လာ
ာသည်၊

ဝူး....ဝူး'

မမျှော်လင့်သော ရုတ်တရက် ဖြစ်ပေါ်လာခြင်း အန္တရာယ်
း ထိတ်လန့်လျက်ရှိရာမှ ကျွန်ုပ်က ဖါလာသည့်အဖော်ကို
ဘေးသို့ တွန်းထုတ်လိုက်လျက် ကျွန်ုပ်ကမူ အတော်မြင့်
ည်အထိ နောက်ကျွမ်းပစ် ခုန်တက်လိုက်ရတော့သည်၊

ထိုအခါ ကားမှာ အရှိန်ပြင်းသည့် မြားတစ်စင်းပမာ ကွမ်း
တာဘက်သို့ ထွက်ခွာသွားလေတော့သည်၊

'အစ်ကို....အစ်ကို၊ ဘာဖြစ်သွားသေးလဲ'

'ဘာမှမဖြစ်ပါဘူးကွာ'

ကွက်ကြား၏တပည့်လေးက စိုးရိမ်စွာမေးလာသဖြင့် ကျွန်ုပ်
ကြားလိုက်စဉ်မှာပင် ခေတ်ရှင်ကားတစ်ပွဲ ပြီးသွားပြီဖြစ်
လူအများမှာ ရုံအတွင်းမှ အန်ထွက်လာကြလျက် လမ်းမ
တွင် မျှပ်ယှက်ခတ်နေတော့သည်၊

တင်....အစ်ကို၊ အစ်ကိုသိန်းတန်မဟုတ်လား'

အလို....မောင်သိန်းတန်ပါလား၊

ကျွန်ုပ်၏နာမည်ကို ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်
အခါ ကျွန်ုပ်မှာ မင်တက်မိသူကဲ့သို့ အံ့ဩသွားရပြီးလျှင်
လည်း....

မစပယ်၊ ဩော်....အခေါ် ဘပါတာကိုး၊ ဘာလဲ....
ရှင်လာကြည့်ကြတာလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်....အစ်ကိုသိန်းတန်၊ အစ်ကိုတို့ကော ရွာကြည့် တာလား'

'ဒါပေမယ့် မကြည့်တော့ပါဘူး မစပယ်'

'ဘာဖြစ်လို့လဲအစ်ကိုရဲ့'

'ဘာမှမဖြစ်ပါဘူး၊ ကြည့်ချင်စိတ်မရှိတော့လို့ပါ။ လာ... လာ၊ လူရှင်းတဲ့နေရာတစ်နေရာမှာ စကားသွားပြောကြ... ပေါ့'

ကျွန်ုပ်က အဖော်ဖြစ်သူအား မြန်မြန်လွှတ်လိုက်ပြီးလျှင် မစပ... တို့တူဝရီးအား စားသောက်ဆိုင်တစ်ခုသို့ခေါ်၍ ညနေစာကျွေး... မွေးပြီး စကားစမြည်ပြောကြလေသည်။

ကျွန်ုပ်နှင့်စကားပြောသည့်အခါများတွင် မစပယ်လေး... ပျော်ရွှင်နေဟန်ရှိကြောင်း ကျွန်ုပ် သဘောပေါက်မိလိုက်... သည်။

'အင်း...အစ်ကိုက ကတိလဲမတည်ဘူးနော်၊ အလကား... နော်'

'ဘာများလဲ မစပယ်ရယ်'

'ကြည့်...ဒီလိုကွယ့်၊ ငါတူ လာလည်မယ်ဆိုပြီး မ... တော့ မျှော်နေရသူတွေမှာ လည်ပင်းညောင်ရေအိုး ဖြစ်... ပို့ကြုံကျွဲပုလင်းနဲ့ ဆင်တူယိုးမှား ဖြစ်ရတာကို မကျွန်ုပ်... ပြောနေတာပေါ့ မောင်သိန်းတန်ရယ်၊ ဟား...ဟား...ဟား'

'အဟင်း...ဒေါ်ဒေါ်ကြီးကတော့လုပ်ပြီ၊ ခစ်ခစ်'

အဒေါ်ကြီး၏ အရွှန်းဖောက်မှုအဆုံးတွင် စားသော...



...ိုင်အတွင်း၌ ဆည်းလည်းသံကလေး လွင့်ပျံသွားလေတော့... ...ည်။

ကျွန်ုပ်၏မျက်စိထဲ၌ မစပယ်၏အလှသည် တည်ငြိမ်၍... ...ကြည့်ခံပေသော အလှမျိုး ကြောင်းနှင့် ဖော်ရွေပွင့်လင်းသော... ...မှုအရာလေးမှာ နှစ်သက်စရာတစ်ခုဖြစ်ကြောင်း တွေးထင်မိ... ...ပေသည်။

ကျွန်ုပ်၏ဘဝတစ်သက်တာ၌ ညီသည့်မိန်းကလေးများနှင့်... ...အရောတဝင် မနေခဲ့ဖူးသောကြောင့် မစပယ်တို့ တူဝရီး... ...ပေါ်တွင် သံယောဇဉ်ဖြစ်မိသော်လည်း ကျွန်ုပ်ဘဝမှာရေရာ... ...သည်မဟုတ်သေးသောကြောင့် သံယောဇဉ်အမျှင်တန်းကို ဆန့်... ...င်းရန်ခက်လှပေသည်။

'ဟော...ဆရာကြီးငိုင်လှချည်လား၊ ဘာလဲ...အနန်းဒါးထဲ... ...ယ်သူ့ရေထည့်သွားလဲဆိုတဲ့ပုစ္ဆာကို အဖြေသုတ်ဖို့ ကြိုးစား... ...တာလား မောင်သိန်းတန်၊ မင်းကြည့်ရတာ အဲဒီထက် ဆိုး... ...သေးတယ်။ ငှက်ကိုင်ငိုင်နဲ့ တိုင်တွေဘာနဲ့ ပျော်ပျော်ရွှင်ရွှင်နေ... ...ပါကွယ်'

'ကြည့်...အဲ၊ ပျော်ပါတယ်ဗျာ၊ ပျော်တာမှ မီးပြင်းထိုး... ...ထားတဲ့ ကတ္တရာအတိုင်းပါပဲ၊ ဟား...ဟား...ဟား'

'အလိ...ငါတူကလဲ ဘယ်ဆိုးလို့လဲ၊ အဟိ ဟိ ဟိ'

'ခစ်...ခစ်...ခစ်'

ကျွန်ုပ်လည်း ပြောမိပြောရာပြော၍ ရယ်လိုက်ရာ မစပယ် တူဝရီးလည်း ရယ်မောကြလေသည်။

www.burmeseclassic.com



ထိုနောက် ကျသင့်ငွေများကို မစပယ်နှင့်ကုန်ပ်တို့ အပြ
အဆိုင်လုရှ်ပေးကြရာ ကျွန်ုပ်က အနိုင်ရလိုက်သည်။

'ဟင်း...ဒီတစ်ခါတော့ ရှိပစေ'ဟူသော မျက်နှာထားနှ
မျက်စောင်းလေးချိတ်ကာ ကြည့်လိုက်သော မစပယ်၏အလှ
ကျွန်ုပ် တစ်သက်တာတွင် မည်သည့်အခါမျှ မမေ့နိုင်မည် မဟု
ပါချေ။ လမ်းလျှောက်၍ ကွမ်းခြံဘူတာကြီးထိပ် ရောက်သေ
အခါ လာလည်ပါရန် အတန်တန်မှာကြားပြီးနောက် အသ
တွေ့ရသော မြင်းလှည်းတစ်စီးပေါ်သို့ တက်ရောက်ထွက်ခွ
သွားကြသည်တွင် လမ်းဘေးပလက်ဖောင်းပေါ်မှ လက်ပြရ
ကျွန်ုပ်တစ်ယောက်တည်း ကျန်ရစ်ခဲ့လေတော့သည်။

## လူမိုက်ချက်ကြီးကို တစ်ပတ်ရိုက်ခြင်း

'ဒါတာ သဲကွင်းချက်ကြီးတို့ပဲဖြစ်လိမ့်မယ် ကိုသိန်းတန်၊
ှားနဲ့ကျုပ် နေ့ရှေ့က ခင်ဗျားရိုက်လွှတ်ကဲ့ကောင်လေ'
'ဪ...ဟုတ်လိမ့်မယ် ကိုကွက်ကြား'
သိပ်သေချာတာပေါ့ဗျာ၊ ဒီကောင်က ကျုပ်နှယ်မြေကို
င်နေတာ သွားရည်တောင်ယိုနေတာဗျ၊ မလှန်နိုင်လှန်း
ကြီးလို့ နောက်ပြီး တစ်ခါက ကမ်းနားလမ်းဘက်မှာ
ိုက်ကြတဲ့ကိစ္စမှာလဲ သူတို့ အလူးအလဲခံလိုက်ရတဲ့အတွက်
းမကျေမနပ်ဖြစ်နေမှာပေါ့လေ၊ ဟား...ဟား...ဟား'
အဲဒီဟုန်းက ကျွန်တော်ပါတယ် မဟုတ်လား'
သိပ်ဟုတ်တာပေါ့ဗျာ၊ ခင်ဗျားရဲ့ တရုစပ် တိုက်ခိုက်မှု
ှင့် သူတို့လူလေးယောက် ထွက်ပြေးကြတာလေ၊ ကျုပ်တို့
ာ သုံးလုံးတစ်ယောက်ပဲ ဒဏ်ရာရခဲ့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ထိုရိုက်ပွဲကို ပြန်လှန်စဉ်းစားနေစဉ်မှာပင် ကို ကြားက....

'အဲဒီကတည်းက ကိုသိန်းတန်ရဲ့နာမည်လဲ လူမိုက်လော မှာ ပျံ့နှံ့သွားတော့တာပေါ့၊ ဒီကောင်တွေက ကိုသိန်းတန် မှတ်မိနေပါလိမ့်မယ်ဗျ၊ ဒီတော့ သွားတဲ့လာတဲ့အခါမှာ အ သတိပြုရှိယားနေတော့ ကိုသိန်းတန်'

'ဟုတ်ကဲ့...ကိုကွက်ကြား'

ကျွန်ုပ်နှင့်လူမိုက်ကိုကွက်ကြားသည် ယမန်နေ့က မလာ ရှိရှေ့၌ ကျွန်ုပ်တို့နှစ်ယောက်အား ကားဖြင့်တိုက်ရန် ကြိုး သည့်ကိစ္စအား ပြောကြားရင်းမှ သိကျွမ်းချင်ကြီးတို့ အ အကြောင်း ဆွေးမိကြခြင်း ဖြစ်လေတော့၏။

ကျွန်ုပ်က...

'ကိုကွက်ကြား...ဖြစ်နိုင်မယ်ဆိုရင် ဒီကောင်တွေနဲ့ တ တစ်လမ်းတွေ့ရအောင် ဖန်တီးပေးစမ်းပါဗျာ၊ မကျေပွဲ နဲ့လိုက်ချင်သေးလို့'

'ဟား...ဟား...ဟား၊ မပူနဲ့ကိုသိန်းတန်၊ ကျုပ် ဖန်တီး ပါ့မယ်'

'မဖြစ်ပါဘူးဗျာ၊ ဒီနေ့ပဲ လုပ်ရှားကြစို့'

'ဟာ...မြန်လှချည်လား'

'မြန်မြန်ပဲဗျို့'

'မဖြစ်နိုင်သေးပါဘူး ကိုသိန်းတန်'

'ဖြစ်အောင် ကျွန်တော်လုပ်မှာပါမယ်'

'ဘယ်လိုလုပ်မှာလဲ ကိုသိန်းတန်'



'ဒီလိုလုပ်မှာပေါ့ဗျ'

ခွပ်...ခွပ်

'ဟာ'

ကျွန်ုပ်က ဘယ်ညာလက်သီးများဖြင့် ကျွန်ုပ်၏မျက်ခွံကို ခပ်ထိုးလိုက်ရာ လူမိုက်ကွက်ကြားမှာ ဘာလုပ်၍ ဘာကိုင်ရ မှန်းမသိဘဲ အံ့အားသင့်စွာ ကျွန်ုပ်အား ကြည့်နေတော့၏။

ကျွန်ုပ်က ပြုံးရယ်၍...

'ကိုကွက်ကြား၊ ကျွန်တော် ကိုကူညီတဲ့အနေနဲ့ မျက်နှာကို ပြင်ပြင်းပြင်း နှစ်ချက်လောက် ထိုးပေးပါသားဗျာ'

'အို...မလုပ်ပါရစေနဲ့ကိုသိန်းတန်၊ ခင်ဗျားကတော့ လူထူး ဆန်းမဲ၊ ကိုယ့်မျက်နှာကိုယ် ထိုးရတယ်လို့၊ ဒီဘဝမှာပဲ တွေ့ ရသေးတယ်၊ ဘာဖြစ်ချင်လို့လဲ'

'ဟဲ...ဟဲ၊ ခင်ဗျားမထိုးရင်လဲ ကျွန်တော် ဘာသာ ကျွန် တော် ထိုးရတော့မှာပေါ့'

'ခွပ်...ခွပ်'

ကျွန်ုပ်သည် ပြောပြောဆိုဆိုဖြင့် ထပ်မံ၍ ဘယ်ညာလက် သီးနှစ်လုံးကို ကျွန်ုပ်၏မျက်နှာဆီသို့ အားပါးတရ ပစ်သွင်း လိုက်ပြန်တော့သည်။

လူမိုက်ကိုကွက်ကြားသည် စိတ်မကောင်းစွာဖြင့် ကျွန်ုပ်၏ လက်နှစ်ဖက်ကို ဖမ်းကိုင်ထားပြီးလျှင်...

'တော်ပါတော့ ကိုသိန်းတန်ရယ်၊ မျက်နှာတစ်ခုလုံးလဲ ဖူး ယောင်နေပါပြီ၊ ဘာအတွက်နဲ့ ဒီလိုလုပ်နေတာလဲဗျာ၊ ကျုပ် ကိုမကျေနပ်လို့လား၊ ကျုပ်အနေနဲ့ ဘာများစွမ်းပြောရင် ခင်

www.burmeseclassic.com



ချားကို ညီအစ်ကိုလို တွယ်တာသံယောဇဉ်ထားတာပါ၊ ဒါ
အပြင် ကျုပ်ရဲ့ဘဝမှာ ညစ်တာပန်းလို့ လဲမသတ်မှတ်ပါဘူး၊ ဒါကြောင့်
ကိုသိန်းတန်တောင်းဆိုတဲ့အတိုင်း လူမိုက်ချင်း ရိုက်နှက်ဆုံးမတဲ့
ရန်ပွဲကိစ္စမှာပဲ ကိုသိန်းတန်ကို အသုံးပြုခဲ့တာပါ၊ တခြားကိစ္စ
တွေဆိုရင် ခင်ဗျားမကြိုက်ဘူးဆိုတာသိလို့ ဘယ်တုန်းကမှ
မခိုင်းခဲ့တာ ကိုသိန်းတန်အသိပါလေ၊ မကျေနပ်တာရှိရင်ပြော
နိုင်ပါတယ်၊ ဒီလိုတော့ မလုပ်ပါနဲ့နော်'

'ဟား...ဟား...ဟား

လူမိုက်ကွက်ကြားက ကျွန်ုပ်အား ရှည်လျားစွာ ရှင်းပြန
သော်လည်း ကျွန်ုပ်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်
သောအခါ ၎င်းခမျာ အူကြောင်ကြောင် ဖြစ်သွားလေတော့
သည်။

ထိုအခါ ကွက်ကြားက...

'ဘာရယ်တာလဲကိုသိန်းတန်၊ ကျုပ်ပြောတဲ့ထဲမှာ ရယ်စရာ
များ ပါသွားလို့လား၊ ပြောစမ်းပါဦး'

'မပါပါဘူးဗျာ၊ ကျွန်တော်က အကြံတစ်ခုရလို့ ဒီလိုလုပ်
တာပါ၊ ကိုကွက်ကြားက ခင်ဗျားကိုမကျေနပ်လို့ လုပ်နေတာ
လို့ ယူဆတော့ တခြားစီဖြစ်နေတဲ့အတွက် ရယ်မိတာ ခွင့်လွှတ်
ပါဗျာ၊ ဘယ်နှယ်လဲ ကျွန်တော့်မျက်နှာ တော်တော် လှလှပပ
ဖြစ်နေပြီလား'

'အင်း...ဘာစိတ်ကူးပေါက်တာလဲမသိဘူး ကိုသိန်းတန်...
ခင်ဗျားရူးနေပြီနဲ့တူတယ်၊ ခင်ဗျားမျက်နှာတစ်ခုလုံး အသား
တွေရော ကွမ်းသီးတွေရော မနည်းပါလား၊ ဟား...ဟား...



တား၊ ဖြုန်းခနဲကြည့်ရင် ချုပ်နှောင်ပြီး လူလေးငါးယောက်
ထက်စွမ်းပြထားတဲ့ မျက်နှာမျိုး ဖြစ်နေပြီလေ'

'ကျွန်တော်လိုချင်တာ ဒါပဲကိုကွက်ကြား၊ သဲကွင်းချက်ကြီး
ဆီက ငွေတစ်ထောင်ရအောင်ယူခဲ့မယ်၊ ပြီးတော့ သူ့ကိုလဲ
ကောင်းကောင်းအရှက်ခွဲခဲ့မယ်'

'ဟာ...ဒီလိုဆိုဖြစ်ရင် သိပ်ကောင်းတာပေါ့ ကိုသိန်းတန်
ယ်၊ သေချာပါ့မလား၊

'စောင့်ကြည့်လေ၊ ငီညာ ကိုကွက်ကြားတာပညာတွေပါ ခေါ်
သွားပြီး အချက်နဲ့အမြည်းဖျော် စီစဉ်ထားပေါ့၊ ကျွန်တော်
ပြန်လာမှ အကြောင်းစုံပြောပြမယ်'

ကျွန်ုပ်၏စကားအဆုံး၌ လူမိုက်ကွက်ကြားက ခေါင်းညိတ်၍
းရိမ့်စွာဖြင့် ပြောရှာသည်။

'ကိုသိန်းတန်မှဲ့ သူရသတ္တိ၊ လုပ်ရည်ကိုင်ရည်နဲ့ ဇွဲသတ္တိကို
ကျုပ် မယုံမရှိဘူးလေ၊ သို့ပေမယ့် အန္တရာယ်များမယ်ဆိုရင်တော့
လုပ်ပါနဲ့၊ နောက်မှ ကျုပ်တို့နည်း ကျုပ်တို့ဟန်နဲ့ ဒီကောင့်
ဆုံးမပါ့

'ပေါ်တယ် ကိုကွက်ကြား၊ ကဲ—မိုးချုပ်ခါနီးနေပြီ၊ လိုအပ်
ပစ္စည်းလေးတွေ အသင့်ယူသွားရအောင် စီမံရဦးမှာမို့
ပြီပါဦးဗျာ'

'ကောင်းပါပြီ ကိုသိန်းတန်'

ကျွန်ုပ်သည် အခန်းတွင်းသို့ဝင်၍ လိုအပ်သည့် ပစ္စည်းလေး
များအား အသင့်ယူဆောင်ပြီးလျှင် ဘောင်းဘီခြေရှည်နှင့်
ဝင်ဆင်တိုက်မှ ဝယ်ယူလာသော ဟပ်ဖ်ရှူးကိုစီးပြီးလျှင် အရိုင်

www.burmeseclassic.com

www.burmeseclassic.com



ခုပ်အင်္ကျီနက်ကို ဝတ်ဆင်ပြီးနောက် သုံးမွှေးမာဖလာတော် ဆည်းကို လည်ပင်းတွင်မဟော်သိုက်ယောင်း အပြင်သို့ ထွက်ခဲ့ သေးအခါ လူမိုက်ကွက်ကြွားသည် ကျွန်ုပ်အား ငေးမော ကြည့်၍...

အသို...အနေသိုဆိုတော့လဲ ခင်မောင်ချစ် မိုးသိ၊ ဘာအင်္ဂလိုက် နဲ့ အနောက်ကြည့်ကောင်းသွားပါလား၊ အဲ...ကော်ဇာဂျာ မျက် နှာက အသွေး၊ ကွမ်းသီးတွေပဲ၊ ဟဲ...ဟဲ...'

'ကဲ...ကိုကွက်ကြွား၊ ကျွန်တော်သွားမယ်၊ ခင်ဗျားတို့ စော နေကြနော်၊ သိပ်မကြာဘူး၊ ပြန်လာခဲ့မှာပါ'

'သတိဝီရိယတော့ အထူးထားပေါ့ ကိုသိန်းဟန်'

'စိတ်ချပါ'

ထို့နောက် ကျွန်ုပ်လည်း ကိုကွက်ကြွားကို နှုတ်ဆက် လျက် မြင်းရထားတစ်စီးငှားကာ ဓွက်တောရပ်ကွက်အနီးရှိ လူမိုက် ခေါင်းဆောင် သဲကွင်းချက်ကြီး၏တိုက်ရှိရာသို့ မောင်းနှင်ခိုင်း လိုက်တော့၏၊ အတန်ကြာ မောင်းနှင်ပြီးသောအခါ ကုလား သချိုင်းနှင့် မျက်နှာချင်းဆိုင်ရှိ လူမိုက်ချက်ကြီး၏ တိုက်ရှေ့သို့ ရောက်လာခဲ့တော့သည်။

'ဟေး... မြင်းလှည်းဆရာ၊ ခဏစောင့်နေနော်၊ ပိုက်ဆံပိုပေး မယ် ဟုတ်လား၊ ငါမြလာမချင်းစောင့်ပါ၊ သိပ်မကြာစေရပါ ဘူး'

'စောင့်ပါမယ်ဆပ်'

ကျွန်ုပ်လည်း မြင်းရထားကုလားအား မစောင့်ရန် မှာ ကြားပြီးနောက် မြင်းရထားပေါ်မှ ဆင်းလိုက်စဉ်တွင် ဝင်းဒေါ



င်ရိပ်အောက်မှ လူနှစ်ယောက်နှင့် ခုံတန်းလျားလေးပေါ်မှ လူနှစ်ယောက်တို့သည် စားမြောင်များကိုင်၍ ကျွန်ုပ်၏ဘယ် ညာအသီးသီးကို ရုတ်တရက် ကပ်လာကြတော့သည်။

'ဟော့ ကောင် မင်းဘယ်သူလဲ၊ ဘာကိစ္စ ဒီအိမ်ရှေ့မှာ ရပ်ရ တာလဲ၊ မှန်မှန်ပြောစမ်းကွာ၊ မြန်မြန်'

အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းနှင့် မျက်ခေါက်ကျဉ်း ကျဉ်းလူက စားမြောင်ဖြင့် ကျွန်ုပ်၏ဝမ်းဗိုက်တွင်ထောက်လျက် ပုံသွက်သွက်မေးသည်နှင့် ကျွန်ုပ်က...

'ကျုပ်က လူမိုက်ကွက်ကြွားရဲ့ ညာလက်ရုံး သိန်းဟန်ပဲ၊ မှတ်မိကြဘူးလားဗျာ'

'တာ'

'ဟင်'

'အို'

'ဟိုက်'

ကျွန်ုပ်စကားကြောင့် လူလေးယောက်မှာ အထူးမင်အိုင်ဆွား သင့်သွားကြလျက် စားမြောင်အသီးသီးဖြင့် ကျွန်ုပ်၏ကိုယ်ခန္ဓာ အပြားကို ချိန်ရွယ်ထားတော့သည်၊ အရပ်ရှည်ရှည်လူက...

'အတော်ပဲ၊ ဗိုလ်ဆရာက မင်းနဲ့ကွက်ကြွား တစ်ယောက် ယောက်ကို သတ်ချင်နေတာ၊ အတော်ပဲ'

'အခုနေ ငါ့ကိုသတ်လိုက်ရင် မင်းတို့ဆရာ သိပ်စိတ်ဆိုးသွား လိမ့်မယ် ကိုယ်လူတို့'

'ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲကွ၊ စိတ်မဆိုးတဲ့အပြင် ဆုတောင် ရဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'လောရှည်ပြောတာ ဟုတ်တယ်'

'ဒီကောင် လိမ်တာ'

'သတ်သိုက်ရတော့မလား လောရှည်'

'ဟေ့ ကောင်တွေ၊ တစ်ခုသတိထားစမ်းကွာ၊ ငါကအသ... ခံဖို့အတွက် မင်းတို့ဆီလာမလား၊ စဉ်းစားကြည့်စမ်း၊ ငါ... မင်းတို့ဆရာနဲ့တွေ့ဖို့ အင်မတန် အရေးကြီးတဲ့ကိစ္စ ပြောစရ... ကယ်၊ အဲဒါပြီးတော့ မင်းတို့ဆရာက ဘတ်ဆိုရင်လဲ သတ်... လိုက်ပေါ့ကွာ၊ အခုလောလောဆယ်တော့ ငါရောက်နေတ... အရေးတကြီး တိုင်ပင်စရာရှိတယ်လို့သာ သွားပြောပေတော...

'ဟုတ်တယ်၊ သူပြောတာ ဟုတ်တယ်၊ ဆရာကြီးနဲ့တွေ့စက... ပြောလို့ အဆင်မပြေရင်လဲ ဆရာကြီး သတ်ခိုင်းတော့မှ သ... တာပေါ့၊ ဒီကောင်ဟာ ဒီညမှာ တို့လက်ဖုပ်ထဲက ရေပဲ... ကြိုက်သလို လုပ်လို့ရတာပဲ၊ ကဲ...ဘဲခေါင်း၊ မင်းက ဆ... ကြီးဆီ သွားပြောစမ်းကွာ၊ မြန်မြန်နော်'

'ဟုတ်ကဲ့ခင်ဗျာ'

ဘဲခေါင်းဟုခေါ်သည့် စုတ်ချွန်းချွန်းလူမိုက်က အပေါ်ထ... သို့ အပြေးအလွှား ထွက်ခွာသွားစဉ်တွင် ခေါင်းဆောင်ဖြ... သည့် လောရှည်နှင့် လူမိုက်နှစ်ယောက်က ကျွန်ုပ်၏ခန္ဓာကို... အနှံ့အပြားတွင် လက်နက်ရှိမရှိ နှံ့စပ်အောင် ရှာကြည့်တော... သည်။

ထိုအခိုက် ဘဲခေါင်းသည် အပေါ်ထပ်လှေကားမှ အလ... အမြန် ဆင်းလာခဲ့လေ၏။



'လက်နက်ပါမပါ အသေအချာစစ်ဆေးပြီး အပေါ်ထပ်ကို ...ခ်လိုက်ပါတဲ့၊ နောက်ပြီး တိုက်နောက်ဘက်နဲ့ လှေကားဝ ...မှာ ဒီကောင်ကို သတိနဲ့စောင့်ကြည့်နေရမယ်တဲ့၊ ရုတ်ရုတ် ...တာနဲ့ သေနတ်နဲ့ပစ်သတ်ရမယ်လို့ ပြောလိုက်ပါတယ်'

'ကောင်းပြီ၊ ကြားတယ်မဟုတ်လား၊ တေ့ကောင်၊ ယီးတီး ...းတားတော့ မလုပ်နဲ့နော်'

လောရှည်၏စကားကြောင့် ကျွန်ုပ်က ပြုံးရယ်ရင်း...

'ငါက ဘာလက်နက်မှ မရှိတဲ့ကောင်ပါ၊ နောက်ပြီးမင်းတို့ ...က်ထဲ ရောက်နေတဲ့လူ၊ ငါ့ခုက္ခ ပြိန်ရှာပါဘူးကွာ၊ စိတ်ချ ...ပါ'

ဟု နောက် ရင်းတို့လေးဦးသားသည် ကျွန်ုပ်အား အပေါ် ...တ်သည့် လှေကားအဝသို့လိုက်ပို့၍ သတိကြီးစွာ စောင့် ...ပ်နေကြတော့၏၊ ကျွန်ုပ်လည်း ဟပ်ရှူးခွာသံ တချေါက် ...ါက်မင်းလျှက် အပေါ်ထပ်သို့ တက်လာခဲ့ေ ့သည်၊

အခန်းဝကို မျက်နှာမူလျက် စီးကရက်တစ်လိပ်ကို ဖိမ်ခံ၍ ...ရှိုက်နေသည့် အရှင်ဆိုးဆိုး၊ ညှင်းသိုးသိုးနှင့် အဝတ်အစား ...ကောင်းစားမှုကို ဝတ်ဆင်ကာ ထိုင်လျက်ရှိသူ တစ်ဦးကို ...တွေ့လိုရသည်၊ ထိုသူသည် လူမိုက် သဲကွင်းချုပ် ကြီးဖြစ် ...ကြောင်း ကျွန်ုပ်သိပြီး ဖြစ်ပါပေ၏။

'လာ....ထိုင်၊ ကိုသိန်းတန် မဟုတ်လား'

'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် သိန်းတန်ပါ'

လူမိုက်ချုပ်ကြီးသည် သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက် ...ခေါင်းတဆတ်ဆတ်ညိတ်လျက်_ကျွန်ုပ်အား...

www.burmeseclassic.com

www.burmeseclassic.com



'ကဲ…ပြောစရာရှိရင် ပြောမေတော့၊ ကျုပ်အတွက် အ… မရှိတဲ့ကိစ္စဆိုရင်တော့ မောင်ရင့်ဆွေးသက်တာ ဒီည နောက်ဆုံး… ရှင်နိုင်လိမ့်မယ်'

'ကျွန်တော် အဆဲခံရ နောက်ကျပါတယ်ဆရာ'

ကျွန်ုပ်က လူမိုက်ချုပ်ကြီးအား လေးစားရှိသေဟန်ဖြင့် … ချက်ဦးညွတ်လိုက်ပြီး…

'ကျွန်တော် ပြောမယ့်ကိစ္စက အတွေး လျှို့ဝှက်ချက်ဖြစ်… အပြင် ကျွန်တော့်အတွက်လဲ အန္တရာယ်အများဆုံးမို့ အ… ပေါ စောင့်နေတဲ့ လူမိုက်တွေကို အောက်ဆင်းခိုင်းလိုက်… ခင်ဗျာ၊ ရန်ပြုရအောင် ကျွန်တော့်မှာ လက်နက်တစ်စုံတ… မပါခဲ့ပါဘူး၊ သူတို့ အသေအချာ စမ်းသပ်ကြည့်ပြီးသား… တကယ်လို့ ကျွန်တော်က ဆရာ့ကို ရန်ပြုခဲ့ရင်လဲ ဓါးကိုတ… အယ်လိုလုပ်ထွက်မလဲ၊ ကျွန်တော် ဒီလောက်အထိတော့ … စားရဲသေးပါဘူးဆရာ'

'အင်း…ဟုတ်တယ်၊ မင်းပြောတာ ကောင်းပါတယ်၊ … လူတွေအားလုံးက တိုက်ရဲ့အဆင်းမှန်သမျှစောင့်နေပြီးသား… ဟော့ကောင် ချစ်ညွန့် အောက်ဆင်းနေစမ်း၊ အခုပါကို … သူမှ မတက်လာကြနဲ့'

ထိုအခါ…

လှေကားပေါ်မှ ဆင်းသွားသည့် ခြေသံကို ကြားရတော့… ကျွန်ုပ်က ထိုင်ရာမှထ၍ တံခါးကိုပိတ်ပြီး ချက်ဆွဲလိုက်… သည်။



လူမိုက်ချုပ်ကြီးက မျက်ခုံးများကျုံ့သွားပြီးနောက် အံ့ဩ… အသွင့်ဖွင့်ထားလိုက်တော့သည်၊

အံ့ဩထိမှ ဆေးနတ်က အထင့်ဆွဲယူ ပစ်ခတ်နိုင်ရန် ကြိုတင်… ပြင်ကြောင်း ကျွန်ုပ်နားလည်သော်လည်း မသိဟန်ဖြင့်ကုလား… ထိုင်တွင် ပြန်လည်ထိုင်လိုက်တော့သည်။

'မြန်မြန်ပြောစမ်း သိန်းတန်'

'ဟုတ်ကဲ့ဆရာ၊ ဒီလိုပါ မနေ့က ပလာဇာ ရုံမှာ ကျွန်တော်… …က်ရှင်သွားကြည့်ဖို့အလုပ်မှာ ဆရာ့လူနှစ်ယောက်က ကားနဲ့… …ိုက်သတ်ဖို့ လုပ်နေကြတယ်မဟုတ်လား'

'ဟုတ်တယ်လေ၊ ငါအမိန့်ပေးလိုက်တာပဲ၊ မင်းဟာ ကွက်… ကြားရဲ့ ညာလက်ရုံးဖြစ်ပြီး ဗားကာရာဆိပ်မှာ တစ်ခါ၊ ကမ်း… နားမှာ တစ်ခါ ငါ့တပည့်တွေကို ရိုက်နှက်ခဲ့တဲ့အတွက် မင်းကို… သတ်ဖို့ ငါ အမိန့်ပေးထားတာပေါ့…၊ အဲဒါ ဘာဖြစ်သလဲ၊ … ဆက်ပြောစမ်းပါဦး'

'ဟုတ်ကဲ့၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကွက်ကြားက ဆရာ့ကို… သွားသတ်ခိုင်းပါတယ်'

'ဒီတော့…'

'ကျွန်တော်က ဒီကွင်းချုပ်ကြီးဆိုတာ အဖရိုး လူမိုက်မှ… မဟုတ်တာ၊ ကျွန်တော် သတ်ဖို့ မလွယ်ဘူးဆိုတော့ အလကား… ကောင်ဆိုပြီး သူ့တပည့်တွေ ဖမ်းချုပ်ခိုင်းလို့ ထိုးထိုးကြတာ… ပေါ့'

ကျွန်ုပ်က မျက်နှာမှ အတိုရာများကို လက်ညှိုးနှင့် ထိုးပြ… လိုက်ရာ လူမိုက်ချုပ်ကြီးက…

www.burmeseclassic.com



'အင်း....ဟုတ်မှာပေါ့၊ ဒီလိုမှ မဟုတ်ရင် စနေ... (sic)

'အင်း....ဟုတ်ပေသားပဲ၊ အချင်းချင်းအပေါ်မှာ ဒီလော
ရက်စက်ဖို့တော့ မကောင်းပါဘူးလေ'

'ဒါပေါ့ဆရာ...၊ ကျွန်တော် သိပ်ခံပြင်းသွားတယ်၊ အဲ
အချိန်မှာ ကျွက်ကြွက်က နှစ်ရက်အတွင်းမှာ ချက်ကြီးကိုသတ်
နိုင်ရင်သတ်၊ မသတ်နိုင်ရင် ငါ့ဘိုက မင်းကို သတ်ပစ်မယ်လို့
ကြိမ်းဝါးလိုက်ပါတယ်'

'အင်း....ဟုတ်ပြီ၊ နည်းနည်းတော့ ရှုပ်လို့ ပေါ်လာပြီ
ဒီတော့ မင်းက ငါ့ကို ဘာပြောစရာရှိသလဲ၊ လုပ်စမ်းပါဦး'

ကျေနပ်သဘောကျနေသည့် လူမိုက် ချက်ကြီးအား ကျွန်ုပ်
က....

'ကျွန်တော့်သဘောကတော့ ဆရာ ချက်ကြီးဆီက အကူ
အညီယူပြီး ကွက်ကြွားကို ကျွန်တော် ပြန်သတ်မယ် ဆရာ
ဟေ့....'

လူမိုက်ချက်ကြီးမှာ မမျှော်လင့်သည်ကို ကြားလိုက်မိ၍ မြင့်
ပါးစပ်ဟလျက် အံ့ဩနေတော့၏။

ကျွန်ုပ်က ပြုံးရယ်လျက်....

'အချင်းချင်းအပေါ်မှာ ငဲ့ညှာမှုမရှိတဲ့ လူကို ဒီလိုပဲ ဆုံးမ
ရမှာပဲဆရာ၊ ဆက်ပြောချင်တာကတော့ ကွက်ကြွားသေပြီးလို့
မေ့လောက်မှ ကျွန်တော် ဆရာ့ကိုအဖွဲ့ထဲပါမယ်၊ ခွင့်ပြုနိုင်ပါ့
မလား ဆရာ'

'အို...ကွက်ကြွားဖိုကောင်မျိုးကို သတ်ပေးတဲ့အတွက် ငါ့
အဖွဲ့မှာ မင်းကို ငါ့လက်ထောက်အနေနဲ့ လိုလေသေး မရှိစေ
ရပါဘူး၊ ဒီအချိန်ကျရင် ငါဟာ ကြည့်မြင်တိုင် တစ်နယ်လုံး



လဲ ဗိုလ်လုပ်နေရပြီပဲဟာ....ကောင်းတယ်၊ မင်းအကြံ သိပ်
ကောင်းတယ်၊ အဲဒီလိုသာဖြစ်ရင် ငါက မင်းကို ကြိုဆိုနေမှာ
အစီအစဉ်က ဘယ်လိုလဲ၊ ရှင်းပြပါဦး သိန်းတန်'

'ဒီလိုပါဆရာ၊ သူက ကျွန်တော့်ကိုခေါ်တွေ့ပြီး ဆရာ့ကို
သတ်ဖို့အမိန့်ပြောပြဦးမှာပါ၊ ဗီညသို့မဟုတ် မနက်စောစော
မှာ ဖြစ်လိမ့်မယ်၊ အဲဒီအခါ ကျွန်တော်က လက်ဦးအောင်
သတ်ပစ်ဖို့ပါပဲ'

'မင်းဟာက သေချာပါ့မလားကွ'

'သေချာပါတယ်ဆရာ၊ ဒါပေမယ့် တစ်ခုရှိတာက အခု
ကိုလာတာမှာ ကျွန်တော့်ကို မသင်္ကာဖြစ်ပြီး ကွက်ကြွားရဲ့
လူတွေ လိုက်ချောင်းမှာ စိုးရိမ်ရတယ်၊ အဲဒါတစ်ခုပဲ စိုးရိမ်မိ
တာပါ'

'ဒီကောင်တွေ ဒီဘက်ကို မလာရဲပါဘူးကွာ'

ကျွန်ုပ်က ဝမ်းသာ အားရ ဖြစ်သွားသော အမူအရာဖြင့်
လူမိုက် ချက်ကြီးအား ကြည့်၍....

'ဒါဆိုရင် ပိုကောင်းတာပေါ့ဆရာ၊ ခြော်...ဒါနဲ့ သူ့ကို
သတ်ပြီးတာနဲ့ ပုလိပ်ဘက်က မလိုက်နိုင်အောင် ရှောင်တိမ်းရ
မှာမို့ ဆရာ့အနေနဲ့ ကျွန်တော့်ကို ငွေတစ်ထောင်လောက်
အကူညီမှ ဖြစ်လိမ့်မယ်ဆရာ၊ ကျွန်တော်ရတဲ့ ဝေစုကလဲ သုံးပစ်
လိုက်ကုန်ပြီ၊ အရေးအကြောင်းကျရင် ရှောင်တိမ်းဖို့ တစ်ပြား
မှမရှိဘူး ဖြစ်နေတယ်'

'တစ်ထောင်လား ရမှာပေါ့၊ မင်းကိုစွဲသာ အတိအကျဖြစ်ဦး
နော်၊ ဒီလိုဖြစ်လာရင် ပိုကောင်းတယ်၊ မြန်လေ ကောင်းလေ

www.burmeseclassic.com

www.burmeseclassic.com



ပဲကွာ၊ ရော့ သိန်းတန်၊ ငွေတစ်ထောင်၊ တော်ပြီလား ယူ မလား'

'အာ…တော်ပါပြီဆရာ၊ လုံလောက်ပြီ၊ ဆရာ့ကျေးဇူး ကျွန်တော် ကြီးစွာပြီး အမြန်ဆုံးဆပ်ပါမယ်၊ ဒြော်…ဆ ပြန်ဆင်းရင် ကျွန်တော့်ကို ကျွန်တော့်ကို အနှောင့်အယှ မပေးဖို့ အရှာ့တပည့်တွေကို အကြောင်းကြားပေးပါဦး'

'ရပါတယ်ကွာ၊ ဖေ့ဖိုးထောင် ထွက်ခဲ့စမ်းဖေ'

လူမိုက်ချုပ်ကြီး၏စကားအဆုံး တွင် အတွင်းခန်းမှ ခေါ တုံးပြောင်ပြောင်၊ နှုတ်ခမ်းမွှေးစပ်စပ်နှင့် လူမိုက်တစ်ယော ထွက်လာတော့၏။ ထိုအခါ လူမိုက်ချုပ်ကြီးက…

'အောက်ကကောင်တွေ အားလုံးကို သွားပြောလိုက်၊ သိ တန်ဟာ ငါ့လူ၊ ပြဆင်းလာရင် ဘာတစ်ခုမှ အနှောင့်အယှ မပေးကြဖို့ ပြောလိုက်၊ ဒါငါ့အမိန့်ပဲ၊ သွားတော့'

'ဟုတ်ကဲ့'

လူမိုက်ဖိုးထောင် အောက်ထပ်သို့ ဆင်းသွားသည့်အခါ လူမိုက်ချုပ်ကြီးက တဟဲဟဲရယ်၍…

'ဆရာ့ကိုခွင့်လွှတ်ကွာ သိန်းတန်၊ လူမိုက်လောကမှာအထ သေးလို့ မရဘူးကွ၊ ဒါကြောင့် မင်းမသိအောင် ဖိုးထောင် အခန်းထဲမှာ စောင့်ခိုင်းထားရတာပေါ့၊ ခင်း ကူလီကူမာ လု မှာစိုးလို့ပါ'

'ဆရာလုပ်တာ မှန်ပါတယ်ခင်ဗျာ၊'

ကျွန်ုပ်သည် ပြောပြောဆိုဆိုဖြင့် ငွေတစ်ထောင်ထုပ်ကို တ ဝင်စီခွဲ၍ ရှူးဖိနပ်ကို ချွတ်လိုက်သော့၏။ လူမိုက်ချုပ်ကြီးက…



'ဘာလုပ်မလို့လဲ သိန်းတန်'

'ဟား…ဟား ဆရာကလဲဗျာ၊ မတော်တဆ ဆရာ့အိမ်ကို ကျွန်တော်ပဲ ဘာ ကွက်ကြားတပည့်တွေ တွေ့သွားတဲ့အခါ ငွေတစ်ထောင်ကလဲ ပါလာသေးတယ်ဆိုတော့ ကွက်ကြားလဲ သိပ်ဟာ၊ ကျွန်တော့်ကို အရင်သတ်သွားမှာပေါ့၊ ပဟုတ် လား'

'ဟဲ…ဟဲ… ဟုတ်လိုက်လေကွာ၊ မင်းဟာ ပါးရည်နပ်ရည် ရာ၊ သတ္တိရှာ၊ လုပ်ကိုင်ဆောင်ရွက်ပုံပါ အတွေ့အကြုံရှာမလို ဆောင် ကောင်းလှပါတယ်၊ အေးလေ…ကိုစ္စပြီးရင်သာ ငါနဲ့ ကြာမကြာ ဆက်သွယ်ပါကွာ'

'ဟုတ်ကဲ့ ဆရာ'

ကျွန်ုပ်က ပြောပြောဆိုဆိုဖြင့် ငွေတစ်ထုပ်ကိုယူ၍ စားပွဲ အောက်ရှိ ရှူးဖိနပ်တွင်းသို့ ထည့်လိုက်၏။

ထို့နောက် ဖိနပ်တစ်ဖက်အတွင်းမှ အဝတ်စတစ်စကို ဆွဲယူ လိုက်တော့၏။ ကျွန်ုပ်ရှိသော ငွေတစ်ထုပ်ကို ဘယ်လက်ဖြင့်ဆွဲယူ ပြီးနောက် ကျွန်ုပ်၏ ညာလက်သည် လေ၏လျှင်မြန်ခြင်း ဖြင့် လူမိုက်ချုပ်ကြီး၏မျက်နှာဆီသို့ ရုတ်တရက် တိုးကပ်သွား တော့၏။

ကျွန်ုပ်၏ကိုယ်လုံးသည် စားပွဲပေါ်မှကျော်လျက် လူမိုက် ချုပ်ကြီး၏နောက်ကျေကို ဆွဲညှစ်ထားပြီး အဝတ်စကို နှာဝတွင် အတင်းဖိကပ်ထားလိုက်ရာ ခေတ္တမျှ ရုန်းရုန်းဝါးဝါး ဖြစ်ပေါ်ပြီး လျှင် ငြိမ်ကျသွားတော့၏။

ကျွန်ုပ်က အိတ်ထဲတွင် အဆင်သင့်ပါလာသည့် ပလာစတာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘတ်လစ်နေသည့် လှူမိုက်ချက်ကြီး၏ပါးစပ်တွင် အသေအချ
ကပ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် မေ့ဆေးအစ
နည်းနေခဲ့သော် မအောင်နိုင်စေရန် လိုရမယ်ရ ပြုလုပ်ခဲ့ခြင်းဖြ
ပေတော့၏။ လူမိုက်ချက်ကြီးက ကျွန်ုပ်၏ မေ့ဆေးအစွမ်
ကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီဖြစ်၏။

ကျွန်ုပ်လည်း တစ်ချက်မျှကြည့်ရှုပြီးလျှင် ကျန်ဒေဝီတစ်ထုပ်
ရှူးဖိနပ်အတွင်းသို့ထည့်၍ ပိတ်ထားသောတံခါးကို ဖွင့်ပြီးလှ
အောက်ထပ်သို့ ခပ်တည်တည်ဆင်းလာခဲ့လေ၏။ လူမိုက်ခေါင်
ဆောင်ချက်ကြီး အမိန့်ပေးထားသောကြောင့် ၎င်း၏ တပည့်
များမှာ ကျွန်ုပ်အား ကြည့်လျက်သာရှိနေလေ၏၊ မြင်းရထ
ဆီသို့ ကျွန်ုပ်သွားနေစဉ်တွင် လူမိုက်နှစ်ယောက် အပေါ်ထပ်
တက်သွားကြောင်း ကျွန်ုပ်၏မျက်စိထောင့်မှ တွေ့လိုက်ရသည်
နှင့် ရထားကုလားအား....

မောင်း...မောင်း’

ကျွန်ုပ်က ပြောလိုက်သည်နှင့် မြင်းရထားလည်း မောင်
ထွက်လိုက်ရာ ကျွန်ုပ်က အပြေးအလွှား တက်ရောက်လိုက်တော
ကျွန်ုပ်တို့ မြင်းရထား အရှိန်ရစပြုနေစဉ်တွင် တိုက်ပေါ်မှအော
ဟစ်၍ ပြေးဆင်းလာသော လူမိုက်နှစ်ယောက်ကို ရိပ်ခနဲ လှမ်
မြင်လိုက်ရ၏။ သို့ရာတွင် လူမိုက်များမှာ လမ်းပေါ်တွင် က
ကလျားဖြစ် ကျန်ရစ်ပေတော့၏။

ကျွန်ုပ်က မြင်းရထား ပြတင်းပေါက်မှ လက်ကိုမြှောက်
နှုတ်ဆက်ခဲ့တော့၏၊ မြင်းရထားကား ဆက်လက် ထွက်ခွာ
လျက်....



လူမိုက်ကွက်ကြား၏ အိမ်ရှေ့သို့ မြင်းရထားဆိုက်သော
အခါ ကျွန်ုပ်သည် မြင်းရထားပေါ်မှ ပေါ့ပါးစွာဆင်း၍ မြင်း
ထားမောင်းသူ ကုလားအား ငွေငါးကျပ် ပေးလိုက်တော့
သည်။ ကုလားမှာ ကျေးဇူးတင်လှသဖြင့် ဆလံအကြိမ်ကြိမ်
ပေးရှာလေ၏။

တ်ချက်။ ။ထိုခေတ် ထိုအခါက ငွေကြေးတန်ဖိုးအရ ကြက်
မတောနှင့် ကြည့်မြင်တိုင်မြင်းရထားစီးခ အသွား
အပြန်မှာ တစ်မတ်ခန့်သာ ကုန်ကျကြောင်းသိရ
သဖြင့် ငွေငါးကျပ်ဟူသည့် ပမာဏမှာ မည်မျှ
များပြားကြောင်း စာရှုသူများ သုံးသပ်နိုင်ကြ
ပါ၏။

စာရေးသူ၊

ထို့နောက် အိမ်အတွင်း၌ အသင့်စောင့်ကြိုနေကြသည့်
မိုက်လက်ကြားနှင့် တပည့်များရှေ့သို့ ငွေတစ်ထောင်ထုပ်ကို
၍ အကြောင်းစုံ ပြောပြလိုက်သောအခါ လူအားလုံးမှာ
က်ခုပ်တဖြောင်းဖြောင်းတီး၍ ကျွန်ုပ်အား ချီးကျူးကြပြီး
င် သောက်ပွဲစားပွဲကြီးကို စတင်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ုပ်နှင့် ဘချွန်ဆရာ ကိုဖေဒါ

တစ်နေ့ကျွန် ကျွန်ုပ်သည် ကိုစ္စ တစ်ခုဖြင့် ကြည့်မြင်တိ ဘုံဆိုင်ကြီးသို့ ရောက်လာခဲ့ရာ ကုလားများ၊ တရုတ်တိန်း ရှမ်ပေါက်ဆွေသူများနှင့် အရက်ချိုးကြီးများကို စိတ်ဝင်တစား ငေးမောကြည့်နေမိတော့သည်။

ထိုအခိုက် လူ ဘက်ယောက်သည် ဇာဂီဇာပ်ထားသော ကြ ပားသည့် ငါးရှင်းတုတ်ကြီးအား ကိုင်ဆောင်လျက် အောင်ဟ ကြိမ်းမောင်းနေကြောင်း တွေ့ရလေသည်။

'ဟေ့ ဘယ်သူမှ ပိုလ်မထားဘူးနော်၊ မိုက်ရင်ထွက်ခဲ့၊ နာမည်းသော်တာတဲ့ကွ၊ မိုက်တဲ့နေရာမှာ ဆဖော်များဘူး

ထိုသူသည် ဘယက်ပါအတိုင်း အော်ဟစ် ကြိမ်းဝါး နောက် ဇာဂီတုတ်ကြီးကိုတဝှီးဝှီးဖြေ ယမ်းနေရာအရက်သ



အချို့မှာ ကြောက်လန့်လျက် ၎င်း၏ ဘုတ်ကြီးနှင့် ဝေးရာသို့ ယော်ရှာကာ သောက်သုံးနေကြတော့သည်။

ထိုရဉ်...

ရုပ်ရှည် သန့်ပြန့်မှုရလျက် စုးရှသော မျက်လုံးများ ပိုင်ရှင် လူငယ် တစ်ဦးသည် ကျွန်ုပ်၏ အနီးမှ ထိုးထွက်သွားပြီးလျှင် တုတ်ကြီး ပိုင်ရှင်၏ ရှေ့တွင် ရပ်လိုက်တော့သည်။

'ဒီမှာ မိတ်ဆွေ၊ ခင်ဗျားကို ဘယ်သူက စိန်ခေါ်နေလို့လဲ ဗျာ၊ သောက်သုံးသူတွေ အေးအေးဆေးဆေး သောက်ကြပါ စေ၊ အနေအော့ ခင်ဗျား တုတ်ကြီး ယိမ်းမှာ ကြောက်တာနဲ့ ဘို ရှောင် ဒီတိမ်းလှုပ်ရတော့ ဘယ်မှာ အရသာရှိကြတော့မလဲ'

လူငယ်၏ စကားကြောင့် ဇာဂီတုတ်နှင့် သော်တာ ဆိုသူမ အလွန်အမင်း ဒေါသ ဖြစ်သွားပြီးနောက် မြေပြင်သို့ တုတ် ကြီးဖြင့် တစ်ချက်ဆောင့်က...

'အောင်မယ် ဟော့ကောင်၊ မင်း လူဝါးဝလှ ချည်လား မင်းတဲ့ သတော့ပေါ့၊ အားလေး...အဖော်ရှာတဲ့သော်တာဟာ အဟုတ်ပြင်းတဲ့ ဟောဒီ တုတ်ကြီးနဲ့ အကြောင်းမျှော်ပြီး မင်းရဲ့ ခေါင်းပေါ်ကို ရိုက်ပေးရတော့မှာပေါ့ကွ၊ ဟား...ဟား

လူရွယ်ကမူ ပြုံးလျက်ရှိရာမှ သော်တာအား...

'ရပါသယ်၊ ရိုက်ပါဗျာ...ရိုက်ပါ'

လူရွယ်က ခေါင်းငုံ့ပေးထားစဉ် သော်တာဆိုသူက ၎င်း၏ ဇာဂီတုတ်ကြီးအား ရိုက်ချရန်အတွက် လေထဲကို မြှောက်တင် ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်တကွ အရက်သမား အားလုံးမှာ ထိုမြင်ကွင်းကို စိတ်ဝင်စားစွာ ငေးမောလျက်ရှိကြလေကုန်၏။

အဘယ်ကြောင့်ဆိုသော်....

ယော်တာဆိုသူ၏ ဇာဝိတုတ် တစ်ချက်တည်းနှင့်ပင် လူရွယ်မှာ အသက်နှင့် ခန္ဓာ အိုးစားကွဲနိုင်သောကြောင့် ဖြစ်ပေတော့သည်။

ဇာဝိတုတ်ကြီးမှာ လေထဲတွင်အတန်ကြာရပ်နေရာ အောက်ဘက်သို့ လုံးဝမကျကြောင်း တွေ့ရတော့သည်။

လူရွယ်မှာ ဦးခေါင်းငုံ့လျက် မုဆိုးဒူးထောက်ထိုင်လျက်ဖြင့် အရိုက်ခံရန် အသင့်ပြင်ထားလေသည်။

လူရွယ်၏ မျက်နှာမှာ မြေပြင်သို့သာမျက်နှာမူထားကြောင်း တွေ့ရသည်။

သို့ရှိစဉ် ဇာဝိတုတ်အစား အရက် အပြည့်ထည့်ထားသော ပုလင်းတစ်လုံးသည် လူရွယ်၏ မျက်စိရှေ့သို့ ကျရောက် လာသည်။ လူရွယ်က ဦးခေါင်းမော့လိုက်သောအခါ ယော်တာ ဆိုသူက ပြုံးပြုံး၍ ဇာဝိတုတ်ကြီးကို ဖယ်ရှားလိုက်တော့သည်။

သူသည် လူရွယ်၏ ပခုံးအား ဖက်လျက်....

"ဟား... ဟား၊ ယော်တာတို့ ဗီဘုံဆိုင်မှာ အနှစ်နှစ်ဆယ် နီးပါး ဗိုလ်ကျခဲ့တာ ဒီလိုလူမျိုးကို ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ အဲဒီတော့ မိတ်ဆွေကို ကျုပ်ပြုစုပါရစေလော့"

လူရွယ်ကလည်း ဘာမှမပြောတော့ဘဲ ယော်တာ ဆိုသူ၏ ခေါ်ရာသို့ ပါသွားပြီးလျှင် ဆိုင်၏ ထောင့် တစ်ထောင့်၌ အရက်အတူတူ သောက်လျက် ရှိကြတော့၏။



ကျွန်ုပ်နှင့်တကွ အလုပ်သမားများမှာလည်း ထိုအခါကျမှ အသက်မှန်မှန်ရှူနိုင်ကြပြီး မိမိတို့၏ အရက်ခွက်များဆီသို့ ပြန်ရည်၍ ကြည့်မိကြတော့သည်။

မှတ်ချက်။ နောင်အခါ၌ သိရသည်မှာ ယော်တာဆိုသူလူမိုက်သည် အရက်သောက်သုံးသူများအား ဗိုလ်ကျကာ အရက်ကို လုယူသောက်သုံးလေ့ရှိခြင်းပင်ဖြစ်၏။ ထိုခေတ် ထိုအခါက ဘုံဆိုင်ကြီးများတွင် ထိုကဲ့သို့ လူမိုက်များရှိတတ်ကြောင်း ဗဟုသုတဖြစ်စေရန် ဖော်ပြ ရေးသားရပါသည်။

(စာရေးသူ)

ကျွန်ုပ်သည် အိမ်ဘက်သို့ ပြန်လာရာမှ ယော်တာဆိုသူ လူမိုက်၏ ပါးနပ်လိမ္မာမှုကို ဆင်ခြင်မိပြီးလျှင် တဟားဟား ရယ်မောမိတော့၏။

အဘယ်ကြောင့်ဆိုသော်....

လူရွယ်သည် သိုင်းသမားတစ်ဦးဖြစ်လျက် မုဆိုးဒူးထောက်ထိုင်ကာ ခေါင်းငုံ့ပေးထားသည်မှာ ယော်တာ၏ခြေထောက် လှုပ်ရှားမှုကိုကြည့်နေခြင်းဖြစ်ကြောင်း ကျွန်ုပ် သဘောပေါက်မိပေသည်။

အကယ်၍သာ ယော်တာက ဇာဝိတုတ်ကြီးကို လွှဲ၍ရိုက်မည် ဆိုလျှင် ရိုက်ချသည့်အားကြောင့် ခြေထောက် အနည်းငယ်လှုပ်သွားမည်ဖြစ်၍ ထိုအချိန်သည်လူရွယ်၏ လျှပ်တစ်ပြက်တိုက်ခိုက်ချိန်ဖြစ်ပေလိမ့်မည်။ ထိုသဘောကို ရိပ်မိသိရှိလိုက်သည့် လူမိုက်

www.burmeseclassic.com

www.burmeseclassic.com



သော်အာသည် မိမိခံရသည်ကို တွေးမိသောအခါ သတ္တိ ကိုက်ခိုက်မှုတွင် ဝန်လေးမှုမရှိသည့် လူရွယ်အား စမာ မိ လေတော့၏။

'အိမ်ကမိန်းမနဲ့ ကလေးတွေကိုလဲ မကြာခဏ ဆရာလေး အကြောင်း ပြောပြနေတာဗျ။ ကျုပ်ကတော့ အဲဒီနေ့က အဖြစ် အပျက်ကို တစ်သက်မမေ့နိုင်တော့ပါဘူး ဆရာလေး'

'ဟုတ်တာပေါ့ဗျာ၊ တစ်ခါတစ်ခါမှာ လူငယ်ယောက်ျား တစ်သက်တာမမေ့နိုင်စရာ အဖြစ်တာဝန်ခဲ့တော့ ရှိကြတာချည်း ပဲ၊ ကျုပ်များတော့အတွက် မထူးဆန်းဘူးလို့ ယူဆစရာဖြစ် မယ် မိမိအတွက်တော့ အထူးအဆန်းကိစ္စတစ်ခု ဖြစ်နိုင်တာပေါ့ဗျာ'

ထိုအခါ သမ္မာန်ဆရာကြီးသည် ဦးခေါင်းကို တညိတ်ညိတ် ညိတ်လျက် နောက်ဆုံးထမင်းလုတ်ကို လက်စသတ်သိုက် နောက် တဲပေါင်းမြူစွမ်ဟင်းချိုကို ဇွန်းဖြင့်ခပ်သောက်ပြီး ကို အားမရနိုင်မြွမ်ဟန်ဖြင့် ပန်းကန်စောင်း၍ မော့သောက်လိုက်သော ၏။ ကျွန်ုပ်ကမူ မယ်ချင်သည့်စိတ် ဒိုထိန်း၍ မမြင်ဟန်ပြုလျက် တစ်ဖက်သို့ ကြည့်ချင်ဟန် ဆောင်နေလိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်ုပ် မျက်နှာလွှဲလိုက်သည့် နေရာ တစ်ဖက်တွင် စားသောက်နေသူသုံးယောက်၏ စားပွဲကြည့် ရင် ကျွန်ုပ်အား မှိတ်သုန် အကဲခတ်လျက်ရှိသည့် ဒဲပြု ကို အမှတ်မထင် တွေ့လိုက်ရတော့၏။

ကျွန်ုပ်၏ သမ္မာန်ဆရာကမူ ကျွန်ုပ်တည်ခင်းသော ကတ် ကြွေးတစ်ပိ စီးကရက်အား တန်ပါပါခဲ၍ စကားများကို ဆက် လက် ပြောဆိုနေတော့၏။



'ဟဲ...ဟဲ၊ ဆရာလေးက ထမင်းကျွေးလို့ မြှောက်ပြောတာ တော့ မသင်နဲ့နော်၊ အဲဒီနေ့က အဖြစ်အပျက်ကို ကြည့်ပြီး စာရေးနက်ကြီး၍ အောင်သွယ်ကောင်းမှုကြောင့် ဆရာလေး အဲဒီအမျိုးသမီးတော့ အဆင်ပြေကြဖို့လို့ အောက်မေ့ထား တာဗျ၊ ဘယ့်နှယ်လဲ နီးစပ်ရဲ့လား'

ကျွန်ုပ်မှာ သမ္မာန်ဆရာကြီး၏ စကားကြောင့်ပြုံးမိပြီးလျှင်...

'ဟဲ့...ဟဲ...ဟဲ... ဆရာကြီးကလဲ အလာသားပါလားဗျ၊ နောက်တော့ မပြောတော့ဘူးလေ၊ အခုအထိတော့ စီအကုန်းပဲ ပါသေးတယ်'

'ဒါလဲ ခပ်ကောင်းကောင်း ဆိုရမယ် ဆရာလေးရဲ့ ပြောလို့ ရှားလေး၊ မမျှော်လင့်ဘဲတွေ့ကြလို့စိတ်ချမ်းသာမှုဖြစ်ကြရတာ တွေရှိသလို၊မမျှော်လင့်ဘဲ ဆုံတွေ့ရင်းမထင်မှတ်တဲ့အကျိုးဆက်နဲ့ ကြုံတွေ့ရောက်ရတဲ့ သာဓကတွေလဲ အမြောက်အမြား ရှိပေတော့ ကိုး'

'ဒါတော့ မှန်တယ်ဗျို့'

'အင်း လော့မျှော်လဲ မဆယ်နဲ့၊ ခြေနှစ်ချောင်းလဲ မကယ်နဲ့လို့ တော့ ကျုပ်ကြားဖူးတာပဲ၊ ခြေနှစ်ချောင်းကယ်ရင် ဒုက္ခရောက် ရတာတွေလဲ ကြားဖူးပါရဲ့ဗျာ၊ ဒါပေမယ့် ဟိုနေ့ကခပ်ချော ချော မိန်းကလေးတော့ ပါလိမ့်မယ်မဟုတ်ဘူး ထင်မိပါရဲ့ဗျာ၊ ဟဲ...ဟဲ့...ဟဲ'

ကျွန်ုပ်လည်း စကားပြောကောင်းသော သမ္မာန်ဆရာကြီး အား ခေါင်းညိတ်ပြလျက် ပြန်ရန်ထလိုက်တော့သည်။ ထိုအခါ သမ္မာန်ဆရာကြီးက...

www.burmeseclassic.com

www.burmeseclassic.com



'ဆရာလေးနာမည်က....'

'သိန်းတန်ပါ'

'ဪ...ကိုသိန်းတန်ပေါ့၊ ကျုပ်နာမည်က ကိုဗေဒါတဲ့
ဈေးကြီးအောက်ဘက်ဆိပ်မှာ သမ္ဗန်ဆရာ ကိုဗေဒါလို့သ
မေးပါ၊ ရေထဲကငါးတွေကအစ သိပါတယ်'

'ဟဲ...ဟဲ....ဟဲ'

ထို့နောက် သမ္ဗန်ဆရာဦးဗေဒါနှင့် ကျွန်ုပ်တို့ တစ်ဦးနှ
တစ်ဦး နှုတ်ဆက်ကာ လမ်းခွဲ၍ ထွက်လာကြတော့၏။ သ
ဆရာဦးဗေဒါနှင့် တွေ့သည့်အတွက် မစပယ်တို့ တဝ
ယောက်အကြောင်း စဉ်းစားမိကာ တစ်မျှော်တစ်ခေါ်အဝေ
များတွေးပြီး လမ်းလျှောက်လာခဲ့စဉ် ကားတစ်စီးသည် လ
ပေါ်မှ ဖြတ်ဆန်းမောင်းနှင်သွားလေ၏။

ကားဆီသို့အမှတ်မထင် ကြည့်လိုက်ရာ ကိုသူများမှာ ကျွန်
သေးစားပွဲမှလူများ ဖြစ်ကြောင်းနှင့် ကျွန်ုပ်အား အသေအခ
ကြည့်ရှုသွားကြောင်း သတိပြုမိလေရာ ကျွန်ုပ်မှာ မည်သို့မျှန
မလှည့်နိုင်အောင် ဖြစ်ရပေတော့၏။

လန်ချားကုလား၊ဆိတ်သားဒန်ပေါက်၊
ပန်းပိတောက်

ကြာမီတစ်နေ့တွင် ကျွန်ုပ်သည် မအူကုန်းထိပ်၌ အိမ်ဆိုင်
ား ဖွင့်လှစ်ထားသည့် မစပယ်တို့အိမ်သို့ ဆိုက်ရောက်လာခဲ့
သည်။

ဟယ်...မေါ်တော်မှုကြီး လာတယ်ဟေ့၊ မစပယ်ရေ ထွက်
ပါဦး'

ဘယ်သူလဲ ခေါ်ဖလား၊ရဲ့'

ဖိုချောင်မှ လှမ်းမေးသံနှင့်အတူ ပြေးထွက်ကြည့်သည့်
သည်၌ကျွန်ုပ်အား မြင်ခတွေ့သွားရာ မျက်လုံးပြူး လျှာ
တစ်လစ်ထွက်လျက်....

ဒွါ...ဒီတစ်ခါတော့ တကယ်ကို လာလည်တာပါလား
းတန်၊ ကြွားသားမိုးကြိုပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ...ဟဲ...ဟဲ၊ အလုပ်ကိစ္စလေးတွေ ရှိအားကြောင့် မ
ဖြစ်တာပါ မစပယ်ရယ်'

ကျွန်ုပ်က အဆင်ပြေသလို ကြည့်၍ပြောလိုက်ရာ ဒေါ်
က....

'ဟုမရေ...မောင်သိန်းတန် လာလိမ့်မယ်လို့ ဘယ်တုန်း
မထင်ခဲ့တာ၊ လာမယ့်လာတော့လည်း ဆိုက်ဆိုက်မြိုက်မြိုက်
ကိုယ်လုံးကိုလာတာပါပဲလား၊ ဟဲ...ဟဲ...'

'ခစ်...ခစ်...ခစ်'

'လုပ်ပြီ အဒေါ်ကတော့၊ လာလာချင်း ဆောက်နဲ့ထွင်
ပြီ မစပယ်၊ ဘာတွေပြောမှန်း မသိပါဘူး၊ ဒီအတိုင်းဆို
သည်က ဘယ်လိုလုပ်နေရမှာလဲဗျာ'

'ခစ်...ခစ်...ခစ်'

ကျွန်ုပ်မှာ ပွင့်လင်းစွာ ပြောဆိုနေတိုင်းတတ်သော
ကြောင့် အနည်းငယ် ရှက်ရွံ့မိသော်လည်း နေသားတိုင်သ
ကား ရှိလေတော့၏၊ ကျွန်ုပ်က...

'ခက်နေပြီ မစပယ်ရေ၊ ပြောလေကဲလေ၊ မန်းလေ...
အဲဒီလို ဖြစ်နေပြီဗျို့'

ကျွန်ုပ်မှာ စကားအသုံးအနှုန်းများကိုပင် မနိုင်
နိုင်တော့ဘဲ ရှိလေတော့၏။ ထိုအခါ ၎င်းတို့တူဝရီးက
ပါးတရ ဟစ်အော်ရယ်မောနေကြလေသည်။ ထို
အဒေါ်ကြီးက ဈေးဝယ်သူများအား ဈေးရောင်း
မစပယ်က ကျွန်ုပ်အား ရေမွေးကြမ်း၊ သက်ဖက်သုပ်နှင့်
ရက်များကို တည်ခင်းကျွေးလေသည်။



'မစပယ် ချက်ရေပြုတ်စရာရှိတာ သွားလုပ်ပါ၊ အစ်ကိုက
သည်မှ မဟုတ်တာ၊ အားနာစရာ မရှိပါဘူး'

'ရပါတယ်၊ အားလုံး ကျက်နေပြီ၊ အစ်ကိုသိန်းတန်၊ မီးဖို
မှာ ဟင်းချိုး တင်ထားတာပါ၊ အတော်ပဲ အဒေါ်ရေ၊
နေ့မှ ဘာစိတ်ကူးပေါက်တယ်မသိဘူး၊ ဒေါ်လေးကိုယ်တိုင်
န်းထမင်း ဝင်ချက်ထားတာ၊ အစ်ကို သိန်းတန် လာမှာ သိနေ
အတိုင်းပဲလေ'

မစပယ် စကားကြောင့် ကျွန်ုပ်က လိုက်လျောညီထွေစွာ
ပြောလိုက်ရသည်။

'ဟုတ်ပါ့ဗျ၊ ဒါကြောင့်မို့ ထင်ပါရဲ့၊ ဒီနေ့ မနက်ကတည်း
တ်တွေးသီးနေတာ၊ ဒေါ်ဒေါ်ရဲ့အုန်းထမင်းကိုစွဲ ဖြစ်မှန်း
ခုမှသိတော့တယ်'

'နောက်မှပဲ စကားပြောကြတာပေါ့ မောင်သိန်းတန်၊ ဒီမှာ
ဈေးရောင်းလိုက်ဦးမယ်ကွယ်'

အဒေါ်ကြီးက ထိုသို့ ပြောရာ ကျွန်ုပ်က...

'ဈေးဝယ်သူတွေကို ဈေးဗူးတင်ကြောင်း ပြောပြလိုက်ပါ
မယ်၊ ဒေါ်ဒေါ်က အလုပ်ရှုပ်နေလေ၊ အစ်ကို အနေရ
အထိုင်ရ ခက်သလေ ဆိုတာလိုမို့ပါ'

'ဟား...ဟား၊ မောင်သိန်းတန်က ငါ့ကို တွယ်တာပေါ့
လေ၊ ပြီးမှ သိမယ်'

အဒေါ်ကြီးက ကျွန်ုပ်တို့ ဘက်သို့ လှည့်၍ ကြိမ်းဝါးရင်း
ဈေးဝယ်သူများ၏ ရှော့သီးကြက်သွန်အားလုံး စသည်တို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပါဝင်စားစွာ ချိန်တွယ်ပေးနေစဉ် ကျွန်ုပ်က အိမ်၏အ… အနေကို ခေတ္တလေ့လာဆန်းစစ်လိုက်လေတော့သည်။

အိမ်ကလေးမှာ သုံးပင်နှစ်ခန်း အိမ်လုံးခလေး ဖြစ်၍ အိ… ထောင် ပရိဘောဂများကို သူ့နေရာနှင့်သူ လှပစွာ အံဝင်… ကျ ထားသိုသည့်အပြင် အသုံးအဆောင်ပစ္စည်းများမှာ သန့်ရှ… သပ်ရပ်စွာ ရှိကြောင်း သတိပြုမိလေ၏။

တစ်နေရာ၌ စင်းကားအပ်ချုပ်စက် တစ်လုံးကိုတွေ့ရပြီးလ… ချုပ်လက်စ မိန်းမဝတ် အထည်အချို့ကိုလည်း တွေ့ရသေး…

'အားလပ်တဲ့ အခါမှာ အိမ်နီး နားချင်းတွေ ယာအပ်… အထည်လေးတွေကိုလဲ ချုပ်တယ်လေ၊ အပိုဝင်ငွေ ရတာပေ… အစ်ကိုရယ်'

'ကောင်းတာပေါ့ မစပယ်'

'လက်ဖက်သုံးဆောင်ပါဦး အစ်ကို၊ သိပ်လဲမစားနဲ့ တော… ကြာ အုန်းထမင်း မစားနိုင်ဘဲနေဦးမယ်'

'စိတ်ချပါ…စားပါ့မယ်၊ တော်ကြာ ဇူဇကာပုဏ္ဏားလ… တော့ မထင်လိုက်နဲ့နော်'

ထိုအခိုက် အဒေါ်ကြီးက အနားရပ်ဖြစ်သောကြော… ကျွန်ုပ်တို့ဘက်သို့လှည့်၍…

'ဟဲ…ဟဲ… ဟဲ၊ မထင်ပါဘူးရှင်၊ မထင်ပါဘူး၊ ဇူဇကာ… ပုဏ္ဏားလို လူတာအကုန်စားရုံမက လူပါ အကုန်ဝါးဦး၊ အမ… အရာ မကုန်သွားပါဘူးတဲ့ မောင်သိန်းတန်'

'အို…ဒေါ်လေးကလဲ'

မစပယ်မှာ ရှက်သွေးဖြန်းလျက် မျက်နှာတစ်ခုလုံး ပန်းနု…



…င်သမ်းသွားသကဲ့သို့ ကျွန်ုပ်လည်းအနေရအထိုင်ရ ခက်သွား… သော အဒေါ်ကြီးမှာမူ တဟဲဟဲ ရယ်မောလျက် ရှိနေတော့ …သည်။

ကျွန်ုပ်၏စိတ်ထဲ၌ကား ကဗျာဥာဏ်ကွန့်မြူး၍ ဟာသစိတ် …ရှိသော အဒေါ်ကြီးအား လေးစားချစ်ခင်မိပေတော့၏။ …ကြောင့် အကြောင်းအရာပြောင်းသွားစေရန် ကျွန်ုပ်က…

'ကျွန်တော်တို့သိကြတာလဲ ကြာလှပြီ၊ အခုထိ အဒေါ် …မည်ကိုလဲ မသိရသေးပါလား၊ တဆိတ်လောက်'

'ဩော်…ဒါလား၊ မောင်သိန်းတန်၊ ပြောမှာပေါ့၊ ဒါပေ… ကဗျာနဲ့ပြောမှာကွယ့်'

'လုပ်ပါဦး အဒေါ်ရယ်'

'ခစ် ခစ် ခစ်'

ကျွန်ုပ်က အသင့်နားစွင့်နေဟန်ဖြင့် ပွဲထဲမှ လူပြက်၏ဟန် …ကဲ့သို့ ပြောလိုက်ရာ မစပယ်မှာ ညီညာဖြူဖွေးသည့်သွား …းများပေါ်၌ ပါးချိုင့်ခွက်ကလေး ခွက်ဝင်လာသည်အထိ …ယ်နေလေတော့သည်။

'အဟမ်း…အဒေါ်ရဲ့နာမည်ကို ပြောတော့မယ်နော်၊ နား …ောင်၊ လန့်ချွားကွလား ဆိတ်သားဒ ပေါက်၊ ပန်းပိတောက် …ယ်'

'ဗျာ'

ကျွန်ုပ်မှာ အဒေါ်ကြီးပြောလိုက်သော ကဗျာကြောင့်ဘာ …းမသိဘဲ အူကြောင်ကြောင် ဖြစ်နေတော့၏။

ထိုအခါ အဒေါ်ကြီးက…

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း...ဟင်း၊ ငိုင်သွားပြီလား၊ လွယ်ပါတယ်ကွယ်၊ သ...
နာမည်လား... မညီးတယ်မဟုတ်လား'

'ဟုတ်ပါခင်ဗျာ'

'ဆိတ်သားဒ ပေါက်က မွေးတယ်'

'မှန်ပ'

'ပိုတောက်ပန်းက လှတယ်လေကွယ်'

'အဲဒါလဲ ဟုတ်ပြန်တယ်၊ ဒီတော့ မညီးရယ်၊ မွေးရယ် လှရယ် ပေါင်းလိုက်တော့မလား'

'ပေါင်းလိုက်'

'မညီးမွေးလှလား'

'အခေါ် နာမည်က မယ်မွေးလှတဲ့၊ မမွေးလှတဲ့၊ မစပယ်... အမေ အခေါ် ညီမက မယ်မထွေးခတဲ့၊ မထွေးခပေါ့၊ ကဲ...ရှင်း... ပြီလား မောင်သိန်းတန်'

'ပိုင်ပါ့အခေါ်ရယ်'

'ဒီနာမည်ကို ဘွဲ့အခမကာပေးခဲ့တာကွယ်၊ သူတို့မြို့မှာ ဦးပို... စိန်ကြီးရဲ့ဇာတ် လာကတော့ ကိုယ်ဝန်ကြီးနဲ့အမေဟာ ခ... နိုင်မထိုင်နိုင်သွားကြည့်ရင်း လှုပြက်တွေပြက်လုံးကို သဘောက... ပြီး အခေါ် ကိုလဲမွေးလာရော မယ်မွေးလှဆိုတဲ့နာမည် ပေ... လိုက်တော့တာပဲ'

'အင်း...မမွေးလှဆိုတဲ့နာမည်ဟာ ရာဇဝင်နဲ့ လာတာပါ... လား အခေါ် ရှဲနော်'

'ဒါတော့ ခပ်တိုတိုပြောတာကွယ့်'



'ကျေးဇူးတင်လှပါတယ်၊ မယ် အဲ...ဒေါ်မွေးလှရယ်... ဟင်း...ဟင်း... ဟင်း'

'ဟား...ဟား...ဟား'

'ခစ် ခစ် ခစ်'

ကျွန်ုပ်မှာဘာဝ၏ရှေ့ရေးနောက်ရေးနှင့် လက်ရှိအခြေအနေများကိုပင် မေ့လျော့ကာ ရှိနေတော့သည်။

မစပယ်တို့တူဝရီးနှင့် စကားပြောဆိုဆက်ဆံရသည်များမှာ ပွင့်လင်း၍ ပျော်ရွှင်ဖွယ်အတိ ဖြစ်လေတော့သည်။

စကားအပြောအဆိုအမူအရာ ပွင့်လင်းသော်လည်း ယဉ်ကျေးသိမ်မွေ့၍ လုပချော့မောသော မစပယ်မှာ ကောင်းခြင်းငါးဖြာနှင့်ပြည့်ဝသော မိန်းမပျိုဖြစ်ကြောင်းလည်း အကဲခတ်မိတော့သည်။

၎င်းတို့တူဝရီး၏ ပြောပြချက်အရ ဆန်ကုန်သည်ဖြစ်သူ မစပယ်၏ဖခင် ဦးမင်းမောင်သည် နယ်လှည့် အရောင်းအဝယ်လုပ်ရာမှ ပုသိမ်မြို့သို့ရောက်ရှိပြီး ပုသိမ်သူ အချောအလှ မထွေးခနှင့် အကြောင်းပါသဖြင့် လက်ထပ်ထိမ်းမြား၍ ရန်ကုန်မြို့သို့ ခေါ်ဆောင်လာခဲ့သည်။

ထိုသို့ ခေါ်ဆောင်ရာတွင် မထွေးခ၏ အစ်မဖြစ်သူမမွေးလှကိုလည်း တစ်ပါတည်း ခေါ်ဆောင်လာလေ၏။

မမွေးလှနှင့်မထွေးခ ညီအစ်မမှာ မိခင်၊ ဖခင်များ ဆုံးပါးပြီး ဖြစ်သောကြောင့် မိခင်၏အမျိုးများပိုင်ဆိုင်သည့်အနီစက်တွင် စာရင်းအင်းပညာများဖြင့် ကူညီလုပ်ကိုင်နေကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်း[illegible]နှင့် အကြောင်းပါသောအခါ အစ်မဖြစ်သူအား [illegible]ယောက်တည်း မထားခဲ့လိုသဖြင့် တစ်ပါတည်းခေါ်[illegible]လာခဲ့ကြခြင်း ဖြစ်ပေ၏။

မအူကုန်း၌ အိမ်ကြီးတစ်လုံးကိုငှားယူ၍နေထိုင်ကြရာ သမီးလေး ဒုပယ် မွေးသည့်နှစ်တွင် စီးပွားရေး အတော်ကောင်းမွန်လာလေတော့သည်။

သို့ရာတွင် ဦးမင်းမောင်သည် အနားနေသည် မရှိဘဲ စီးပွား ဥစ္စာကို ဆက်လက်ရှာဖွေရာ တစ်နေ့တွင် ကျိုက်ထော်မြို့အနီး၌ သခေါ်ခမှာက်၍ သေဆုံး သွားလေတော့၏။

ဦးမင်းမောင်အား အချစ်ကြီးချစ်ရှာသည့် မခတ္တုးခခ မျှလင်သည်၏ အဖြစ်ဆိုးအား ကြားရသည်၌ ရုတ်တရက် ထိတ်လန့် တုန်လှုပ်၍ လဲကျသွားတော့သည်။

နဂိုကလည်း နှလုံးရောဂါ အခံ ရှိပြန်လေရာ မထူးမှာ ထိုမှ စတင်၍ သေဆုံးသည်အထိ လုံး၀ သတိပြန်မလည်လာတော့ချေ။

မသွေးလူခမျာ ညီမ၏ အလောင်းက တစ်ဖက်၊ မတ်တော်မောင်၏ အလောင်းကတစ်ဖက်အပြင် နို့စို့ အရွယ် မစပယ်လေးက တစ်ဖက်နှင့် အခက်အခဲအမျိုးမျိုးကြားမှ ရပ်ကွက်လူထု၏ အကူအညီဖြင့် ကိစ္စပြီးစီးအောင် ဆောင်ရွက်ရတော့၏။

ထို့နောက် သိုသိုသိပ်သိပ်ဖြင့် မစပယ်လေးအား ကြီးပြင်းအောင် စောင့်ရှောက် ကျွေးမွေး လာခဲ့ပြီးနောက် မစပယ်အရွယ်ရောက်စတွင် အိမ်ဆိုင်လေး ဖွင့်လှစ်၍ မပူမပင်နေထိုင်ခဲ့ကြောင်း ပြောဆိုလေ၏။



'မစပယ်ရဲ့ မိဘ နှစ်ပါး ယေယယ် ရှယ်ရှယ်နဲ့ ဆုံးပါးသွားကြောင်း ကြားရတဲ့အတွက် စိတ်မကောင်း ဖြစ်မိပါတယ် ခင်ဗျာ....'

'ဒါတော့ မတတ်နိုင်ဘူး မောင်သိန်းတန်'

ဒေါ်မွေးလှ၏ စကားကြောင့် ကျွန်ုပ်မှာ ဘာမျှမပြောနိုင်ဘဲ ငြိမ်ကျသွားကြောင်းဖြစ်နေစဉ် ဒေါ်မွေးလှ [illegible] ပြုံးရယ်ရင်း....

'ဘာဖြစ်ရမှာတုံး၊ မင်းက မစပယ်ရဲ့ မိဘတွေအတွက် စိတ်မကောင်း ဖြစ်မိရုံတင်မဟုတ်လား ငါ့အတွက်ကျတော့ စိတ်မကောင်းဖြစ်ပုံမရဘူးထင်တယ် ဟုတ်လား'

'အင်း....ကျွန်တော်လဲ ဘာပြောရမှန်း..သိတော့ဘူးခင်ဗျာ ဒေါ်....'

ကျွန်ုပ်က နားမလည်နိုင်ကြောင်း ရိုးသားစွာ ပြောလိုက်သော် မစပယ်က ကျွန်ုပ်၏ အဖြစ်ကိုကြည့်၍ ရယ်ပြုံးနေလေ၏။

ပြီးမှ ဒေါ်မွေးလှက....

'ငါ့အဖြစ်ကမှ စိတ်မကောင်းစရာကောင်း မကဘဲ သနားစရာလဲ ကောင်းတယ်တွယ်၊ နို့စို့ အရွယ် မစပယ်နဲ့ တစ်ဦးတည်း နှစ်ယောက်နေကြတာမှာ ကလေးအမေဆိုပြီး ငါ့ကိုကြိုက်တဲ့ ယောကျ်ားတွေ အကောင်းများများဟာ ရှောင်ပြေးကြပါတော့လား'

'ဟား....ဟား....ဟား'

'ခစ်....ခစ်....ခစ်'

'အဲဒီလောက် သနားစရာကောင်းတဲ့ ငါ့ကြောင့်ပဲ ဒါနဲ့ [illegible] ဒီတိုင်းဆိုရင်၊ ဒီဘဝမှာလင်ရတော့မှာ မဟုတ်ဘူး ဆိုပြီး တို့

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲမှာ ရှိတဲ့ လူပျိုကြီး ကျောင်းဆရာ တစ်ယောက်က အိမ်ဖို့ သန္နိဋ္ဌာန်ချလိုက်ရတယ်'

'ကြားပါရဲ့စလားခင်ဗျာ'

'ခစ်....ခစ်....မစပယ်တော့ ကြာရင် အူတွေနာပြီး ထမင်းတောင် စားလို့မရဘဲ ဖြစ်တော့မယ် အစ်ကိုသိန်းတန်ရေ'

ကျွန်ုပ်က ဇာတ်ဟန်ပါပါ အမူအရာဖြင့် ပြောလိုက်သဖြင့် မစပယ်တစ်ယောက် မွဲကျသွားခြင်းဖြစ်လေ၏။

ဒေါ်မွှေးလှက ဆက်၍....

'သူ့နာမည်က ကိုသံချောင်း....တဲ့'

ညှိနေရာ၌ ကြက်သီးထဟန်ဖြင့် မျက်နှာရှုံ့၍ ပခုံးများကို ကျုံ့လိုက်ပြန်ရာ ကျွန်ုပ်မှာ ရယ်ချင်စိတ်ကို မဆည်နိုင်ဘဲ တဟားဟား ရယ်မောမိလေတော့၏။

'သူ့ကလဲ ကျောင်းအသွား၊ ငါကလဲ ဈေးအပြန်နဲ့ဆုံကြရင် မျက်လုံးချင်း စကားပြောကြတာပေါ့၊ နောက်တော့ ခေါ်ပြော နှုတ်ဆက်ရင်း ကိုသံချောင်း တစ်ယောက် တို့ အိမ်ကို ချောင်းပေါက်လာပါလေရော'

'ခဲ့ ဒေါ်လေး သောက်လိုက်ဦး'

'မောနေဦးမယ်၊ ရေသောက်ပြီး ဖြည်းဖြည်းပြောပါ'

ဟူသော အဓိပ္ပာယ်ဖြင့် မစပယ်က ရေတစ်ခွက်ကို ခပ်ပေးလိုက်သောကြောင့် မျက်စောင်း တစ်ချက် ထိုးကာ ရေတစ်ခွက်လုံး မော့ချလိုက်တော့၏။

ပြီးလျှင် ဆက်ပြန်လေ၏။



'အဲဒီလိုနဲ့ တို့ရဲ့ မေတ္တာဇာတ်လမ်းလေး အစပျိုးပြီဆိုကြပါစို့၊ အဒေါ်ကြီးက စဉ်းစားတယ်၊ ဒီတစ်ခါ မလွတ်ရအောင် ချိန်သနေ သူလာပြီး စကားစမြည်ပြောလာချိန်မှာ လက်ထပ်ဖို့ ကတိ တောင်းလို့ အပိုင် ချည်ရမယ်ဆိုတာလေ၊ အဲဒီစိတ်ကူးနဲ့ ကိုသံချောင်း အလာကို လက်ဖက်၊ ချင်းသုပ်တွေလဲ ဆီရွှဲရွှဲ ထန်းနှင့်ခြောက် နိုင်းချင်းထည့်ပြီး စောင့်မျှော်နေတာပေါ့'

'စိတ်ဝင်စားဖို့ သိပ်ကောင်းတယ် အဒေါ်....'

ကျွန်ုပ်က ကတ်ကြေးတံဆိပ် စီးကရက်ဘူးထဲမှ စီးကရက် တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာရင်း ထိုကဲ့သို့ ပြောလိုက်သည်။

မစပယ်က....

'ဒေါ်လေးရေ.... ခပ်သွက်သွက်လဲ ပြောဦးနော်၊ အချိန်မနည်းတော့ဘူး၊ အစ်ကိုသိန်းတန်ထမင်းဆာရေ့မယ်'

'အေးပါဟယ်....ပြီးတော့မှာပါ၊ အဲ.... အဲ.... ဖြစ်ချင်တော့ မျှော်လင့်တကြီးနဲ့ အဲဒီလို စောင့်မျှော် နေရတဲ့ ရက်ကစပြီး ကိုသံချောင်း မပေါ်လာတော့ဘူးလေ'

'ဗျာ....ဘယ်လိုဖြစ်တာလဲ'

'ဘယ်လိုဖြစ်တယ်ဆိုတာ မေးမနေနဲ့ မောင်သိန်းတန်ရေ.... နောက်တစ်ပတ်လောက်မှာ စာတိုက်ကလာတဲ့ စာတစ်စောင် အဒေါ် ဆီ ရောက်ရှိလာတော့တယ်၊ ကဲ....မင်းဘာသာ ဖတ်ကြည့်ပေတော့၊ ရော့....'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မွေးလှက သတင်းစာများ အောက်ရှိ ဟောင်းနွမ်း… နေသော စာရွက်တစ်ရွက်ကို ကျွန်ုပ်အား ပေး၍ ဖတ်ရှု… စေလေတော့၏။

မမွေး....

ကိုယ့်ဘဝမှာ မမွေးဟာ ချစ်ခင်တွယ်တာရဆုံး… တစ်ယောက်ပါကွယ်၊ မမွေးရဲ့ရုပ်ရည်၊ မမွေးရဲ့အပြုံး… မမွေးရဲ့အပြောအဆိုအမူအရာတွေဟာ ကိုယ့်နှလုံးသား… ကို အမြဲ မှိုင်းနေတာ အမှန်ပါ၊ အဲဒီအတွက် မမွေး… ကိုယ့်ကို သာတူတွဲပြီး ထောင်ဂရ နိဗ္ဗာန် ဘုံကလေး တ… ထူထောင်ဖို့ စဉ်းစားမိပြီး မမွေးကိုလက်ထပ်ခွင့် တောင်း… မယ်လို့ ချည့်ရွယ်ထားခဲ့ပြီးသားပါ၊ ဒါပေမယ့်....ဒါပေ… မယ့်လေ၊ လူကသာ သံချောင်းဖြစ်ပြီး၊ အဲ...ဟို...ပြော… ရတော့မယ်ကွယ်၊ နားနဲ့မနာ ဖဝါးနဲ့သာ နာပါတော့… ကိုယ်ဟာ ငယ်စဉ်ကတည်းက သူငယ်နာရောဂါ ထူပြော… ပြီး ခဏခဏလဲပြီး ထက်ကြွက်ပါတယ်၊ အဲဒီအစပြီး… အခုအသိဆိုပါတော့လေ....

နောက်ပြီး လူငယ်နာ ရောဂါကြောင့် အကြော… ဆိုင်ရာတွေ ချို့ယွင်းလို့ ယောကျ်ားဘာဝ ပျက်ယွင်းတဲ့ လူတစ်ယောက် ဖြစ်နေရပါတယ် မမွေးရယ်...

ဒါကြောင့် ဘယ်လိုပင် ချစ်ကြပေစေ၊ မမွေးရဲ့ ဘဝဟာ ကိုယ့်ကြောင့် ထာဝစဉ် ညှိုးနွမ်းနေမှာ ဖြစ်…



တာကြောင့် ငွေတဟင်း၍ လွတ်ကင်းရာအဝေးကို ကိုယ် တစ်ယောက်တည်း ပြေးထွက်သွားရတာကို ခွင့်လွှတ်ပါ လို့ တောင်းပန်ရင်း....။

အဝေးတစ်နေရာမှ
ကိုသံချောင်း

'ဟား....ဟား....ဖြစ်မှ ဖြစ်ရပါလေ ဒေါ်မွေးလှရယ်၊ ကြုံကြုံဖန်ဖန်ကြီးပါလားဗျို'

'ဟား....ဟား....ဟား'

'ခစ်....ခစ်....ခစ်'

ကျွန်ုပ်တို့ သုံးဦးသားမှာ ဒေါ်မွေးလှ အဖြစ်ကို တွေးမိ၍ တသောသော ရယ်မောနေကြလေရာ ပါးစပ်များကိုပင် မစေ့နိုင်အောင် ဖြစ်ရတော့၏။

မကြာမီ မစဖယ်ခူးခပ်၍ ဒေါ်မွေးလှကိုယ်တိုင်ချက်သော အုန်းထမင်းနှင့် ကြက်သားတင်းကို မြိန်ရှက်စွာ စားသောက်ကြလေတော့သည်။

ဆန့်မွေး၍ အရသာ ထူးကဲလှသော အုန်းထမင်းကြောင့် ကျွန်ုပ်တို့မှာ အတော်များများစားသောက်မိတော့၏။

စားသောက်ပြီးစီး၍ မေ့လျော့မှု ကြာသော အခါ၌ စကားပြောရင်း မျက်လုံးများက ဆန္ဒ ပြလာသောကြောင့် မငေးယ် ခင်းပေးသော ဘုရားစင်ရှေ့မှ အိပ်ရာတွင် တစ်ရေးတမော အိပ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



...မှာ လိုလေသေးမရှိ ဆောင်ရွက်ပေးရှာသဖြင့် အား ...

အိပ်ရာမှ နိုး၍ ရေမိုးချိုးပြီးလျှင် ကျွန်ုပ်၏အကြောင်းများကို မေးကြလေသည်။

ထိုအခါ ကျွန်ုပ်က ရှေးဟယ်ဒါနှစ်ခကောင် ကိစ္စကို ချန်လှပ်လျက် ကျန် ...ည့်ကိစ္စများကို ဖြစ်ရပ်အမှန်အတိုင်းပြောပြလိုက်တော့သည်။

ထိုအခါ မစပယ်က....

'လူမိုက်တွေနဲ့ အပေါင်းအသင်း လုပ်နေရတယ်ဆိုတော့.... တစ်ခန္ဓနေ့ အန္တရာယ် ဖြစ်မှာ သေချာတယ် အစ်ကို သိန်းတန်၊ တစ်နေရာရာမှာနေပြီး ကောင်းရှောင်းကောင်းဝယ် လုပ်စားပါလား ဟင်၊ မစပယ်တို့ အိမ်မှာ လာနေမယ်ဆိုရင်လဲ လက်ခံမှာပါ၊ အစ်ကို စဉ်းစားပါဦး'

'အစ်ကိုလဲ စဉ်းစားရနေပါတယ်....၊ နောက်မှ လာဦးမယ်၊ အချိန်မရှိတော့ဘူး မပယ်'

ကျွန်ုပ်သည် မပယ်တို့ တူဝရီးနှစ်ယောက်အား နှုတ်ဆက်လျက် ထွက်ခွာလာခဲ့တော့သည်။

## အန္တရာယ်ညာ

ကျွန်ုပ်သည် တစ်နေ့တွင် လူမိုက်ကွက်ကြားအား မနေလို ...ကြောင်းပြောပြရာ လူမိုက်ကွက်ကြားမှာ ကျွန်ုပ်အား သံ ...ဇာဉ်ရှိနေသပီဗီ အတန်တန်ဘားပါသေး၏။

သို့ ... ကျွန်ုပ်က အကြောက်အကန် ပြောကြားသဖြင့် ...က်လျှော့ ခွင့်ပြုလိုက်ရတော့၏။

ထိုအခါ လူမိုက်ကွက်ကြားက ကျွန်ုပ်ပိုင် ငွေသုံးထောင် ...ပြင် ၎င်းကလည်း ငွေသုံးထောင်ခန့် ပေးသေးသည်။

အကယ်၍ ငွေရေးကြေးရေးမှအစ အန္တရာယ်အခက်အခဲ ...ကြုံတွေ့ခဲ့လျှင် ၎င်းထံသို့လာရောက် အကူအညီတောင်း ...ကြောင်း ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ကျေးဇူးတင်ကြောင်းပြော၍ ထွက်ခွာခဲ့ပြီး ကျွန်ုပ်ပိုင် ငွေခြောက်ထောင်အား ဒေါ်မွှေးလှနှင့် မစပယ် အုဝရီးနှစ်ယောက်ထံတွင် အပ်နှံလိုက်လေတော့သည်။

ကျွန်ုပ်သည် တာ ရပ်ပိုင်ရှင်ဖြစ်သော ဦးကျော်သူမြ သတင်းအစအနကို နေရာအနှံ့စုံစမ်းခြင်းဖြင့် လှည့်လည် လာနေရာမှ တစ်ခါတစ်ရံ ရွှေတိဂုံစေတီတော်၏ ဇရပ် ဆောင်းများ၌ အိပ်စက်တတ်ပြီးလျှင် တစ်ခါတစ်ရံ၌ မ တို့အိမ်တွင် အိပ်စက်တတ်လေသည်။

အသုံးအစွဲအကွက် လိုအပ်သည့်အခါများ၌ မစပယ် ကျွန်ုပ်ပိုင်ငွေအချို့ကို ပြန်ယူရလေသည်။

ဤသို့ဖြင့် ကျွန်ုပ်သည် ပြည်မြို့မှ ရန်ကုန်မြို့သို့ ထွက် သည်မှာ နှစ်နှစ်ကျော်၍ သုံးနှစ်နီးပါး ရှိလာခဲ့ပြီဖြစ်သည်။ ပါသော်လည်း ကျွန်ုပ်လ ရှင်းကိစ္စကား မည်သို့မျှ အကြော မထူးဘဲ ရှိနေတော့သည်။

ကြာသောအခါ ကျွန်ုပ်လည်း မစပယ်တို့မိသားစုနှင့် ချင်းပမာ ရင်းနှီးလာပြီးလျှင် တစ်ဦးနှင့်တစ်ဦး ဖွင့်ဟမပြော တမည် သံယောဇဉ်ဖြစ်နေကြလေတော့သည်။

'ထိုအကြောင်းကို အပျိုကြီးဒေါ်မွှေးလှက ခေါင်းပါ ရည်ဖြင့် ပြောသည်မှာ...

'အမယ်လေး....လောကကြီးဟာ သိပ်ကိုဆန်းကြယ်ပါ နော်၊ တချို့တချို့များကျတော့လဲ ဖွင့်မပြောဘဲနဲ့ တစ်ဦး



စ်ခြင်းမေတ္တာကို တစ်ဦးစာ သိနေကြတယ်၊ မယ်မွှေးလှတို့ ကျတော့ ဖွင့်လဲပြောရော ထွက်လဲပြေးရောပါလား ကရိုး.... ဟီး....ဟီး'

ကျွန်ုပ်နှင့် မစပယ်တို့လည်း ရယ်မောရလေတော့သည်၊ ထို ခါ ကျွန်ုပ်က....

'အားမလျှော့ပါနဲ့ အပျိုကြီးရယ်၊ တစ်နေ့နေ့မှာတော့ ကိစ္စ ဖြစ်ရမှာပါ၊ မဖြစ်ရင်လဲ ဖြစ်အောင်ကူညီပါမယ်'

ကျေးဇူးတင်လှပါကယ် ငါ့တူရယ်၊ ဒါပေမယ့် နာမည်က သိချောင်းဆိုတာတော့ မဖြစ်ပါစေနဲ့၊ ဟဲ့....ဟဲ'

'ဟား....ဟား....ဟား'

'ခစ် ခစ် ခစ်'

ကျွန်ုပ်သည် မစပယ်အား ချစ်ခင်မြတ်နိုးမိသည်မှာ မှန်၏၊ ယ ကျိုးကောင်းပါသော အလုပ်အကိုင်နှင့် တစ်အိုးတစ် အိမ် မထားနိုင်သေးသည်ကတစ်ကြောင်း၊ ကျွန်ုပ်၏ရည်ရွယ် ချက်များ မပြီးသေးသည်ကတစ်ကြောင်း စသည်တို့ကြောင့် မစပယ်အား ဖွင့်ဟပြောကြားခြင်း မရှိခဲ့ပါချေ။

တစ်ညတွင် ရွှေဘုန်းပွင့်စေတီတော် ဘုရားပွဲကျင်းပရာ ပူဇော် တောင်မြို့ခြေ၌ အငြိမ့်ပွဲက ခရှိသဖြင့် မစပယ်၏ပူဆာမှုအရ မိမ်တံခါးကို သော့ခတ်ပိတ်၍ လူအားလုံး ထွက်ခဲ့ကြတော့၏။ ဘ်ချက်။

ထိုအချိန်က အငြိမ့်၊ ရုပ်သေး စသည်တို့မှာ လူနှစ်သက်ရှာပါးလေရာ ယခုကဲ့သို့ တစ်ရပ်ကွက် နှင့်တစ်ရပ်ကွက် သွားရောက် ကြည့်ရှုရသည်မှာ ခမ္မတာပင်ဖြစ်သည်။ စာရေးသူ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ရောက်ရှိချိန်တွင် အငြိမ့်မင်းသမီး ကပြပြီး... ဖြစ်၍ နားနေစဉ် လူပြက်နှစ်ယောက်က ပရိသတ်ကို ပြက်... ထုတ်နေချိန်ဖြစ်လေသည်။

ပရိသတ်မှာ ကြိတ်ကြိတ်တိုးတိုးမျှ ရယ်ကားလှမေသည်... လိုအချိန်တွင် အငြိမ့်စင် ညာဘက်မှ လူပြက်က....

'ဟေ့ ကောင်တောက်တဲ့....မဂ်လာရှိတဲ့ အခုလို ရွှေဘုန်း... စေတီတော်ဘုရားပွဲမှာ လာရောက်ကြတဲ့ ဧည့်ပရိသတ်အပေါ်... တို့ရဲ့ ရွှေမေတ္တာ အငြိမ့်အဖွဲ့က အားပါးတရ ဧည့်ခံဖျော်... ရတာ ဝမ်းသာဂုဏ်ယူစရာ မကောင်းဘူးလား'

ထိုအခါ ငြိမ်နေသည့်လူပြက်က....

'မှန်ပါ့ မဂ်လာရှေ၊ ကုသိုလ်လဲရ ဝမ်းလဲဝ ဆိုပါတော့... ဒီသဘောပဲ မဟုတ်လား'

'ဟုတ်လိုက်လေ ကိုတောက်တဲ့ရေ'

တောက်တဲ့ ဆိုသည့်လူပြက်က ပြောပြန်၏။

'အင်း....မင်းကို ငါပြောရဦးမယ် မဂ်လာရေ၊ ဒီပုဇွန်တော... မြို့နယ်ဟာ ဘယ်လောက် သာသာယာယာရှိလိုက်သလဲ၊ တို... တွေ၊ တာတွေ၊ ဈေးတွေ၊ ကျောင်းတွေအပြင် ချောင်းကို... ကျောမေးထားသေးရဲ့ အင်မတန်မှ ကြည့်လို့ သာယာတာ...

'ဟုတ်ပါ့ ကိုတောက်တဲ့ရေ၊ ဒါကြောင့်လဲ ပုဇွန်တောင်... တွေ ချောကြောင်း နန်းတော်ရှေ့ ဆရာတင်ကိုယ်တိုင် စာစပ်... ခပေတာပေါ့ဗျာ'

လူပြက်တောက်တဲ့က ခေါင်းညိတ်လျက်....

www.burmeseclassic.com



'အဲ....အဆင်သင့်လို့ ပြောရဦးမယ်ကွ၊ အငြိမ့်ဆောင်တဲ့ ပိုင်... က ပွဲမစခင် နှုတ်ဆက်အလိုလောက်မှာ မင်းတို့ အရင် ငါကို... တ်လိုက်တယ်လေ၊ ကိစ္စကတော့ အငြိမ့်စင်ထိုးဖို့နေရာအကွက်... ကွင်းကောင်း ကြိုတင်ကြည့်ရှုခိုင်းလိုက်တာပေါ့'

ဟုတ်တယ်လေ၊ မင်းက တို့အငြိမ့်အဖွဲ့မှာလူကြီးတယောက် ဖြစ်နေတာကိုး'

ထိုအခါ လူပြက်မဂ်လာက ခေါင်းညိတ်၍....

'အဲဒါနဲ့ ပုဇွန်တောင် အရပ်ကို ရောက်လာပြီး အငြိမ့်စင်... ကွက်အကွင်းကို ကြည့်ရှုလို့အပြီးမှာ သာယာလှပတဲ့ ပုဇွန်... တောင်အရပ်ကို ကြည့်လို့မဝနိုင်အောင်ဖြစ်ပြီး လျှောက်ကြည့်... တ ဒေါပုံချောင်းနားက တံတားတစ်ခုကို ရောက်သွားပါလေ... ကွာ၊ ဟဲ....ဟဲ'

'ဟေ့ ကောင် တောက်တဲ့ တော်တော့ကွာ၊ လူထုပရိသတ် တို့ရဲ့ ဟာသနဲ့ ဖျော်တော်ဆက်မှုကို နားထောင်ချင်တာကွ၊ ...းဟာက ဘာတွေလဲ ထပ်သရီး'

'ထပ်သရီး ဆိုတာ ဘာကိုပြောတာလဲ'

'ဝက်သား သုံးထပ်သားကို စားချင်တယ်လို့ ပြောတာပါ ...တောက်တဲ့ရ'

'ဟား....ဟား....တား'

'ဟား....ဟား....တား'

ပရိသတ်များက သဘောကျစွာ ရယ်မောကြရာ ကျွန်ုပ်၊ ...ယ်နှင့် ဒေါ်မွေးလှတို့ကလည်း ရောယောင် ရယ်မောမိကြ... သ၏။

www.burmeseclassic.com

www.burmeseclassic.com



ချက် ဘောက်တဲ့က ဆက်လက်၍...

'ဟာ ဘယ်ရောက်သွားပါလိမ့်'

ဘောက်တဲ့က ထိုသို့ပြောလိုက်ရာ မဂ်လာက အထိတ်တလန့်ဖြင့် အငြိမ့်စင်၏ ကြမ်းပြင်သို့ မှိုင်တိုင်သည် လိုက်ကြည့်လိုက်၊ ဘောက်တဲ့၏ခန္ဓာကိုယ်အနှံ့သို့ကြည့်လိုက်ဖြင့် ရှုံ့မဲ့လုပ်နေလေရာ သွဲ့ကြည့်ပရိသတ်မှာ တအုန်းအုန်း ရယ်မောနေလေတော့သည်။

ထိုအခါ သဘောပေါက်သွားဟန်ဖြင့် ဘောက်တဲ့က မဂ်လာ၏ဦးခေါင်းကို စက္ကူလိပ်နှင့် တဖုန်းဖုန်း ရိုက်တော့သည်၊

'ငါပြောတာက အခုနစ်ကဘာ ဘယ်နေရာ ရောက်သွားပြီလဲလို့ မေးနေတာကွ'

'ဪ...ဒီလိုလား၊ ဒေါ်ပုံတော်ဘုရားပေါ် ရောက်သွားပါပြီခင်ဗျာ၊ ဟုတ်တယ်မဟုတ်လား'

'အေး...အေး၊ မင်းမဆိုးဘူး၊ ဒီမှာတင် ငါလဲအိုက်တင်နဲ့ လျှောက်လာလိုက်တာ၊ တစ်နေရာရောက်တော့ ဆွေးနေတဲ့ ပျဉ်တစ်ချပ်ကို တက်နင်းမိပြီး ရွှံ့ထဲ ခေါင်းစိုက်ကျသွားပါရောလား'

'ဟား...ဗုဒ္ဓော၊ မင်းအစား ငါတောင်ငိုချင်လာပြီ သူငယ်ချင်းရာ၊ ဖြစ်ရပလေ၊ ဟီး...ရွတ်'

လူပြက်မဂ်လာ နှစ်ကိုညွှန်ဟန်ပြုလုပ်ပြီး ပရိသတ်ဘက်သို့ လှည့်ပစ်ဟန်ပြုလိုက်ရာ အငြိမ့်စင်အောက်က ပရိသတ်အချို့ ရယ်မောကြပြန်လေသည်၊

ထိုအခါ ဘောက်တဲ့က ဆက်ပြန်သည်၊



'ဒီမှာတင် နွံထဲကမြွေတစ်ကောင်နဲ့ ကဏန်းတစ်ကောင်က ကိုးပြောနေတာ ငါကြားရတော့တာပဲကွ'

'ဟုတ်လား...ဘာတွေပြောကြလဲကွ'

'မြွေကပြောတယ်၊ ငါ့ထက်ရှည်တဲ့ကောင်တစ်ကောင်တော့ တက်လာပြီတဲ့၊ အရစ်နှော်...အရပ် အရပ်'

ဘောက်တဲ့က မျှော်မျှော်ဘာလဲပြောပြမ်း၊

မဂ်လာက...

'အင်း...တော်ပါသေးရဲ့'

ဟု ညည်းညူလိုက်သည်၊

'ကဏန်းကလဲပြောတယ်၊ သူငယ်ချင်းရေ... တို့တွေ ပြောင်းတဲ့၊ အခုရောက်လာတဲ့သတ္တဝါက အဆုရာမှာ ကျော်ထက်ရထူပြီး နေရာတကာမှာ ကန့်လန့်လုပ်တတ်တဲ့အကောင်တဲ့ ဟဲ...ဟဲ'

'ကဏန်းကတောင် မင်းဟာလူကန့်လန့်လို့ပြောတဲ့နောက်မှာ သုံးလို့ရမှာ မဟုတ်တော့ပါဘူးကွာ'

'ဝါး ဟား ဟား ဟား'

'ဟား ဟား ဟား'

'ဟေး ဟေး ဟေး'

'ခစ် ခစ် ခစ်'

ပရိသတ်များမှာ ပက်တုတ်၍မရအောင် တဝါးဝါး တဟားဟား ရယ်မောကြလေတော့သည်၊

ကျွန်ုပ်အနီးမှ အဖိုးကြီးခေါ်မွှေးလှမှာ အသည်းဆုံး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



...မည်ဟု ကျွန်ုပ်ယူဆမိသည့် မစပယ်မှာ မျက်နှာလေး... ...လျက် ခေါင်းငုံ့ကာ တခွိခွိ ရယ်မောနေတော့သည်။

မကြာမီ အငြိမ့်မင်းသမီး မြဲဒေါင်းညို ထွက်ကနေသ... ဆေးလိပ်သောက်ချင်သဖြင့် ကျွန်ုပ်မှာ ပေါ်မွှေးလှနှင့် မစ... တို့အားခွင့်ပန်လျက် ပွဲဈေးတန်းရှိရာသို့ ထွက်လာခဲ့လေသ...

ကုလားကွမ်းယာဆိုင်တစ်ဆိုင်မှ ကတ်ကြေးစီးကရက် ... ဘူးကို ဝယ်ယူခဲ့ပြီးနောက် ဖောက်၍ တစ်လိပ်ကိုထုတ်ယူ... မီးညှိပြီးမှ မစပယ်တို့ရှိရာဘက်သို့ ထွက်လာခဲ့ရာ အနည်း... မှောင်ရိပ်ကျ၍ လူရှင်းသောနေရာတစ်နေရာသို့ အရောက်... လူဆိုးသုံးဦးသည် ကျွန်ုပ်အနီးသို့ လျင်မြန်စွာကပ်လာကြ... အသိမှာမာဖြင့်....

'ဟေ့ကောင် ငြိမ်ငြိမ်နေ၊ လှုပ်လှုပ်ရှားရှားမလုပ်နဲ့နေ... မင်းကိုချိန်ထားတဲ့လက်နက်က သေနတ်ကွ၊ ရုတ်ရုတ် ရုတ်ရု... လုပ်ရင်တော့ မောင်းဖြုတ်ပြီးသားပဲ၊ ငါတို့ပြောတဲ့အတို... လုပ်၊ နောက်ကြောင်းပြန်လှည့်သွားပြီး ဉာဏ်ခြေရာနဲ့လျှော... သွားစမ်း'

ကျွန်ုပ်မှာ ပြန်လည်ခုခံရန် စဉ်းစားမိသော်လည်း ပွဲခ... ထဲ၌ ရုတ်ရုတ်သဲသဲဖြစ်မည့်အပြင် ထိုသူများမှာ တကယ်... ရက်စက်မည့်ပုံရသူများ ဖြစ်မည်ဟု ယူဆသည်ကတစ်ကြောင်း... တစ်ဖန် သေနတ်နှင့်ချိန်ထားသူအားလျှပ်တစ်ပြက်ခုခံရန်မလွ... ကူသောအဖြစ်ကို တွေးမိသောကြောင့်တစ်ကြောင်း စိတ်... လျှော့၍ ၎င်းတို့အမိန့်အတိုင်း တသဝေမတိမ်း လိုက်နာရ... တော့သည်။



သေနတ်သမားက နောက်မှလိုက်၍ ကျန်နှစ်ဦးက ကျွန်ုပ်၏ ...ယာညာနှစ်ဖက်မှညှပ်၍ ခပ်တည်တည်လျှောက်ခဲ့ကြရာ ပွဲဈေး ...တန်းအလွန်တွင် အသင့်ရပ်ထားသော မြင်းရထားတစ်စီးကို ...တွေ့ရသည်။

'ဘဟု....တံခါး ဖွင့်ပေးလိုက်ဟေ့'

အသင့်စောင့်နေသောလူတစ်ယောက်က မြင်းရထားတံခါး... ...ဆွဲဖွင့်ပေးရာ ကျွန်ုပ်အား သေနတ်သမားက သေနတ်နှင့် ...၍ တွန်းထိုးဝင်စေလေသည်။

ထို့ကြောင့် ကျွန်ုပ်လည်း ခေါင်းငုံ့၍ မြင်းရထားအတွင်း ...သို့ ဝင်လိုက်ရလေတော့၏၊ မကြာမီ သေနတ်သမားက ကျွန်ုပ် ...၏ဘေး၌ နေရာယူပြီးချိန်တွင် တစ်ဖက်မှ ဘေးကိုင်ထားသူတစ်ဦး ...က ညှပ်၍ နေရာယူလိုက်တော့သည်။

ထို့နောက် စကားပြောသံအချို့ကြားရပြီးနောက် မြင်း ...ရထားမှာ တရွေ့ရွေ့ ထွက်ခွာလာခဲ့တော့သည်။

ကျွန်ုပ်မှာ ခုခံရန် အခွင့်အရေးမရသည့်အပြင် မည်သည့် ...အကြောင်းကြောင့် ဖမ်းဆီးခေါ်ဆောင်လာကြောင်း သိရှိလို ...သဖြင့် ငြိမ်သက်စွာသာ လိုက်ပါလာခဲ့လေ၏။

မြင်းရထားမှာ တဖြည်းဖြည်း အရှိန်ရလာပြီးလျှင် လျင်မြန် ...စွာ မောင်းနှင်နေတော့သည်။

ကျွန်ုပ်အား ဖမ်းဆီးခေါ်ဆောင်လာသူများက လုံးဝ ...စကားမပြောကြသောကြောင့် ကျွန်ုပ်လည်း စကားမပြောခြင်း ...ပြုဘဲ ခပ်မဆိတ်လိုက်ပါခဲ့ရာ တစ်နာရီခန့်အကြာ၌ မြင်းရထား ...မှာ ထိုးရပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ...ရှေ့ကဆင်းစမ်း၊ ယီးတီးယားတား လုပ်ရင်တော့ သေ နတ်ထဲက ကျည်ဆန်တွေကို ငေးပိုက်ထဲ မြောင်းပေးလိုက်မယ် ဟော လာကျော်၊ တံခါးဖွင့်စမ်း ဟေ့'

သေနတ်သမားက ကျွန်ုပ်အား ကြိမ်းဝါး၍ မြင်းရထား ပေါ်မှဆင်းစေရင်းက တစ်ဆက်တည်းပင် ခြံစောင့်ဖြစ်သူအား တံခါးဖွင့်ခိုင်းလိုက်လေတော့သည်။

ကျွန်ုပ်က မြင်ကွင်းကိုကြည့်လိုက်သည်တွင် မဲမှမ်းပင်များ အုပ်ဆိုင်းလျက်ရှိသည့် အိမ်မည်းကြီးတစ်ဆောင်ကို တွေ့လိုက် ရလေသည်။

မှုံ့ရာတွင် မည်သည့်အရပ်ဒေသ ဖြစ်ကြောင်းကိုကားစိုးစဉ် မျှပင် မသိရှိပါပေ။

ကျွန်ုပ်နောက်မှ သေနတ်သမားနှင့်အတူ လူနှစ်ယောက် ခြံဝင်းထဲ ဝင်မိစဉ် ခြံထဲမှလူနှစ်ယောက် ထပ်မံပေါ်လာပြန် သည်တွင် ခုခံရန် အခြေအနေမရရှိနိုင်အောင် ဖြစ်ရတော့ သည်။

ထို့နောက် အသင့်ဖွင့်ထားသည့် တံခါးပေါက်မှ တစ်ဆင့် အိမ်အတွင်းသို့ ဝင်ရောက်မိသည်၌ 'စတွန်းတင်း' မီးအိမ် အလင်းရောင်သည် ဖုန်အလိမ်းလိမ်းထနေသော အိမ်ကြီး အခြေအနေကို တစေ တစောင်း လှစ်ဟပြနေသကဲ့သို့ ရလေသည်။

ဒုနရာအနှံ့၌ ပင့်ကူအိမ်များ၊ အမှိုက်သရိုက်များနှင့် ကျိ ပဲနေသော အိမ်ထောင်ပရိဘောဂများကို တွေ့ရလေသည်။

ထိုအခိုက် သေနတ်သမားက....



'အပေါ်ထပ်ကို တက်စမ်း'

ကျွန်ုပ်လည်း အမိန့်အတိုင်း အပေါ်ယင်သို့ တက်လာခဲ့ တော့သည်။ ၎င်းတို့အုပ်စုကလည်း ကျွန်ုပ်နောက်မှ တစ်ပါ တည်း လိုက်ပါလာကြသည်။

သို့ဖြင့် အခန်းတွင်းသို့ရောက်သောအခါ ကြိမ်ကုလားထိုင် တစ်ခုပေါ်၌ လူနှစ်ယောက် ထိုင်နေကြောင်း တွေ့ ရတော့သည်။

ထိုသူများ၏မျက်နှာမှာ အမှောင်ရိပ် ကျလျက်ထားသဖြင့် မည် သူမည်ဝါဖြစ်ကြောင်း အကဲခတ်ရန် ခက်ခဲလှလေသည်။

စတွန်းကောင်းမီးအိမ်တစ်လုံးသည် အမြဲ မလှုပ်မယှက်ရှိ နေပေမဲ့ ပေါ်လာသောရှိရာ ထိုသူများတက်၍မှ မှောင်ရိပ်ကျလျက် ရှိလေသည်။

'ဟော ဒီဗွ မင်းမဆိုးဘူး၊ ဗီကောင်ကို မရှာရအောင်ခေါ် လာနိုင်တာ မင်းရဲ့အရည်အချင်းဖော်ပြပါရမယ်၊ တို့ အသိအမှတ် ပြုပါတယ်'

သေနတ်သမားက ဂုဏ်ယူစွာဖြင့်...

'ကျေးဇူးတင်လှပါတယ် ဆရာကြီး'

'အေး...အေး မင်းတို့ ခဏနောက်ဆုတ်နေ၊ ဗီကောင် နဲ့ ကြီးစားမယ်ဆိုရင်တော့ မင်း သေနတ်ကို မောင်းဖြုတ်ဖို့ အဆင်သင့်နေနော်၊ ဟုတ်လား ဒီဗွ'

'စိတ်ချပါ ဆရာကြီး'

သေနတ်ကိုင်ထားသူနှင့် နောက်ဘက်မှလူများကို ကျွန်ုပ် သည်ကြည့်မိရာ ထိုသူများမှာ ကျွန်ုပ်နှင့် သမ္မန်ဆရာကိုပေ ါ်

www.burmeseclassic.com



ဤသို့ အခုတ်ဆိုင်တစ်ဆိုင်တွင် စားသောက်နေ၍ ကျွန်ုပ်အာ
အသေအချာ အကဲခတ်သွားကြသည့် လူသုံးဦးလည်း ပါဝ
ကြောင်း အံ့အားသင့်စွာ တွေ့ရှိရတော့၏။

'တော် ကောင်...မင်း ငါ့ကိုသိရဲ့လား'

ကျွန်ုပ်က မသိကြောင်း ခေါင်းခါပြလိုက်သည့်တွင် ထိုကြ
ကုလားထိုင်မှလူက လှောင်ပြောင်ရယ် ရယ်လိုက်ပြီး...

'သေသေချာချာ ကြည့်ပါဦးကွ၊ သာယာဝတီမြို့အလွန်မှ
မင်းနဲ့ ငါတစ်ပွဲတစ်လမ်း တွေ့ခဲ့ကြတာပဲဟာ၊ မှတ်မိရမှာပေ

ထိုသူက ၎င်း၏မျက်နှာကို မီးရောင်ဘက်လှည့်၍ ပြောလိ
သောကြောင့် မားပြခေါင်းဆောင် မုန်တိုင်းဖြစ်ကြောင်း သိရှိ
တော့သည်။

ထိုအခါ ၎င်းနှင့် တစ်ဖွဲ့တည်းဖြစ်သော ကျွန်ုပ်၏ ညီငယ
မောင်လှဟန်ကိုလည်း သတိရမိတော့သည်။

'ဟေ့ ကောင်...ရွှေဟသ်ာရုပ်နှစ်ရုပ် ဘယ်မှာလဲ၊ အဲဒါပေ
ရင် မင်းအသက်ကို ချမ်းသာပေးမယ်၊ ဒါမှ မဟုတ်လို့ ခေါ
မာနေရင်တော့ အပြတ်ရှင်းပစ်ရမှာပဲ၊ ဒါပဲရှိတော့တယ်'

မုန်တိုင်းက ထိုကဲ့သို့ပြောလေရာ ကျွန်ုပ်မှာ ရွှေဟသ်ာရု
နှစ်ရုပ်နှင့်အတူ ဖခင်ကြီးအား ပြေး၍ မြင်ယောင်မိပြန်တေ
သည်။

ကျွန်ုပ်က ဟန်ကိုယ့်ဖို့သဘောမျိုးဖြင့်...

'တကယ်တော့ ရွှေဟသ်ာအစစ်မဟုတ်ပါဘူးကွာ၊ သစ်သ
မန်းပုကို သစ်ဆေးသုတ်ပြီး ရွှေချထားတဲ့ဟသ်ာရုပ်နှစ်ကောင်
ဒါကိုလဲ ပိုင်ရှင်လက်ထဲ ပြန်လည်အပ်နှံလိုက်ပြီးပါပြီ'



'ဟား... ဟား...ဟား'

ရှင်းပြနေသော ကျွန်ုပ်၏ စကားအဆုံး၌ မုန်တိုင်းရှေ့တွင်
ထိုင်နေသူက အားပါးတရ အော်ဟစ် ရယ်မောလေတော့
သည်။ ထို့အတွက် ကျွန်ုပ်မှာ နားမလည်နိုင်အောင် ဖြစ်နေ
စဉ် ယင်းမောသူက...

'ဟေ့ ကောင် သိန်းတန်၊ သူ့ဟန်ဟာ ဘယ်တော့မှ မခေသ
မချာ မလုပ်ဘူးကွ၊ ဒီအရုပ်နှစ်ရုပ်ကို လာအပ်တဲ့ပိုင်ရှင်နဲ့တကွ
စိန်စီထားတဲ့ အရုပ်တွေကိုတောင် မင်းတို့မသိအောင် ချောင်း
ကြည့်ခဲ့လို့ အခုအဆုံး ငါ့မြင်ခဲ့ပြီးပြီ၊ ကဲ...ဘာပြောဦးမလဲ'

'ဟင်...လှဟန်၊ မင်းဟာ ခွေး ...ခွေး လူမဟုတ်ဘူး၊ သစ္စာ
ဖောက်၊ အဲသားထဲကထွက်တဲ့ခလောက်၊ ငါအခုမှအတွက် မင်းကို
သတိရမယ်၊ သေပေတော့...'

ကျွန်ုပ်အား အထက်ပါအတိုင်း ပြောလိုက်သူမှာ ကျွန်ုပ်
လုံးဝ မမျှော်လင့်သည့် ညီဖြစ်သူ မောင်လှဟန် ဖြစ်နေသော
ကြောင့် ကျွန်ုပ်၏ ဒေါသများကို နိုးကြားလာကာ ထိန်းမရ
တော့ဘဲ ၎င်း၏ ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်တော့၏။

'ဟေ့ ကောင် ငြိမ်ငြိမ်နေ'

သို့ရာတွင် ကျွန်ုပ်၏ နောက်ကျောဘက်မှ လူနှစ်ယောက်
ပြေးထွက် လာလျက် ကျွန်ုပ်၏ ဘယ်ညာ လက်မောင်းများကို
ချုပ်ကိုင်ကာ သေနတ်များဖြင့် တောက်ထားလိုက်သည်ကြောင့်
အားမတန် မာန်လျှော့လိုက်ရတော့သည်။

ကျွန်ုပ်၏ ပါးစပ်မှမူ နာကြည်းလွန်းသဖြင့် အယုတ္တ အနတ္ထ
စကားများဖြင့် ရေရွတ်နေဆဲပင် ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုအခါ လှဟန်က...

'မင်း ဆဲလိုဝရင် ပြောရသေးတာပေါ့သိန်းတန်၊ မင်းတို့ လက်ထဲမှာ ပိုင်ရှင်ပေးဖို့ ယူသွားကြတဲ့ ငွေဟသ်္ာရုပ် နှစ်ရုပ် တို့ကလည်း လက်ဦးအောင် စီစဉ်တဲ့ အချိန်မှာ မင်းတာ့ တို့ ခေါင်းဆောင် မုန့်တိုင်း လက်ထဲက လက်တစ်လုံးခြား လွတ် မြောက်သွားခဲ့တယ်၊ ဒါကြောင့်လဲ ပုလိပ်ဘက်က မမျှော်လင့်ဘဲ အကူအညီပေးခဲ့လို့ပေါ့'

လှဟန်အား မိုက်ကြည့်ကြည့်လျက် ကျွန်ုပ်က...

'ဒါဖြင့် ဘာဖြစ်သလဲ ရွှေကောင်း'

'ဟား ဟား ဟား...ဘာမှ မဖြစ်ပါဘူး၊ ဖြစ်တာက ဒီလို ပါ၊ မင်းတို့ သွားပို့ပေးမယ့် ပိုင်ရှင် ဦးကျော်သူမြက် ဆိုတဲ့ သူပုန်က ထောင်ထဲ ရောက်နေတယ်ဆိုတာ တို့နည်း တို့ဟန်နဲ့ စုံစမ်းလို့ သိခဲ့ရပြီးပြီ၊ အဲဒီတော့ ဒီဟသ်္ာရုပ်နှစ်ရုပ်ဟာ မင်းရဲ့ လက်ထဲမှာပဲ ရှိရမယ်'

ကျွန်ုပ်က ရှုမစိုက်ဟန်ဖြင့် ပခုံးကို ကျုံ့လိုက်ပြီးလျှင်...

'ငါက သူ့အမျိုးတစ်ယောက်ကို ပေးခဲ့တာကွ'

'မဟုတ်တာတွေပြောမနေစမ်းပါနဲ့သိန်းတန်၊ ရှင်းရှင်းပြောရရင် ဒီအရုပ်နှစ်ရုပ်ဟာ မင်းတို့သားအဖနှစ်ယောက် လက်ထဲမှာပဲ ရှိတယ်၊ တို့စုံစမ်းမှုအရ အဘိုးကြီးဟာ ဘုန်းကြီး ဝတ် သွားပြီး၊ မင်းက ရန်ကုန်ထွက်သွားတယ်ဆိုတော့ ဒီအရုပ်တွေ ဟာ မင်းရဲ့လက်ထဲမှာပဲ ရှိရမယ်၊ ဘုန်းကြီးဆိုတာကတော့ ဒါ တွေ မလိုတော့ဘူးလေ'



လှဟန်က လေအေးဖြင့် ရိုတိုးပြောပြီးလျှင် စီးကရက် တစ်လိပ်မှ မီးညှိလိုက်လေတော့သည်။

မီးရောင် တောက်ပနေသော ဘာဒဂ်၌ ၎င်း၏ မျက်နှာသို့ အကဲခတ်ကြည့်မိရာ မုတ်ဆိတ်မွေး ပါးချိုင်းမွေးများဖြင့် ရှင် ရော်နေသောမျက်နှာကို ခေတ္တမျှ တွေ့လိုက်ရတော့၏။

မုန့်တိုင်းကမူ ဆေးပြင်းလိပ်တစ်လိပ်ကို ဖွာရှိုက်၍ ကျွန်ုပ်တို့ ညီအစ်ကို နှစ်ယောက် ပြောနေသော စကားများကို တစ်ခွန်း တစ်ပါဒမျှ ဝင်မစွက်ဘဲ ဇိဗ်ဝင်စားစွာ နားထောင် နေလေ သည်။

'မင်းကို ဒါတွေလိုက်စုံစမ်းနေတာကြာလှပြီ၊ တို့ရဲ့အပေါင်း အသင်းဖြစ်တဲ့ ထဲကွင်း လူမိုက်ချက်ကြီးဆီက သတင်းစကားအရ မင်းဟာ ကြည့်မြင်တိုင်လူမိုက်ကွက်ကြီးရဲ့ညာလက်ရုံး ဖြစ်မှန်း သိနေတာတယ်'

ကျွန်ုပ်မှာ လှဟန်တို့ အုပ်စုသည် ထဲကွင်းလူမိုက် ချက်ကြီး တို့နှင့် အပေါင်းအသင်းဖြစ်နေသည်ဆိုသောကိစ္စအတွက် အထူး ပင် အံ့ဩမိတော့သည်။

လှဟန်က ဆက်လက်ပြောဆိုပြန်၏။

'ဒီမှာတင် ဟိုလူတွေက မင်းကို မျက်ခြည်မပြတ် ကြည့်နေ တာပဲ သိန်းတန်၊ ကဲ... ပစ္စည်း ဘယ်မှာလဲ၊ မပေးရင်တော့ မင်းကို သတ်ရင်သတ်၊ မသတ်ရင်လဲ ထဲကွင်းလူမိုက် ချက်ကြီး တို့ဆီ အပ်တန်အပ်ရမှာပေါ့ကွာ၊ အဲ့ဒီလို ဆိုရင် အကျိုးဆက် က ဘယ်လိုဖြစ်တော့မယ်ဆိုတာ မင်းကိုယ်မင်း ရိပ်မိပါလိမ့်မယ်၊ တကယ်တော့လူ မိုက်ချက်ကြီးဟာ သူ့ကို ကျော်ကာတဲ့လူဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ထူးပြည်မှာ တစ်စက္ကန့်တောင်ထားချင်တဲ့လူမဟုတ်ဘူးလေ၊ ဟဲ ဟဲ...'

'ဟေ့...လှဟန်၊ ငါ့ဆီမှာ ဘာပစ္စည်းမှမရှိဘူး၊ မကျေနပ်ရင် မင်း ကြိုက်သလိုလုပ်၊ ဒါပဲ'

ကျွန်ုပ်က ဒေါသဖြင့် အော်ဟစ်ပြောလိုက်ရာ တစ်ချိန်လုံး ငြိမ်နေသည့် မုန့်တိုင်းက မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ထိုင်ရာမှ ဒေါသတကြီးထလာလျက်...'

'လှဟန် ဒီအတိုင်းမရဘူး၊ ဒီကောင့်ကို နည်းနည်းပါးပါး အကြောင်းပြမှ ဖြစ်လိမ့်မယ်၊ အဲဒီတော့ရော...

'မှုပ်...ခွပ်'

ကျွန်ုပ်မှာ ဘေးနှစ်ဖက်မှ လူနှစ်ယောက်က ဖမ်းချုပ်ထားသည့်အကြောင့် လုံးဝ လှုပ်ရှားနိုင်ခွင့်မပြုဘဲ ရှိနေစဉ် တစ်အားလုံး ထိုးလိုက်သော မုန့်တိုင်း၏ ဘယ်ညာလက်သီး တစ်စုံကြောင့် နောက်သို့လန်ကာ လဲကျသွားသော်လည်း ဘေးမှ လူနှစ်ယောက်က ထိန်းထားလိုက်သောကြောင့် မူလအတိုင်း ရပ်လျက် ရှိလေသည်။

သို့သော် ကျွန်ုပ်၏မျက်နှာမှာမူ ဖူးယောင်လျက် ရှိလေ၏။

'ဟား...ဟား...ဟား ဒါ အစမ်းသဘောပဲ ရှိသေးတယ်ကိုယ့်လူ၊ နောက်တစ်ခါ ဒါ့ထက် အဆပေါင်းများစွာ ဆိုးဦးမယ်၊ ခံနိုင်ရင် ခံပေတော့၊ ဩော်...လှဟန် ငြီးရဲ့ ချက်ကြီးတို့ လက်မအပ်တော့ဘူး၊ ဒီမှာတင် တစ်ခါတည်း ကိစ္စချုပ်ရင်ပစ်မယ်'



ကျွန်ုပ်အား ကြိမ်းဝါးရင်း လှဟန်ဘက်သို့လှည့်၍ ပြောလိုက်သည်တွင် လှဟန်က....

'ကြိုက်သလိုသာ စီရင်ပေါ့ဗျာ၊ ကဲ...သိန်းတန်၊ ကြားတဲ့အတိုင်းပဲ၊ ဟသ်္သာရုပ်တွေ ဘယ်မှာလဲ'

'ဪ...ကောင်၊ မင်းဟာ ညီအစ်ကိုမောင်နှမဆိုတဲ့စိတ်လဲမရှိ ကိုယ်ပိုင်ပစ္စည်းကို သူတစ်ပါးအတွက်ပေးရက်တဲ့ကောင်၊ မင်းလိုယုတ်မာသူအတွက် ငါ့အသက်ကိုသာ အသေခံမယ်ကွ၊ ဘယ်တော့မှ မပြောဘူးမှတ်ထား'

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါ လှဟန်မှာ တဟားဟား ရယ်မော၍ မုန့်တိုင်းသို့ မျက်စပစ်လိုက်သည်။

နှုတ်မှလည်း....

'ကဲ...မုန့်တိုင်း၊ ခင်ဗျားကြိုက်သလို လုပ်နိုင်ပြီ၊ ကျုပ်ဟာ သူ့စိတ်ခေတ်ကိုသိတယ်၊ သူဟာ အသက်အသေခံပြီး ခေါင်းမာမယ့် လူတစ်ယောက်ပဲ၊ ဒါကြောင့် ခင်ဗျား ကြိုက်သလိုသာ လုပ်ပေတော့'

'ကောင်းပြီလေ၊ ဒိဗ္ဗ'

'ရှိပါတယ်...ဆရာကြီး'

'ပစ်သတ်လိုက်တော့'

ကျွန်ုပ်၏ ညာဘက်ဘေးမှ ဒိဗ္ဗဆိုသူမှာ ဘေးဘက်သို့ ခုန်ထွက်သွားပြီးနောက် ခပ်လှမ်းလှမ်းမှ သေနတ်ဖြင့်အသေအချာ ချိန်ရွယ်နေတော့သည်။ ကျွန်ုပ်အနေနှင့် ဘုရား၊ တရား၊ သံဃာ တော်သုံးပါးနှင့် အနန္တော အနန္တ ငါးပါးကို ဆော့ရုံမှရန်မှ တစ်ပါး အခြားမရှိတော့ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း ဒိုင်း ဒိုင်း'

'ဒိုင်း'

'ဟော....မပြေးကြနဲ့၊ မုန့်တိုင်း မင်းတို့အဖွဲ့ကို ပုလိပ်အ...
ဝိုင်းထားမိပြီ၊ မပြေးကြနဲ့'

သေနတ်သံမှာ ရုတ်တရက်ထွက်ပေါ်လာပြီးနောက် အေ...
ကစ်သံများကြောင့် သေနတ်မောင်းကိုဆွဲမည့် ဗိုဗ္ဗမှာ အနည်...
ငယ် တုံ့...င်းနေစဉ် ရရှိသောအခွင့်အရေးကိုသျှင်မြန်စွာ အ...
ချလိုက်မိသည်။

ကျွန်ုပ်သည် ဖေးတိုက် ခြေတစ်လှမ်း ခုန်ထွက်လိုက်...
နောက် ဘယ်ခြေဖြင့် ဝေးကြောင်ကြောင်ဖြစ်နေသည့် ဗိုဗ္ဗ...
သေနတ်ကိုင်လက်ကို အားပါးတရ ကန်ထည့်လိုက်သည်။

'ဒုတ်'

'အား'

'ဒေါက်'

သေနတ်မှာ ကြမ်းပြင်အစ်နေရာသို့ လွင့်ကျသွားခိုက် ...
ဆက်တည်းမင် မလှမ်းမကမ်း စားပွဲပေါ်တွင် တင်ထား သော...
စလွန်းကာင်း မီးအိမ်ရှိရာသို့ လေကွဲသို့ လျှင်မြန်ခြင်းမျိုးဖြင့် ...
လွှား ...ဝင်ရောက်၍ ကန်ထုတ်လိုက်တော့၏။

'ဝုန်း'

'ဒိုင်း'

မီးအိမ်သည် အတန်ငယ်လွင့်စဉ်သွားလျက် ရေနံဆီမျ...
ဖိတ်ကျကာ မီးဟုန်းဟုန်း တောက်လောင်လေ၏။



ထိုစဉ် အောက်ထက်မှ ပုလိပ်တဖွဲ့၏ အော်ဟစ်သံများနှင့်
...သနတ်သံများ အဆက်မပြတ် ပေါ်ထွက်လေရာ မုန်တိုင်းတို့
...ပ်စုမှာ ကျွန်ုပ်အား ဂရုမစိုက်နိုင်တော့ဘဲ အပြေးအလွှားပြန်
...သ်ခုခံနေရတော့၏။

www.burmeseclassic.com

## အကျိုတ်အစဲနှင့်

'လာဟေ့ ....ဒီအတိုင်းသွားကြမယ်'

'ဟုတ်ကဲ့'

ကျွန်ုပ်မှာ ကျွန်ုပ်၏လက်ကိုဆွဲ၍ မရမ်းပင် မှောင်ရိပ်ထဲ ရှေးရှုသွားနေသူအား လှည့်ကြည့်မိလိုက်ရာ ထိုသူမှာ ဆံ စုတ်ဖွား ညှင်းသိုးသိုးဖြင့် အဝတ်အစားများ စုတ်ပြတ် ကြောင်း သတိပြုမိလိုက်တော့သည်။

ကျွန်ုပ်တို့နောက်မှ တဒိုင်းဒိုင်းပစ်ခတ်နေသော သေနတ် များကိုလည်း မပြတ်ကြားနေရသေးသည်။ ကျွန်ုပ်တို့နှ မှာကား မှောင်ရိပ်များမှတစ်ဆင့် ခြေကုန်သုတ်ခြေတင်၍ ရှိတော့သည်။



ခေတ္တမျှအကြာ၌ သံလမ်းတစ်ခုကို တွေ့ရပြီးနောက် ထိုမီး ား သံလမ်းအတိုင်း ဆက်လက် ထွက်ခွာခဲ့ကြပြန်သောအခါ းမဝေး၌ တဝေါဝေါ စီးဆင်းနေသောရေသံကို ကြားရ လေသည်။

ထိုအခါ လူကြီးကပြောလေသည်။

'အဲဒါ ငမိုးရိပ်ချောင်းပေါ့ကွ'

'ဪ ...'

ကျွန်ုပ်မှာ ထိုမျှသာပြောနိုင်တော့သည်။ ကျွန်ုပ်၏ အတွေး ၌ မောင်လှဟန်၏တပည့်များ ကျွန်ုပ်အား ဖမ်းဆီးခေါ် ဆောင်လာသည်မှာ သယ်ိန်းကျွန်းဘက်သို့ဖြစ်ကြောင်း ယခုမှ သဘောပေါက်မိပေတော့သည်။

'လာဟေ့ ....ဆင်ခြေလျှောအတိုင်း ငါ့နောက်က လိုက်ခဲ့ နော်'

'ဟုတ်ကဲ့ခင်ဗျ'

ကျွန်ုပ်လည်း ထိုလူကြီး၏နောက်မှ ချောင်းကမ်းပါးကို က်ခက်ခဲခဲဆင်းလာသည်တွင် ခဏမျှအကြာ လူကြီးမှာ ရပ် တန့်လိုက်တော့သည်။

သူသည် ကမ်းစပ်ငုတ်တိုင်၌ သံကြိုးဖြင့်ချည်ထားသည့် လှေ လေးတစ်စင်းကို ဖြုတ်ယူနေခြင်းဖြစ်သည်။

'လာဟေ့ ....တက်တော့'

ကျွန်ုပ် လှေဦးပေါ်သို့ အရောက်တွင် လှေကလေးကို ရေစီး နှင့်အတူ မျှောချလိုက်တော့ရာ လှေကလေးမှာ လှုးလှုန်လျှ ရေစီးထဲတွင် မျှောပါသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လှေမှာ သေးငယ်သော်လည်း ကျွန်ုပ်တို့ နှစ်ဦးအတွ
အဆင်ပြေစွာစီးဆင်းနိုင်ကြောင်း သတိပြုမိ၏။

လှော်တက်တစ်ချောင်းဖြင့် ရေစီးကြောင်းကို ထိန်းသိ
ပေးနေရာမှ လူကြီးက ပြောပြန်၏။

'မင်းတော့ အသက်အေးက လွတ်ပြီဆိုရမယ်'

'ကျေးဇူးတင်လှပါတယ် ဦးလေး၊ ကျွန်တော့် အသက်ဟ
ဦးလေးရဲ့ ကယ်တင်မှုကြောင့်သာ ချမ်းသာရာရတာပါ'

'ဒီလိုလဲ ပြောလို့မရနိုင်ဘူးလေ၊ သတ္တဝါတစ်ခုကံကာ
ဆိုတာ ရှိတယ်မဟုတ်လား၊ ကံ ကံ၏အကျိုးပေးလို့လဲမှတ်
ရင် ရတာပဲကွ၊ အဲ...မင်း နာမည်'

'မောင်သိန်းတန်ပါခင်ဗျာ'

'မောင်သိန်းတန်.... မောင်သိန်းတန်၊ နာမည်နဲ့ လိုက်ဖ
အောင် ကျင့်ဆောင်ကြိုးစားနိုင်ရင်တော့ လူ့အဖိုးတန်ကလေး
တစ်ယောက် ဖြစ်လာနိုင်ကောင်းပါရဲ့လေ'

ကျွန်ုပ်မှာ ပဲ့ကိုင်နေသော လူကြီး၏ ပြောစကားကြော
တုန်လှုပ်သွားမိပြီးလျှင် ယနေ့ အချိန်အထိ မိမိကိုယ်၌အား
လည်းကောင်း၊ သူတစ်ထူးအား လည်းကောင်း၊ ကောင်းစ
ကောင်းကျိုး သည်ပိုးနိုင်ခြင်း မရှိဘဲလျက် လူမိုက်ကွက်ကြား
တို့၏ ဒုစရိုက်လုပ်ငန်းများတွင် ကျင်လည်ခဲ့သည်များကို တွေး
မိကာ ယူကျုံးမရ ဖြစ်မိလေတော့၏။

တစ်ဖန်...

မြွေဟာသီ ရှပ်ဗိုင်းရှင်အား ရှာဖွေရမည့် ကျွန်ုပ်ရည်ရွယ်ချက်
တို့သည်လည်း မှုန်မှိန်လျက် ရှိနေပြန်သည်ကို သတိပြုမိသော



ခါ တာဝန်မဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ် မိမိကိုယ်ကို စက်ဆုပ်မိ
တော့သည်။

'ဘာတွေများ တွေးနေတာလဲကွ ပြောစမ်းပါဦး၊ မောင်
သိန်းတန်'

လှေကလေးမှာ ပဲ့ပိုင်းမှ လှော်တက်ဖြင့် လမ်းကြောင်း
ပြောင်းလိုက်သည်ကြောင့် ဝုန်းခနဲ သိမ့်ခနဲ ဖြစ်သွားသဖြင့်
ကျွန်ုပ်က လှေနံနှစ်ဖက်ကို လက်ဖြင့် ကိုင်ထားရင်း....

'ဘာရယ်မဟုတ်ပါဘူး ဦးလေး၊ဟို...လူဆိုးတွေအကြောင်း
ပါ၊ အဲဒီ အထဲမှာလူဆိုးခေါင်းဆောင်တစ်ဦးအား ကျွန်တော့်ရဲ့
ရည်ယ်ဖြစ်နေတာကို အံ့သြစွာ တွေ့ရလို့ပါ ခင်ဗျာ'

'ဪ....လှုဟန်ဆိုတာလား'

'အလို ဦးလေးကလဲ သိနေပေါ့'

'သိပ် သိတာပေါ့ကွယ်'

'ဘယ်လို သိတာလဲ ခင်ဗျာ'

'နောက်တော့ ပြောပြပါမယ်'

ကျွန်ုပ်တို့လှေလေးသည် ကမ်းစပ်တစ်နေရာသို့ ဦးတိုက်၍
ဆိုက်ကပ်သွားပြီဖြစ်တော့သည်။

ထိုနေရာမှာ အမှောင်ရိပ်တို့ သိပ်သည်းနေသောကြောင့်
ည်သည့်နေရာဖြစ်ကြောင်း မှန်းဆရန်ခက်ခဲနေလေသည်။

ကမ်းစပ်ရှိထိုင်ငုတ်၌လှေကလေး၏သံကြိုးကို ချည်နှောင်ပြီး
သောအခါ လူကြီးသည် ကျွန်ုပ်၏လက်ကိုဆွဲ၍ ကုန်းပေါ်သို့
တက်ရောက်လာပြီးလျှင် တရွေ့ရွေ့ လျှောက်လာခဲ့ကြလေ
တော့သည်။

www.burmeseclassic.com

မကြာမီ ခနီပင်ပေလေးများအစီအရီရှိနေသောနေရာ၏အရှေ့ဘက်၌ တဲငယ်ကလေးတစ်လုံးကိုဘွားခနဲ တွေ့လိုက်ရလေတော့သည်။

'ဟဲ ဟဲ ဟဲ၊ အဲဒါငါ့ရွှေပီမာန်ပေါ့ မောင်သိန်းတန်'

ထိုနောက် တဲ၏တံခါးကိုဖွင့်၍ အိမ်အတွင်းသို့ ဝင်မည်ပြုစဉ် ထိုအခိုက် ခွေးတစ်ကောင်က ကျွန်ုပ်အား ဝူးဝူးဝါးဝါး ဟောင်လေတော့သည်။

ခွေးမှာ သူစိမ်းတစ်ရံဆံဖြစ်သော ကျွန်ုပ်အား ခုန်အုပ်တော့မည်ကဲ့သို့ ရှိခဲ့လေသည်။

'ဟေ့ကောင် မိုးဟိန်း၊ အဲဒါရန်သူမဟုတ်ဘူးကွ၊ မင်းရဲ့မိတ်ဆွေလေ'

ထိုလူကြီး၏စကားကို နားလည်ဟန်ဖြင့် မိုးဟိန်းဆိုသည့်ခွေးသခင်ကြီးသည် ကျွန်ုပ်အားဟောင်နေရာမှ ရပ်တန့်၍ကျွန်ုပ်၏ခြေဖမိုးအား နမ်းမနေလေတော့သည်။

'လိမ္မာလိုက်တာနော် ဦးလေး'

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါ လူကြီးက ဦးခေါင်းညိတ်လျက်....

'မင်းပြောတာ သိပ်မှန်တယ် မောင်သိန်းတန်၊ အင်မတန်လိမ္မာတဲ့ခွေးကြီးပေါ့၊ သူသည် ငါ့အတွက် အကောင်းဆုံးမိတ်ဆွေတစ်ယောက် ပါပဲကွာ၊ ဟား ဟား ဟား'

ဤသို့ပြောဆိုပြီးလျှင် ထိုလူကြီးသည် မိုးဟိန်းဟူသည့် ခွေးသခင်ကြီးအား လည်ပင်းကိုဖက်၍ တယုတယ နမ်းရှုံ့လိုက်ရာ ခွေးကြီးကလည်း တအီအီလုပ်လျက် ခြေလက်များဖြင့် ကုတ်ဖက်တက်နေသောကြောင့် ကျွန်ုပ်မှာ အံ့အားသင့်လျက် ကြည့်နေမိတော့သည်။



ထိုအချိန်တွင် အရှေ့တစ်လွှား၌ ပတ္တမြားရောင်တို့ ယှက်သမ်းလာပြီဖြစ်သဖြင့် အရုဏ်ကျင်းပြီဖြစ်ကြောင်း နှိုးဆော်သကဲ့သို့ ရှိလေတော့သည်။

လူကြီးသည် အိမ်ပေါ်တက်၍ မီးဖိုချောင်၌ ရေနွေးတစ်အိုးကို အလျင်အမြန်တည်ပြီးနောက်ကျက်သည်နှင့် အမဲခြောက်ဖုတ်၍ ဆီဆမ်းပြန်၏။

ပြီးလျှင် ထမင်းကြမ်းများ ခူးခပ်၍ နှစ်ယောက်သား စားသောက်ကြတော့သည်။

မိုးဟိန်းဟူသည့် ခွေးသခင်ကြီးအားလည်း မျှတကျွေးလေသည်။

ထိုသို့စားသောက်နေရာမှ လူကြီးက ပြောလေသည်။

'ငါက မရမ်းပင်ကြီး တစ်ပင်ပေါ်မှာ အရင်ကတည်းက ရောက်နေတာကွ၊ မင်းကိုဖမ်းခေါ်လာတာ ဖြစ်စအဆုံးတွေ့နေရတယ်ဆိုပါတော့'

'ဟင်...ဟုတ်လား၊ ဦးလေးကဘာကိစ္စနဲ့ ရောက်နေရတာလဲ ဟင်'

'ဟား ဟား ဟား၊ ငါကလဲ ငါ့အကြောင်းနဲ့ငါပေါ့ကွာ၊ မင်းကိုဖမ်းခေါ်သွားပြီးလို့ ခဏကြာတော့ မရမ်းပင်မြင့်ကြီးအပေါ်က ချောင်းနားထောင်တာမှာ အသံတွေကြားရတဲ့အပြင် မင်းကိုသတ်မလို့လုပ်နေတာ ငါတွေ့မြင်ရတယ်လေ'

'ဪ...ဒီလိုကိုး'

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ လူဆိုးများ၏ပိုင်နက်ဖြစ်သည့် ထိုခြံကြီးဆီသို့ သူတို့မသိဘဲ ပုန်းလျှိုးကွယ်လျှိုး ဝင်ရောက်နိုင်သည့် ထိုလူကြီး၏ စွမ်းရည်နှင့်အကြောင်းတို့ကို သိချင်နေမိသည့် အလျောက်...

'ဘာအတွက် အဲဒီနေရာကို ရောက်ရှိခဲ့ရတယ်ဆိုတာ သိခွင့်ရှိရင်သိပါရစေ ဦးလေးရာ'

ကျွန်ုပ်က ထိုသို့တောင်းပန်လိုက်ရာ လူကြီးက အံကြိတ်၍ ပြောလိုက်သည်။

'မင်းဟာ မင်းအကြောင်းနဲ့မင်း ဖြစ်ပေမယ့် သူတို့နဲ့ရန်သူ ဖြစ်နေလို့ ငါပြောပြပါမယ်ကွာ၊ တခြားလူသာဆိုရင် ပြောဖို့ဝေးလို့ သူ့ဖွင့်လက်ထဲကတောင် ကယ်ထုတ်မှာမဟုတ်ဘူး မောင်သိန်းတန်'

'ကျွန်တော် ယုံကြည်ပါတယ် ဦးလေး'

'ဂျော်... ငါ့နာမည်က နတ်ရဲတဲ့ကွ'

'ဗျာ... ဦးနတ်ရဲ ဟုတ်လား၊ နာမည်က အဆန်းပါလား ဦးလေးရ'

'ဟား ဟား ဟား၊ မြန်မာလူမျိုးထဲမှာတော့ ဒီနာမည်မျိုး ငါတစ်ယောက်ပဲ ရှိလိမ့်မယ်ထင်တယ်၊ တခြားလူမျိုးထဲမှာလဲ အခြားနိမ်းဆိုတာ ရှိမှာမဟုတ်ပါဘူး'

ဦးနတ်ရဲက ရှင်း၏နာမည်ကို ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုပြီးလျှင် စားသောက်မှုကို ဆက်စသတ်လိုက်ပြီး ရေနွေးပူပူ တစ်ခွက်ကို တရှူးရှူးမှုတ်သောက်နေတော့သည်။

ပြီးလျှင် ကြီးမားသော ဆေးတံကြီးအား ခါးကြားမှ ထုတ်လိုက်တော့သည်။



ထိုအခိုက် အခြားသော အရာဝတ္ထုတစ်ခုက ခါးကြားမှ နေ၍ဝါးကြမ်းခင်းပြင်ပေါ်သို့ လွှတ်ကျသွားတော့သည်။

'ဒေါက်'

ကျွန်ုပ် မျက်လုံးပြူးသွားတော့သည်။

ထိုအရာမှာ ပွိုင့်ငါးလေးဝါးသေနတ်တစ်လက် ဖြစ်နေတော့သည်။

ဦးနတ်ရဲက သေနတ်ကိုအလေးမထားဟန်ဖြင့် ရေနွေးအိုးဘေး၌ချထားလိုက်ပြီး စ...ထုပ်ထဲမှဆေးမှုန့်အချို့ကို ဆေးတံအိုးအတွင်းသို့ ထည့်နေပြန်၏။

ပြီးမှ မီးညှိဖွာရှိုက်လိုက်ပြီး မီးခိုးလုံးများ ထွက်ပေါ်စေလေတော့သည်။

ချောင်းတစ်ချက်နှစ်ချက် ဆိုးပြီးမှ....

'ဝင်းကိုငါ စောင့်ကြည့်နေတာမှာ ဟိုလူဆိုးက သေနတ်မောင်းမဖြုတ်ခင် သူ့ကိုငါပစ်သတ်လိုက်ဖို့ပါပဲ၊ ပိုကောင်းသွားတာက မုလိပ်တွေ ရောက်လာတာပဲပေါ့....

'ဒါကြောင့်လဲ လူသတ်သမားဖြစ်တော့မယ့်ဆဲဆဲ အခြေအနေက လွတ်မြောက်သွားရတာပေါ့၊ ဒါပေမယ့်လေ တစ်နေ့နေ့မှာတော့ ငါဟာလူသတ်ရဦးမှာ သေချာပါတယ်၊ ဒါတော့လွဲမှာမဟုတ်ဘူးကွ'

'အင်း... ဦးလေးရဲ့ဘဝကလဲ တစ်မျိုးပဲနော်'

ကျွန်ုပ်က ဦးနတ်ရဲအားကြည့်၍ စိတ်မသက်မသာ ညည်းလိုက်ရာ ဦးနတ်ရဲက ခေါင်းညိတ်လျက်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါပြောတဲ့အကြောင်းတွေကိုသာ နားထောင်ရရင် လူ့ဘဝခွဲခြားမှုဟာ ဘယ်လောက် ဆန်းကြယ်ကြောင်းနဲ့ အင်တာနံ့ တရားရစရာကောင်းကြောင်းကို ငါတို့သဘောပေါက်ပေလိမ့်မယ်၊ ဒီတော့'

ထို့နောက် ဦးနတ်ရဲသည် ၎င်း၏ ဘဝအကြောင်းများကို အောက်ပါအတိုင်း ပြောဆိုလေတော့ရာ ကျွန်ုပ်မှာ ကတ်ကြေးစီးကရက်ဘူးအားထုတ်၍ တစ်လိပ် မီးညှိသောက်ရင်းမှ စိတ်ဝင်စားစွာ နားထောင်နေမိတော့၏။

ပုသိမ်မြို့၏သင်္ဘောဆိပ် အနီးတွင် 'နတ်ရဲထမင်းဆိုင်' သည် ရောင်းကောင်း၍ လူစည်ကားလှ၏။

မြို့ပေါ်မှ မျက်နှာဖြူအရာရှိနှင့် အုပ်ချုပ်ရေး လူကြီးများ ပင်ထိုဆိုင်သို့ လာရောက်စားသောက်လေ့ရှိသောကြောင့် ဂုဏ်သတင်းမွှေးပျံ့လေသည်။

ထိုဆိုင်၏ဆိုင်ပိုင်ရှင်မှာ ဦးလှထွန်းနှင့် ဇနီးဒေါ်နွဲ့တို့ဖြစ်၍ ၎င်းတို့၌သားလေးတစ်ယောက်ရှိပြီးလျှင် အသားမည်း၍ အရုပ်ဆိုးသောကြောင့် မဲလုံးဟူ၍ အမည်ပေးထား၏။

အသက်တစ်ဆယ့်ရှစ်နှစ်ခန့်ရှိ လူပျိုဖော်ဝင်စ မဲလုံးသည် မိခင် ဖခင်တို့၏အရောင်းအဝယ်ကိစ္စတွင် လုံးဝဝါသနာထုံခြင်း အလျှင်းမရှိတဲ့ တံငါအလုပ်၊ မုဆိုးအလုပ်တို့တွင်သာ ဝါသနာ ကြီးလွန်းနေရှာတော့၏။

တစ်ခါတစ်ရံ ဘိုကလေးမြို့၊ ရှော၊ ကဒုံကနီ စသည်တို့အထိ အပေါင်းအသင်းများ သစ်အရောင်းအဝယ်၊ ငန် အရောင်း အဝယ်လုပ်ရာများသို့ လိုက်ပါသွားတတ်လေသည်။



ရွာ၌ ရှိနေစဉ်တွင်လည်း တခြားသူများ မသွားရဲသည့် သချိုင်းကုန်းနှင့် တစ္ဆေ ခြောက်တတ်သည်ဆိုသော နေရာများ သို့ လောင်းကြေး စားကြေးဖြင့် တစ်ညလုံးသွားလာနေတတ် သည်။

နေအိမ်သို့ လိပ်ဥများ၊ ငါးပုစွန်များ၊ ဗျိုင်းများ၊ မြွေ ပါများ စသည်ဖြင့် တစ်ခုမဟုတ်တစ်ခုယူဆောင်၍ပြန်လာမြဲ ဖြစ် လေသည်။

မိဘများက အကြိမ်ကြိမ်တားမြစ်ဆုံးမသော်လည်း မဲလုံး က အကြိမ်ကြိမ်ဖောက်ဖျက်ကျူးလွန်မြဲဖြစ်သောကြောင့် ကြာ သောအခါ မိဘများလည်း လက်လျှော့ထားရသည်။

တစ်နေ့တွင် ရွာတစ်ရွာရှိ သူငယ်ချင်းများဆီသို့ အသွား တွင် အချိန်မရသည်နှင့် ရွာထိပ်မှ နတ်စင်ပေါ်တက်အိပ်နေရာ မိုးလင်း၍ လယ်ကွင်းသို့ ဆင်းကြသည့် လယ်သမားများက မဲလုံးကို တွေ့ရသည်တွင် အထူးအံ့ဩလျက် စုတ်တသပ်သပ်ရှိနေ ကြသည်။

အကြောင်းသော်ကား ၎င်းနတ်စင်မှာ တစ်ရွာလုံးက ကိုးကွယ် သည်ဟု ယူဆနေကြသောကြောင့် ဖြစ်သည်။

ထိုရွာဦးနတ်၏ နိုးဆော်မှုကြောင့် တစ်ယောက်မဟုတ်တစ် ယောက် အိပ်မက်မက်၍ ရရှိကြသည်ဟု အဆိုရှိ၏။

ထိုသို့ အိပ်မက်ပေးလျှင်လည်း အမှန်အတိုင်းပင် ရွာ၌အစို တစ်ခုမဟုတ် တစ်ခု ဖြစ်ပျက်တတ်သည်ဟု ပြောကြပြန်သည်။

လွန်ခဲ့သောနှစ်က နွားပျောက်ကွက်ရှာသည့် နွားကျောင်း သား တစ်ဦးသည် ထိုနတ်စင်နားအရောက်၌ အပေါ့စွန့်မိသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်သောအခါ စကားမေးမရဘဲ သေဆုံးသွားကြောင်းနှင့် လွန်ခဲ့သော တစ်လခန့်က ထိုနတ်စင်အနီး၌ ချစ်သူ သမီးရည်းစားများ ဘာသာဘာဝ ချိန်းတွေ့ကြသည့် ရွာထဲမှ လူငယ်နှင့် လုံမငယ်တို့နှစ်ဦးမှာ နံနက်မိုးလင်းသော အခါ၌ အဆိပ်တက်လျက် သေဆုံးနေကြကြောင်းနှင့် ထိုသူများမှာ ရွာဦးနတ်စင်ရှေ့တွင် မဖွယ်မရာ နေထိုင်ကြသောကြောင့် ဘေးဥပဒ်ဖြစ်ခဲ့ရ၍ မြွေက ကိုက်သတ်ခြင်း ဖြစ်ကြောင်းများကို နောက်မှသောအခါ၌ မဲလုံး ကြားသိရတော့၏။

ထို့ပြင် အခြားအဖြစ်အပျက် အမျိုးမျိုးကိုလည်း ရွာဦးနတ်စင်နှင့်ပတ်သက်၍ ပြောပြနေပလေ၏။

သို့ရာတွင် ထိုမျှ နတ်ကြမ်းသော နတ်စင်၌ တစ်စုံတစ်ရာသောအန္တရာယ်မျှဘဲ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နိုင်သော မဲလုံးအား နတ်ရဲသူ ဖြစ်သောကြောင့် ထိုနေ့မှစ၍ နတ်ရဲမဲလုံးဟု ခေါ်ကြရာမှ နောင်သောအခါ နတ်ရဲဟုသာ ခေါ်ကြလေသည်။

အားလုံးက ထိုသို့ခေါ်သောကြောင့် မိဘနှစ်ပါးကလည်း နတ်ရဲဟုခေါ်ရာမှ ထမင်းဆိုင်နာမည်ကိုပင် 'နတ်ရဲထမင်းဆိုင်' ဟု မှည့်ခေါ်ခဲ့လေ၏။

နတ်ရဲ၏ ကြမ်းတမ်း ပေတေမှုများက လူတိုင်း အော့ကြောလန့်ကြသော်လည်း ဆိပ်ကမ်းမှ သင်္ဘောကျူလီခေါင်း ကိုအေးငွေ၏သမီးဖြစ်သူ ငွေစိန်မှာ နတ်ရဲအား ချစ်ခင်ရှာလေသည်။

နတ်ရဲကလည်း ငွေစိန်အား ချစ်မဝနိုင်အောင် ရှိလေတော့သည်။



ဤသို့ဖြင့် နတ်ရဲနှင့် ငွေစိန်တို့ ချစ်သူနှစ်ဦး၏ သတင်းမှာ ပုသိမ်မြို့ သင်္ဘောဆိပ်ကမ်းတွင် အားလုံးသိပြီး ဖြစ်နေသည်။

တစ်နေ့တွင် နတ်ရဲနှင့် သိတောင်းကျွမ်းဖောင်း ဖြစ်သော မော်တင်စွန်းဘက်မှ ထွန်းလှဆိုသူသည် အဖော်တစ်ယောက်နှင့်အတူ ရောက်လာ၍ နတ်ရဲတို့ထမင်းဆိုင်တွင် တည်းခိုနေထိုင်လေသည်။

နတ်ရဲ ထွန်းလှတို့ကိုခေါ်၍အရက်ရောင်းသောအိမ်တွင် ပွဲစုံနေလေ၏။

ထွန်းလှ၏ ပြောစကားအရ အခရောင်းအဝယ်ကိစ္စဖြင့် ရန်ကုန်သို့သွားရန် ရောက်ရှိလာကြောင်း သိရလေသည်။

အရက်ဝိုင်းသည် စိုပြည်နေသည်။

တစ်ခွက်တင်စ အမူးဒီဂရီလည်း ပိုမိုတိုးတက်၍သာလာခဲ့သည်။ စကားများသည်း ရောက်တတ်ရာရာ ပြောဆိုကြရာ နတ်ရဲက သူနှင့် ငွေစိန်တို့၏ ချစ်ဇာတ်လမ်းအကြောင်းကိုပင် ဖွင့်ဟပြောကြားသည်အထိ ဖြစ်လာသည်။

သူတို့သုံးယောက်သား မူးမူးရူးရူးဖြင့် အရက်ရောင်းသောနေရာမှ ထွက်ခွာလာခဲ့စဉ် တစ်ခုသော မှောင်ရိပ်အရောက်၌ နတ်ရဲ၏ခေါင်းတွင် နာကျင်သွားပြီး မှောင်အတိကျသွားလေသည်။

နံနက်မိုးလင်း၍ နတ်ရဲ သတိရလာသောအခါ ဆိပ်ကမ်းတစ်ခုတွင်လူအများစုရုံးစုရုံးဖြစ်နေသည်ကိုတွေ့ရပြီး ပျော်မူလိမ်သားအချို့ကိုလည်း တွေ့ရသောကြောင့် မိမိတို့ဆိုင်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ရဲကိုတွေ့သောအခါ လူအားလုံးက ကရုဏာမျက်လုံးများဖြင့် ဝိုင်းဝန်းကြည့်နေကြသည်ကို တွေ့ရ၏။

အဆုံးတော့ မောင်သိန်းဘန်၊ ဒီထွန်းလှဆိုတဲ့ကောင်ဟာ တို့ရွာမှာ လူတစ်ယောက်ကိုသတ်လာခဲ့ပြီး ထွက်ပြေးနေတာမှာ ငါတို့ဆီ ခဏဝင်တည်းရင်း ခရီးသွားဟန်လွှဲ သောင်းကျန်းသွားတယ် ဆိုရမှာပေါ့လေ၊ ငါ့အဖေနဲ့ ငါ့အမေဟာ သူတို့လက်ချက်နဲ့ သေရှာတဲ့အပြင် ငါ့မိဘတွေ စုဆောင်းထားတဲ့ ရွှေငွေပစ္စည်း အခေတ်မျှားမျှားလည်း တစ်ပြားမကျန် ယူသွားကြလေရဲ့'

'ဪ...ဒီလိုကိုး'

ကျွန်ုပ်မှာ ဦးနတ်ရဲ၏အဖြစ်အပျက်ကို စိတ်မကောင်း ဖြစ်မိလျက် စိတ်မသက်မသာ ပြောမိလေသည်။

'ဒါဘင် မကာသေးဘူးကွ'

'ဗျာ....ကျန်သေးလို့လား'

'ကျန်တာပေါ့ မောင်ရာ၊ ဒီကောင်တွေဟာ အဲဒီညမှာပဲ ငါ့ချစ်သူ ငွေစိန်ကို ငါ့ခေါ် ခိုင်းဟန်နှင့် မလိမ့်တပတ် ခေါ်လာခဲ့ပြီး သေနတ်ပြလို့ အနိုင့်အထက်ပြုကျင့်တယ်လို့ နောက်မိုင်းမှာ ငါ သိရပြန်သေးတယ်'

'တောက်...တော်တော် လူမဆန်တဲ့ကောင်တွေပါလား ဗျာ'

'ငွေစိန်လဲ မကြာမီရက်အတွင်းမှာ အရှက်ကို အသက်နဲ့လဲပြီး လူ့ဘဝက ထွက်ခွာသွားတော့တာပါပဲ မောင်သိန်းတန်၊ ဦးလေးဟာ မိဘတွေဆုံးတာ မကြာသေးခင် ချစ်သူကိုပါ ဆုံး



လှုတ်ရပြန်တော့ ရင်ထဲမှာ ဘယ်လောက်အထိ ခံစားပြီး ပူပင်ဒုက္ခရောက်ရတယ်ဆိုတာ စဉ်းစားသာကြည့်ပါတော့ကွယ်'

'မှန်ပါတယ် ဦးလေး'

'ဒါနဲ့ ဦးလေးဟာ မြို့အနှံ့နယ်အနှံ့ သွားလာပြီး ထွန်းလှကို လိုက်လံစုံစမ်းတော့တာပေါ့၊ ဦးလေးအတွက် ဒါပဲ ရှိတော့တယ် မဟုတ်လားကွယ်'

'ဟုတ်တာပေါ့ ဦးရယ်'

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါ ဦးနတ်ရဲသည် ဆေးတံကြီးကို တစ်ချက် ရှိုက်ဖွာလျက် မီးခိုးများကို မှုတ်ထုတ်နေတော့သည်။

ပြီးမှ...

'အင်း...မကြာခင်သုံးရက်လောက်ကမှ ထွန်းလှဆိုတဲ့ကောင်ကို သွားရင်းလာရင်း တွေ့လိုက်ရတော့တယ်'

'ဒါနဲ့ ထွန်းလှဆိုတဲ့လူဟာ ဘယ်သူလဲ ဦးလေး၊ သူက ဘာလုပ်နေသလဲ'

'ဟား....ဟား....ဟား

ကျွန်ုပ်၏ မေးခွန်းကို ဦးနတ်ရဲက အားပါးတရ လှောင်ရယ်နေသောကြောင့် စဉ်းစားမရနိုင်အောင် ဖြစ်နေသော ကျွန်ုပ်အား ဦးနတ်ရဲက...

'ထွန်းလှဆိုတာ ခုနပြခေါင်းဆောင် လူဆိုး မုန်တိုင်းလေ ကွာ၊ ဟား ဟား ဟား...မင်းအံ့ဩသွားသလား မောင်သိန်းတန်၊ ငါလဲ အစက တော်တော် အံ့ဩသွားတာကွ'

'အိုး....'

www.burmeseclassic.com



ကျွန်ုပ်လည်း အိပ်လွန်ပင် အုံအားသင့်သွားတော့သည်။ ဦးနုတ်ရဲက ဆက်လက်၍...

'ရှင်းရှင်းပြောရရင် သူ့ကို စတွေ့လိုက် ကတည်းက မျက်ခြည်မပြတ် လိုက်ချောင်းနေခဲ့တာ၊ အဲဒီ မရမ်းခြံကြီးထဲ သွားတဲ့ အထိပဲ မောင်သိန်းတန်၊ အခေါ်ကလှမ်းပစ်မယ်... တော့ ရတယ်၊ ဒါပေမယ့် မသေချာဘူးကွ...

ဒါကြောင့် အနီးကပ် သေသေချာချာပြောဆိုပြီး မသေ... ရသမျှ မသတ်သေးဘူးလို့ သန္နိဋ္ဌာန် ချလိုက်ချိန်မှာပဲ မင်း... ဖမ်းခေါ်လာတာ တွေ့ရတော့တယ်၊ ဒါနဲ့ မင်းအကြောင်း... လဲ သိပါရစေသား မောင်သိန်းတန်'

'ပြောပြပါမယ်ခင်ဗျာ'

ထို့နောက် ကျွန်ုပ်လည်း ရှေးဟသ်္ာရုပ်နှင့်ပတ်သက်၍ ... သင့်သည်များကို ချန်ကာ အခြားအကြောင်းအရာများကို ... စေ့စေ့ ပြောပြလိုက်တော့သည်။

'အင်း...မင်းဘဝဟာလဲ ငါ့ဘဝလိုပါပဲလား၊ အေးလေ... မကြာခင်တော့ တို့ မျှော်လင့်တဲ့အချိန် ရောက်လာဦး မှာပါ... ကဲ...ကဲ...တစ်ရေးတစ်မော အိပ်ကြဦးစို့ မောင်သိန်းတန်'

'ဟုတ်ကဲ့ ဦးလေး'

*

## ရှေးဟသ်္ာရုပ်ပိုင်ရှင်ကိုတွေ့ရှိခြင်း

ကျွန်ုပ် အိပ်ရာမှ နိုးသောအခါ နေ့လယ် ဆယ့်နှစ်နာရီခန့် ရှိနေလေပြီ။

ဦးနုတ်ရဲကိုလည်း မတွေ့ရချေ။

သို့ရာတွင် အနီးရှိ ဒေါးပွဲခုံလေးပေါ်၌ အသင့် ခူးခပ်ထား သော ထမင်းပန်းကန် နှစ်ချပ်နှင့် အမဲသားဟင်းနှင့် ငါးပိရည် ဖျော် တစ်ပန်းကန်ကို တွေ့ရလေသည်။

ကျွန်ုပ်သည်း အိမ်ရှေ့ စင်္ကြံအိုးသို့သွား၍မျက်နှာသစ်လေရာ အဝေးဆီမှ လာနေသော ဦးနုတ်ရဲကိုတွေ့ရတော့သည်။

ခုင်း၏လက်ထဲ၌ ဘူးညှန့် နှံနှံပင်နှင့် အခြား တို့စရာ တိုလီ မိုလီများ တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ ရောက်သောအခါ....

'တို့စရာ သွားခွးတာကွ မောင်သိန်းတန်ရဲ့ ဟိုး ဘ တဲလေးတစ်လုံးမှာ ဦးရဲ့မိတ်ဆွေ တစ်ယောက်က တော ခင်းလေး စိုက်ထားတယ်လေ'

'ဟုတ်ကဲ့....ဒါနဲ့ ဒီနေရာဟာ ဘာအရပ်လို့ ခေါ်သလဲ လေး'

'တိုးချောင်ကလေးအပိုင်လို့ ခေါ်ရမှာပဲကွာ၊ ဦးလေ မလှတစ်စင်းနဲ့ ငါးရှာ၊ဖားရှာရင်း ဒီနေရာလေးကို သ ကျအာနဲ့ တဲတစ်လုံး ဆောက်ပြီး အခြေချရတော့ တာ ကဲ....ထမင်းစားကြစို့ ငါ့တူ၊ ဟင်းကတော့ အမဲခြောက် ပဲကွာ၊ ခရမ်းချဉ်သီးနဲ့ ချက်ထားတာ စားလို့တော့ ြ လိမ့်မယ်'

ထို့နောက် ကျွန်ုပ်တို့ နှစ်ဦးသည် ဆာဆာနှင့် မြိန်ရှ စားသောက်ကြတော့၏။

စားသောက်နေစဉ်တွင် ကျွန်ုပ်က...

'ဦးလေးရေ....နောက်များမှ လာခဲ့ဦးမယ်၊ ကျွန်ေ တည်းခိုနေထိုင်တဲ့အိမ်ရှင်တွေက ညတွင်းချင်း ကျွန်တော်ပျေ သွားလို့ စိတ်ပူနေရှာရော့မယ်၊ ညနေစောင်းချိန်လောက်ြ ဖြစ်လိမ့်မယ်'

'အေးပေါ့ကွာ၊ စိတ်ပူနေရှာမှာပေါ့၊ ညနေစောင်းက ဟိုဘက်တမီးရောက်အောင် လှေလှော်ပြီး ပို့ပေးပါမယ်၊ မကြာမကြာလာပေါ့ မောင်သိန်းတန်၊ ဟိုကောင်တွေ အ အနေ ဘယ်လိုရှိမှန်း ဘျိုသဲ မသိတော့ဘူး၊ သတင်းစာ



မှသိရမှာပဲကွ၊ အဲဒီကောင်တွေသတင်းစုံစမ်းရင်း ဦးလေး သယ်န်းကျွန်းဘက်ကို သွားရဦးမယ်ကွ၊ အတူတူ သွားကြ ပေါ့ကွာ'

ဟုတ်ကဲ့ ဦးလေး'

မင်းလဲ သတင်းရသမျှစုံစမ်းပြီး ဦးလေးကို အသိပေးပါ၊ လေးကလဲ ပြောပြပါမယ်'

စိတ်ချပါ ဦးလေး'

ထိုနောက် ထမင်းစားသောက်ပြီး၍ ခေတ္တမျှ စကားမြည် ဆိုကြပြီးနောက် တရေးအိပ်ကြပြန်လေသည်။

အိပ်ရာမှနိုးသောအခါ ကျွန်ုပ်၏အသင့်ရှိနေသော ပိုက်ဆံ ထဲမှငွေငါးဆယ်ကို ဦးနုတ်ရဲအားပေး၍သွားရန် ပြင်ဆင် တော့သည်။

လှေကလေးမှာ ချောင်းရိုးအတိုင်း လှော်ခတ်ပြီးနောက် န်ကြသောအခါ ကားလမ်းနှင့်မနီးမဝေးတွင် ရှိသည့် ားကြီးအနီးတွင် ဆိုက်ကပ်လိုက်တော့သည်။

ကျွန်ုပ်တို့နှစ်ဦးသည် လှေကလေးကို ငုတ်တိုင်တွင် ကြိုးဖြင့် ချည်ပြီးနောက် သယ်န်းကျွန်းဘက်သို့ ထွက်လာခဲ့ကြလေ သည်။

ဘတာနှင့် မနီးမဝေးသို့ ရောက်သောအခါ ကျွန်ုပ်လည်း ဦးရဲအား နှုတ်ဆက်လျက် အယင့်တွေ့သည့် မြင်းရထား းကိုလှမ်းခေါ်ကာ ထွက်ခွာခဲ့လေတော့သည်။

းရဲနုတ်ကား လက်တပြပြဖြင့် ဘူတာဘက်သို့ ထွက်သွား တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြောက်ကုန်းရှိ မစပယ်အိမ်ရောက်သည့်တွင် ဟန်မဆောင်နိ
တော့ဘဲ မစပယ်မှာကျွန်ုပ်အားဖက်၍ ငိုရှာလေတော့၏။ အမျိ
ကြီး ဒေါ်မွေးလှကလည်း ဝမ်းနည်းဝမ်းသာဖြင့် ပြောရှ
လေသည်။

'အမယ်လေး မောင်သိန်းတန်၊ တို့မှာဖြင့် မင်းတစ်ယော
လူ့ပြည်မှာမှ ရှိပါတော့မလားလို့ ထင်နေမိတာ၊ မင်းရဲ့သီမဖြ
အိမ်ပြန်ရောက်ကတည်းက ကျရှုံးရှုံ့ငိုနေရှာတာ၊ သူ့မျက်လုံ
တွေသာကြည့်ပေတော့'

'တို့တော်ပါတော့ မစပယ်ရယ်၊ အစ်ကိုဘာမှမဖြစ်ပါဘူး၊ လူ
ဆိုးတွေဖမ်းသွားတာတော့ မှန်ပါတယ်'

'အစ်ကို့အတွက် မစပယ် သိပ်စိုးရိမ်တာပဲ အစ်ကိုရယ်
မစပယ်လေ…မစပယ်အစ်ကိုသာ တစ်ခုခုဖြစ်ရင် ကိုယ့်ကိုယ်
သတ်ပစ်မိမှာအမှန်ပဲ အစ်ကိုရယ်၊ မစပယ်…မစပယ် မရှက်နိုင်
တော့ပါဘူး'

'ဟဲ့ ဟဲ၊ အုံ့ပုန်းတွေ ပွင့်ထွက်ကုန်ပြီလေ၊ နောက်အုံ့ပုန်း
ကလဲ ပြောသင့်တာပြောလေကွယ်'

အမျိုးကြီး ဒေါ်မွေးလှ၏ စကားကြောင့် ကျွန်ုပ်ကပြုံး
နေရာမှ…

'ဘာမှပြောစရာ မသိတော့ပါဘူး အဒေါ်၊ ကျွန်တော်
အတွက် ကျွန်တော်သိပ်ချစ်တဲ့ မစပယ် တစ်ယောက် စိုးရိ
သောကဖြစ်မှာကို ပလိုလားနိုင်အောင် ဖြစ်မိတယ် ဆိုတာ
ပြောချင်ပါတယ်'



'အဘေး…ဖေား…ဟေး၊ ဒီနေ့ဟာ မင်္ဂလာနေ့ပဲဟေ့။
တော့ မင်းတို့နှစ်ယောက်စလုံး မီးဖိုထဲဝင်ပြီး ထမင်းဟင်
ကြ၊ ငါအနားယူမယ်'

'ဟား…ဟ ဟ…ဟား'

'ခစ် ခစ် ခစ်၊ မဆိုင်တဲ့အပေါက် ဂလိုင်နဲ့ခေါက် ဆိုတာ
ပဲလား ဒေါ်ဒေါ်ရဲ့၊ အလှတားအစ်ကို၊ သူ မီးဖိုချောင်
ချင်တော့နဲ့ သက်သက်ငှာတော်များတာ'

ကျွန်ုပ်တို့သုံးဦးသားမှာ ပျော်ရွှင်လျက် ရှိလေတော့သည်။
ယ်က မေးသောကြောင့် မနေ့ကဖြစ်ပျက်ခဲ့သော ပုံခင်းမှ
ခ်အပျက်များကို ပြန်လည်မပြောပြလေရာ အဒေါ်ကြီးဒေါ်
လှနှင့် မစပယ်တို့ တုဝရီးမှာ ရင်တထိတ်ထိတ်ဖြင့် နား
ောင်လျက်ရှိတော့သည်။

ထိုနေ့မှစ၍ ကျွန်ုပ်နှင့် မစပယ်၏ အချစ်ပင်လေးကို စောင့်
ရှောက်မိကြလေသည်။

မည်မျှပင် လွတ်လပ်မှုရှိစေကာမူ ကျွန်ုပ်တို့သည် တစ်ဦးနှင့်
ဦး သစ္စာ စောင့်ထိန်းလျက် မှန်မြဲဝံ့သောမေတ္တာဖြင့်သာ
လျက် ရှိကြလေသည်။

ကျွန်ုပ်သည် တစ်ခါတစ်ရံ၌ အိမ်မှ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်
နှင့် အခြားလိုအပ်သော ပစ္စည်း ပစ္စယ အချို့ကို ကျွဲဆိတ်
ဆိတ်တွင်ထား… ကျိုးချောင်ကလေးမှ ဦးနုတ်ရဲဆီသို့ သွား
က်ပို့ဆောင်ပေးလေ့ရှိ၏။

ထိုအခါများတွင် ဦးနုတ်ရဲမှာ ဝမ်းလာအားရ ကြိုဆိုရှာ
ည်။

www.burmeseclassic.com



ဤနေရာ၌ပြောပြရန် တစ်ခုကျန်နေသည်မှာ လူဆိုးခေါင်းဆောင် မုန်တိုင်းတို့ အဖွဲ့အား သယ်န်းကျွန်း ဘူတာ အနီး ကုလားသူဌေးတစ်ဦး ပိုင်ဆိုင်သော အိမ်ဟောင်းကြီးအတွင်း ခိုအောင်းနေကြစဉ် သတင်းရရှိသောကြောင့် ပုလိပ်အဖွဲ့မှဝင်ရောက်ဖမ်းဆီးရာ ပြန်လှန်ပစ်ခတ်ခုခံသည့်အတွက် လူဆိုးလေးယောက် အသေ ဖမ်းဆီးမိသည်မှအပ လူဆိုးခေါင်းဆောင် မုန်ကိုင်းနှင့် လက်ထောက်လူဟန်အပြင် နောက်သုံးဦးမှာလွတ်ပြေးလွတ်မြောက်သွားကြကြောင်း သတင်းပင်ဖြစ်လေ၏။

'အင်း....ဒါဆိုရင်တော့ မုန်တိုင်း အမည်ခံ လူထွန်း ဆိုတဲ့ ကောင်မျိုးကို လိုက်လံရှာဖွေဖို့ အခုပဲရပြန်တာပေါ့ မောင်သိန်းတန်....'

'ကျွန်တော်လဲ ဒီကောင်တွေကို တွေ့ချင်နေတာပါဦးလေး ဒါပေမယ့် ကျွန်တော့်မှာ အခြားအရေးကြီးတဲ့ကိစ္စတစ်ခုကလဲ ရှိနေပါသေးတယ်၊ အဲ့ဒီကိစ္စပြီးမှပဲ သူတို့ကိုလိုက်ရှာနိုင်တော့မှာပါ'

'ကိစ္စ မရှိပါဘူးလေ၊ ဦးလေးကပဲ မင်းကိစ္စကို တစ်ခါတည်း ဖြေရှင်းပေးလိုက်ပါ့မယ်'

'ဟာ မလုပ်ပါနဲ့ ဦးလေး၊ ကျွန်တော်လဲ ဦးလေး ပြောသလို သေသေချာချာ မေတ ဆိုင်ပြီးမှ ဖြေရှင်းချင်လို့ပါ၊ အခုလိုမှတော့ မအောက်မေ့ပါနဲ့နော်၊ အဲ....တကယ်လို့ကျွန်တော်ကို ကူညီချင်တယ်ဆိုရင်သာ သူတို့သတင်းကြားရင် ကျွန်တော်ဆီ အကြောင်းကြားပေးဖို့ပါပဲ'

ဦးနုတ်ရဲက ကျွန်ုပ်အား သဘောပေါက်စွာကြည့်လျက်—



'မှန်ပါတယ်လေ....၊ ဦးလေး ဘယ်လိုမှ မထင်ပါဘူး၊ မင်းလိပ်စာလေးသာ ရေးပေးခဲ့ပါ၊ အကြောင်းထူးရင် သတင်းပေးပါ့မယ်၊ ဪ.... မောင်သိန်းတန်၊ နောက်တစ်ခေါက် မလာနဲ့တော့ကွယ်၊ လာမယ့် တစ်ရက်နှစ်ရက်ကစပြီး ဦးလေး ခရီးထွက်တော့မယ်'

'ဟာ...မြန်လှချည်လား ဦးလေးရဲ့'

ကျွန်ုပ်က မြန်ဆန်လွန်းသည့်အတွက် ထိုသို့ပြောရာ ဦးနုတ်ရဲက....

'သူတို့နဲ့ ပတ်သက်တဲ့လူတစ်ယောက်ကို ဦးလေး တွေ့ထားမိတယ်ကွယ်၊ ဒီတော့ ဒီကောင်တွေ ခြေရာမပျောက်ခင် ကိုယ်က ဦးထားရမှာမို့ပါ၊ ဦးလေး အနေနဲ့ကတော့ မနက်ဖြန်ကစပြီး ခရီးထွက်သင့်တယ် ထင်တာပဲ'

'ဒီလိုဆိုရင်လဲ လိုရမယ်ရ ဒါလေးတော့ လက်ခံပါဦးလေးရာ၊ အခက်အခဲတွေ့တဲ့အခါ သုံးနိုင်တာပေါ့'

ကျွန်ုပ်က အဆင့် ပါလာသည့် ငွေသုံးရာကို ပေးလေရာ ဦးနုတ်ရဲက မယူလိုသော်လည်း ကျွန်ုပ်က အတင်းပင် ၎င်း၏ အိတ်ကပ်ထဲသို့ ထိုးထည့်လိုက်ရတော့သည်။

အပြန်၌ ထုံးစံအတိုင်းပင် ကျွန်ုပ်အား သယ်န်းကျွန်း၊ ငမိုးရိပ် ဓာတ်တား အနီးအထိ လှကလေးလော်၍ လိုက်ပို့ပေးရှာလေသည်။

အော့ကုန်းသို့ ပြန်ရန် စောနေသေးသည့်ကြောင့် ပျင်းမှုန်းရှိသည်နှင့် ကျွန်ုပ်လည်း သိမ်ကြီးဈေးဘက်သို့မြင်းလှည်းငှားလျက်သွားခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်ကြီးဈေးရောက်လျှင် မစပယ်နှင့် သင့်တော်မည့် အဆင်ဆန်းလေးများကို ဆိုင်တကာ့ဆိုင် လှည့်လည်၍ ကြည့်ရှုနေမိတော့သည်။

သို့ရာတွင် ဝယ်ရမည့် ကိစ္စမှာ ယောကျ်ားတစ်ဦး ဖြစ်နေသည့်အတွက် မိန်းမပစ္စည်းဝယ်ရန် တွန့်နေမိတော့၏။

၍ထို့ဖြင့် ချီတုံချတုံဖြင့်သာ လျှောက်လျက်ရှိလေတော့၏။

ညနေစောင်းသောအခါ ချိုင်းနားတောင်းမြို့ခေါ် တရုတ်ဆိုင်တန်း၌ လတ်ဆတ်သော တရုတ် အစားအစာများကို မြိန်ရှက်စွာ စားသောက်ပြီးနောက် ကမ်းနား ဘက်သို့ ထွက်ခွာလာခဲ့တော့သည်။

လှပသော ဘည်းဆာ၏ ဆိပ်ကမ်းရှုခင်းကို ကြည့်နေမိရာမှ ကျွန်ုပ်၏ ဘဝနှင့် ဖခင်ဖြစ်သူ ဘုန်းတော်ကြီး တို့၏ ဘဝများ၊ ညီဖြစ်သူ လူဆိုးမောင်လှဟန်၊ မစပယ်နှင့်တကွ ဦးနုတ်ရဲအပြင် ရှေ့ဖြာသို့ရှုပ် ကိစ္စများကိုပါ တစ်ဆက်တည်း တွေးမိ ပြီးလျှင် ပင့်သက်တစ်ချက်ကို ရှိုက်ထုတ်မိပေတော့သည်။

ထိုစဉ်...

ကျွန်ုပ်နှင့် မနီးမဝေး၌ မထင်မှတ်သော ကိစ္စတစ်ရပ် ဖြစ်ပွားသွားတော့သည်။

မိန်းကလေး တစ်ယောက်အား ယောကျ်ား နှစ်ယောက်က တစ်ဖက်တစ်ချက်ညှပ်၍ ဖမ်းဆီးလိုက်ခြင်းဖြစ်၏၊

မိန်းကလေးက...

'ရှင်တို့ လွှတ်မလား မလွှတ်ဘူးလား၊ မလွှတ်ရင် ကျွန်မ အော်လိုက်မယ်နော်၊ ဒါပဲ'



ထိုအခါ ယောကျ်ားတစ်ယောက်က...

'အော်လေ...အော်စမ်းပါ၊ တို့ဘယ်သူတွေလဲဆိုတာ မင်းသိသွားပဲ၊ ဟား...ဟား'

'ဟဲ...ဟဲ...ဟဲ'

နောက်ဘစ်ယောက်ကပါ ရောယောင်ရယ်မော၍ ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်စဉ် အခိုက်အတန့်ကောင်းကို လက်လွှတ်တတ်သော ကျွန်ုပ်က လျင်မြန်ခြင်းနှင့်အတူ ၎င်းတို့ ရှိရာသို့ သွားရောက်လိုက်တော့သည်။

'ကဲကွာ'

'ဒုတ်...ခွပ်'

'အင့်...အ'

ထိုဘူ နှစ်ယောက်မှာ မိန်းကလေး ကိုသာ မဲနေလေရာ ရှိ အား လုံးဝမမျှော်လင့်သည့်အလျောက် ကျွန်ုပ်၏ လက်ခေါင်းများမှာ ဇယ်ဆက်သကဲ့သို့ထိရောက်မြန်ဆန်စွာ အသုံးပြုခဲ့ခြင်း ဖြစ်သည်။

ထိုသူ နှစ်ဦးမှာ ဗောတံတား ဘေး၌ လဲကျသွားတော့၏။ သွားလူလာ ပြတ်လပ်လျက် ရှိသောကြောင့်သာ ကျွန်ုပ်တို့ ၏အပျက်ကို မည်သူမျှ မသိရှိကြခြင်းဖြစ်၏။

'ကဲ...သွားကြစို့'

ကျွန်ုပ်က မိန်းကလေးကိုဆွဲ၍ ထိုသို့ ပြောလိုက်သောအခါ မောလှုပ၍ သောက်ရှူးကြယ်သဏ္ဌာန်မျက်လုံးများပိုင်ရှင် မိန်းကလေးက လဲကျနေသူ နှစ်ယောက်ထံ လက်ညှိုး ထိုး ပြ...

www.burmeseclassic.com

www.burmeseclassic.com



'သူ...သူတို့အိတ်ထဲမှာသေနတ်တွေ ရှိတယ်၊ အဲဒါ ယူ
ရင် ကောင်းမယ်'

'ဟုတ်သား'

ကျွန်ုပ်သည် လဲကျနေသူနှစ်ဦး၏ ဘောင်းဘီအိတ်များ
နှိုက်ကြည့်ရာ မိန်းကလေးပြောသည့်အတိုင်း သေနတ်နှစ်
တွေ့ရသည်နှင့် ခါးကြားတွင် အလျှင်အမြန် ထိုးထည့်လို
သည်။

တစ်ဖက်မှ လဲကျနေသူ တစ်ယောက်သည် ယော
ညည်းတွား၍ တစ်ဖက်သို့ လှည့်လိုက်သော အခါ တ
ဘောင်းဘီအိတ်မှထွက်လာကျရှိသည့် လက်ထိတ်တစ်စုံ ကို
အမှတ်မထင်တွေ့မြင်လိုက်ရတော့သည်။

မိန်းကလေးက...

'ကဲ...အစ်ကို သွားကြစို့'

လို့ နောက်...

ကျွန်ုပ်သည်း ဘာမသိ ဘာမသိဖြင့် မိန်းကလေး နော
ခပ်သွက်သွက် လျှောက်လာခဲ့ရာ လမ်းကို ကျော်ဖြတ် ပြီး
အခါ ဓိုထောင်လျက်ရှိ၏ မော်ရိမ်နှ ရပ်နားထားသည်
ကလေးတစ်စီးကို တွေ့ရတော့သည်။

'လာ အစ်ကို၊ မြန်မြန်တက်'

မိန်းကလေးက ကားပေါ်တက်၍ ကားမောင်းသူ
ဝင်ရောက်ထိုင်လိုက်ပြီး 'ကျွန်ုပ်အား ခေါ်လေရာ ကျွ
အူကြောင်ကြောင်ဖြင့် ကားတံခါးဖွင့်၍ ရင်း၏ဘေး
လိုက်ရတော့သည်။



ထိုအခါ စက်နှိုး၍ မိန်းကလေးက အလျှင်အမြန် မောင်း
လိုက်လေသည်။ ကားမောင်းရင်းမှ...

'အစ်ကို ဘယ်အဖွဲ့ကလဲ ဟင်'

'ဗျာ...ဘာအဖွဲ့လဲ'

မိန်းကလေး၏အမေးကြောင့် အံ့အားသင့်သွားသောကျွန်ုပ်
မြန်မြန်မေးလိုက်မိလေသည်။

မိန်းကလေးက သွားကလေးများပေါ် အောင်ပြုံးလျက်...

'အကြောင်းရှိလို့တာ မဟုတ်ဘူးဆိုရင်တော့ အထူးပဲကျေး
တင်ရှိကြောင်း ပြောလိုပါတယ်ရှင်'

ထိုအခါ ကျွန်ုပ်မှာ ဝေါ့ပွသွားလျက်...

'ဒီမှာ မင်း ကျေးဇူးတင်တာ ဟုတ်ပါတယ် အဲဒီ...၊ အနိုင်
ထက် ပြုလုပ်တဲ့ကိစ္စမှန်ရင် ပါဝင်ကူညီရမှာပါ၊ ဝါဟာဝန်ပဲ၊
ကြောင့်လဲ ယောကျ်ား နှစ်ယောက်က မိန်းကလေး တစ်
ယောက်ကို နိုင်ထက်စီးနင်း ပြုလုပ်မယ့်ကိစ္စကို ဝင်ရောက်ကူညီမိ
ပဲ၊ ဘာအဖွဲ့သားအဖွဲ့တွေလဲ ကျုပ်နားမလည်ဘူး၊ အကြောင်း
တစ်ခုလဲ မသိဘူး၊ အခုလဲ ကိစ္စပြီးနေပြီ၊ ကျုပ်ကို ကား
ပေးပါ၊ ကျုပ် သွားပါရစေတော့'

ကျွန်ုပ်က ပြတ်ပြတ်သားသားပြော၍ ကားရပ်ခိုင်းသော်
လည်း မိန်းကလေးကမူ ကားရှိန်ကို မလျှော့ဘဲ လီဗာကို ပိုမို
နင်းလိုက်ပြီးလျှင် ပြုံး၍...

'ခေါ်သမျှကြီးပါနဲ့အစ်ကိုရယ်၊ ညီမက အစ်ကို့ကို တခြား
အားသားတစ်ယောက်လို့ ထင်မိလို့ပါ၊ အစ်ကိုဟာ အသက်
ပုတ် အတိုက်အခိုက်လဲ တော်တော်ကျင်လည်ပုံရတယ်၊ ဒါ

www.burmeseclassic.com



ကြောင့် ထွေးထွေးရဲ့ဘိုးဘိုးနဲ့ တွေ့ရအောင် ခေါ်သွားချင်ပါ ... နောက်ပြီး ထွေးထွေးရဲ့အသက်ကို ကယ်ခဲ့တဲ့အကြောင်းလဲ ပြောပြချင်လို့ပါ၊ လိုက်ခဲ့ပါနော်'

မျက်နှာကလေးမှာ ခယတောင်းပန်ဟန်ဖြင့် ကျွန်ုပ်အား ကြည့်နေသော မိန်းမချောကလေးထွေးထွေးအား ပစ်ပစ်ခါခါ မပြောလိုတော့သောကြောင့် ကျွန်ုပ်ကခေါင်းညိတ်၍ ငြိမ်သက်စွာ ပြောလိုက်ပါတော့သည်။

ကားလေးသည် မှောင်ရိပ်များနှင့် လမ်းမီးတိုင် အဝေးများများကို ကျော်ဖြတ်ခဲ့ပြီးလျှင် ဝှတ္တလစ်ကိုကျော်လွန်ကာ ကျောက်ကုန်းဘက်သို့ ဆက်လက်မောင်းနှင်လာခဲ့တော့သည်။

ကျွန်ုပ်တို့နှစ်ဦးသားမှာ တစ်ဦးနှင့်တစ်ဦး ဆက်လက်စကား ပြောဆိုခြင်းမရှိဘဲ မိန်းကလေးကကားကို ဂရုတစိုက်မောင်းနှင်လာခဲ့တော့သည်။

ကျွန်ုပ်မှာသာ ချောမောလှပသော ထွေးထွေး၏မျက်နှာလေးအား မသိမသာ ခိုး၍ကြည့်ရှုမိလေသည်။

မကြာမီ ကျယ်ဝန်းခန့်ညား၍ သပ်ရပ်သော ခြံကျယ်ကြီး အတွင်းသို့ ကားကလေးကို မောင်းဝင်ခဲ့လေသည်၊ ထိုအခိုက် ခြံကြီးအတွင်းမှာ အနက်ရောင် အဝတ်အစားများဖြင့် လူ ခြောက်ယောက်ခန့် ထွက်လာကြပြီးလျှင် ခြံတံခါး ပြန်လည် ပိတ်လိုက်ကြောင်း ကျွန်ုပ်တွေ့လိုက်ရလေသည်၊

ကျွန်ုပ်တို့ ကားပေါ်မှဆင်းလိုက်သောအခါ အနက်ရောင် ဝတ်ဆင်ထားသောလူတစ်ယောက်က ကားကလေးကို ကား ဂိုဒေါင်တစ်ခုအတွင်း မောင်းယူသွား၍တံခါးပိတ်လိုက်တော့၏



'လာ…အစ်ကို၊ အိမ်ထဲဝင်ကြရအောင်'

ကျွန်ုပ်မှာ ထိုအခါကျမှပင် ကျွန်ုပ်ရှေ့မှ လျှောက်သွားနေသော ထွေးထွေး၏အလှကို သေသေချာချာ ဂယနအာ မြင်ရလေတော့သည်။ ထွာဆိုင်သာသာမျှ သေးကျဉ်သောကိုယ်လုံး၊ ဆံနွယ်မောင်းသဏ္ဌာန် အရင်းတုတ်ခိုင်၍ အဖျားသွယ်ဆင်းသွားသောလက်မောင်းနှင့် ဖြောင့်စင်းသွယ်တန်းသည့်ခြေချောင်း၊ တစ်ရစ်ပြည့်တင်း၍ လှုပ်လီလှုပ်လဲ့ဖြစ်နေသော သားကောင်း မိခင်တစ်ယောက် ပိုင်ဆိုင်သည့် အသားစိုင်များ စသည်စသည် တို့သည် ထွေးထွေးဟူသည့် မိန်းမပျို၏အလှဂုဏ်များကို ဖော်ထုတ်နေသည်သို့ ရှိလေသည်၊

'အပေါ်ထပ်ကို တက်ကြစို့ အစ်ကို'

'တက်လေ'

ကျွန်ုပ်လည်း ဆိုမျှသာပြော၍ ထွေးထွေးနောက်မှ အပေါ် ထပ်သို့ လိုက်တက်ခဲ့လေတော့သည်၊ လှေကားထိပ်၌ရပ်စောင့် နေသည့် အနက်ရောင်ဝတ်လူနှစ်ယောက်က သေနတ်နှစ်လက် ကို ခါးတွင်သိုးထားသော ကျွန်ုပ်အား တစ်ချက်မျှ လှမ်းကြည့် ကြသော်လည်း မည်သည့်စကားမျှမဆိုဘဲ ဆက်လက်၍သာ ငြိမ်နေကြလေသည်၊

'ဟော…သမီးတောင်ပြန်လာပြီကိုး၊ ဘယ်နှယ် ကိစ္စအခြေ ပြေခဲ့လား၊ အို…သူက'

ထိန်ညီနံ့လင်းလျက်ရှိသည့် မီးရောင်အောက်မှ ကုလားထိုင် တစ်ခုတွင်ထိုင်နေသည့် လူကြီးတစ်ဦးက ထွေးထွေးကို နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်ပြီးမှ ကျွန်ုပ်ကိုတွေ့မြင်သွားပြီးလျှင် စကားရပ်သွားတော့သည်။ သို့ရှိစဉ် ထွေးထွေးက....

'ပြေပါသယ်၊ ဘိုးဘိုးပြောတဲ့နေ့မှာပဲ စက်သေနတ်ကိုထွက်လို့ ရအောင်ထွက်ပေးပါမယ်တဲ့၊ ဒါပေမယ့် စက်လှေကမြန်အောင် ပေးတဲ့အား ပေါ်အနောက်မှာ ပုလိပ်နှစ်ယောက်က သမီးကို အတင်းဖမ်းတော့တယ်'

'ရော'

ပုဂ္ဂိုလ်ကြီးသာ အအံ့တသြ ရေရွတ်လျက် ကျွန်ုပ်အား စိုက်ကြည့်လေသည်။ စူးရှသော ထိုပုဂ္ဂိုလ်ကြီး၏ မျက်လုံးများကို သတိထား၍ကြည့်မိရာမှ ကျွန်ုပ်မှာ လွန်စွာ အံ့ဩသွားပြီးလျှင် ပါးစပ်ဟ၍ မေးမေးနေရသည်အထိ ဖြစ်ရတော့သည်။

အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်ကြီးမှ ကျွန်ုပ်အတွေ့ ချင်ဆုံးလူတစ်ယောက် ဖြစ်နေသောကြောင့်ပင်'

'ဒါပေမယ့် ဆရာက လျှပ်တစ်ပြက် ဝင်ရောက်လာပြီး ပုလိပ်နှစ်ယောက်ကို ရိုက်ချလိုက်လို့ လဲကျသွားမှာ သမီး ကယ်တင်လာခဲ့တာပါပဲဘိုးဘိုး'

ကျွန်ုပ်က ပုလိပ်များထံမှ သေနတ်နှစ်လက်ကို ထွေးထွေး အား ပေးလိုက်ရာ ထွေးထွေးက ထိုင်နေသည့် ပုဂ္ဂိုလ်ကြီးထံ သွားရောက်ပေးအပ်လိုက်တော့၏။ ဦးကျော်သူမြတ်က....

'မင်းက ဘယ်အဖွဲ့ကလဲမောင်ရင်၊ ဦးသမီးကို ဘယ် သဘောနဲ့ ကယ်ခဲ့တာလဲ၊ အဲဒါလေးကတော့ ဦးသိမှ ဖြစ်မေ'

ဦးကျော်သူမြတ်၏စကားမှာ ကျွန်ုပ် ခံစေသကဲ့ နှိုးဆွ သကဲ့သို့ ဖြစ်နေသောကြောင့် ကျွန်ုပ်က....



'ဒီမှာဦး...ဘာအဖွဲ့ညာအဖွဲ့ဆိုတာတွေ ကျွန်တော်မသိဘူး၊ ကျွန်တော်သိတာက အားနည်းတဲ့မိန်းကလေး တစ်ယောက်ကို ယောကျ်ားနှစ်ယောက်က ဝိုင်းဝန်းဖမ်းဆီးတာ မတရားဘူး ထင်လို့ ဝင်ရောက် အကူအညီပေးတာ....

တကယ်လို့သာ အဲဒီလူနှစ်ယောက်ဟာ ပုလိပ်ယူနီဖောင်း တွေကိုဝတ်ထားရင် ကျွန်တော်ကယ်မိမှာမဟုတ်ဘူး၊ အခုတော့ ကျွန်တော့်မှာ ဆွမ်းခံရင်းငှက်သင့်ဆိုတာလို ပုလိပ်တွေကို ရိုက် နှက်တိုက်ခိုက်မိတဲ့အတွက် တရားခံအဖြစ်နေရပြီ'

ထွေးထွေးပြတ်သွားလှသည့် ကျွန်ုပ်၏ စကားများကြောင့် မျက်နှာပျက်နေသော်လည်း ဦးကျော်သူမြတ်ကမူ တဟားဟား ဟစ်အော် ရယ်မောနေတော့သည်။

ပြီးလျှင် အဝတ်နက်ဝတ်ဆင်ထားသူတစ်ဦးအား လက်ပြ၍ ခေါ်ကာ ကျွန်ုပ်တို့အတွက် အစားအသောက်များကို ပြင်ဆင် စေရန် အမိန့် ပေးလိုက်တော့၏။ ပြီးမှ....

'ကြိုက်သွားပြီ မောင်ရင်၊ မောင်ရင်ဟာ စကားအရာမှာ ပြတ်သားသလို တိုက်ခိုက်ရေးမှာလဲ ထက်မြက်မယ့် ကိုယ်ဟန် အနေအထားကို ပိုင်ဆိုင်ကြောင်း ဦးအနေနဲ့ အကဲခတ်မိပါ တယ်၊ ဒီလိုမေးရတာကလဲ အကြောင်းရှိလို့ မေးရတာပါကွယ်၊ ဒါနဲ့... မောင်ရင် ရန်ကုန်မြို့ကပဲလား၊ အိမ်ထောင်ရက်သား နဲ့လား'

ဦးကျော်သူမြတ်ကမေးလိုက်သည်တွင် ထွေးထွေးက ကျွန်ုပ် အားမမှိတ်မသုန် စိုက်ကြည့်နေကြောင်း ကျွန်ုပ်သတိထားမိ မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်က....

'ကျွန်တော့် နာမည်က သိန်းတန်လို့ ခေါ်ပါတယ်၊ လက်ရှိ နေထိုင်တာတော့ ရန်ကုန်မှာပါ၊ အဲ....လုံးဝ အိမ်ထောင်မရှိသေးပါဘူး ဦးကျော်သူမြတ်'

'ဟင်'

'အလို....မင်းက ငါ့နာမည်တောင် သိနေပါလား၊ ဘယ်လိုပါလိမ့်၊ သိပ်ကိုအံ့ဩစရာကောင်းနေပါလားကွ'

ဦးကျော်သူမြတ်နှင့် မနီးမဝေး၌ရှိနေကြသည့် အဝတ်နက် ဝတ်ဆင်ထားသူ သုံးယောက်မှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလျက် ခါးကြားမှ ၎င်းတို့သေနတ်များကို ဆွဲထုတ်ကာ ကျွန်ုပ်အား ချိန်ထားကြတော့သည်။

ဦးကျော်သူမြတ်က ပြောသည်။

'အဲ... မောင်သိန်းတန်၊ မင်းဟာ စုံထောက် တစ်ယောက်လား၊ ဒါမှမဟုတ် တခြားဂိုဏ်းတစ်ဂိုဏ်းကလား၊ အဲဒါ ရှင်းရှင်းပြောပါ၊ မပြောရင်တော့ မင်းရဲ့အသက်နဲ့ခန္ဓာကိုယ် အိုးစားကွဲလိမ့်မယ်ဆိုတာ သတိပေးပါရစေ'

ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကို အံ့ဩလျက် ထွေးထွေးက မျက်နှာငယ်လေးဖြင့် ကျွန်ုပ်အား နားမလည်နိုင်စွာ ကြည့်နေရှာသည်။

ကျွန်ုပ်က ဟက်ဟက်ပက်ပက် ရယ်မောနေတော့၏။

'ဟား ဟား ဟား'

'ဆရာကြီး....ဒီကောင့်ကို မသင်္ကာဘူး၊ ပစ်သတ်လိုက်ရင် ကောင်းလိမ့်မယ် ထင်တယ်'



'နေစမ်းပါဦး ငါ့အာမိန့်ပေးမှ လုပ်ရမယ်၊ ကဲ...မောင်သိန်းတန် ဘယ်လိုလဲ'

ကျွန်ုပ်က ထိုအခါကျမှ ရယ်မောခြင်းကို ရပ်တန့်၍ လေးစားစွာဖြင့် ပြောလိုက်တော့သည်။

'ဦး တဆိတ် စဉ်းစားကြည့်ပါခင်ဗျား၊ ကျွန်တော်သာ စုံထောက်တစ်ယောက်ဖြစ်ရင် ထွေးထွေးကို ဝင်ရောက်အကူအညီပေးပါ့မလား နောက်ပြီး ဒီကိုလိုက်လာမယ့်အစား ပုလိပ်တွေကို တပါတည်းခေါ်ခဲ့မှာပေါ့'

'ဒါတော့ ဟုတ်ပါပြီလေ'

'ဒါ့အပြင် ကျွန်တော်ဟာ တခြားဘယ်ဂိုဏ်း အဖွဲ့အစည်းကလူတစ်ယောက်မှ မဟုတ်ဘူးဆိုတာ အလေးအနက် ပြောကြားလိုပါတယ်'

'ကောင်းပြီ ဦး ယုံကြည်ပါတယ်၊ ဒါဖြင့်ဦးကို ဘာ့ကြောင့် သိနေရတာလဲကွ'

'လွယ်ပါတယ် ဦးရယ်၊ သတင်းစာတွေထဲမှာ ဦးရဲ့ဓာတ်ပုံ ပါဖူးသားပါပဲဟာ'

'အင်း...ဟုတ်သားပဲ'

'ဒါပေမယ့် ကျွန်တော်က သတင်းစာထဲမှာ ဓာတ်ပုံမပါခင် ကတည်းက ဦးကိုတွေ့ဖူးပါတယ်'

'အို...ဘယ်တုန်းကလဲ'

'လွန်ခဲ့တဲ့ ခြောက်နှစ်လောက်တုန်းကပါ၊ သောသော ဆယ်မှာတော့ ကျွန်တော့်ကိုယုံကြည်ပါလို့ပဲ ပြောလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးနဲ့နှစ်ယောက်တည်းကျမှ ကျွန်တော်အပြည့်အစုံ ပြောပြမယ်...'

'ကောင်းပြီလေ၊ မင်းရာဇတို့ကို ဦး ယုံကြည်ပါတယ်၊ လော မလောဆယ်မှာ မင်းဟာ ဦးသမီးလေးရဲ့ ကျေးဇူးရှင်လဲ ဖြစ်နေ တာကြောင့် ညစာဒေးပွဲနဲ့ဂုဏ်ပြုရင်း စကားစမြည် ပြောကြ တာပေါ့ဟုတ်လား မောင်သိန်းတန်၊ ကဲ...သမီး၊ မောင်သိန်း တန်ကို ထမင်းစားခန်းထဲ ခေါ်လာခဲ့ကွယ်'

'ဟုတ်ကဲ့ ဘိုးဘိုး။ ကဲ...သာ အစ်ကို၊ ထမင်းစားခန်းထဲ သွားကြရအောင်'

'ကျေးဇူးပဲ ထွေးထွေး'

ကျွန်ုပ်လည်း ထွေးထွေး၏နောက်မှလိုက်ပါလာခဲ့ရာ ဝတ်စုံ နက်များဝတ်ဆင်ထားသူ သုံးယောက်သည် ကျွန်ုပ်အား မကျေ မနပ်ကြည့်ရင်း ၎င်းတို့၏သေနတ်များကို ခါးကြားထဲ ပြန်သွင်း ထည့်လိုက်တော့သည်။

ကြီးမားလှ လှပသော ဘဲဥပုံသဏ္ဌာန် စားပွဲဝိုင်းကြီးပေါ် စားကောင်းသောက်ဖွယ်များကို စီမံထားလေရာ ကျွန်ုပ်လည်း ဆာဆာရှိသည်နှင့် မြိန်ရှက်စွာ စားသောက် နေမိလေတော့ သည်။

## တာဝန်တစ်ခု ရရှိခြင်းနှင့်အတူ

'မောင်သိန်းတန် ထည့်စားကွယ့်၊ သမီး ဟင်းတွေခပ်ထည့် ပေးပါ၊ အားမနာနဲ့ကွယ်'

'ဟုတ်ကဲ့ စားပါတယ် ဦး'

ထွေးထွေးကလည်း ဟင်းများကို ခပ်ထည့်ပေးနေပြန်ရာ ကျွန်ုပ်မှာ မနည်းပင်လက်ကာထားရလေသည်။

ထိုစဉ် ဦးကျော်သူမြတ်က....

'ပြောစရာရှိတဲ့စကားကို ပြောလို့ရပါတယ် မောင်သိန်း တန်၊ ဒီအခန်းထဲမှာ ဦးတို့သုံးဦးကလွဲရင် ဘယ်သူမှမရှိကြပါ ဘူး၊ လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်'

'ဟုတ်ကဲ့ခင်ဗျာ၊ ဒီလိုဆိုရင် တစ်ခုမေးပါရစေ၊ မြည်မြို့က 'မြဝန်း' ထိမ်လုပ်ငန်းဆိုတဲ့ ပန်းထိမ်လုပ်ငန်းပိုင်ရှင်ကို သိပါ သလား'

www.burmeseclassic.com

www.burmeseclassic.com



'သိတာပေါ့၊ ဦးရဲလှလို့ ခေါ်ပါတယ်'

ဦးကျော်သူမြတ်မှာ စားမည့်ဆဲဆဲ ထမင်းလွတ်ကို လမ်းခုလတ်တွင်ရပ်တန့်၍ စူးရှသော မျက်လုံးရွဲကြီးဖြင့် ကျွန်ုပ်အား အတန်ကြာမလှုပ်မယှက် ကြည့်နေလေသည်။

ပြီးမှ....

'မောင်ရင်က ဦးရဲလှနဲ့ ဘယ်လိုပတ်သက်တာလဲ မောင်သိန်းတန်'

'အဲဒါ ကျွန်တော့်အဖေပါ'

'ဟေ'

ဦးကျော်သူမြတ်မှာ ပါးစပ် ဟောင်းလောင်း ဖြစ်လျက်ရှိလေသည်။

ထိုနောက် အကျိုးအကြောင်းများကို မေးလေတော့သည်။ ထိုအခါ ကျွန်ုပ်က ရွှေဟသာချပ်နှစ်ရပ်ကို လာ၍ပေးစဉ် ခားမြတိုက်ခံရသည့်အကြောင်းမှစ၍ ကျွန်ုပ်ရန်ကုန်မြို့သို့ထွက်လာပြီး ဦးကျော်သူမြတ်၊ သို့မဟုတ် ဦးကျော်သူမြတ်၏ ဆွေမျိုးသားချင်းများအား လိုက်လံရှာဖွေနေရပုံများကိုပါ ပြောလိုက်လေတော့သည်။

ကျွန်ုပ်တို့အားလုံးလည်း ထမင်းစားသောက်ခြင်းကို လက်စသတ်၍ အချိုအချဉ်များဖြင့် ရေနွေးကြမ်းသောက်ရင်း ဆက်လက် စကားစမြည် ပြောလျက်ရှိကြသည်။

ထွေးထွေးကမူ မယုံနိုင်ခြင်း၊ အံ့ဩခြင်း စသည်တို့ ရောယှက်လျက် ကျွန်ုပ်နှင့်ဦးကျော်သူမြတ်တို့နှစ်ဦးအား ကြည့်နေလေတော့သည်။



'လူတစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက်ဆိုတာတောင် ရှိနိုင်ဖို့ ခဲရှားပါပဲ မောင်သိန်းတန်၊ ကျေးဇူးတင်ပါတယ်ကွယ်'

'မင်းဖခင်ကြီးရဲ့စိတ်ထားနဲ့၊ မင်းရဲ့ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံမှုကို ဦးတော့ ဘယ်လိုနည်းနဲ့ ဂုဏ်ပြုရမှန်းတောင် မသိတော့ပါဘူး၊ အဲ....မောင်လှဟန်ဆိုတဲ့ မုန်တိုင်းအဖွဲ့ကလူဟန်ဘာ မင်းရဲ့ညီအရင်းကိုး၊ ဒါကြောင့်လဲ တစ်အူတုံဆင်း ညီရင်းအစ်ကို ဖြစ်ကြပေမယ့် အရိုင်းနဲ့အယဉ် ကွာခြားတတ်ပုံကို လူကြီးသူမတွေက ကျေးညီနှောင်ဝတ္ထုဇာတ်လမ်းနဲ့ ဟင်စားကြတာပေါ့၊ လောကဓံတရားက ဆန်းကြယ်သလို လူတွေရဲ့ စိတ်ထားကလဲ ဆန်းကြယ်လှချေကလားကွယ်'

ဦးကျော်သူမြတ်က တွေးတွေးဆဆဖြင့် လောက၏အဖြစ်အနစ်ကို ညည်းညူနေသည်။

ထိုအခါ ထွေးထွေးက....

'ဒီတော့ ရွှေဟသာချပ်တွေကို ဘယ်တော့ သွားယူမှာလဲ....ဘိုးဘိုး'

'ဘယ်တော့မှ မယူဘူးကွယ့်'

'ဟင်'

'အို'

ကျွန်ုပ်နှင့် ထွေးထွေးလည်း ဦးကျော်သူမြတ်၏ စကားကြောင့် မှင်တက်အံ့ဩနေမိတော့သည်။ ထွေးထွေးက ဆက်လက်၍....

'ဘာ....ဘာဖြစ်လို့လဲဟင် ဘိုးဘိုး'

www.burmeseclassic.com

www.burmeseclassic.com



'ပြောပြမှာပေါ့ကွယ်၊ ဒီစကားကို မောင်သိန်းတန် အခ
အချာ နားထောင်စေချင်တယ်၊ ဒါကိုမပြောခင် လက်ရှိ ဦး
အလုပ်အကိုင်နဲ့ အခြေအနေကို ပြောပြမယ်ကွယ်,

'ဟုတ်ကဲ့...အမိန့်ရှိပါဦး'

မင်းသိတဲ့အတိုင်းပဲ အင်္ဂလိပ်အစိုးရက ဦးကို အသေ
အချင်ရရ လိုချင်နေတယ်, ဦးမှာလဲ အထင်ကရ မနေရဲဘဲ
လျှိုးကွယ်လျှိုးနဲ့ တော်လှန်ရေးရဲဘော်တွေ စုဆောင်းနေရတ
ပြီးတော့ လက်နက်ရိက္ခာလဲ စုဆောင်းရတယ်၊ အခုဆိုရင်
မာပြည် အနှံ့အပြားမှာ ဦးရဲ့ တော်လှန်ရေးရဲဘော်တွေ
အားဟာ အတော်ကလေးများနေပြီလို့ ဆိုရတော့မယ်၊ အ
အနေနဲ့မှုးတာနဲ့ လှုပ်ရှားမှုကို တောင်ဖို့ မဝေးတော့ဘူး၊
တော့မြိုက်မြိုက်ကို တော်လှန်ရေးရဲဘော်စချို့ပို့ဖို့ စက်လေ
အဆင်းမှာ နိုင်းလိုက်လို့ ထွေးထွေးအသွားမှာပုလိပ်စုံထော
နှုတ္တာသိသွားလို့ ဖမ်းကြတယ်လေ....

'ဒါကြောင့် ဦးနဲ့မင်း မမျှော်လင့်ဘဲ ဆုံရတာပေါ့၊
ရရင်တော့ မောင်သိန်းတန်မယ်၊ ဦးမှာ ဘယ်လိုမှအချိန်အ
မရနိုင်ဘူး၊ ဒီတော့ ဦးကို တစ်ခုကူညီပါလို့ မောင်သိန်း
ကို တောင်းဆိုချင်ပါတယ်၊ ဖြစ်နိုင်မဖြစ်နိုင်ကတော့ မော
သိန်းတန်ပဲ စဉ်းစားကြည့်ပေါ့လေ'

'ဟုတ်ကဲ့...ကူညီရမယ့် ကိစ္စကိုသိရရင် ကျွန်တော် ဆုံးဖြ
ပါမယ်'



ကျွန်ုပ်၏ကတိစကားကို ကြားရသည်နှင့် စိတ်အေးသွားပုံ ရသော ဦးကျော်သူမြတ်က ကျွန်ုပ်နှင့်ထွေးထွေးအား အောက်ပါအတိုင်း ပြောပြလေသည်။

'ဦးတို့မိဘတွေဟာ ပဲခူးမြို့မှာ ခေတ်အဆက်ဆက် နေထိုင်ကြပြီး အလွန်တစ်ရာမှုလဲ ချမ်းသာကြပါတယ်ကွယ်၊ သူ့ ကျွန်ခံလိုတဲ့ ဘုရင့်မျိုးနွယ်ထဲက ဆွေမျိုးစုတစ်စု ဆိုပါတော့ကွယ်၊ ဦးမှာ ညီတစ်ယောက်ရှိသေးတယ်၊ ဦးတို့ညီအစ်ကိုဟာ မင်းတို့ညီအစ်ကိုလိုပဲ စိတ်သဘောထား သိပ်မတိုက်ဆိုင်ကြဘူးလို့ ဆိုရမယ်၊ ဦးရဲ့ညီ အောင်သူမြတ်ဟာ အပျော်အပါး လောင်းကစားနဲ့ အရက်ကိုစုံမက်တယ်၊ ဦးဝါသနာက စာပေဖတ်မယ်၊ တတ်သိုင်း၊ ဓားသိုင်းတွေသင်မယ်၊ အဲဒီလိုခြားနားတယ်'

ဦးကျော်သူမြတ်က စကားကို ခေတ္တရပ်နားလျက် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်စဉ် ကျွန်ုပ်ကလည်း ကတ်ကြေးစီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိဖွာရှိုက်လိုက်ရင်းမှ ထွေးထွေးကိုကြည့်မိစဉ်တွင် ထွေးထွေး၏မျက်ဝန်းအစုံကလည်း ကျွန်ုပ်အား စိုက်ကြည့်နေသည့်အတွက် အကြည့်ချင်းဆုံသွားကြရာလေ ကျွန်ုပ်၏ရင်ထဲ၌ ဒိန်းခနဲခုန်သွားသည်အထိ ဖြစ်ရတော့သည်။

ထိုစဉ် ဦးကျော်သူမြတ်က ဆက်ပြန်သည်။

'ဦးတို့မိသားစုကလဲ အင်္ဂလိပ်နယ်ချဲ့အစိုးရလက်အောက်မှာ ကျရောက်နေတဲ့ ဦးတို့မြန်မာတစ်မျိုးသားလုံးလွတ်မြောက်မယ့်

www.burmeseclassic.com

www.burmeseclassic.com



အရေးမှာ လူငယ်တွေက လက်နက်စွဲကိုင် တိုက်ခိုက်မှုဖြစ်မယ်ဆိုတာကို လက်ခံတယ်၊ ဒါကြောင့်လဲ ဖခင်ကြီးက ဦးရဲ့ညီ အောင်သူမြတ်ကို တိုက်ခိုက်ရေးတွေ သင်စေတယ်'

'အင်း....စိတ်ဝင်စားစရာပဲဦးရယ်'

'ဒါပေမယ့်အောင်သူမြတ်ဟာသိုင်းဆရာကြီးကဆီမှာ တိုက်ခိုက်ရေးတွေသင်လို့ သုံးရက်ကြာမှာ သိုင်းဆရာကြီးရဲ့သမီးလေးကို ချစ်ကြိုက်တာနဲ့ ခိုးပြေးသွားတော့တယ်'

'အင်း....တော်တော်ဆိုးတာပဲနော်'

ထွေးတွေးက ထိုသို့ပြောလိုက်သောအခါ ဦးအောင်သူမြတ်က ခေါင်းညိတ်လျက် မချိပြုံးပြုံးရှာလေ၏၊

ပြီးမှ....

'သူတို့ဟာ ပြည်မြို့ကို ထွက်ပြေးကြလို့ တစ်အိုးတစ်အိမ်ထောင် ထူထောင်နေကြတယ်ဆိုတာ ဦးတို့ သတင်းရနေပြီ အိမ်ထောင်ကျစမှာတော့ အိမ်ကပါသွားတဲ့ လက်ဝတ်လက်စားတွေ ထုခွဲရောင်းချ စားသောက်ကြတော့ ခဏဘာစ်ဖြစ်တော့ အဆင်ပြေကြမှာပေါ့ကွာ၊ ဒီနောက်မှာ စားရေးသောက်ရေး ကျပ်တည်းလာကြမှာပေါ့၊ ဦးက အဖေနဲ့အမေကိုပြောရတယ်၊ မိုက်လုံးကြီးတဲ့ ညီလေးတို့လင်မယားကို ပြန်ခေါ်ထားဖို့ပေါ့၊ ဒါပေမယ့် မရပါဘူးကွယ်'

ဦးကျော်သူမြတ်သည် ဆွေးဆွေးမြည့်မြည့်ပြင့် ကျွန်ုပ်မှ ထုတ် လိုက်သော စီးကရက် မီးခိုးတန်းများကို ငေးကြည့်နေလေသည်၊



ပြီးမှပင်....

'အချစ်ကြီးတော့ အမျက်ကြီးတယ်ဆိုတာလိုပေါ့ မောင်သိန်းတန်၊ ညီလေးအပေါ်မှာ အချစ်ကြီးချစ်ရှာတဲ့ မိဘနှစ်ပါးဟာ မိုက်လုံးကြီးလှတဲ့ညီလေးကိုနှောင်ကြဉ်အောင်မယ်ပြီး ဆက်လက်ပစ်ထားလိုက်ကြတယ်၊ လုံးဝ အကူအညီမပေးဘူးပေါ့၊ ဒါပေမယ့် ဦးက မနေနိုင်ဘူး၊ ခင့်နဲ့လက်ဝတ်လက်စားအချို့ကို မိဘတွေ မသိခင်ယူပြီး ပြည်မြို့ကို ပိုက်ခဲ့တော့တယ်'

'ဘိုးဘိုးက စိတ်ထားမွန်မြတ်တယ်နော်'

'ဟုတ်ပါဘူး မထွေးထွေး'

'အဲ့ ပြည်မြို့မ ကြီး တောင်ခြေနားက သူတို့တည်းခိုတဲ့နေရာ ရောက်တဲ့အခါ သူတို့မှာ သားလေးတစ်ယောက် မွေးဖွားပြီးကြောင်း မကြာခဏ ကားများ ရန်ဖြစ်ကြကြောင်းလဲသိရတော့တယ်'

'သူတို့ကို တွေ့ရသလား ဦး'

'သူတို့ကိုတော့ မတွေ့ဘူးကွယ့်၊ သူတို့ကို လက်ခံထားတဲ့ အိမ်ရှင်က ပြောတာ'

'ဟင်...'

'အို....'

ကျွန်ုပ်နှင့် ထွေးထွေးလည်း မစဉ်းစားတတ်အောင် ဖြစ်သွားရတော့၏၊

ဦးမြတ်ကျော်သူက....

www.burmeseclassic.com



'အဲဒီ အိမ်ရှင်က ပြောလို့ အောင်သူမြတ်ဟာ အချက် မှုး လာရင် လူစိတ်ပျောက်ပြီး သွားရယ် မသွားရယ်မှန်း မသိနိုင် အောင် ဖြစ်တတ်ကြောင်း သိရပြန်တယ်၊ တစ်ခါတလေ သိပ် မူးလာတဲ့အခါ အိမ်ကို မီးရှို့ဖို့တောင် ကြိမ်းဝါးတယ် ဆိုပဲ၊ အမူးသမားထဲမှာ လူစိတ်ပျောက်အလွယ်ဆုံးလူတစ်ယောက်ဆို ပါတော့ကွာ'

'ဒီလောက်တောင် ဖြစ်ရတာ စိတ်မကောင်းစရာပါပဲ'

'ပြောရရင်တော့ မောင်သိန်းတန်၊ ဦးမလာခင် နှစ်ရက် လောက်ကတင် သူ့ကိုပိတ်ဆွေ ရှိတယ်ဆိုတဲ့ မင်းလှမြို့ကို သား အဖ သုံးယောက်ထွက်ခွာသွားကြောင်း သိရတော့တယ်၊ ဦးလဲ အိမ်ရှင်မိသားစုကို နှုတ်ဆက်ပြီး မင်းလှမြို့ကို လိုက်လာခဲ့တော့ တယ်'

ထို့နောက်....

ဦးကျော်သူမြတ်က ဦးအောင်သူမြတ်တို့ သား အဖ သုံး ယောက်အကြောင်းကိုစုံစေ့စွာပြောကြားနေလေရာ ကျွန်ုပ်တို့မှာ ရင်သပ်အံ့သြပြီး အံ့သြရင်းသာ နားထောင်နေကြရတော့သည်။

မှတ်ချက်။ ထိုနေရာတွင် မင်းလှမြို့အကြောင်းတွင်အရက်မူးလွန်၍ ရန်ပွဲဖြစ်ပွားရင်းမှ မိန်းမနှင့်ကလေး ပျောက်ကွယ် သွားသည့် ဖြစ်ရပ်အား ဤစာအုပ်၏ ပထမအခန်း တွင် ဖော်ပြပြီးဖြစ်၍ စာဖတ်သူများအနေဖြင့် ကြ တော့ ကြည့်၍ အမူးသမား ရန်ပွဲ အခန်းကိုပြန်လှန် သတိရကြပါရန် ပန်ကြားအပ်ပါသည်။

စာရေးသူ



'မိန်းမနဲ့ကလေးကို ဒုက္ခမရောက်ရောက်အောင် လုပ်တတ်တဲ့ အမူးသမားဆိုတဲ့လူအကြောင်း ကျွန်တော်ဖြင့် ဒီတစ်ခါပဲကြား ဖူးသေးတယ် ဦးရယ်'

'ဟုတ်တယ် ဘိုးဘိုး၊ ဘယ်လိုလူမျိုးမှန်းကို မသိနိုင်အောင် ပါပဲ၊ မိန်းမနဲ့ကလေးဟာ အလွန်ပဲ သနားစရာ ကောင်းလှ ပါတယ်'

'ကဲ....ကဲ... ဒါတွေ ထားလိုက်ပါတော့၊ အခု ပြောမယ့် စကားက မောင်သိန်းတန်ရဲ့ အကူ အညီကို တောင်းခံရမယ့် စကားဖြစ်တယ်၊ သေသေချာချာနားထောင်ပါကွယ်'

'ဟုတ်ကဲ့ဦး၊ နားထောင်ပါမယ်'

ကျွန်ုပ်က ယဉ်ကျေးစွာ ပြောလိုက်ရာ နဂိုက ကျက်သရေ ရှိလှသော ဦးကျော်သူမြတ်၏မျက်နှာမှာ ကျွန်ုပ်အား ရှုန်းရှုန်း စားစား ကြည့်၍ ကျေနပ်ဟန်များ ရောစွက်သွားသဖြင့် ပိုမို၍ ကျက်သရေ ရှိသယောင် ထင်မှတ်ရတော့သည်။

'ဒီလိုကွယ့်၊ ဦးဟာ သိုင်းဆရာကြီးရဲ့ သမီးဖြစ်တဲ့ ဦးညီရဲ့ မိန်းမကိုလဲ မတွေ့ဖူးတဲ့ အပြင် တူကလေးကိုလဲ မတွေ့ဖူးပြန် ဘူး....'

'အင်း.... အင်း....'

'မင်းလှမြို့မှာ တော်တော်ကြာအောင်စုံစမ်းပေမယ့် ရှင်းပြစ် သွားတဲ့ ကိစ္စကိုပဲ ကြားရပြီး ခေါ်ဆောင်သွားတဲ့ ကျွန်ုပ် ဦးညီ

www.burmeseclassic.com

www.burmeseclassic.com



အောင်သူမြတ်ကို သတင်းလဲ အစအနတောင် ရှာမရအောင် ပျောက်နေတော့တယ်'

'ဟုတ်ကဲ့... ဦး'

'ဒီတော့... မောင်သိန်းတန်က ဦးရဲ့ညီ အောင်သူမြတ်ကို မတွေ့တွေ့အောင် စုံစမ်း ရှာဖွေပေးပါလို့ ဖမေတ္တာရပ်ခံရပါတယ်၊ ဘယ့်နှယ်လဲ မောင်သိန်းတန်၊ ရှာပေးနိုင်မလား ဟင်'

'ရှာပေးပါ့မယ် ဦး၊ ဒါပေမယ့် ဦးအောင်သူမြတ်ဟာ လူ့လောကမှာ ရှိမှ ရှိပါတော့မလား၊ ဒါလဲ စဉ်းစားစရာ ရှိပါသေးတယ်'

'အင်း...ဦးလဲ တွေးထားပါတယ်၊ တကယ်လို့ သူသေဘာ အတိအကျဆိုရင် သူ့မိန်းမနဲ့သူ့သားလေးကို ဆက်လက်စုံစမ်းပေးပါ မောင်သိန်းတန်'

'သူ့မိန်းမနာမည်က ဘယ်လိုခေါ်ပါသလဲ ဦး'

'မခင်မြတဲ့'

'ကလေးနာမည်ကရော'

'ပြည်မြို့ကအိမ်ရှင်တွေပြောပြလို့ ဦးနာမည်ပါ ပါအောင် သူ့အဖေကမှည့်ခေါ်တဲ့အတွက် အောင်ကျော်သူတဲ့ ကွယ့်'

'ရှာရတဲ့ ရည်ရွယ်ချက်ကိုရော သိခွင့်ရှိရင် "သိပါရစေဦး ခင်ဗျာ'

'ပြောပြရမှာပေါ့ကွယ်၊ တကယ်တော့ မင်း အဖေဆီမှာ အခုသိမ်းဆည်းထားတဲ့ ရွှေဟသ်္သာရုပ်နှစ်ရုပ်ဟာ ဦးနဲ့ညီအတွက်



သျှာထားတဲ့ ဦးမိဘတွေရဲ့အမွေပဲကွယ်၊ တကယ်လို့ဦးညီသေဆုံးခဲ့ရင် ဒီအမွေပစ္စည်းကို ဦးရဲ့တူကလေးကိုပေးချင်တယ်၊ ဒါဟာ ဦးအလိုချင်ဆုံးဆန္ဒဘဲခုပါပဲ မောင်သိန်းတန်၊ အဲဒီဆန္ဒကို မောင်သိန်းတန်ဖြည့်စွမ်းပေးနိုင်မယ်လို့ ထင်မိတာပဲကွယ်'

'စိတ်ချပါ၊ မနက်ဖြန်ကစပြီး အမြန်ဆုံးသိရအောင် ကျွန်တော်လှုပ်ရှားပါ့မယ်၊ ဒါနဲ့ဦးနဲ့တွေ့ချင်ရင် ဘယ်လိုလုပ်ပြီးတွေ့ရမလဲခင်ဗျာ'

'လွယ်ပါတယ်၊ သူရိယသတင်းစာထဲမှာ(သင်တို့၏ကျွန်)လို့ သာကြော်ငြာထည့်လိုက်၊ နောက်တစ်နေ့ကျရင် ကမ်းနားလမ်းက စထရင်းဟိုတယ်မှာ ည(၇)နာရီကျရင် နံပါတ်သုံးစားပွဲမှာ ဦး လာတွေ့မယ်၊ ဘယ့်နှယ်လဲ'

'သိပ်ကောင်းပါတယ် ဦး'

ထွေးထွေးကလှပသောမျက်ဝန်းကလေးများအား အရောင်တဖျပ်ဖျပ်လက်လျက် ကျွန်ုပ်အား တွယ်တာစွာ ကြည့်ရှုနေလေသည်။

ကျွန်ုပ်ကမူ မသိကျိုးကျွံပြုလျက်သာ နေရလေ၏။

'ရောကွယ် မောင်သိန်းတန်၊ မင်းခရီးထွက်တဲ့အခါ အရေးရှိရင်သုံးနိုင်အောင် ငွေ ငါးထောင် ယူသွားပါနော်၊ တကယ်လို့ ဒီကိစ္စ အောင်မြင်သည် ဖြစ်စေ၊ မအောင်မြင်သည် ဖြစ်စေ မောင်သိန်းတန်အတွက် ဒီထက်မက အကျိုးရှိစေရပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ဦး၊ ဒါတော့မပြောချင်တော့ဘူးမယ်လို့ ကျွန်တော် ယူဆမိပါတယ်၊ ကျွန်တော်ဟာ ပြည်မြို့မှာပန်းထိမ်လုပ်ငန်းလုပ် နေစဉ် ဦးကိုမြင်မတွေ့ရတာတည်းက လေးစား ကြည်ညိုမှုအောက် ဖြစ်နေခဲ့တာပါ....

'တစ်ခါရန်ကုန်ကိုလိုက်လာပြန်သော့ ဦးဟာ မြန်မာလူမျိုး တော်လှန်ရေးရဲဘော်တွေရဲ့ မျိုးချစ်ခေါင်းဆောင်တစ်ယောက် ဖြစ်နေပြန်ကြောင်း သိရတဲ့အခါမှာ ကျွန်တော် အနေနဲ့ ပိုလို ကြည်ညိုပါပါတယ်'

'ဟုတ်ပါတယ်ကွယ်၊ မောင်သိန်းတန်က ဘာကိုဆိုလိုချင် တာလဲကွယ့်၊ ပြောစမ်းပါဦး'

ဦးကျော်သူမြတ်က မြူး၍ကျွန်ုပ်အားပြောလိုက်ရာ ကျွန် ကာ......

'ဒါ့အပြင် ကျွန်တော့်ဖခင်ရဲ့ ဆန္ဒအရ ဦးရဲ့ရွှေဟသ်ာရုပ် တွေကိုပေးချင်လွန်းလို့ စွန့်စွန့်စားစားနဲ့ ရန်ကုန်မြို့မှာ နေခဲ့တာ တွေ့ကြည့်ခြင်းအားဖြင့် ကျွန်တော်ဟာ အကျိုးကျေးဇူးကိုမျှော် ကိုးသူတစ်ယောက် မဟုတ်ဘူးဆိုတာ ဦးတစ်ယောက်အနေ သိစေချင်လို့ပါ....

'ယခု ကူညီဆောင်ရွက်ပေးမယ့် ကိစ္စအတွက်လဲ ကျွန် တော့်အနေနဲ့ဘာအကျိုးမှ မမျှော်ကိုးလိုပါဘူး၊ မျိုးချစ်စိတ် အပြည့်အဝရှိတဲ့ မြန်မာ့ခေါင်းဆောင်ကြီးအတွက် ကျွန်တော် တတ်နိုင်သမျှ စွမ်းဆောင်ပေးတာလို့ပဲ မှတ်ယူစေချင်ပါတယ် ဦးရယ်'



'မောင်သိန်းတန်....မောင်သိန်းတန်၊ မင်းဟာ ဦးရဲ့စိတ်ထဲ မှာထင်မှတ်ထားတာထက်တောင် ပိုမိုရဲရင့်ပြီး ပိုမိုကိုယ်ကျိုးစွန့် နိုင်တဲ့ သူငယ်တစ်ဦးပါလား၊ကောင်းပြီလေ၊ ဦးအနေနဲ့ ပြော မှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်၊ ဒါပေ မယ့်ခရီးစရိတ်အဖြစ် ဟောဒီငွေငါးထောင်ကိုတော့ မငြင်းမဆန ယူသွားပါလို့ ပြောပါရစေ'

ကျွန်ုပ်လည်း ဆက်လက်၍ မပြောသာတော့သောကြောင့် ငွေထုပ်ကိုလှမ်းယူ၍ ကျွန်ုပ်၏ရှပ်အင်္ကျီအိတ်တွင်းဘက်သို့ ထိုးထည့် လိုက်ရတော့သည်။

ဦးကျော်သူမြတ်က လက်ခုပ် တီးလိုက်သောအခါ လူနှစ် ယောက် လှမ်းဝင်လာတော့သည်၊

၎င်းတို့ဝတ်စုံမှာ ထုံးစံအတိုင်း အနက်များသာ ဖြစ်လေ တော့သည်။

'ဒီဇိုပြင်ကားတစ်စီးနဲ့ သူ့ကိုသူပြောတဲ့နေရာအထိ လိုက်ပို့၊ အန္တရာယ် တစ်စုံတစ်ရာဖြစ်ရင် သူ့ကိုမှတစ်ပေါက် မစွန်းစေနဲ့ နားလည်လား ငပြူး၊ ကဲ....သွားနိုင်ပြီ'

ကျွန်ုပ်က ဦးကျော်သူမြတ်အား ဂါရဝပြုလျက် ထွေးထွေး အားနှုတ်ဆက်သောအခါ ထွေးထွေး၏မျက်ဝန်း၌ ယိုစီးလုနီးပါး နေသောမျက်ရည်စများကို အမှတ်မထင် တွေ့လိုက်မိလေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှတတ်နိုင်မည် မဟုတ်သောကြောင့် ချာခနဲလှည့်၍ အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

မကြာမီ ကျွန်ုပ်နှင့်ဝတ်စုံနက်ဝတ်ဆင်ထားသူ နှစ်ယောက် အသည်ကားလေးကိုခြံဝမှ ထွက်လိုက်တော့ရာ မီးလင်းနေသော အပေါ်ထပ် ပြတင်းပေါက်မှ ဘွေးခေတ္တကို မီးရောင်ရိပ်ဖြင့် လှမ်းမြင်လိုက်ရတော့သည်။

✤

## ကျွန်ုပ် ခရီးထွက်ခွာခြင်း

ကျွန်ုပ်သည် ကားလေးကို လူအိုရုံအနီးတွင် ရပ်တန့်စေပြီး သျှင် ၎င်းတို့အားနှုတ်ဆက်၍ ထွက်ခွာစေလိုက်၏။

အတန်ကြာ စောင့်နေသောအခါ မြင်းရထားတစ်စီးမောင်း ၎င်လာသည်ကို တွေ့ရသောကြောင့် လက်ပြတားဆီး၍ မအူ ကုန်းသို့ မောင်းနှင်စေတော့သည်။

မစပယ်တို့ရှိရာနေအိမ်သို့ ကျွန်ုပ်ရောက်ရှိသောအခါ ည သယ်နာရီခန့် ရှိနေလေပြီ။

အပေါ်မှထွက်ပေါ်လာသည့် ကင်းတဲဆီမှသီချင်းခေါက် သံသည် ဆယ်ချက်တိတိရှိကြောင်း ဖော်ညွှန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မအိပ်သေးတဲ့ ကျွန်ုပ်အား စောင့်မျှော်နေ အညှိတော်ဝရီးနှစ်ယောက်ကို တွေ့ရလေသည်။

'မီးချုပ်လိုက်တာ အစ်ကိုရယ်၊ ဘယ်ဆီကိုများ လျှော သွားနေတာလဲ၊ အန္တရာယ်က များပါတီသနဲ့'

'ဟုတ်ပါတော်၊ ခမောင်သိန်းတန်ရဲ့ ခြေထောက်မှာ ငွေ တယ်ထင်တယ်၊ တစ်ခါမှအငြိမ်မနေဘူး၊ လှုပ်လှုပ် လှုပ်လှု အမြဲသွားလာနေတော့တာပဲ'

တူပရီးနှ ယော ကလေးက အရှုံအာခေါ်သောဖြင့် ကျွ အားပြောကြားသည်တွင် ကျွန်ုပ်က လေချိုသွေး၍...

'အကြောင်းကိစ္စလေးတွေ ရှိနေလို့ပါ ဒေါ်ဒေါ်၊ မကြ ခင်မှာတော့ အေးအေးဆေးဆေး နေနိုင်လိမ့်မယ်လို့ ကျွ တော်ထင်ပါတယ်၊ ဒီကြားထဲမှာ မစပယ်လဲ့အစ်ကို ကို ခွင့်လွှ စေချင်ပါတယ်'

မစပယ်က နားလည်စွာဖြင့် မျက်လုံးရွဲကြီးများကို ပု ခတ်လှုပ်ကစား၍ ခေါင်းညိတ်ပြလေသည်။

အပျိုကြီးဒေါ်မွေးလှကမူ...

'ခမောင်သိန်းတန်ရယ်၊ မင်းမလဲ အကြောင်း ကိစ္စတွေမ လိုက်တာ၊ ဘုရင်မံတော်ခင် မင်းလောက် အလုပ်ရှုပ်လိမ့်မ မဟုတ်ဘူး'

'ကျွန်တော့်အဖြစ်က ဒေါ်ဒေါ်ပြောမယ်ဆိုလဲ ပြော ဖြစ်နေတော့တာပါပဲလေ'



'အစ်ကို အိပ်ချင်ရင်အိပ်တော့လေ၊ အစ်ကို့အတွက်အိပ်ရာ ခင်းထားတယ်'

ကျွန်ုပ်မှာ ဘုရားစင်အောက်တွင် အိပ်သူဖြစ်ရာ ကျွန်ုပ် အတွက်အမြဲတမ်း အိပ်ရာခင်းပေးလေ့ရှိသည့် မစပယ်အား စ်မဝ၊ ရှုမဝဖြင့် ကျွန်ုပ်ကြည့်လိုက်မိတော့သည်။

ထိုသည်ကို ရိပ်မိဟန်ရှိသော အဒေါ်အပျိုကြီးက စကားစ တော့သည်။

'ဟဲ ဟဲ ဟဲ၊ဟိုတစ်ခါတုန်းက ဘုန်းတော်ကြီး တစ်ပါး လွန်တော်မူလို့ မီးသဂြိုဟ်တဲ့အခါမှာ 'ဖောင်း၊ ဗိုင်း၊ အုန်း၊ မ်း' ဆိုပြီး ပေါက်ကွဲသံတွေ ထွက်ပေါ်လာတော့ မီးသဂြိုဟ် ကြတဲ့ပရိသတ် ဒကာဒကာမတွေဟာ ကြောက်ရွံ့ ထိတ်လန့် အံ့ဩနေကြတော့တာပေါ့၊ ဘာကြောင့် ဒီလိုပေါက်ကွဲတယ် ဆိုတာ ဘယ်သူမှမသိကြဘူးလေ၊အာဟေး ဟေး ဟေး'

အပျိုကြီးက စကားကိုရပ်ထား၍ ကျွန်ုပ်တို့ နှစ်ဦးအား စောင်းချိတ်ကြည့်ပြီးလျှင် လှောင်ရယ် ရယ်လိုက်သေး၏။

ပြီးလျှင် ဆက်ပြန်လေသည်။

'နောက်ဆုံးတော့ အနီးအပါးမှာရှိတဲ့ ဘုန်းတော်ကြီးတစ် ပါးက အဲဒီလိုပေါက်ကွဲရတဲ့အဖြစ်မှန်ကို ဒကာ၊ ဒကာမတွေ ကို ပြောပြတယ်ဆိုပဲကွယ်'

'ဘာဖြစ်လို့ ပေါက်ကွဲတာလဲ ဒေါ်ဒေါ်'

www.burmeseclassic.com

www.burmeseclassic.com



မစပယ်က သိချင်ဇောဖြင့် မေးလေသည်။

ကျွန်ုပ်ကမူ သိချင်သော်လည်း ချောက်ပေါက် ရုံးမည်စိုးသဖြင့် မမေးရဲဘဲ အသာစောင့်စားနေမိ၏။

ထိုအခါ အပျိုကြီးက မျက်စောင်းချိတ်လျက်....

'ဘာဖြစ်လို့ ပေါက်ကွဲဘာလဲဆိုတော့ ဘုန်းကြီးဘဝမှာ ပြောချင်တာမပြောရ၊ စားချင်တာမစားရ၊ လုပ်ချင်တာမလုပ်ရ၊ သွားချင်တာ မသွားရနဲ့အရာရာကိုကြိတ်မှိတ် အောင့်အည်းထားရတော့ အောင့်လုံးတွေ ဖြစ်နေတာတဲ့.......

'အခုလိုမီးသဂြိုဟ်တဲ့အခါကျတော့ မီးနဲ့တွေ့ပြီးဒီအောင့်လုံးတွေ ပေါက်ကွဲတော့ဆိုပဲ၊ အင်း....တို့အိမ်မှာလဲ ဘယ်တော့ဒီလိုအောင့်လုံးတွေ ပေါက်ကွဲကုန်မလဲပဲ၊ ဒါ့ကြောင့်မမှန်အောင် ရှောင်နေမှသင့်လိမ့်မယ်ထင်တယ်၊ ဟဲ ဟဲ ဟဲ'

'ကြုံကြုံဖန်ဖန် အပျိုကြီးရယ်'

'သွား....ဘာမှန်းမသိဘူး၊အပျိုကြီးနော် မစပယ် သိပ်ရှက်တယ်သိလား'

'ဟား ဟား ဟား'

မစပယ်မှာ ရှက်သွေးဖြန်းလျက်ရှိသော ပန်းနုရောင် မျက်နှာကလေးဖြင့် အဒေါ်ဖြစ်သူ အပျိုကြီးအား ထုရိုက်နေရာ အပျိုကြီးမှာ တဟားဟားရယ်မောနေတော့သည်။



ကျွန်ုပ်မှာ ထိုအခါကျမှပင် ရှပ်အင်္ကျီ အတွင်းအိတ်၌ ထိုးထည့်လာခဲ့သည့် ငွေငါးထောင်ကိုသတိရပြီး ထုတ်ယူမိလေတော့သည်။

မစပယ်တို့တူဝရီးမှာ ထိုငွေထုပ်ကိုကြည့်၍ အရယ်ရပ်သွားကြသည်။

'ဘယ်ကရလာတာလဲ အစ်ကို၊ မစပယ်သိခွင့်ရှိရင် သိပါရစေလား'

'သိရပါဘယ်ကွယ်'

ကျွန်ုပ်က ငွေယူလာရသည့်ကိစ္စနှင့်ခရီးထွက်မည့် အကြောင်းကိုပြောပြသောအခါ မစပယ်လေး၏မျက်နှာမှာ ညှိုးရော်လျက်ရှိလေတော့သည်။

ကျွန်ုပ်လည်း အမြန်ဆုံးပြန်လာမည်ဖြစ်ကြောင်းနှင့် ပူပင်မှုမဖြစ်စေလိုကြောင်းအပြင် မဝေးလှသောကာလ၌ မစပယ်နှင့် လက်ထပ်နိုင်တော့မည် ဖြစ်ကြောင်းများကို ပြောဆိုနှစ်သိမ့်ပြီးလျှင် အိပ်ရာသို့ ဝင်ခဲ့တော့သည်။

နံနက်လင်းသည်နှင့် မစပယ်ပြင်ဆင်ပေးသည့် ထမင်းကြော်နှင့်ရေနွေးကြမ်းကို ငွဲသောက်ပြီးနောက် ဘုရားဝတ်ပြုပြီးလျှင် အပျိုကြီး ဒေါ်မြွေးလှအားလည်း ဦးချကန်တော့၍ လွယ်အိတ်တစ်လုံးဖြင့် ထွက်လာခဲ့တော့သည်။

ပထမဦးစွာ လမ်းမတော်ဘက်သို့ မြင်းရထား တစ်စီးကို

www.burmeseclassic.com

www.burmeseclassic.com



ငှားစီး၍ ပွဲရုံအတော်များများကို လိုက်လံ စုံစမ်းသည်တွင် ပွဲရုံတစ်ရုံ၌ ပြည်မြို့ဘက်သို့ ထွက်ခွာရန်အသင့်ဖြစ်နေသော ကုန်ကားတစ်စီးကို အသင့်တွေ့ရသည်နှင့် ဒရိုင်ဘာနှင့်စပယ်ယာတို့အား အနူးအညွတ် အသနားခံသည်တွင် လိုက်ပါခွင့် ရရှိလေတော့သည်။

ကျွန်ုပ်သည် ကုလားကွမ်းယာဆိုင် တစ်ဆိုင်မှ ကက်ကြေးတံဆိပ် စီးကရက်ဘူးနှစ်ဘူးနှင့် တယောတံဆိပ် မီးခြစ်ဘူးကို ဝယ်ယူကာ ကုန်ကား၏နောက်ပိုင်းမှ ပဲအိတ်များကို မှီလျက် ဇိမ်ကျစွာ လိုက်ပါခဲ့တော့သည်။

ကားသည် တအိအိသွားနေပြီးမှ တစ်နေရာ၌ ဆိုက်ရောက် ရပ်နားလေတော့သည်။

ကျွန်ုပ်က အမိုးတာရပတ်ကိုဆွဲလှန်း၍ကြည့်သည်တွင် တိုက်ကြီးမြို့ဖြစ်ကြောင်း သိရလေသည်။

ထိုအခိုက် စပယ်ယာလုပ်သူ ဆင်းလာကာ....

'ဗျို့ ဆရာ၊ ဒီမြို့မှာနံနက်စာ စားမယ်ဗျ၊ ရှေ့လျှောက် ဒဲ့ရိုက်ထွက်မှာ၊ ဒါ့ကြောင့် ခဏတဖြုတ်ဆင်းပြီး နံနက်စာ စားပါလား'

'ကျေးဇူးပဲဗျို့'

ထို့ကြောင့် ကျွန်ုပ်လည်းကားပေါ်မှ ဆင်း၍ ဒရိုင်ဘာ စပယ်ယာတို့နှင့်အတူ ထမင်း စားသောက်ကြပြီးလျှင် ကျသင့်ငွေကိုကျွန်ုပ်ကပင် ရှင်းပေးလိုက်တော့သည်။



ဒရိုင်ဘာမှာ ကိုမြသာဟုခေါ်၍ စပယ်ယာမှာ မောင်တင်အုန်းဟု ခေါ်ကြောင်းလည်း မိတ်ဖွဲ့၍သိရှိရပြန်၏။

ခေတ္တမျှအကြာ၌ မောင်တင်အုန်း ပျောက်ကွယ်သွားသောကြောင့် ကျွန်ုပ်ကမေးရာ ဒရိုင်ဘာကိုမြသာက ရယ်မော၍ တော်အိမ်ငယ်အိ ဖြေဆိုသောကြောင့် ကျွန်ုပ်လည်း ဆက်မမေးတော့ပေ။

ကျွန်ုပ်လည်း ကားနောက်ပိုင်းသို့တက်ရောက်၍ ကက်ကြေးစီးကရက်ကို ဇိမ်ဖြင့် ခဲတော့၏။

ထိုအခိုက်....

ကားစက်နှိုးသံ ကြားရပြီးလျှင် ကားစပယ်ယာ မောင်တင်အုန်းက....

'ဆွဲဆရာရေ့....သူ့အမေမနိုးခင်'

ဟူသော အသံကြောင့် ကျွန်ုပ်မှာ တွေးမိပြီး ဟက်ဟက်ပက်ပက် ရယ်မောမိပေတော့၏။

အဘယ်ကြောင့်ဆိုသော်....

'ဆွဲ ဆရာရေ့'ဟူသောအသံမှာ ခပ်စူးစူးချပ်ဆောင့်ဆောင့် ထွက်လာသော်လည်း 'သူ့အမေမနိုးခင်' ဟူသော အသံမှာမူ တိုးတိုး ပြောသကဲ့သို့ ဖြစ်နေခြင်းကြောင့် ကျွန်ုပ် ရယ်မောမိခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခိုးလို့ဆရာ....' 'ကျွန်းမာရေး၊ ကျွန်းမာရေး'.... 'စိတ်ချလျှော့မယ်'၊.... 'ဝါရှာတွေ ဂျမ်းဖြစ်နေဘယ်ဆရာ'၊.... မတ်ခေ တွေ့လိမ့်လာဘာယ်'

ဟူသော ကားလောက၏ အသုံးအနှုန်းများကို ပြန်လည်တွေးမိသောအခါ ကျွန်ုပ်မှာ ဆက်လက်ပြုံးရယ်မိတော့၏။

မှတ်ချက်၊ ထိုခေတ် ထိုအခါက အစ အခုအချိန်အထိ ကားလောက၏ ထင်ရှားဖွယ်သာ အသုံးအနှုန်းများမှာ ဟာသပြောင်မြောက်၍ ဗဟုသုတ ဖြစ်ဖွယ်များ ပါရှိရာ အလျဉ်းသင့်သည့်အခါ၌ ဆက်လက်၍ ဖော်ပြပါမည် ဖြစ်ပါကြောင်း၊

စာရေးသူ၊

ကျွန်ုပ်မှာ တစ်ကိုယ်တည်း ပြုံးရယ်နေခိုက် အရှိန်ရစပြုနေသည့် ကားနောက်ပိုင်း၏ တာရပတ်စကိုဆွဲ၍ ဝင်လာသည့် လူတစ်ယောက်ကို တွေ့လိုက်ရတော့သည်။

ထိုသူကား ကျွန်ုပ်တို့ ကား၏ စပယ်ယာမောင်တင်အုန်းဖြစ်နေဖလသည်။

'အို....မောင်တင်အုန်း ပါလား၊ ဘယ့်နှယ်ကြောင့် ကားရှေ့ခန်းက မလိုက်ဘဲ နောက်ဘက်က လိုက်လာရတာလဲ'။

ကျွန်ုပ်က ထိုသို့ မေးလိုက်ရာ မောင်တင်အုန်းက စပ်ဖြီးဖြီးမျက်နှာဖြင့်—



'အရှေ့မှာ လူပြည့်သွားပြီ ဆရာရဲ၊ ဟဲ....ဟဲ'

'ဘာလဲ၊ ခရီးသည်လိုက်လာလို့လား'

ကျွန်ုပ်၏အမေးကို စပယ်ယာမောင်တင်အုန်းက ဖြေဆိုခြင်းမရှိဘဲ၊ တဟဲဟဲရယ်နေပြီးမှ ကျွန်ုပ်၏လက်ကိုဆွဲလျက် ကားခေါင်းနှဒ်းဆီသို့ ခေါ်သွားလေ၏။

၎င်းနောက် ကား၏တာရပတ်စကိုခက်စက်ခဲခဲဖွင့်၍ ကားခေါင်းသို့ ချောင်းကြည့်ကြရာ အတော် အသင့် ကြည့်ပျော်ရှုပျော် ရှိ၍ ကိုယ်လုံး ကိုယ်ထည် ဖွံ့ဖြိုးသော အမျိုးသမီး တစ်ယောက်အား ဒရိုင်ဘာ ကိုမြသာက ပခုံးကို ဖက်ထားကြောင်း တွေ့ရလေ၏။

တစ်ဖက်မှလည်း စီယာတိုင်ကိုင်ထားသေးသည်။

'ဩော်...ဩော်'

ကျွန်ုပ်လည်း ထိုမျှသာ ပြောလျက် တာရပတ်စကို ပြန်ချလိုက်ပြီးလျှင် စပယ်ယာ မောင်တင်အုန်း အား ကတ်ကြေးစီးကရက်တစ်လိပ်ကို တည်ခင်းဧည့်ခံလေ၏။

မောင်တင်အုန်းက လှမ်းယူလိုက်ရင်းမှ—

'ဆရာကော ဝါသနာပါသလား၊ ပါရင်လဲ ရှယ်ယာခွဲပေးမှာပါဗျ။ ကျွန်တော့်ဆရာ ကိုမြသာက ဒီကိစ္စမှာ မျှတမှုရှိပါတယ်—'

www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ဟား... မလုပ်ပါနဲ့ မောင်တင်အုန်းရယ်...၊ အစ်ကိုက အဲဒီကိစ္စမှာ လုံးဝမှလုံးဝ ဆိုမပါတော့၊ မင်းကိုတော့ ကျေးဇူးတင်ပါတယ်၊ ဘယ်လိုမှ မဖြစ်လို့ပါ'

ကျွန်ုပ်က လက်ခါခါ ခြေခါခါဖြင့် ခတ်တင်းမန် ပြောဆိုသောအခါ မောင်တင်အုန်းက...

'ဟား ဟား ဟား...ဆရာက အစိမ်းသက်သက်ထင်ပါရဲ့၊ အမဲသား မစားဘူး မစားဘူးနဲ့ တစ်ခါလဲ စားမိရော နွားမြင်ရင် လက်ညှိုးထိုးတဲ့ လူတစ်ယောက်အကြောင်း ဆရာ ကြားဖူးမှာပေါ့၊ နောက်မှ အဲဒီအဖြစ်မျိုးဖြစ်နေမယ်နော်၊ ဟား ဟား ဟား...'

'ဟား...ဟား...ဟား'

ကျွန်ုပ်မှစ်ဦးလည်း ထိုသို့ ရယ်မောဖွယ် စကားများ ပြောနေကြစဉ်အခိုက် ကားမှာ စက်နှေးလျက် ဟိုမှ သည်မှ တွေ့ကောက် ယိမ်းထိုးနေတော့ရာ ကျွန်ုပ်က...

'မောင်တင်အုန်းရေ၊ ဒီလမ်းတော့က ကား အလွန်ရှင်းတာကိုပဲ ကျေးဇူးတင်ရမယ်နော်၊ ဘာဖြစ်လို့လဲ ဆိုရင် ခုအချိန်မှတိုက်ကားရဲ့ ဒရိုင်ဘာ ကိုမြအာဘက လမ်းတစ်လမ်းလုံးကို ပိုင်စီးထားလို့ပဲ၊ ဟဲ့...ဟဲ'

'ဟုတ်တယ် ဆရာရေ'



ဒယာင်တင်အုန်းကလည်း ခေါင်းညိတ်ထောက်ခံလျက် ကျွန်ုပ်တို့ နှစ်ဦးမှာ ပြုံးစိစိဖြင့် ပဲအိတ်များမှိုကာ စီးကရက်ကို ဖွာ၍ ခံသောက်လာကြတော့၏။

ဤသို့ဖြင့် မောင်တင်အုန်းနှင့်ပြောဆိုရယ်မောရင်း မင်းလှမြို့သို့ ဆိုက်ရောက်ခဲ့သည်၌ အားလုံးကို နှုတ်ဆက်ပြီးလျှင် ဈေးတန်းအတွင်းသို့ ထွက်ခွာလာခဲ့လေသည်။

www.burmeseclassic.com

## ကျွန်ုပ်စုံထောက်ဖြစ်သွားခြင်း

အဘန်ငယ်မိုးချုပ်နေပြီဖြစ်ရာ ကျွန်ုပ်လည်း လမ်းလျှောက်လာသည့်ရွာသားတစ်ဦးအားမေး၍ အရက်ဆိုင်ရှိရာသို့လျှောက်လာခဲ့တော့သည်။ အရက်ဆိုင်တုခေါ်သော်လည်း တဲသာသာမျှသာရှိ၍ ချက်အရက်များကိုစဥ့်အိုးကြီးတစ်လုံးနှင့် သို့လှောင်ရောင်းချခြင်းသာဖြစ်သည်။

အရက်သမားအချို့မှာ အရှိန်ရနေပြီဖြစ်သည့် အလျှောက်ဆူညံ၍နေတော့သည်။ ကျွန်ုပ်လည်း ဝါးကပ်ပျစ်တစ်ခု၌ဝင်ထိုင်ကာ အရက်တစ်ခွက်နှင့် ကြက်ကြော်တစ်ခုကို မှာယူတာပတ်ဝန်းကျင်ကို ဂရုတစိုက် ကြည့်မိသည်။



အရက်တဲနှင့် ခါးလွယ်ဒုတ်တွင် မီးတရဲရဲဖြင့် အကြော်ကြော်နေသော အဒေါ်ကြီးတစ်ဦးကို တွေ့ရသောကြောင့် အရက်ရောင်းသူ လူကြီးအား....

'ဦးလေးခင်ဗျာ...အကြော်နဲ့မြည်းချင်လို့ အရက်ကို ဟိုဆိုင်ယူသွားလို့ ရမလားဟင်'

ထိုအခါ ဆိုင်ရှင်လူကြီးက ပြုံးလျက်....

'ယူသွားပါ မောင်ရင် ရပါတယ် မောင်ရင်ရယ်၊ အဲ့ဒါဦးမိန်းမရဲ့ဆိုင်ပါပဲ၊ ဟိုမှာဆိုတော့ အေးအေးဆေးဆေးသောက်လို့ရတာပေါ့ကွာ'

'ဟုတ်ကဲ့ခင်ဗျာ'

ကျွန်ုပ်လည်း အရက်ခွက်နှင့် ကြက်ကြော်ကိုယူပြီး အကြော်တဲရှိရာသို့ ထွက်လာခဲ့တော့သည်။

အကြော်သည်အဒေါ်ကြီးက လှိုက်လှဲပျူငှာစွာ ကြိုဆိုလေသည်။

'လာ...လာဟေ့ ငါ့သား၊ အကြော်တွေလဲစုံတယ်၊ ကြိုက်တာယူစားပေါ့၊ ဒီမှာက အေးအေးဆေးဆေးရှိတယ်ကွယ်'

'ဟုတ်ကဲ့...အဒေါ်'

ကျွန်ုပ်က ပြောပြောဆိုဆိုဖြင့် ပုစွန်ကြော်တစ်ခုကို ကောက်ယူဝါးလိုက်တော့သည်။

ပြီးလျှင် အရက်ကို ဟန်ဆောင်ပန်းဆောင် သောက်လိုက်ပြီးနောက်....

www.burmeseclassic.com

www.burmeseclassic.com



'ဒီမြို့လေးက သိပ်သာယာတယ်နော်'

'သာယာတာပေါ့ကွယ်၊ သီးနှံစိုက်ပျိုးမှုတွေကလဲ ဖြစ်ထွန်းလေတော့ အထက်မြန်မာပြည်ကရော အောက်မြန်မာပြည်ကပါ ကူးသန်းရောင်းဝယ်ရေးမှာ အားထားရတဲ့ မြို့ကလေးတစ်မြို့ ဖြစ်နေတော့တာပေါ့'

ကျွန်ုပ်လည်း စကားရောဖောရောဖြင့် အစပျိုးပြီးနောက် အဒေါ်ကြီးအား တစ်ချက်အကဲခတ်ပြီးလျှင်....

'ဒါနဲ့ အဒေါ်၊ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က ဒီမြို့မှာ ထူးဆန်းတဲ့အဖြစ်တစ်ခု ဖြစ်သွားတယ်ဆို အဲဒါ ဟုတ်ပါသလား'

'ဘယ်သူကပြောတာလဲ သူငယ်ရဲ့'

'ဪ...အရက်မူးနေတဲ့လူတစ်ယောက်က သူ့အဖော်ကို ပြောနေတာ ကြားမိလို့ပါ'

'ဘာအကြောင်းများပါလိမ့်'

အဒေါ်ကြီးက ကျက်နေပုံဖြစ်သော အကြော်များအား သံဆန်ကာခွက်နှင့် ဆယ်တင်ပြီးလျှင် ဆန်ကာပေါ်၌ ဆီစစ်ထားရင်းမှ ကျွန်ုပ်အား အံ့သြတကြီး ကြည့်၍ မေးလိုက်၏။

'ဟိုဒင်းလေ၊ လူတစ်ယောက်က အရက်မူးမူးနဲ့ သူ့မိန်းမ မကောင်းကြောင်း ပြောရင်းက မခံနိုင်တဲ့ လူတစ်ယောက်နဲ့ ရန်ပွဲဖြစ်သွားတယ်ဆိုပါလား'



ကျွန်ုပ်က မရေမရာဖြင့် မထဲမကဲ့ ပြောလိုက်လည်တွင် အကြော်သည်အဒေါ်ကြီးက....

'ဟုတ်တယ်...ဟုတ်တယ် သူငယ်ရဲ့၊ အင်း... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ဖြစ်လိမ့်မယ်၊ အဲဒီလူဟာ မူးမူးရူးရူးနဲ့ သူ့မိန်းမ ကို မကောင်းကြောင်းပြောတယ်လေ အဲ့ဒီမိန်းမက နွားချေး ...လဲရှိတော့ လူတွေမှာ ငွေစကလဲ အစော်ပကြတာကလေ။ ဆိုင်မှာ တရှန်းရှန်းနဲ့ပေါ့၊ လူတစ်ယောက်က ဒါကို မကျေနပ် လို့ ရန်ဖြစ်တော့တာပေါ့'

'ဒီမှာတင် မိန်းမနဲ့ကလေးလဲ ထွက်ပြေးပြီး ကြုံရာကား တစ်စီးနဲ့ လိုက်ပါသွားတော့တာပေါ့'

ကျွန်ုပ်က ခေါင်းညိတ်လျက် အရက်တစ်ကျိုက်ကိုငုံ့လိုက်ကာ ...ပ်များများတွေးထုတ်လိုက်သည်။

ပြီးလျှင် အကြော်နှင့် ကြက်ကြော်များကို တစ်ဖွဲ့စီစားသောက် ရင်းမှ အဒေါ်ကြီးကို မေးလိုက်တော့သည်။

'အဲ့ဒီကားနဲ့တင်ခေါ်သွားသူဟာ ဒီမြို့သားပဲ ဖြစ်မှာပေ နော်'

'မဟုတ်ဘူးကွယ့်၊ ဒီမြို့ကမဟုတ်ဘာတော့ သေချာတယ်။ မြို့ကဆိုရင်တော့ သတင်းအစအနတော့ ကြားရမှာပေါ့၊ အဒေါ်ကြီးထင်တာက ဒီလူဟာ ကုန်သည်ပွဲစားတစ်ယောက်ဖြစ် မယ်၊ သူဟာ ခရီးသွားတာန်လဲ တွေ့ကြုံရင်းက ကျူခေါ် ဆောင်သွားတာဖြစ်လိမ့်မယ်ကွယ့်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ အရက်သမားကကော ဘယ်ရောက်သွားသတဲ့ အဒေါ်ရယ်'

'အင်း....ဒီအရက်သမားကတော့ အဒေါ်ကြီးရဲ့အကြေ မှာ ကျွမ်းပြန်အောင်မူးပြီး အိပ်ကျန်ရစ်တာမှာ မနက်အ ကြီး ထွက်ခွာသွားတယ်လို့ မြင်လိုက်တဲ့လူအချို့က ပြော တယ်ကွယ့်၊ ဒီမိသားစုအကြောင်း ပြန်တွေးမိရင် မနေ့တ ကဖြစ်နေသလို ခံစားရပြီး စိတ်မကောင်းဖြစ်ရတာပေါ့ကွ'

'ဟုတ်ကဲ့ အဒေါ်'

ကျွန်ုပ်လည်း အဒေါ်ကြီးစိတ်ကျေနပ်စေရန်အကြော် ထ ထပ်မံယူစားလိုက်ပြီးလျှင် ကျွန်ုပ်သိရှိလိုသည့် အချက်များသ ထိုနေရာ၌ လမ်းဆုံးနေပြီဖြစ်ကြောင်း ရိပ်မိသည်နှင့် စိတ်ေ အကြီးအကျယ် ကျသွားတော့သည်။

ထိုစဉ်အခိုက် အကြော်သည်အဒေါ်ကြီးက....

'ဩော်...တစ်ခုတော့ ကျန်သေးတယ်ကွယ်၊ ကားလ ဟိုဘက်မနီးမဝေးမှာရှိတဲ့ အရက်သမား ကိုထွန်းဆိုတဲ့လ တော့ ဒီအမူးသမားကို သူ့အိမ်မှာတစ်ညသိပ်ပြီး နောက် နေ့မှာကားပေါ်တင်ပေးလိုက်တယ်လို့ သိရတာပဲ'

'ဩော်...ဒီလိုကိုး'

ထိုနောက်—

ကျွန်ုပ်သည် အဒေါ်ကြီးနှင့်ရောက်တတ်ရာရာ စကားမျ ပြောဆိုပြီးနောက် ခေတ္တအကြာ၌ အရက်နှင့် အမြည်



ကျသင့်ငွေများကို ရှင်းပေးပြီးလျှင် နှုတ်ဆက်ထွက်ခွာလေတော့ သည်။

အတန်ငယ်လျှောက်မိသည်တွင် ကားလမ်းဘေးမှတဲစုစုအိမ် တန်းအချို့ကို တွေ့ရတော့သည်။

'ဟော့...ဘယ်ကောင် မိုက်သလဲကွ၊ ဘယ်ခွေးမှလူမထင်ဘူး နော်၊ ငါနာမည် ဖိုးထွန်းတဲ့ကွ၊ အေ့...မိုက်ရင် အရက်ပြိုင် သောက်မလား၊ ဝေါ့....ထွီ'

ထိုအသံသည် ကျွန်ုပ်ရှေ့တူရူမှ ထွက်ပေါ်လာရာ ထိုသူ အားလူရွယ်နှစ်ယောက်က ထိန်းထားသည်ကို တွေ့ရလေတော့ သည်။

ထိုစဉ် လူရွယ်တစ်ယောက်က....

'ဦးဖိုးထွန်းရာ....ခင်ဗျားကိုကြောက်လို့ တစ်ရွာလုံး အိပ်နေ ကြပါပြီ၊ တော်ပါတော့'

'ဟ... ပါ အိပ်မှာပေါ့၊ ငါ့ကိုတကယ်ကြောက်ရင် ဒီအချိန် မှာ အားလုံးထထိုင်နေရမှာပေါ့ မှုဟုတ်လား...ထွီ'

'ဟား ဟား ဟား၊ ဒါဆိုရင် ခင်ဗျားမမူးသေးဘူး၊ ထပ် သောက်ဦးမလား'

'သောက်လဲ သောက်ဗယ်'

ဤသို့ပြောရင်းမှ ထိုသူမှာ ဇက်ကျိုးကျသွားလေရာ ထိန်း လာသည့် လူရွယ်နှစ်ဦးက တဟားဟား ရယ်မောကြလေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...

ဓယီးဒယိုင်ဖြင့် သုံးယောက်သား လဲကျသွားရာ ကျွန်ုပ်အခွင့်အရေးကို လက်လွှတ်မခံဘဲ ဝါးဆောက်ဆွဲယူလိုက်ပြန်သည်။

ထိုအခါ...

ငုင်းတို့သုံးဦးသည် ကျွန်ုပ်အားကြည့်၍ အံ့အားသင့်သွားကြပြီး လူရွယ်တစ်ယောက်က...

'နောင်ကြီးက ခရီးသည်နဲ့တူတယ်'

'ဟုတ်ပါတယ်ဗျာ၊ ကားပျက်သွားတာနဲ့ အရက်ဆိုင်လိုက်ရှာရင်း ဒီဘက် ရောက်လာတာပါ'

'ဟာ...ကောင်းရော'

'ဟာ...ဘာဖြစ်လို့ပါလဲ'

'ဟဲ...ဟဲ...ကျုပ်တို့ကလဲ အရက်ဆိုင်သွားမလို့ဗျ'

'အခုတော့ပဲဗျို့၊ ခင်ဗျားတို့နဲ့ တစ်ပါတည်း ကျွန်တော်လိုက်ပါရစေဗျာ'

'ရပါတယ်၊ ကျွန်တော်တို့က အိုးကုန်သည်ဗျ၊ ဒီဦးဖိုးထွန်းကို ဒီညအဖို့ မှောက်သွားအောင်တိုက်မလို့ဗျ ဟဲ...ဟဲ'

လူရွယ်တစ်ယောက်က ထိုသို့ပြောရာ ဦးဖိုးထွန်းက ထိုသူ့ယောက်ကို တွန်းထိုး၍...

'ဟေ့ကောင်တွေ ဖယ်ကြစမ်း၊ ခရီးသည်တစ်ယောက်ရှေ့မှာ ငါ့ကို အရှက်သမားကြီးသိက္ခာကျမနေမယ်၊ မ...



...းပါနဲ့၊ သောက်နိုင်ပါတယ်ကွာ၊ လာ... သိန်းမောင်တို့အိမ်...ားကြစို့'

'ကျွန်တော်က ခင်ဗျားတို့အားလုံးကို ပူဇော်ပါရစေဗျာ၊ ...ကျွန်တော်က မနက်ခိုးလင်းတာနဲ့ ကားကြုံတာနဲ့ ရန်ကုန်ပြန်...တ်မှာဆိုတော့ တစ်ညလောက် တည်းခိုဖို့အတွက် နောင်ကြီး...ာ တစ်ဆိတ် ကူညီမှု ပြုစေချင်ပါတယ်'

ကျွန်ုပ်က ထိုသို့ပြောရာ လူရွယ်နှစ်ယောက်စလုံးကပင်...

'ဟာ...မပူနဲ့မိတ်ဆွေ အခု အရက်ရောင်းတဲ့ ကိုသိန်းမောင်...ာ ကျွန်တော်တို့နဲ့ သားချင်းကင်းတာမဟုတ်ပါဘူး၊ အဲဒီ...မှာ သောက်ရင်းစားရင်း ကျွန်တော်တို့မှာ အိပ်ပါမယ်၊ ...အတွက် မပူပါနဲ့ဗျို့'

'ကျေးဇူးပါဗျာ'

မကြာမီ ကျွန်ုပ်တို့လေးဦးယားသည် ခနီမိုး၊ ထရံကာ၍ ...ကြမ်းခင်းထားသော အရက်ရောင်းသည့်အိမ်သို့ ရောက်လာ...သည်၌ အရက်များကို လိုသမျှမှာကြား၍ သောက်သုံးကြ...သည်။

အိမ်ရှင်ကိုသိန်းမောင်နှင့် ဇနီးသည်အပြင် ကလေးနှစ်ဦးမှာ ...နောက်ဘက် အဖီလေး၌ အိပ်ကြသောကြောင့် ကျွန်ုပ်တို့...းဦးသားမှာ ကျယ်ကျယ်ငန်းငန်း လွတ်လွတ်လပ်လပ် ...ာက်စားနိုင်ကြလေ၏။

ကျွန်ုပ်က ကျသင့်ငွေထက်ပင် ပိုမို၍ အိမ်ရှင်ဖြစ်သူကို ပေး...ပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တစ်စထက်တစ်စ မူးယစ်၍ ရောက်တတ်ရာရာ စကားများကို ပြောဆိုကြလေရာ အကြံရှိနေသော ကျွန်ုပ်က မင်းလှမြို့မှ နွားများလေလံဆွဲသည့်ကိစ္စသို့ စကားဝိုင်းကိုဦးတည် ပေးလိုက်တော့သည်။

ထိုအခါ ဦးဖိုးထွန်းက...

'မင်းတို့ ပြောလို့ ပြေရဦးမယ်၊ ဒီလောကမှာ မဖြစ်ဖူးတဲ့ အဖြစ်အပျက်တစ်ခု၊ အဲဒီနွားပွဲမှာ ဖြစ်သွားခဲ့တယ်ကွ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကလေ'

'ဘာများပါလိမ့် ဦးလေးရယ်'

ကျွန်ုပ်က ထိုသို့ ဆက်မေးလိုက်သောအခါ ဦးဖိုးထွန်းက ကြက်ကြော်တစ်ပဲ့ကို ရင်း၏ကျိုးနေသောသွားများဖြင့် တမြုံမြုံ ဝါးရင်းမှ...

'အရက်မူးမူးနဲ့ လူတစ်ယောက်က သူ့မိန်းမကို မကောင်း သတင်းတွေ တစ်ဖက်သတ်ပြောပြီး သတ်ချတယ်လေ ကွာ မဆန်းဘူးလားကွ၊ ဟေ့ကောင်တွေ'

'ဆန်းပါဗျာ'

'ဟာ...သိပ်ဆန်းတာပေါ့'

'လူတစ်ယောက်က အမြင်ကတ်ကတ်နဲ့ ဝင်ထိုးတော့ အမူး သမားခမျာ အလူးအလဲ ထိုးကြိတ်ရတော့တာပေါ့ကွာ၊ ဟား ဟား တွေ့တဲ့လူမှန်သမျှ ဆွဲထိုးတော့တာပဲ၊ ဘယ်သူရယ် ဘယ်



ချယ် ရွေးမနေတော့ဘူး၊ ပျော်စရာကြီးပေါ့ကွာ၊ ဟဲ့...ဟဲ ...ဒါပေမယ့် နောက်ပိုင်းကျတော့မှ စိတ်ညစ်ကြရတယ်၊ ဖြစ်လိုလဲဆိုတော့ အဲဒီအမူးသမားရဲ့ မိန်းမနဲ့ ကလေးပါ က်ပြေးပြီး ကားကြုံတစ်စီးနဲ့ လိုက်ပါသွားကြလို့ပဲကွ'

'အို...စိတ်မကောင်းစရာပဲဗျာ'

'သနားစရာပါကွယ်၊ အေး...နောက်တစ်နေ့ နေ့လယ်မှာ က အရက်မူးပြီး ဟောဒီ အိုးသည်ကုန်းဘက်လျှောက်အလာ ယ်ကကောင်တွေလဲမသိဘူး၊ သူ့ကို လုဖို့ကြိုးစားတာမှာ ဝါ တွေ့တော့တာပဲ'

'ဟဲ...ဟဲ...ဟဲ ပွဲကြီးပွဲကောင်း ရောက်လာပြီ၊ ဒါအမှန်ပဲ တ်ဆွေ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဒီရွာမှာ ကိုဖိုး န်းဆိုရင် အားလုံး မီးသေပြီးသားပဲ'

'ဟုတ်ကဲ့'

'နားထောင်ကြပါကွယ်၊ အဲဒီမှာ လုယက်မယ့်ကောင်တွေ ာ ငါ့လက်ချက်နဲ့ ခြေဦးတည့်ရာ ထွက်ပြေးတော့ သူ့ကို အိမ်ခေါ်လာခဲ့လေးတယ်လေ'

'အင်း...ဦးလေးထွန်းဟာ စိတ်ကောင်းလဲ အင်မတန်ရှိတဲ့ ျ'

လူရွယ်တစ်ယောက်က ရိုတ်ထိဖြင့် ဦးဖိုးထွန်းကိုခန့်နေမလေ ည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုရာတွင် ဦးဖိုးထွန်းက ရိပ်မိဟန် မရှိဘဲ ဆက်ပြောနေ
တော့သည်။

'ထိုအိမ်မှာ နှစ်ယောက်သား အရက် သောက်ကြချင်းခဲ့
နောက် တစ်သက်လုံး သူဟာ အရက် မသောက်တော့ဘူးဆိုတဲ့
အကြောင်း၊ ဒီနေ့ သောက်ခြင်းဟာ နောက်ဆုံးဖြစ်ကြောင်းနဲ့
ငါ့ကို ကျေးဇူးတင်ကြောင်း ပြောဆိုပြီး ငွေတစ်ဆယ်တောင်
ထုတ်ပေးသေးတယ်...၊ မနက် မိုးလင်းတော့ ကားကြုံတစ်စီး
တားပြီး ထွက်ခွာသွားတော့တာပါပဲကွာ'

ထိုနေရာအရောက်၌ ကျွန်ုပ်၏ ရင်မှာ တဒိတ်ဒိတ် ခုန်လာ
ပြီးလျှင် အဓိကကျသည့် အချက်ကို မေးရလေတော့၏။

'ဒါနဲ့ ဦးလေးထွန်း၊ ဒီအမူးသမားက ဘယ်မြို့ကို သွား
မယ်လို့ မပြောသွားဘူးလားဗျ'

'ဟုတ်သားပဲ'

ကျွန်ုပ်၏ အမေးကို လူရွယ်တစ်ဦးကပါ ထောက်ခံပေး
လိုက်ရာ ဦးဖိုးထွန်းက....

'ဟဲ ဟဲ....ငါဟာ သူ့ကို ကူညီတဲ့ မိတ်ဆွေဖြစ်လေတော့
ပြောခဲ့ပါတယ်၊ ရောက်ရင် ပေါက်ရင်လဲ သူ့နာမည် မေးပြီး
ဝင်လာခဲ့ပါ၊ ကျေးဇူးဆပ်ပါ့မယ်တဲ့၊ ဒါပေမယ့် ငါ့အလုပ်နဲ့
ငါ မအားတာနဲ့ တစ်ခါမှ မရောက်နိုင်ပါဘူးကွာ'

'သူ့နာမည်နဲ့ သူနေတဲ့မြို့က ဘာတဲ့ ဦးလေးရဲ့'



ကျွန်ုပ်မှာ သိလိုဇောကြောင့် မဆိုင်းမတွပင် မေးမြန်းလိုက်
တော့သည်။

ဦးဖိုးထွန်းက—

'ကိုသိန်း၊ ပဲခူးမြို့တဲ့'

'အင်း...အင်း'

ကျွန်ုပ်၏ရင်၌ ထိုအမည်များ ရိုက်ဟည်းသွားသောကြောင့်
သွေးပျက်မတတ်ဖြစ်သွားရာ မနည်းပင် ဟန်ဆောင်ထိန်းသိမ်း
နေရတော့သည်။

ဦးဖိုးထွန်းက မောသွားဟန်ဖြင့် ချက်အရက် တစ်ခွက်ကို
တိုက်ချလိုက်ပြီးနောက် ကြွက်ကြော်ကိုတမြုံ့မြုံ့ ဝါးနေလိုက်
စဉ် လူရွယ်က....

'ဗျို့ဆရာ သောက်လေဗျာ၊ ကျုပ်တို့တော့ တော်ရလောက်
ပြီ၊ ဂနက်ဖြန် လယ်ထဲဆင်းရဦးမှာဗျ'

ကျွန်ုပ်တို့ ထိုသို့ ပြောဆိုနေစဉ် ဦးဖိုးထွန်းက....

'ဟော ဟော....မကုန်ရင် ချန်ထားကြကွာ၊ အရက်သိုးတယ်
လို့ မရှိဘူး၊ နောက်နေ့မှာ ငါလာသောက်လို့ ရသေးတယ်'

'စိတ်ချပါဗျ၊ ဦးလေး ငါးရက်အထိ သောက်နိုင်အောင်
ကျွန်တော် ပိုက်ဆံပေးထားခဲ့ပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'သာခု—သာခု—သာခု၊ ကျွန်းမာပါစေကွယ်၊ ဒီလိုသူတော်ကောင်းလေးမျိုးသေရင် အသုရာပြည်ရောက်ပြီး သူရာရည်ဖုန်းပေါလအော သောက်သုံးနိုင်၍ အသုရာနတ်မင်းမှ သမီးတော်ကာ ကြွက်ကြော်များကိုလဲ အဆမတန် သုံးဆောင်နိုင်ပါစေသတည်း၊ ဟီး ဟီး၊ အေ—ဝေါ့'

'ဟား....ဟား....ဟား'

'ဟဲ....ဟဲ....ဟဲ'

'တကယ့် ဦးဖိုးထိန်းပဲ'

ကျွန်ုပ်တို့လည်း ရယ်မော ပြောဆိုကြပြီးလျှင် အတန်ငယ်အကြာ၌ ကျွန်ုပ်၏ပါးစပ်ထဲ၌ထိုက်သင့်သလောက်ရောက်လျှင်ရပြီ ဖြစ်သော သူရာရည်များ၏ အရှိန်ကြောင့် နဂါးမင်းစည်စိမ်ကို ခံစားရပြီးလျှင် အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။

ဟော့ ထ၊ ထကြတော့ဟေ့'

ကျွန်ုပ်တို့ အားလုံးမှင် ဦးဖိုးထွန်း၏ အာလေးလျှာလေးဖြင့် နိုးဆော်မှုကြောင့် ထကြရပြီး၊ ကျွန်ုပ်က အိမ်ရှင်ဖြစ်သူအား ဦးဖိုးထွန်းအတွက် ငါးရက်စာ အရက်ဖိုးကို ပေးအပ်



ပြီးလျှင် ဦးဖိုးထွန်းနှင့်တကွ လူအားလုံးကို နှုတ်ဆက်၍ထွက်ခွာလာခဲ့လေသည်။

ထို့နောက် အသင့်စောင့်ရသည့် ကားကြီးဖြင့် ဒေါ်းကူးမြို့သို့ လိုက်ပါခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## သူဌေးမင်း၏ စေတနာ

လှည်းကူးမြို့မှ တစ်ဆင့် အငှားကားကြုံတစ်စီးဖြင့် ပဲခူးမြို့သို့ တစ်ဖန် လိုက်ပါလာခဲ့တော့သည်။

ကျွန်ုပ်သည် ပဲခူးမြို့ လိပ်ပြာကန်စေးတွင် ဆင်း၍ ထမင်းဆိုင် တစ်ဆိုင်၌ ဝင်ရောက်စားသောက်ရင်းမှ ဦးသိဒ္ဓိ ဆိုသူကို မေးမြန်း စုံစမ်းကြည့်မိရာ ထမင်းဆိုင်ရှင်အဒေါ်ကြီးက အံ့ဩလျက်...

'အိုး...ဘုရားလူကြီး၊သူကြွယ်ကြီး ဦးသိဒ္ဓိလား၊ သိပ်ါမောင် သိပ်ါ၊ တစ်မြို့လုံး တစ်နယ်လုံး အသိ၊ ကလေးက အစ သိကြ



တယ်၊ သူနေတာက အဲဒီ လိပ်ပြာကန် ဘေးက တိုက်အဝါကြီးပဲ၊ ဒါနဲ့ သူငယ်က ဦးသိဒ္ဓိနဲ့ ဘာတော်သလဲ'

'မတော်ပါဘူး ခင်ဗျာ၊ ဦးသိဒ္ဓိဟာ ကျွန်တော် ဖေဖေရဲ့ မိတ်ဆွေတစ်ဦးပါ၊ အဲ...ဒါပေမယ့် ကျွန်တော်တို့သိတဲ့ ဦးသိဒ္ဓိ ဟုတ်မဟုတ်တော့ မပြောတတ်ပါဘူး ခင်ဗျာ'

'ဦးသိဒ္ဓိဆိုတာ ဒီမြို့မှာ တစ်ယောက်တည်း ရှိတာတွေ့ယ်၊ အရင်က အတော်ကလေး ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက် ရတယ်လို့ အဆိုရှိတယ်၊ ချမ်းသာလာပြန်တော့လဲ သူတကာ လို မော်မော်ကြွားကြွားမနေဘဲ လျှိုလျှိုဝှက်ဝှက်နေတိုင်ကြပြီး အလှူအတန်းနဲ့ ဘုရား ကျောင်းကန် ကိစ္စတွေမှာ မပါ မဖြစ်မှ သူ့ကို တစ်ခါတလေ တွေ့ကြရတာတဲ့ မောင်ရင်ရဲ့...၊ ဒီမြို့မှာ တော့ ဦးသိဒ္ဓိလောက် အကျင့်သိက္ခာ ကောင်းမွန်သူ မတွေ့ သေးပါဘူးကွယ်'

ကျွန်ုပ်လည်း စားသောက် ပြီးစီးပြီ ဖြစ်၍ ရေနွေးကြမ်း သောက်ရင်း ကျသင့်ငွေကို ပေးလိုက်ပြီးနောက်...

'ဒါနဲ့ သူ့မှာ အိမ်ထောင် ရှိတယ်လို့ ကြားမိပါသလား... ခင်ဗျာ'

'အို...ဘယ်ကလာ၊ အခုထိလူပျိုကြီးလုပ်နေတုန်းပဲ၊ ပစ္စည်း ကလဲ ချမ်းသာ၊ လူကလဲလူချော၊ အကျင့်သိက္ခာကလဲ ကောင်း ပြန် ဆိုတော့ အသက် နည်းနည်းထောက်လာတာလဲ့လို့ အား လုံး အားလုံးအမှတ်ပြည့် ဖြစ်နေလေတော့၊ ကြိုးကြိုး ငယ်ငယ်

www.burmeseclassic.com



ရွှယ်ရွှယ်လတ်လတ်တွေဟာ ဦးသိဒ္ဓိကိုတွေ့ချင်တယ်ဆိုရင် လက်တစ်ကမ်းမှာတင် အသင့်ရှိနေတယ်လို့ ဆိုရမယ်ကွယ့်'

'ဆိုလိုချင်လား အဒေါ်ရဲ့'

'ဒါတောင် လျှော့ပြောထားတာရှိသေးတယ်ကွယ့်သူငယ်ရဲ့'

ကျွန်ုပ်လည်း ခေတ္တမျှ စကားအနည်းငယ် ပြောဆိုပြီးလျှင် လိပ်ပြာကန်တောရှိ ကြီးမား ခန့်ထည်လှသည့် တိုက်ဝါကြီးနှင့် မျက်စောင်းထိုးရှိ သစ်ပင်တစ်ပင်အောက်၌ အရိပ် ခိုဟန်ဖြင့် စောင့်ဆိုင်းကြည့်ရှုနေတော့သည်။

အိပ်ကြီး၏ အဝင်ဝ၌ ဒရဝမ်တစ်ဦးသည် ကင်းတဲကလေးတစ်လုံးဖြင့် စောင့်ကြပ်လျက် ရှိ၏။

ခြံကြီးအတွင်း၌ နေကြာနှင့် ဒေလီယာပန်းများ ဆောင်စုံပွင့်နေသည်ကို လှမ်း၍ တွေ့ရပြီးလျှင် တိုက်ကြီးအတွင်း၌ လှုပ်ရှားမှုမရှိဘဲ ပကတိ တိတ်ဆိတ်နေလေ၏။

ဦးသိဒ္ဓိဟူသည့် ပုဂ္ဂိုလ်ကြီးမရှိ၍ပေလားဟု သံသယဖြစ်စရာရှိနေတော့၏။

နေစောင်းသည်အထိ ကျွန်ုပ် စောင့်ကြည့်သော်လည်း မည်သို့မျှ မထူးခြားသည့်အဆုံးတွင် ကျွန်ုပ်သည် ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်လျက် ခြံဝင်းဝရှိ ကင်းတဲလေးရှိရာသို့ လျှောက်လာမိတော့သည်။



ထိုအခါ ကင်းသမားဖြစ်သူ ထောင်ထောင်မောင်းမောင်းလူကြီးက ဂေါ်ရခါးခေါင်းကောက်ကြီး၏ ခေါင်းရိုးကို မာန်ပါပါဆုပ်ကိုင်လျက်....

'ဟေ့....ရှောင်းရင် ဘာကိစ္စလဲ၊ ဘယ်သူ့ကို တွေ့ချင်လို့လဲ ပြောပါ'

'ကျွန်တော်....ကျွန်တော်၊ ဒီအိမ်ရှင် ဦးသိဒ္ဓိဆိုတဲ့ ပုဂ္ဂိုလ်ကြီးနဲ့ တွေ့ချင်လို့ပါ ခင်ဗျာ'

'ဘာ....ဘာကွ၊ ပြန်ပြောစမ်း'

'ဪ....ဦးသိဒ္ဓိနဲ့ တွေ့ချင်လို့ပါလို့ ပြောနေတာပါ'

'မင်းက မတန်မရာတွေပြောနေပါပြီ၊ မင်းရဲ့ပုံပန်းကိုကြည့်စမ်း၊ လွယ်အိတ်တစ်လုံးနဲ့ လူတစ်ယောက်က ဘုရားလူကြီးသူဌေးမင်းကို တွေ့ချင်တယ်ဆိုတာ ယုံတမ်းစကားလိုဖြစ်နေပြီ၊ တွေ့ခွင့်မရှိဘူး၊ ပြန်သွားပါ'

'ဟာဗျာ....ကျွန်တော့်မှာ အရေးတကြီးကိစ္စရှိလို့ပါ၊ သူနဲ့တွေ့မှ ဖြစ်လိမ့်မယ်၊ ဒါမှမဟုတ်ရင်လဲ ကျွန်တော်က တွေ့ခွင့်တောင်းကြောင်း ဦးလေး သွားပြောပေးပါနော်'

ကျွန်ုပ်က ထိုသို့ ခယယပြောသော်လည်း ခက်ထန်ပုံရ၍ တာဝန်တိကျသော ကင်းသမားကြီးက မတုန်မလှုပ်ဖြင့်....

'ထွက်သွားစမ်း....ထွက်သွားစမ်းဟေ့၊ အခြေအမြစ်မရှိတဲ့ လူတစ်ယောက်အတွက် ငါ့မှာ အလှုပ်ရှုပ်မခံနိုင်ဘူး၊ ငါဒေါသဖြစ်လာရင် ခက်ကုန်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ မည်သို့မျှလုပ်ရမှန်း မသိအောင် ဖြစ်ခဲ့လေတော့သည်။

ကျိပုံအတိုင်းဆိုလျှင် ကင်းသမားကြီးက မည်သို့မျှ ကျွန်ုပ်အား တိုက်တွန်းသို့ ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း ကျွန်ုပ် တွက်ဆမိလိုက်သည်။

ထိုအခါ ကျွန်ုပ်က တစ်စုံတစ်ရာကို ဆုံးဖြတ်လျက်....

'ကျွန်တော်က ကောင်းကောင်းမွန်မွန် တောင်းပန်နေတာကို ဦးလေးက ဂရုမစိုက်ဘူးဆိုရင်တော့ ဖြစ်တဲ့နည်းနဲ့ ကျွန်တော် ဝင်တွေ့ရလိမ့်မယ်၊ ဒါပဲ'

'အလို မင်းကလား၊ ဟား ...ဟား...ဟား ငါနာမည်ကျော်ကျားကြီးတဲ့ကွ၊ အရင်က လက်ဝှေ့သမားဟောင်းကြီးတစ်ယောက်ပေါ့၊ မင်းလို ချွတ်တားဝါလွှားက စိန်ခေါ်တဲ့စကားပြောတာ ငါရယ်ချင်လိုက်တာ ဟား...ဟား...ဟား'

ပြောပြောဆိုဆိုဖြင့် ကင်းသမားကျားကြီးက ကျွန်ုပ် ရှိရာသို့ တိုးလာရာ ကျွန်ုပ်က ကြောက်ရွံ့ဟန်ဖြင့် နောက်ဘက်သို့ ဆုတ်လာခဲ့တော့သည်။

'ဟေ့ကောင်၊ ကြောက်နေပြီလားကွ'

'မကြောက်ပါဘူး၊ ခင်ဗျား လာခဲ့လေ'

ကျွန်ုပ်က စိန်ခေါ်လျက်က နောက်ဘက်သို့သာ ဆက်လက်ဆုတ်လာခဲ့တော့သည်။



ထိုအခိုက် ကျားကြီး ဘိသူ ကင်းသမားက ကျွန်ုပ် ရှိရာသို့ ကျားခုန်ခုန်၍ အယ်ညာလက်သီးများကို ပစ်လွှတ်လိုက်တော့သည်။

'ဒိုး...ဒိုး'

သို့ရာတွင် ကျွန်ုပ်၏ အရှောင်အတိမ်း ကောင်းမှုကြောင့် ၎င်း၏ လက်သီးများမှာ လေကိုသာ ထိုးမိလေသည်။

ကျွန်ုပ်က ဖျတ်ခနဲ ဘေးတိုက်ခုန်ထွက်လိုက်ပြီး အရှိန်ယူကာ ပြေးလွှားလျက် အတန်ငယ် မြင့်မားသော အုတ်တံတိုင်းကြီးအား ခုန်ကျော်လိုက်လေသည်။

'ဟာ'

ကျားကြီးမှာ တခဏမျှ အံ့ဩနေပြီးနောက် ချက်ချင်းပင် သတိရလျက် ခြံဝတံခါးကို တွန်းဖွင့်ဝင်လာကာ ခြံထဲရောက်နေသည့် ကျွန်ုပ်အား ဝင်ရောက် သတ်ပုတ်လေသည်။

ကျွန်ုပ်က လုံးဝ ခုခံခြင်းမရှိဘဲ ရှောင်တိမ်း၍သာ နေလိုက်သည်။

နာရီဝက်ခန့်ကြာသောအခါ ကျားကြီးမှာသက်လုံမကောင်းနိုင်တော့ဘဲ ဟောဟဲဟောဟဲဖြင့် အမောဖောက်လာတော့သည်။

'ဖဲကွာ၊ တျော့ကြသေးတာပေါ့'

'ရှမ်း'

www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးက ပြောပြောဆိုဆိုဖြင့် ကျွန်နုပ်၏ ရောင်ခြည်ဖြင့် ဝင်းပြောင်နေသော ရင်း၏ ဂေါ်ရခါးခါးကောက်ကြီးကို ဆွဲထုတ်ပြီးလျှင် ကျွန်နုပ် ရှိရာသို့ တစ်လှမ်းချင်း တိုးလာပြီးနောက် လွဲခုတ်ရန်အတွက် ခါးကောက်ကြီးကို လေထဲသို့ မြှောက်လိုက်တော့သည်။

ထိုအခိုက်မှာပင် ဖအောင်မြင်စူးရှသော အမိန့်သံတစ်ခုက ထွက်ပေါ်လာသည်။

'ရပ်လိုက်စမ်း ဟေ့ ကျားကြီး'

ကျားကြီးမှာ တိုက်ခမှရပ်၍ အမိန့်ပေးလိုက်သည့် ခန့်ညားသော ပုဂ္ဂိုလ်ကြီးအားကြည့်ကာ ခါးကြီးမြှောက်လျက်ဖြင့် ကျောက်ရုပ်ကြီး တစ်ရုပ်ကဲ့သို့ မလှုပ်မယှက် ရှိနေလေတော့သည်။

ထိုစဉ်....

ကျွန်နုပ်က ထိုပုဂ္ဂိုလ်ကြီးအား ဦးညွှတ်ဂါရဝပြုကာ....

'ကျွန်တော် ကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါရစေဦး ခင်ဗျား၊ ကျွန်တော်ဟာ အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် ဦးနဲ့တွေ့ချင်လွန်းလို့ ခရီးဝေးကလာခဲ့တာပါ....

'ဒရဝမ်ဦးကြီးကို ဦးနဲ့တွေ့ခွင့်ပြုဖို့ အနူးအညွတ် ပြောပါသေးတယ်၊ ဒါပေမယ့်သူက လုံးဝခွင့်မပြုတာနဲ့ ခြံစည်းရိုးကို ကျော်ပြီး'



'ဒါခတ္တအားလုံး ဦး မြင်တွေ့ပြီးသားပါလေ၊ မောင်ရင့်ကိစ္စက ဦးနဲ့တွေ့မှဖြစ်မယ်လို့ဆိုတာ ဟုတ်လားကွယ့်'

'မှန်ပါတယ် ခင်ဗျာ'

'ကောင်းပြီ၊ ဒါဆိုရင် တိုက်ထဲဝင်ခဲ့ပေတော့၊ ဟေ.... ကျားကြီး၊ မင်းတာဝန်ကို ဆက်လက်ဆောင်ရွက်ပါ၊ လုံးဝ လစ်ဟင်းစေနဲ့နော်'

'ဟုတ်ကဲ့ သူဌေးမင်း'

ကျားကြီးတစ်ယောယ် ခြံဝရှိကင်းတဲသို့ ပြန်လည်လျှောက်သွားစဉ် ကျွန်နုပ်သည်လည်း ဦးသိဒ္ဓိဟူသည့် သူဌေးကြီးနောက်မှနေ၍ ခံ့ထည်သားနားသည့် အိမ်ကြီးအတွင်းသို့ ဝင်ခဲ့လေတော့သည်။

အိမ်အတွင်းရှိ ဧည့်ခန်းမှ ကျွန်းကုလားထိုင်ကြီး များမှာ အနုတ်ပန်းခက်၊ သစ်ထွင်းပန်းချီများဖြင့် မဟော်ဂနီရောင်တောက်ပနေသကဲ့သို့ ခန်းလုံးပြည့်မျှခင်းထားသောပါရှန်းပြည်ဖြစ် မွေးပွကော်ဇောကြီးများကို တွေ့ရလေသည်။

ပြောင်လက်နေသော ဗီရိုပုံသဏ္ဌာန် စားပွဲပုကလေးပေါ်၌ ယွန်းထည်၊ ယွန်းအစ်၊ ယွန်းအုပ်စသည့် ပစ္စည်းများနှင့်တကွ ငွေကလပ်၊ ငွေကွမ်းအစ်၊ ငွေမောင်း၊ ငွေသည်းလည်းနှင့် ငွေလင်ပန်းစသော အဖိုးတန် အသုံးအဆောင်များမှာလည်း သူနေရာနှင့်သူ ကြည့်ကောင်းစေရန် ဖန်တီးထားကြောင်း တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နံညြိခန်း၏မျက်နှာကြက်တွင် ဖန်မီးဆိုင်းကြီးကို သွယ်ထား… နားစွာ တွေ့ရပြီးနောက် ခေါင်းရင်းဘက်နံရံတွင်ရှိ အဝတ်အစားနှင့် လင်မယား နှစ်ယောက်၏ပုံတူကို တွေ့ရပြန်… သည်။

တင်ဖန် ကျွန် ပေါင်ဖြင့် ကာထားသော မှန်ပေါင်တစ်… ဓာတ်ပုံတစ်ပုံကိုလည်း တွေ့ရပြန်သည်။

ထိုအခါ…

ကျွန်ုပ်သည် ဂမ်းသာမိသည့် အနေလျှောက် တစ်ကိုယ်လုံး ကတုန်ကယင် ဖြစ်သွားရတော့သည်။

'ထိုင်ကွယ်၊ အဲဒီမှာ ထိုင်'

'ဟုတ်ကဲ့ခင်ဗျ'

ကျွန်ုပ် ကုလားထိုင်ပေါ်၌-မရဲတရဲထိုင်မိစဉ် အခိုက်မှာ… အလှန်သာယာသော ငွေဇောင်းတစ်ချက် တီးခေါက်သံ ထွက်ပေါ်လာခဲ့သည်။

'နောင်'

ရုတ်တရက် အိမ်နောက်ဘက်မှ လူရွယ်တစ်ယောက်သည်ညင်… သာသာဖြင့် ထွက်ပေါ်လာသည်တွင် ဦးသိဒ္ဓိက စဉ်းစားလို… ပြီးမှ—

'ရေနွေးကြမ်းနဲ့ စီးကရက်ပဲယူလာခဲ့၊ ပြီးတော့ ထမင်း… ယောက်စာအတွက် အသင့်ပြင်ထားဖော့ ကြားလား'

'အမိန့်အတိုင်းပါ သူဌေးမင်း'



မကြာမီ အားလုံးအသင့်သင့် ရောက်လာသည်၌ ဦးသိဒ္ဓိက ကျွန်ုပ်၏မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်ရင်းမှ မေးလေ… တော့သည်။

'ကဲ…မောင်ရင်ပြောချင်တာပြောလို့ရပါပြီ၊ စိတ်ချလက်ချနဲ့ အေးအေးဆေးဆေးသာ ပြောပေတော့၊ အမောပြေရေနွေး သောက်ပြီးတော့ စီးကရက်လဲ သောက်နိုင်ပါတယ်'

'ကျေးဇူးပါပဲခင်ဗျာ'

ကျွန်ုပ်ကဆင်တံဆိပ်စီးကရက်ထုပ်ကို ဘူးထဲမှယူ၍ မီးညှိ… လိုက်စဉ် ဦးသိဒ္ဓိက ကျွန်ုပ်အား စူးစူးစိုက်စိုက်ဖြင့် မှိုမိတ် သုန်ကြည့်နေကြောင်း ကျွန်ုပ်ရိပ်မိသိရှိလေသည်။

ထိုအခါ ကျွန်ုပ်က…

'ကျွန်တော့်ကို ဦးနဲ့တွေ့ရအောင် လူတစ်ယောက်က တာ… ဝန်ပေးလိုက်တာပါခင်ဗျာ'

'ဘယ်သူလဲကွယ့်၊ အဲ့ဒီပုဂ္ဂိုလ်က'

'သူပါပဲခင်ဗျာ'

'ဟင်…တာ…သူ…သူ ဟုတ်လား'

ကျွန်ုပ်က ခေါင်းရင်းတွင်ချိတ်ထားသည့် ဦးကျော်သူမြတ် ဓာတ်ပုံကိုလက်ညှိုးထိုးပြလိုက်သည်တွင်ဦးသိဒ္ဓိမှာ အရောင် ယောင်အမှားမှားပြောလျက် ထိုင်ခုံမှ ထခုပ်လိုက်သည်အထိ ဖြစ်သွားတော့သည်။

ဤတွင် ကျွန်ုပ်က…

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ ကျွန်တော့်ကို ဦးကျော်သူမြတ်က တာဝ[န်]
ပေးလိုက်တာပါ ဦးအောင်သူမြတ်'

'အလို...မင်းက ငါ့နာမည်ရင်းကိုတောင် သိနေပါလာ[း]
ဘယ်သူပါလိမ့်၊ မင်း...မင်း'

'ကျွန်တော့်နာမည် မောင်သိန်းတန်ပါ'

'အဲ...မောင်သိန်းတန်၊ ထားလိုက်ပါတော့၊ ဦးကိုလိုက်[ရှာ]
ရတဲ့အကြောင်းက...'

'ပြောပါ့မယ် ဦးလေး'

ထိုအခါ...

ကျွန်ုပ်က ဦးကျော်သူမြတ် ပြောပြသည့် အကြောင်းအ[ရာ]
များနှင့်တကွ ဆက်စပ်လျက်ရှိသည့် ကျွန်ုပ်တို့ မိသားစု[၏]
အကြောင်းအရာများကို အပြည့်အစုံ ပြောပြလိုက်လေ[တော့]
သည်။

[ထို]သို့ပြောနေစဉ်...

ဦးကျော်သူမြတ် လိုက်ရှာသည့်နေရာအရောက်၌ ၎င်း၏မျ[က်]
နှာအမူအရာမှာ မှိုင်းညို့သွားပြီးလျှင် လေလံပွဲ အကြော[င်း]
အရောက်၌ အပြင်းအထန် ခံစားရဟန်ဖြင့် တောက် တစ်ချ[က်]
ခေါက်၍ ခေါင်းကိုဘယ်ညာယမ်းခါလိုက်သည်။

တစ်ဖန် ရွှေဟင်္သာရုပ်နှစ်ရုပ်အကြောင်းရောက်သောအခါ
ခေါင်းညိတ်၍ ဦးကျော်သူမြတ်ခေတ်ပုံကို ဝမ်းနည်းစွာငုံ[့]
ကြည့်နေရှာသည်။



ကျွန်ုပ်တို့မိသားစု၏အဖြစ်ဆိုးနှင့် ရန်ကုန်ရောက်၍ ဦးကျော်သူမြတ်နှင့်တွေ့ဆုံပုံကို ပြောကြားသည့်တွင် ကျွန်ုပ်အား အံ့သြစွာဖြင့် စိတ်ဝင်တစား ကြည့်ရှုနေပြန်လည်။

အဆုံး၌ မင်းလှမြို့ရောက်၍ အရက်သမားကြီးဦးဖိုးထွန်းဆိုသူနှင့်တွေ့ဆုံ၍ မရေမရာသော သတင်းစကားလေးဖြင့် ပဲခူးမြို့သို့ရောက်ရှိလာခဲ့ကြောင်း ပြောပြ၍ အဆုံးသတ်လိုက်သည့်အခါ ဦးသိဒ္ဓိခေါ် ဦးအောင်သူမြက်က...

'မောင်သိန်းတန်၊ မင်းဟာ အင်မတန် ရဲရင့်သွက်လက်ပြီး ဇွဲနပဲလဲကြီးတဲ့သူငယ်ပါပဲ၊ တိုက်ရည်ခိုက်ရည်လဲ ကောင်းပြီး ကိုယ်ကျိုးစွန့်တဲ့စိတ်ကို မွေးမြူနိုင်ပါပေ၊ မင်းကိုစတွေ့စဉ်က ငယ်ငယ်တုန်းက ငါ့ရဲ့အစ်ကိုကြီးပုံစံနဲ့ တစ်ထေရာတည်း တူနေလို့ တိုက်တံခါးဝက လှမ်းကြည့်နေတာကွယ့်၊ ငါ့သားလေးများဖြစ်လိုက်ပါတော့ကွာ'

ထိုအခါ တစ်စုံတစ်ရာကို သတိရမိသူဖြင့်...

ကျွန်ုပ်က...

'မေးရမှာတော့ စိတ်မကောင်းပါဘူး ဦးရယ်၊ ဒါနဲ့ဦးရဲ့ မိန်းမနဲ့ကလေးက ဘယ်မြို့ကိုပါသွားပြီး အခုအထိ အသက်ရှင်နေသေးလားဆိုတာ ပြောနိုင်ရင် ပြောပါလား'

'အင်း...မောင်သိန်းတန့်မေးလို့သာ ဖြေရမှာကွယ်၊ ဦးဟာ ဒီနေ့က မတရားမှုပြီး လူ့စိတ်ပျောက်သွားပြီးတဲ့ နောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



မိန်းမငယ်သားလေးကို ဂရုမစိုက်ဘဲ အပြစ်ရှာရာမှာ ရန်ပွဲကြီးဖြစ်သွားပြီး သူတို့ပျောက်ကွယ်သွားတယ်'

'နောက်နေ့ တစ်နေ့လုံး မှုန်ပြီးတာနဲ့ ရာသက်ပန် အရက်မသောက်တော့ဘဲ ဘုရားကို အဓိဋ္ဌာန်နဲ့လျှော့မစ်လိုက်ပြီး ကိုယ့်မြို့ကိုယ့်ရွာမှာ ကြီးပွားတိုးတက်အောင် ပြန်လုပ်မယ်လို့ ရည်ရွယ်ချက်နဲ့ ပြန်လာခဲ့တော့တယ်'

'ဟုတ်ကဲ့ ..ခင်ဗျာ'

'ဒီမြို့ကို ဦးပြန်ရောက်တော့ မိဘနှစ်ပါးဟာ ဦးရဲ့စိတ်နဲ့ပဲ ရွှေဆင့်နောက်ဆင့် ကွယ်လွန်သွားကြောင်း သိရတော့တယ်၊ အစ်ကိုကြီး ကိုကျော်သူမြတ်လဲ မျိုးချစ်ခေါင်းဆောင်အဖြစ် မြန်မာ့ပြည် အနှံ့အပြားကို ခရီးထွက်နေတယ်လို့ ကြားရပြန်တယ်'

ဦးသီဒ္ဓိ ခေါ် ဦးအောင်သူမြတ်က ဆင်တံဆိပ် စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာလိုက်ပြီးနောက် ဆက်ပြောပြန်သည်။

'တော်ရုံတန်ရုံ မြို့ခံလူ အတော်များများက ဦးကိုမမှတ်မိကြဘူး၊ ဦးဟာ ငယ်စဉ်ကတည်းက ဆိုးဆိုးပေပေနဲ့ မူးရူးပြီအမြဲတေနေတာဆိုတော့ ဦးရဲ့ရုပ်သွင်ကို ဘယ်သူမှ တိတိကျကျမမှတ်မိကြဘူးလေ'

'ဟုတ်ကဲ့'



'အဲဒါ တစ်ခု ကောင်းတာပဲကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်လိုအလုပ်မျိုးမဆို ကြံရာကျပန်းလုပ်ရတဲ့နေရာမှာ ဦးရဲ့မိဘတွေ ဂုဏ်သိက္ခာ မထိခိုက်နိုင်တော့ဘူးပေါ့'

'မှန်ပါတယ် ခင်ဗျာ'

'တိုတို မပြောရရင်တော့ မောင်သိန်းတန်၊ အဲဒီလို ကြံရာကျပန်းအလုပ်တွေလုပ်ရင်းက ကံအားလျော်စွာ စုဆောင်းမိတဲ့ ငွေကြေးကလေးနဲ့ ဆန်ပွဲစား၊ စပါးပွဲစားလုပ်ရာက တစ်ဆင့်မကြာမီ နှစ်အနည်းငယ်အတွင်းမှာပဲ ချမ်းသာလာတယ်ဆိုပါတော့'

'ဟုတ်ကဲ့ ခင်ဗျာ'

'အဲဒီမှာ တိုက်တာ အိုးအိမ်နဲ့ အခြေကျပြီလဲ ဆိုရော၊ မြို့တဲ့ဘာ၊ နယ်တကာကို ဦးရဲ့လူတွေလွှတ်ပြီး မိန်းမငယ်သားလေးရဲ့သတင်းကို စုံစမ်းခိုင်းခဲ့ပါတယ်၊ သို့ပေမယ့် ဘယ်လိုမှ သတင်းအစအနမရအောင် ဖြစ်နေခဲ့တာ ယနေ့အထိပါပဲ'

'စိတ်မကောင်းစရာပါပဲ ခင်ဗျာ'

'ပထမဦးဆုံးကတော့ အစ်ကိုကြီးဟာ ရဲဘော်များ ပစ္စည်းဥစ္စာတွေကို လက်ဝါးကြီးအုပ်ပြီး လစ်ထွက်သွားတယ်လို့ အထင်မှားပြီး သူ့ကို ဖမ်းမိတဲ့သတင်း ကြားတာတောင် ဦးလေး သွားမတွေ့ခဲ့ပါဘူး မောင်သိန်းတန်၊ ဘာကြောင့်လဲဆိုရင် အစ်ကိုကြီးဟာ ဦးကို ငယ်စဉ်ကတည်းက အင်မတန် ချစ်ရှာတာပါ၊ ဦးကို ယိုက်ရှာတဲ့အကြောင်းနဲ့ ရွှေဟသ်ာရုပ်နှစ်ရုပ်ကို ဦးအတွက်

www.burmeseclassic.com



ရည်ရွယ်ထားတယ်ဆိုတာ သိရတော့ ဦးအနေနဲ့ အစ်ကိုကြီးကို အထူးကျေးဇူးတင် ချစ်ခင်မိပါတော့တယ်'

'တကယ်လဲ ဦးကို ချစ်ရှာပါတယ် ခင်ဗျာ၊ မအားမလပ်တဲ့ အလုပ်တာဝန်တွေ ကြားထဲက ဦးကို မတွေ့တွေ့အောင်ရှာဖွေဖို့ ကျွန်တော့်ကို တာဝန်ပေးထားတာ ကြည့်ပါတော့'

'ကောင်းပြီကွယ်၊ ဒီလိုဆိုရင် မောင်သိန်းတန်အနေနဲ့ ဦးကို အကူအညီတစ်ခု ပေးပါလားဟင်၊ ဘယ့်နှယ်လဲ'

'ဘာကိစ္စအတွက်လဲ ဦး၊ တတ်နိုင်ရင်တော့ ကူညီပါ့မယ်'

'ဟုတ်ပြီး ဒီလိုကွယ့် နှစ်ပေါင်း နှစ်ဆယ်နီးပါး ဇာတ်မြှုပ်ပြီး နေခဲ့တဲ့ ဦးကိုတောင် မောင်သိန်းတန်က တွေ့အောင် ရှာဖွေနိုင်သေးတာ၊ ပျောက်ဆုံးနေတဲ့ ဦးရဲ့မိန်းမနဲ့ သားလေးကိုလဲ မတွေ့တွေ့အောင် ရှာဖွေနိုင်လိမ့်မယ်လို့ ဦးတော့ယုံကြည်မိတာပဲလေ'

'ဖြစ်ပါ့မလား ဦးရယ်၊ အနှစ်နှစ်အလလ ဦးရဲ့ တပည့်တပန်းတွေ လိုက်ရှာခဲ့တာတောင် လက်လျှော့ရတယ်ဆိုတော့ ကျွန်တော် လိုက်ရှာရင်လဲ...'

'တွေ့တွေ့ မတွေ့တွေ့ပါ၊ မောင်သိန်းတန် အစွမ်းကုန်ရှာဖွေပေးမယ်ဆိုရင် ဦးအနေနဲ့ ကျေးဇူးတင်လှပါပြီ၊ အဲဒီအတွက်...'

ဦးအောင်သူမြတ်၏စကား တစ်ဝက်တစ်ပျက်၌ ကျွန်ုပ်က လက်ကို ကာထားလိုက်ပြီးလျှင်...



'ကျွန်တော်ရှာပေးဖို့ကတိပြုပါတယ်၊ သို့ပေမယ့် ကျွန်တော့်ရဲ့ ဆောင်ရွက်မှုကို ငွေနဲ့ အဆုံးအဖြတ်မပြုဖို့ တောင်းပန်ပါရစေ'

'ဟင်း'

ဦးအောင်သူမြတ်သည် ကျွန်ုပ်အား စိုက်ကြည့်၍ ဘက်ပြင်းတစ်ချက် ချလိုက်ပြီးနောက်...

'ကောင်းပြီ မောင်သိန်းတန်၊ အစ်ကိုကြီးနဲ့ မတွေ့ရအောင်မင်းနဲ့အတူ ဦး လိုက်ခဲ့ပါ့မယ်၊ အဆင်ပြေအောင် အစုညတွင်းချင်း သူရိယသတင်းစာ ကြော်ငြာထည့်နိုင်အောင် တယ်လီဖုန်းနဲ့ ပြောလိုက်မယ် ဟုတ်လား'

'ကောင်းတာပေါ့ ခင်ဗျာ'

ထို့နောက် ဦးအောင်သူမြတ်သည် ကားတစ်စီးဖြင့် ခြံအတွင်းမှ ထွက်ခွာသွားတော့သည်။

ကျွန်ုပ်အား လိုလေသေးမရှိ ဧည့်ခံရန် မှာသွားချက်အရ အခိုင်းအစေ လူရွယ်တစ်ဦးက ရေမိုးချိုးရန် ပြုလုပ်ပေးလေ၏။

ကျွန်ုပ် ရေမိုးချိုးပြီး၍ အဝတ်အစား ဝတ်ဆင်ပြီးချိန်တွင် ဦးအောင်သူမြတ်၏ ကားလေး ပြန်လည် ရောက်ရှိလာခဲ့တော့သည်။

မကြာမီ ခမ်းနားထည်ဝါသော ညစာထမင်းစားပွဲကြီးတွင် ကျွန်ုပ်သည် ဘုရားလူကြီး သူဌေးဟူသောဂုဏ်ပုဒ်များဖြင့်မွေး

www.burmeseclassic.com

www.burmeseclassic.com



ကြိုင် သင်းပျံ့နေသည့် ဦးသိဒ္ဓိ ခေါ် ဦးအောင်သူမြတ်နှင့်အတူ စားသောက်ခွင့် ရခဲ့လေတော့သည်။

ဦးအောင်သူမြတ်မှာ လွန်စွာအရေးပေးလျက် ကျွန်ုပ်အား သားအရင်းသဖွယ် ဆက်ဆံကျွေးမွေးရှာလေသည်။

ထိုညက ကျွန်ုပ်သည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ရင်းမှ အိပ်မက်ထဲ၌ ကျွန်ုပ်၏ဖခင် ဘုန်းကြီး၊ မိခင်ကြီးနှင့် ညီငယ်မောင်လှဟန်တို့ကို တွေ့ရလေတော့သည်။

## လျှို့ဝှက်တွေ့ဆုံပွဲ

အိပ်ကောင်းကောင်းနှင့် ဇိမ်ရှိရှိ အိပ်လိုက်ရာ အတန်ငယ်နေမြင့်မှပင် ကျွန်ုပ်မှာ နိုးလာလေ၏။

မျက်နှာသန့်စင်ခြင်းကိစ္စပြီး၍ ဧည့်ခန်းသို့ ရောက်သောအခါ ကျွန်ုပ်အလာကို စောင့်မျှော်နေသည့် ဦးအောင်သူမြတ်အိုအခန့်သင့်တွေ့ရလေသည်။

ကျွန်ုပ်ကိုတွေ့သည်နှင့် သက်ထဲမှဖတ်ရှုလက်စ ဖြစ်နေသည့် သူရိသတင်းစာကို လှမ်းပေးလေ၏။

'မောင်သိန်းတန်ရေ၊ မင်းပြောတဲ့အတိုင်း တော်တော်ပါလာပြီကွယ့်၊ အဲဒီမှာ ဖတ်ကြည့်စမ်း'

www.burmeseclassic.com



'ဟုတ်ကဲ့ ဦး'

ကျွန်ုပ်က သူရိယသတင်းစာကို ရှိသေစွာလှမ်းဆွဲ၍ ကြော်ငြာကဏ္ဍတွင် ကြည့်မိရာ အောက်ပါအတိုင်း ကြော်ငြာထားသည်ကို တွေ့ရှိရသည်။

'သင်တို့၏ကျွန်ုပ်'

မှတ်ချက်။ ။ပဲခူးနှင့်ရန်ကုန်မြို့မှာ မဝေးလှလေရာ ပဲခူးမြို့သို့ သူရိယသတင်းစာ စောစီးစွာ ရောက်ရသည်မှာ ထူးဆန်းသည် မဆိုလိုပါ။

စာရေးသူ

ထိုအခိုက် ဦးအောင်သူမြတ်က ငွေမောင်းလေးကို တစ်ချက်တီးခတ်လိုက်ရာ ချက်ချင်းလိုပင် အခိုင်းအစေ လူရွယ်လေးတာ ကော်ဖီနှင့်မုန့်များကို လာရောက်ချပေးလေတော့သည်။

'စားသောက်သိုက်ပါဦး မောင်သိန်းတန်၊ အေးအေးဆေးဆေး စကားစမြည် ပြောကြသေးတာပေါ့၊ အချိန်ရပါသေးတယ်၊ နေ့လယ်စာစားပြီး တစ်အောင့်တစ်နား နေပြီးတော့မှ ပဲခူးက ထွက်ကြတာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

ကျွန်ုပ်၏စိတ်ထဲတွင် မိန်းမတစ်ယောက်နှင့်ကလေးကို ရက်ရက်စက်စက် မှုးရှုး၍ မကောင်းပြောကာ ရန်လုပ်ခဲ့သောသူသည် ယခု ကျွန်ုပ်ရှေ့၌ မွန်ရည်စွာ ဆက်ဆံပြောဆိုနေသည့် လူတစ်



ဦး ဖြစ်နေသည်ကို မယုံကြည်နိုင်အောင် ဖြစ်နေတော့သည်။ လူတို့၏ အနေအကျင့်နှင့် စိတ်ဓာတ်စရိုက်တို့သည် ထူးဆန်းလှပေစွ။

ဤသို့ဖြင့် နေ့လယ်ပိုင်းတွင် ဦးအောင်သူမြတ်ပိုင် အော်စတင်ကားကလေးဖြင့် ကျွန်ုပ်တို့နှစ်ဦးသား ရန်ကုန်သို့ ထွက်ခဲ့ကြတော့သည်။

ခရီးတစ်ခါးမှအထွက်တွင် လက်ဝှေ့သမားကျားကြီးက ကျွန်ုပ်အား မကျေမနပ်နှင့်ကြည့်နေရာ ကျွန်ုပ်က ကျေနပ်ပါဦးဟု ခေါင်းညွှတ်ကာ ဂါရဝပြုခဲ့ရသေးသည်။

ရန်ကုန်မြို့သို့ ရောက်ရှိသည်မှာ စောသေးသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ရွှေတိဂုံစေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ဦးအောင်သူမြတ်အား ကြည့်ရသည်မှာ လွန်စွာရွှင်လန်းတက်ကြွလျက်ရှိကြောင်း သိသာလေသည်။ တစ်ခါတစ်ရံ၌ ရှေးဖြစ်ဟောင်းများစွာကို တွေးမိဟန်ဖြင့် ညှိုးမှိုင်းသွားတတ်သော်လည်း ခေတ္တမျှအကြာ၌ ကျွန်ုပ်အားကြည့်ကာ ရွှင်ရွှင်လန်းလန်း ဖြစ်နေတတ်ကြောင်း ကျွန်ုပ်သတိပြုမိသည်။

'မောင်သိန်းတန်ရေ၊ ခြောက်နာရီကျော်ကျော်ရနေပြီ ဟိုသွားကြစို့'

'ဟုတ်ကဲ့ဦး'

www.burmeseclassic.com

www.burmeseclassic.com



လှုပ်စစ်မီးများဖြင့် ထိန်ညီးကာ အလှန်ပင် သာယာယဉ်ဖွယ် ကောင်းလှသော ရွှေတိဂုံစေတီတော်ကို ပူဇော်ကန်တော့ကာ ပြန်ပြီးလျှင် တောင်ဘက်စောင်းတန်းအဆင်းတွင် ရပ်ထားသည့် အော်စတင်ကားလေးရှိရာသို့ ဆင်းလာခဲ့ကြသည်။

ထို့မှတစ်ဆင့် မြို့တွင်းသို့ မောင်းလာခဲ့ကြသည်တွင် စထရင်း ဟိုတယ်၏ ကားများရပ်နားရန်နေရာ၌ ကားကိုထိုးရပ်ပြီး နောက် ဟိုတယ်ထဲသို့ ဝင်လာခဲ့ကြတော့သည်။

ကံအားလျော်စွာ ထောင့်ကျသည့် နှစ်ယောက် သုံးစားပွဲမှာ အားနေသောကြောင့် ကျွန်ုပ်တို့နှစ်ဦးသားလည်း ထိုစားပွဲ၌ သွားထိုင်သည်တွင် စားပွဲထိုးတစ်ယောက် ရောက်လာပြီးလျှင်....

'လူကြီးမင်းတို့ခင်ဗျာ...ဖြစ်နိုင် ရင် ဒီစားပွဲက မပြောင်းပေး ပါလို့ တောင်းပန်ပါတယ်'

'ဘာဖြစ်လို့လဲကွ'

ဦးအောင်သူမြတ်က မကျေမနပ်ဖြင့် ပြန်မေးလေရာ စား ပွဲထိုးလေးက...

'လူကြီးလူကောင်းတစ်ဦးက ဒီည တစ်ညနေလုံး အတွက် ကြိုတင်ရိုဇာဗ်လုပ်ထားလို့ပါခင်ဗျာ၊ စိတ်မရှိပါနဲ့'

ထိုအခါ ကျွန်ုပ်မှာ တစ်စုံတစ်ရာကို သတိရပြီးလျှင် စားပွဲ ထိုးအား....



'မိတ်ဆွေ၊ ဒီအတွက် ဘာမှစိတ်မပူပါနဲ့၊ ကျွန်တော်တို့ဟာ အဲဒီ ကြိုတင်ရိုဇာဗ်လုပ်ထားတဲ့ လူကြီးမင်းရဲ့ ဧည့်သည်တွေပါ၊ ကိစ္စမရှိပါဘူး'

'ဒါဆိုရင် ကိစ္စ မရှိပါဘူး ခင်ဗျာ၊ စားဖွယ် သောက်ဖွယ်နဲ့ ယမကာတွေကို အလိုရှိသမျှမှာကြားနိုင်ပါတယ်'

ဦးအောင်သူမြတ်နှင့်ကျွန်ုပ်လည်း မီနူး ခေါ် စားသောက် ဖွယ် စာရင်းကတ်ပြားကိုကြည့်၍ အတော်များများ မှာကြား လိုက်ရာစားပွဲထိုးမှာမယုံနိုင်သကဲ့သို့မျက်လုံးပြူးသွားလေသည်။

စားပွဲထိုးက...

'ကောင်းပါပြီ ခင်ဗျာ၊ အမြန်ဆုံးရပါစေမယ်၊ ယမကာ ကော မှာဦးမလား ခင်ဗျာ'

'ဟေ့ကောင် သွားတော့၊ အရက်ဆို ဘာအရက်မှမယူခဲ့နဲ့၊ မှာထားတဲ့အစားအသောက်တွေသာ အမြန်ဆုံးလုပ်ပေးပါ'

မျက်နှာထား တည်တည်ဖြင့် ခက်ထန်စွာ ပြောလိုက်သော ဦးအောင်သူမြတ်အား လန့်ဖျပ်သွားလျက် စားပွဲထိုးထွက်သွား သည်နှင့် မရှေးမနှောင်းမှာပင် ဟိုတယ်ထဲသို့ အဘိုးကြီးတစ်ဦး ဝင်ရောက်လာလေသည်။

အတွင်းခံ ဖေါ်ပလင်အင်္ကျီပေါ်၌အယ်လ်ပကာတိုက်ပုံအနက် ကို ဝတ်ဆင်ကာ ယောလုံချည်ခရမ်းရောင်အကွက်စိတ်ကို ဝတ် လျက် ခေါင်းတွင် ခေါင်းပေါင်းကို ပေါင်းထားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းမွှေးရေးရေး ပေါ်တွင် ပါဝါမျက်မှန် ခပ်ထူထူ လည်း တပ်ထားသေးရာ အဘိုးကြီးဟု ဆိုသော်လည်း လွန်စွာ ခေတ်မှီ၍ ဂုဏ်သရေရှိသော အဘိုးကြီး ပေဖောကားဟု ကျွန် မှတ်ယူမိစဉ် ထိုအဘိုးကြီးသည် ကျွန်ုပ်တို့ စားပွဲ၏ လွတ် သော ထိုင်ခုံ၌ ဝင်ရောက်ထိုင်လိုက်ရင်းမှ နှုတ်ဆက်ကြားလေ ဖြင့်....

'ညီလေး မောင်အောင်သူနဲ့ မောင်သိန်းတန်၊ ပုလိပ် မရိပ်မိအောင် ရုပ်ဖျက်လာခဲ့ရတာလေ၊ စားသောက်ပြီးမှ အ ကိုကြီးအိမ်ကို လိုက်ခဲ့တာပေါ့ကွာ ဟုတ်လား'

ထိုအခါကျမှပင် ထိုအဘိုးကြီးမှာ ဦးကျော်သူမြတ် ဖြ ကြောင်း ကျွန်ုပ် သိရတော့သည်။

အမှန်စင်စစ် ဦးကျော်သူမြတ်မှာ အသက် ငါးဆယ့် ငါး ခန့် နှုပျိုသန်မာဆဲဖြစ်၍ ယခု ရုပ်ဖျက်ထားသည်မှာ အသ ခုနစ်ဆယ်ကျော် ဖြစ်သောကြောင့် ရုပ်ဖျက်ပညာ ကောင်း သည့် ဦးကျော်သူမြတ်ကို ကျွန်ုပ်စိတ်ထဲမှချီးကျူးမိလေ၏။

၎င်းတို့ ညီအစ်ကို နှစ်ဦးမှာ ဝမ်းနည်းဝမ်းသာဖြင့် အ ကြိမ် ကြည့်ရှုလျက် ဦးအောင်သူမြတ်က ၎င်း၏ဓိုက်ဖြစ်မျာ တောင်းပန်လေရာ ဦးကျော်သူမြတ်က ခွင့်လွှတ်ကြောင်း ေ ကျနပ်နပ်ပြောကြားလေသည်၊

တစ်ဖန်....



ကျွန်ုပ်အား အထူးကျေးဇူးတင်ရှိကြောင်း ညီအစ်ကိုနှစ်ဦး စလုံးက ပြောကြပြီးလျှင် အသင့်ရောက်ရှိလာသည့်စားသောက် ဖွယ်များကို မြိန်ရှက်စွာ အားပါးတရ စားသောက်ကြလေ တော့သည်။

ဟင်းများမှာ အထူး ကောင်းမွန်၍ အမယ်များလှသော ကြောင့် မည်သည့် ဟင်းကို နှိုက်ရမည် မသိနိုင်အောင် ဖြစ်ရ တော့၏။

ထိုအခါ ဦးကျော်သူမြတ်က ကောင်းနိုးရာရာ ဟင်းလျာ များကို ညီဖြစ်သူ ဦးအောင်သူမြတ်နှင့် ကျွန်ုပ်၏ ပန်းကန်ထဲသို့ တယုတယ ထည့်ပေးရှာလေသည်။

စားသောက်ပြီးစီး၍ ကျသင့်ငွေများကို ရှင်းပေးပြီးသော အခါ ကျွန်ုပ်တို့သည် အော်စတင်ကားရှိရာသို့ သွားရောက်ကြ လေ၏။

ကျွန်ုပ်က....

'ဦးရဲ့ကား မပါလာဘူးလား ဟင်'

'မပါဘူး မောင်သိန်းတန်ရဲ့၊ ဦးရဲ့ ကားကို ပုလိပ်စုံထောက် အချို့ သိနေလို့ မြင်းရထားငှားပြီး လာခဲ့တာပဲကွယ့်'

'အင်း...အဲဒါ ပိုကောင်းတာပေါ့ အစ်ကိုကြီးရာ အတော်ရှု ကားတစ်စီးတည်း စီးကြရတာပေါ့'

မကြာမီ....

www.burmeseclassic.com



ကျွန်ုပ်တို့ ကားလေးသည် ရန်ကုန်မြို့၏ လမ်းအသွယ်သွယ်ကို ဖြတ်ကာ နန်းမေဒင်းနှင့်ရှိ ဦးကျော်သူမြတ်နေထိုင်ရာ ကြီးမားသော တိုက်အိမ်ကြီး၏ ခြံဝင်းထဲသို့ ရောက်ရှိလာတော့၏။

ကျွန်ုပ်တို့ ကားအဝင်တွင် ခြံဝမှ အစောင့်အား ဦးကျော်သူမြတ်က တစ်စုံတစ်ရာ လျှို့ဝှက်သင်္ကေတကိုပြလိုက်သည်နှင့် တံခါးပွင့်သွားပြီးနောက် ကျွန်ုပ်တို့ ကားလေး ခြံထဲသို့ရောက်သောအခါ ဝင်းတံခါးကို အဝေးပိတ်လိုက်လေသည်။

ဝတ်စုံနက် ဝတ်ထားသူ ဆယ့်ငါးဦး ခန့်သည် ဦးကျော်သူမြတ်အား အရိုအသေပြု၍ ခြံထဲရှိ နေရာအသီးသီးသို့ ထွက်ခွာသွားကြလေသည်။

ဦးကျော်သူမြတ် အနီး၌မူ ဝတ်စုံနက် သုံးဦးက ရပ်ကာနေရာ ဦးကျော်သူမြတ်က...

'လုံခြုံရေးသာ ဂရုစိုက်ပါ ပြေး။ ဒီလူတွေက အန္တရာယ်မရှိပါဘူး၊ ဒါက ငါ့ညီပါ၊ ကဲ...မင်းတို့သွားကြတော့'

'ဟုတ်ကဲ့ ဆရာကြီး'

ပြေးတို့ ထွက်သွားသည်နှင့် ကျွန်ုပ်တို့လည်း အိမ်ပေါ်သို့ တက်ရောက်ခဲ့လေသည်။

ဤတွင် သမင်ပျိုမလေး တွေးတွေးကို ပြန်လည် တွေ့ဆုံရလေသည်။

'ဟာ...ဘိုးဘိုး ပြန်လာပြီ၊ အယ်...အစ်ကိုသိန်းတန်လဲ ပါလာတယ်'



"တား တား တား....ဒါလဲ သမီးရဲ့ ဘိုးဘိုးပဲကွယ့်၊ မှတ်ထား သမီးရဲ့"

ဦးကျော်သူမြတ်က ထိုသို့ ပြောဆိုပြီးလျှင် ကျွန်ုပ်တို့အား ဧည့်ခံစားပွဲဝိုင်းကြီးရှိရာသို့ ခေါ်ဆောင်သွားတော့သည်။

လူအားလုံးမှာ စားသောက်ခြင်းပြုနိုင်မည်မဟုတ်ရာ တွေးသွေးက လက်ဖက်ရည်နှင့် ရေနွေးကြမ်း၊ စီးကရက်၊ ဆေးပြင်းလိပ်များကို စီမံပေးလေ၏။

ဦးကျော်သူမြတ်က ရှပ်ဖျက်ထားသည်ကို ပြုပြင်လိုက်သောအခါ နဂို မူလရုပ်သွင် ဦးကျော်သူမြတ်၏ မျက်နှာကို ပြန်လည်တွေ့မြင်ရတော့၏။

အစ်ကိုဖြစ်သူ၏ မျက်နှာကို ကြည့်နေသည့် ဦးအောင်သူမြတ်မှာ မျက်ရည်များ ယိုစီးလျက် ရှိလေတော့သည်။

'တိတ်ပါ ညီလေးရာ၊ ဒီလိုပေါ့ကွာ၊ ပျက်အစဉ်မြင်ခဏ၊ ခုလဲ မင်းဘဝရဲ့အဆိုးတွေကို အကောင်းနဲ့အစားထိုးပြီး ဖျောက်ခဲ့လို့ လူကောင်းထဲယောက် ဖြစ်လာရပြီ မဟုတ်လား၊ မသေခင် တို့ညီအစ်ကို ပြန်တွေ့ရတာ ကံထူးတာသို့ဆိုရမယ်'

'ဟုတ်ပါတယ် ဦးရယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း လွန်စွာ စိတ်မကောင်းသည့်အလျောက် ဦးကျော်သူမြတ်၏ စကားကို ဝင်ရောက်ထောက်ခံ၍ နှစ်သိမ့်ရလေသည်။

ထိုအခါ ဦးအောင်သူမြတ်က...

'ကျွန်တော့် အတွက် ဟုတ်ပါတယ် အစ်ကိုကြီး၊ ဒါပေမယ့် ကျွန်တော့် မိန်းမနဲ့ သားကလေးကိစ္စကတော့ ဘယ်လိုမှ မြေဆည်လို့ ရမယ့်ကိစ္စ မဟုတ်ပါဘူးဗျာ'

'ဘယ်လိုမှရှာလို့ မတွေ့ဘူးလား အောင်သူ'

'ကျွန်တော်လဲ တပည့်တပန်းတွေလွှတ်ပြီး နှစ်ပေါင်းများစွာ စုံစမ်းခိုင်းပါတယ်၊ ဒါပေမယ့် ဘယ်လိုမှ စုံစမ်းလို့ မရရှိခဲ့ဘူး'

'သူတို့တွေ သက်ရှိထင်ရှား ရှိနေတယ်လို့ မင်း ယူဆထားသလား ညီလေး'

'ကျွန်တော်ကတော့ ရှိနေတယ်လို့ ထင်မိတယ် အစ်ကိုကြီး'

'ဒါနဲ့ ရွှေဟသာ်ရုပ်'

'ကျွန်တော် ပြောချင်တာ အဲဒီကိစ္စလဲ ပါပါတယ် အစ်ကိုကြီး၊ အစ်ကိုကြီးကို တစ်ခုတိုင်ပင်ချင်ပါတယ်'

'ပြောပါ ညီလေးရဲ့၊ အစ်ကိုကြီး နားထောင်နေပါတယ်'

၎င်းတို့ညီအစ်ကိုနှစ်ဦး ပြောဆိုနေကြသည့် စကားများကို ကျွန်ုပ်နှင့် ဈွေးတွေးက စိတ်ပါဝင်စားစွာ နားထောင်ရင်း နှုတ်ဆိတ်နေကြလေ၏။



'ကျွန်တော့် အတွက် ရည်ရွယ်ထားတဲ့ ရွှေဟသာ်ရုပ် နှစ်ရုပ်ကို ဖိုးဝန်းတောင်ခြေကမောင်သိန်းတန်ရဲ့မခင် ဘုန်းတော်ကြီးဆီမှာပဲ ခဏထားပါ၊ အဲ... မောင်သိန်းတန်ကို ပျောက်ဆုံးနေတဲ့ ကျွန်တော့်ရဲ့မိန်းမနဲ့ ကလေးကို စုံစမ်းခိုင်းရင် မကောင်းဘူးလား ဟင်'

'အင်း... ကောင်းသားပဲ၊ ဒါပေမယ့် မောင်သိန်းတန်ရဲ့ သဘောက ရှိသေးတယ်'

ထိုအခါ ကျွန်ုပ်က ဦးကျော်သူမြတ်အား...

'ကျွန်တော်က လိုက်ရှာဖို့ကတိပေးပြီးပါပြီ ဦး'

'ဪ... ဒီလိုကိုး၊ ကောင်းပါလေကွယ်၊ မောင်သိန်းတန်အနေနဲ့ မတွေ့တွေ့အောင် ရှာနိုင်လိမ့်မယ်ဆိုတာ ဦးယုံကြည်ပြီးသားပါ၊ ဘာကြောင့် အဲဒီလိုပြောရသလဲဆိုတော့ ပျောက်ဆုံးပြီး ဇာတ်မြှုပ်နေထိုင်ခဲ့တဲ့ ဦးရဲ့ညီ မောင်အောင်သူမြတ်ကို ရှာဖွေပေးနိုင်ခြင်းက သက်သေခံနေလို့ပါပဲ'

ဦးကျော်သူမြတ်စကားအဆုံးတွင် ဦးအောင်သူမြတ်က...

'တကယ်လို့တွေ့လာခဲ့ရင် ကျွန်တော့်မိုက်ပြစ်တွေကို ပေးဆပ်တဲ့အနေနဲ့ အစ်ကိုကြီးရဲ့ ရွှေဟသာ်ရုပ်နှစ်ရုပ်အပြင် ကျွန်တော်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာကိုလဲ အမွေအဖြစ် ပေးချင်လို့ပါ အစ်ကိုကြီး'

'စိတ်ချပါ ဦး၊ မတွေ့တွေ့အောင် အစွမ်းကုန် ကျွန်တော် ရှာဖွေပေးပါမယ်ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'အေးကွယ်၊ အဆုံးတော့ မောင်သိန်းတန်ဟာ ဦးတို့မိသားစုရဲ့အကျိုးဆောင် စေတမန်တစ်ဦးလို့သာ ပြောရတော့မှာပဲ၊ ဒါနဲ့ ဘယ်တော့ခရီးထွက်မှာလဲ မောင်သိန်းတန်'

'အင်း.. အဲ'

ကျွန်ုပ်မှာ စဉ်းစားချင့်ချိန်ရင်းမှ မစပယ် မျက်နှာလေးကို မြင်ယောင်မိကာ နောက်ဆံတင်းနေသောကြောင့် တအင်းအင်း တအဲအဲဖြစ်နေတော့၏။

မထွေးထွေးမှာမူ ကျွန်ုပ်ကိုသာ စူးစိုက်ကြည့်ရှုနေရှာလေတော့သည်။

'အေးပါကွယ်၊ ဖြည်းဖြည်းမှစဉ်းစားပေါ့၊ ဒီညတော့ဒီမှာပဲအိပ်ပေါ့ကွယ်၊ မဟုတ်ဘူးလားမောင်သိန်းတန်'

'ကျွန်...ကျွန်တော် အိမ်ကို ပြန်လိုက်ဦးမယ် ဦးရယ်၊ မနက်စောစောမှ ကျွန်တော်ရောက်အောင် လာခဲ့ပါ့မယ်'

ကျွန်ုပ်က ဤသို့ဆိုရာ ဦးကျော်သူမြတ်က....

'မဟုတ်တာကွယ်၊ အချိန်မှမရှိတော့တာ၊ မနက်မှ ပြန်ပေါ့ကွယ်'

'ရပါတယ် ဦး၊ မြင်းရထားတွေ ရနိုင်ပါသေးတယ်'

ရင်းတို့ညီအစ်ကိုက အတန်တန်တားသော်လည်း ကျွန်ုပ်မှာ မစပယ်နှင့်တွေ့လိုစောဖြင့် ဇွတ်ပြောလေရာ ကျွန်ုပ်၏ ဆန္ဒအတိုင်း ခွင့်ပြုလေတော့သည်။



ထွေးထွေးမှာကား ကျွန်ုပ်အား မပြန်စေချင်မှန်း ရိပ်မိပါသည်။

သို့ပါသော်လည်း....

ကျွန်ုပ်အတွက် စိတ်ပူနေရှာမည့် မစပယ်ကို သွားရောက်ချော့မော့ရမည့်အတွက် တွေးတောရင်း ပီတိဖြစ်နေမိလေတော့သည်။

ထုံးစံအတိုင်းပင် ဦးကျော်သူမြတ်၏ လက်ရုံးဖြစ်သောကိုပြူးနှင့်လူတစ်ယောက်က ကားမောင်း၍ လူအိုရုံနားသို့ လိုက်ပို့သည်။

ထိုမှ မြင်းရထားတစ်စီးကို ငှားစီး၍ မအူကုန်းသမ်းထိပ်သို့ ပို့ခိုင်းသည်။

ပြီးလျှင် လမ်းလျှောက်၍ မစပယ်တို့အိမ်ရှိရာသို့ ထွက်လာခဲ့တော့သည်။

ယင်းလျှောက်လာစဉ် ကျွန်ုပ်အား အထူးချစ်ခင်မြတ်နိုးရှာသည့်မစပယ်လေး၏ မေတ္တာ၊ ကရုဏာနှင့် လျှို့ဝှက်၍ အသက်အန္တရာယ်များလှသော အလုပ်များဖြင့်သာ အချိန်ကုန်၍နေသည်။

ကျွန်ုပ်ကဲ့သို့ မရေမရာ လူတစ်ယောက်အား ၎င်း၏အသက်ကိုလှိုင်မြစ်အတွင်းမှကယ်ဆယ်ခဲ့သည့်ကျေးဇူးတရားကို ထောက်

www.burmeseclassic.com

www.burmeseclassic.com



ညာကာ အဆမတန်ချစ်ရှာသူလေးအား မကြာမြင့်မီတွင် သူမ စိတ်ချမ်းသာစေရေးအတွက် လက်ထပ်ပွဲဆင်နွှဲရန် ကတိကဝတ် ကိုပြုတော့မည်ဖြစ်ကြောင်း စိတ်နှလုံးတုံးတုံးချ၍ ဝမ်းသာရိပ် ဖြင့် ချိုပြုံးနေရှာမည့် မစပယ်မျက်နှာလေးကို မြင်ယောင်မိ ပေတော့၏။

## ပူလောင်ရခြင်းနှင့်အတူ

ကျွန်ုပ် အိမ်သို့ ပြန်ရောက်သော အခါတွင် ငိုယိုနေသော အပျိုကြီး ဒေါ်မွှေးလှကို တွေ့ရလေသည်။

ကျွန်ုပ်မှာ ရင်ထိတ်သွားလျက်...

'ဘာဖြစ်လို့လဲဟင်ဒေါ်ဒေါ်၊ ဒါနဲ့ မစပယ် ဘယ်သွားနေ လဲ...'

ဟု မေးလိုက်၏။

အပျိုကြီးမှာ စကားမပြောနိုင်သေးဘဲ ဆို့နှစ်လျက် ရှိနေ ပြီးမှ...

'တို့တူဝရီးနှစ်ယောက် ဈေးသွားဝယ်ရင်း ကျောက်မြောင်း ဈေးကအထွက်မှာ လူတစ်ယောက်က မင်းဒေါ်နိုင်လို့ အရှေ့ ကို ဘယ်ဆိုပြီး ခေါ်သွားတော့တာပဲကွယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟင် ဟုတ်လား၊ ကားနံပါတ်သိလား ဒေါ်ဒေါ်၊ ဘယ်ကို သွားမှာလဲလို့ မမေးလိုက်ဘူးလား'

'အင်း ... ကားနံပါတ်တော့ မမှတ်မိဘူးကွယ်၊ ဒါပေမယ့် စော်ဘွားကြီးကုန်း အိမ်အမှတ်....ကိုပါတဲ့'

ထိုအခါ ကျွန်ုပ်၏ ဦးနှောက်ထဲ၌ မောင်လှဟန်တို့အားမျက်စိထဲ၌ သွား၍ မြင်ယောင်မိတော့သည်။

အမှန်စင်စစ် ကျွန်ုပ်တို့ လိုက်လာစေရန် ကျွန်ုပ်၏ ချစ်သူအား မျှားခေါ်ခြင်းဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်မိတော့သည်။

ထိုအခါ ဒေါသဖြစ်လွန်းသဖြင့် ကျွန်ုပ်၏တစ်ကိုယ်လုံးမှာ နတ်ကျသကဲ့သို့ တဆတ်ဆတ်တုန်နေတော့၏။

ထိုအခါ အပျိုကြီး ဒေါ်မွေးလှ....

'မောင်သိန်းတန်ရယ်၊ စိတ်ကို အေးအေးထားပြီး ဘာကိုလုပ်ရမလဲ ဆိုတာသာ ဆုံးဖြတ်ပါကွယ် နော်'

သူသတိပေးရှာလေသည်။

ကျွန်ုပ်လည်း မည်သို့ မည်ပုံ ဆုံးဖြတ်ရမည် မသိနိုင်အောင်ရှိနေရာမှ ဦးနှောက်ထဲ၌ ဖျတ်ခနဲ အကြံတစ်ခု ဝင်ရောက်လာသဖြင့် ဦးကျော်သူမြတ်ထံ သွားရောက်၍ အကူအညီတောင်းရန် စိတ်ကို ဆုံးဖြတ်လိုက်မိတော့သည်။

ထို့ကြောင့်....

အပျိုကြီး ဒေါ်မွေးလှအား စိတ်ချရစေရန် အစစမှာကြား၍ ထွက်လာခဲ့လေသည်။



ကျွန်ုပ်မှာ မြင်းလှည်း မရရှိသဖြင့် မအူကုန်း လမ်းတစ်လျှောက် ကုန်းကြောင်း လျှောက်လာခဲ့ရာ...

မောင်းနှင်လာသော ကားတစ်စီး တွေ့ရသည်နှင့် တားလိုက်လေတော့၏။

ကားလည်း ထိုးရပ်သွားတော့သည်။

ထိုအခါ ကားမောင်းသူက....

'အလို...ခင်ဗျားပါလား'

'ဟာ....ကိုပြုံး၊ ခင်ဗျားတို့ ဘယ်ကပြန်လာတာလဲဗျ'

'ကျုပ်တို့လဲ ခင်ဗျားကို လူအိုရုံနားချပေးပြီး လမ်းမတော်ဘက်ကို ကိစ္စတစ်ခုနဲ့ သွားနေတာလေ၊ အခု ပြန်လာတာပဲ၊ ဘာလဲ....ခင်ဗျားပြန်လိုက်မလို့ လား'

'လိုက်မယ်ဗျာ'

ဤသို့ဖြင့် ကျွန်ုပ်မှ ဦးကျော်သူမြတ်တို့ထံ ပြန်လည်ရောက်ရှိခဲ့ပြန်သည်။ မအိပ်သေးဘဲ ရှေ့ဖြစ်ဟောင်းများကို ပြောဆိုနေကြသည့် ညီအစ်ကိုနှစ်ဦးမှာ ကျွန်ုပ်အား တွေ့လိုက်သည်နှင့် တအံ့တဩဖြစ်သွားလျက် အကျိုးအကြောင်းမေးမြန်းကြလေသည်။

ထိုအခိုက် အိပ်ပျော်ရသေးပုံမရသေးသည့် ထွေးထွေးသည်လည်း ကျွန်ုပ်တို့ရှိရာသို့ ရောက်ရှိလာခဲ့ပြန်သည်။

ကျွန်ုပ်က ဖြစ်ပျက်မှု အကြောင်းစုံကို ဦးကျော်သူမြတ်အား ပြောပြရာ ဦးအောင်သူမြတ်က....

www.burmeseclassic.com

www.burmeseclassic.com



'အင်း....စိတ်မကောင်းပါဘူး မောင်သိန်းတန်ရယ်၊ ဒီရွှေဟသ်္သာချပ်နှစ်ချပ်ကို အစ်ကိုကြီးက ဦးနဲ့ပျောက်ဆုံးနေတဲ့ဦးရဲ့သားလေးအတွက် ရည်ရွယ်ချက်နဲ့ ထားခဲ့ပေမယ့် ဘယ်လိုမှ မတွေ့တဲ့အဆုံးမှာ မောင်သိန်းတန်ကိုပေးဖို့ အခုပဲ သဘောတူပြီးပါပြီ၊ အဲဒီတော့ အင်မတန်ချစ်တဲ့ မင်းချစ်သူကို မင်းရဲ့စိတ်သဘောအတိုင်း သွားကယ်ပါ၊ ဦးတို့အတွက် နောက်ဆံမတင်းပါနဲ့'

'ဦးတို့ ကျွန်တော့်အပေါ်ထားတဲ့ သံယောဇဉ်အတွက် ကျွန်တော် ဝမ်းသာမိပါတယ်ခင်ဗျာ'

ကျွန်ုပ်က ထိုသို့ပြောလိုက်ရာ ၎င်းတို့ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကြည့်လျက် ခေါင်းတညိတ်ညိတ်ရှိတော့သည်။

ပြီးလျှင် ဦးကျော်သူမြတ်က...

'ကောင်းပြီ မောင်သိန်းတန်၊ မင်းရဲ့စိတ်နေသဘောထားက ပြောမပြနိုင်လောက်အောင် ပြည့်ဝပါပေရဲ့၊ ဒါတွေ ထားလိုက်ပါ၊ အခုဖြစ်ပေါ်လာတဲ့ကိစ္စကို ဘယ်လိုနည်းနဲ့ ဖြေရှင်းရင် ကောင်းမလဲ၊ အဲဒါ ပြောပြစမ်းပါလားကွယ်'

'ဒီလိုလုပ်ပါဦး၊ ကျွန်တော့်ကို ခံသနတ်တစ်လက်နဲ့ ကျည်ဆန်အတော်များများ ပေးလိုက်ပါ၊ ပြီးတော့ ကားတစ်စီးနဲ့ စော်ဘွားကြီးကုန်းကို လိုက်ပို့ပေးပါ၊ ဒါဆိုရင် တော်ပါပြီ ကျန်တာ ကျွန်တော့်ဘာသာ ဆက်လုပ်ပါ့မယ်'



'ဒါက လွယ်ပါတယ်ကွယ်၊ ခက်တာက မုန်တိုင်းတို့အဖွဲ့ဟာ ပေါ်နေသေး မဟုတ်တာ ဦးလဲသိထားတယ်ကွယ်၊ အဲဒီတော့ ဒီလိုလုပ်ပါ မောင်သိန်းတန်နဲ့အတူ ဦးရဲ့ရဲဘော် ဆယ်ယောက်လောက် ထည့်ပေးလိုက်မယ်လေ၊ ဘယ့်နှယ်လဲ'

'မဖြစ်ပါဘူးဦး'

'ဘာဖြစ်လို့လဲကွယ့် ပြောပါဦး'

'ဘာဖြစ်လို့လဲဆိုတော့ ဦးရဲ့ရဲဘော်တွေဟာ မြန်မာပြည် မြန်မာလူမျိုးကို ကျွန်အဖြစ်ကလွတ်မြောက်စေရေးအတွက် ရည်ရွယ်ချက်ထားပြီးသား ရဲဘော်တွေပါ၊ ဘာမဟုတ်တဲ့ ကျွန်တော့်လိုလူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုမှာ သူတို့အသက်တွေကို အဆုံးရှုံးမခံစေချင်ပါဘူး၊ ဒါပါပဲဦး၊ ဒါကြောင့်ပါ'

ကျွန်ုပ်၏စကားအဆုံး၌ ဦးကျော်သူမြတ်သည် သားတစ်ယောက်သဖွယ် ကျွန်ုပ်အား ဖက်ယမ်းနမ်းရှုံ့လေတော့သည်။

နှုတ်မှလည်း....

'မောင်သိန်းတန် မောင်သိန်းတန်၊ လူသားငယ်တယ် ထားတဲ့စိတ်ထားနဲ့ လူရည်သွေးကတော့ တကယ့်ကို ချီးမြှောက်ပါပေရဲ့၊ ဦးသားလေးသာ ဖြစ်လိုက်ပါတော့ကွယ်'

ထိုစဉ် ဦးအောင်သူမြတ်ကလည်း ကျွန်ုပ်၏လက်ကို ဆုပ်ကိုင်လျက် တုန်တုန်ယင်ယင်ဖြင့် ပြောရှာသည်။

'တကယ်လို့ ဦးရဲ့သားကို မတွေ့တဲ့အဆုံး မောင်သိန်းတန်ကို ဦးရဲ့သားအရင်းအဖြစ် အမွေစားအမွေခံနဲ့ မွေးစားဖို့ ကတိပြုပါတယ်ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေကြစဉ် ဦးကျော်သူမြတ်က လက်ပြလိုက်ရာ ကိုပြုံးနှင့်အတူ ဝတ်စုံနက်သုံးယောက် ရောက်ရှိလာကြတော့သည်။

'သူလိုအင်္ဂါတွေအားလုံး အဆင်သင့်ဖြစ်အောင်လုပ်ပေးပြီးတာနဲ့ လိုက်ပို့ပေးလိုက်ပါ၊ မင်းတို့သုံးယောက် လက်နက်အပြည့်အစုံနဲ့လိုက်သွားကြ၊ ကားကို တစ်နေရာမှာဂုက်ထား၊ ပြီးရင် သူ့ကို တတ်နိုင်သမျှ ခေါင့်ရှောက်မှုပေးရမယ်၊ တကယ့်လို့ တစ်နာရီအတွင်းမှာ သူတို့ ခြံထဲက ထွက်မလာဘူးဆိုရင် ငါနဲ့အတူ တခြားရဲဘော်တွေရောက်လာပြီး ဝင်တိုက်ကြမယ်၊ နားလည်ပြီလားမောင်ပြုံး'

'နားလည်ပါတယ် ခေါင်းဆောင်ကြီး'

ထို့နောက်....

ကျွန်ုပ်သည် ကိုပြုံးထံမှ ကျွန်ုပ်နှင့်တော်မည့် အနက်ရောင်ဝတ်စုံတစ်စုံ၊ သံချိတ်တပ်ကြိုးခွေနှင့် ဓားမြှောင်တစ်ချောင်း အပြင် သေနတ်တစ်လက်နှင့် ကျည်ဆန် အတော်များများကို ယူဆောင်ပြီးထွက်ခွာရန်ပြင်ဆင်နေစဉ် ထွေးထွေးတစ်ယောက် ရောက်လာလျက်....

'အစ်ကို...အစ်ကို၊ သတိဝီရိယထားပါ အစ်ကိုရယ်၊ ဟိုလူတွေက လူဆိုးတွေဆိုတော့ ထွေးထွေးအစ်ကို့အတွက် ရင်လေးမိလို့ပါ'

မျက်ရည်များစီးကျလျက် ကျွန်ုပ်အတွက် စိုးရိမ်နေရှာသူလေးအား ဖျောင်းဖျနှုတ်ဆိမ့်ကာ ကိုပြုံးနှင့်အတူ ကျွန်ုပ်တို့ငါး



ယောက်သည် ကားလေးဖြင့် စော်ဘွားကြီးကုန်းဘက်သို့ ထွက်လာခဲ့လေတော့သည်။

ကားလေးကို ကိုပြုံးကိုယ်တိုင် အထူးဂရုစိုက်၍အလျင်စလို မောင်းနှင်လာလေသည်။

ထိုသို့ မောင်းနှင်လာရင်းမှ ကျွန်ုပ်က....

ကိုပြုံး တို့ကျရင် အခြေအနေကြည့်ပြီး ကျွန်တော် အရင် ဝင်မယ်၊ အချက်ပြလိုက်မှ ခင်ဗျားတို့ဝင်ခဲ့ကြပါ၊ အခြေအနေ ကောင်းရင် ပြတင်းပေါက်က မီးခြစ်သုံးချက်ခြစ်ပြမယ်'

'ကောင်းပြီလေ'

ကိုပြုံးက ထိုသို့ပြော၍ ကားကို အမြန်မောင်းနှင်လာခဲ့ရာ မကြာမီ မှောင်ရိပ်များသမ်း၍ တိတ်ဆိတ် ငြိမ်သက်နေသော စော်ဘွားကြီးကုန်းသို့ ရောက်ရှိလာတော့သည်။

❀

www.burmeseclassic.com

## ကျွန်ုပ် ချစ်သောမပေယ်

ကားကိုလမ်းဘေးသို့ ထိုးဆင်း၍ သစ်ကိုင်းအချို့ကိုချိုး၍ ကား အုပ်ဆိုင်းထားလိုက်ရာ ဖြုန်းခနဲ မြင်တွေ့ရန် မလွယ်ကူ အောင် ဖြစ်သွားတော့သည်။

ထို့နောက် ခြေနင်းပါတ်များကို ပုန်းလျှိုးကွယ်လျှိုး ကြည့်ရှု ရာ မကြာမီ စာထဲ၌ပါရှိသည့်နံပါတ်ကို တွေ့ရတော့သည်။

သုံးရက်အချိန်ပေးထားသည်ဖြစ်ရာ ရှက်တရက်ကျွန်ုပ်ရောက် လာလိမ့်ဦးမည် မထင်သဖြင့် လုံခြုံရေးမှာ အထူးကြပ်မတ်မှုရှိ ကြောင်း တင်ရှားလှ၏။

ကိုဖြူးနှင့်အဖွဲ့မှာ ကျွန်ုပ်နှင့်လိုက်နှစ်ရာနီးပါးဝေးသည့် ချုံ တခုတစ်ခုတွင် ဝပ်နေကြလေသည်။



ကျွန်ုပ်သည် ခြံဘေးပတ်လည်ကို လှည့်လာကြည့်ရှုရင်းမှကြိုး မားသော ဒူးရင်းပင်ကြီးတစ်ပင်ပေါ်သို့ ကြိုးခွေကို တစ်အားဒး မြှောက်၍ ပစ်လိုက်တော့သည်။

အလိုက်သင့် ချိတ်မိသွားသောသံချိတ်ကြောင့် ကြိုးခွေတင်း သွားရာ ကျွန်ုပ်လည်း မဆိုင်းမတွ ကြိုးကို ဆွဲ၍ ဒူးရင်းသီးပင် ပေါ် တက်ခဲ့တော့သည်။

သစ်ပင်ပေါ်မှ လှမ်းကြည့်မိရာ ထိုအခါမှပင် ခြံတံခါးဝ၌ စောင့်နေသော အစောင့်နှစ်ယောက်ကို တွေ့ရလေ၏။

ဂုင်းတို့မှာ အိပ်ငိုက်နေပုံရလျက် ကျွန်ုပ်အား မြင်ဟန်မတူ ပေ။

ကျွန်ုပ်သည် သံချိတ်ကိုဖြုတ်၍ အိမ်ကြီးနှင့်ကပ်လျက်တွင် ပေါက်နေသည့် မရမ်းပင်ကြီးဆီသို့ လွှဲပစ်လိုက်ပြန်၏။

ငြင်းလျှင် ပေါ့ပါးသွက်လက်စွာ ခုန်ကူးလိုက်သည်။

တစ်ဖန် ခါးကြားမှ ဓားမြှောင်ကိုထုတ်ယူ၍ ပြတင်းပေါက် ကို ကန့်လန့်၍ ဖွင့်လိုက်လေ၏။

အတွင်းမှမီးရောင် မလင်းတလင်းတွင် ကျွန်ုပ်၏ညီ မေဝင်လှ ဟန်သည် စားပွဲတစ်လုံး၌ အရက်သောက်လျက်ရှိကြောင်းတွေ့ ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က တုံ့ဆိုင်းမနေဘဲ ပြတင်းပေါက်မှ ခုန်ဝင်လိုက်သည်။

သို့ရာတွင်...

'ဖြောင်း'

'အား'

ကျွန်ုပ်၏ ဦးခေါင်းအား အရာဝတ္ထုတစ်ခုဖြင့် ပြင်းထန်စွာ ထိခိုက်မိလျက် မောင်လှဟန်၏ဘေး ကြမ်းပြင်တွင် ထိုးလဲသွားတော့သည်။

ထိုစဉ် ကျွန်ုပ်၏နောက်ဘက်မှ အသံတစ်သံ ကြားရလေသည်။

'ဟား...ဟား...ဟား မင်း လျှင်တယ်ဆိုတာ တို့ အိပ်နေသလောက် ရှိပါသေးတယ်ကွာ၊ မုန့်တိုင်းဆိုတာဟာ ဒါမျိုးတွေမှာ နောကျေပြီးသားပါကွ'

ကျွန်ုပ် လဲနေရာမှကြည့်လိုက်သောအခါ ကျွန်ုပ်အား သေနတ်ဖြင့် ချိန်ထားသည့် လူဆိုးခေါင်းဆောင် မုန့်တိုင်းကို ထိတေင်အပြုံးဖြင့် မြင်ရလေသည်။

မောင် ဟန်ကလည်း ထိုင်ရာမှ ထ၍လာလျက် ကျွန်ုပ်အား ခြေထောက်ဖြင့် တစ်ချက်ကန်လိုက်ပြီးလျှင်...



'အေးလေ...မင်း သေတွင်း မင်း ဝင်တိုးတာပဲပေါ့ ကွာ။ ဘယ်မလဲ ရွှေဟသ်္သာရုပ်၊ ပါလာမှာ မဟုတ်ပါဘူး၊ မင်း အကျင့်ကို ငါ သိပါတယ်၊ မင်းသတ္တိကို အားကိုးပြီး စွန့်စားဖယ်ပေါ့ ဒါကို ငါနဲ့ မုန့်တိုင်း တွက်ထားပြီးသားပါ၊ ဒီတစ်ခါတော့ အစီစိရောက်အောင် မုန့်တိုင်းက ကောင်းကောင်း ပို့ပေးပါလိမ့်မယ်၊ ဟား...ဟား...ဟား'

ကျွန်ုပ်မှာ စံပုလွေများ၏အလယ်၌ ဇက်စင်းပေးရသောသိုးငယ်ကဲ့သို့ ဖြစ်နေရသည်။

မုန့်တိုင်းက...

'မင်းဟာ မင်း ပိုင်တာလဲမဖြတ်တဲ့ ရွှေဟသ်္သာရုပ်ကိုအမြတ်ဟန်း ကိုးကွယ်နေတဲ့ကောင်ပါ၊ ဒီတော့ မင်းရဲ့ဝိညာဉ်ကို အဲဒီရွှေဟသ်္သာရုပ်ထဲကို ထည့်ပေးရမယ်၊ နောက်ဘဝကျမှ အဲဒီပစ္စည်းတွေကို သုံးပေတော့ကွာ...ကဲ့'

မုန့်တိုင်း၏သေနတ်မှာ ကျွန်ုပ်၏နှလုံးသားတည့်မတ်စွာ ချိန်ရွယ်ထားပြီးနောက် မောင်းဖြုတ်မည့်အချိန်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိစဉ်...

'ဒုတ်'

'အ...'

'ဖေါက်'

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမျှော်လင့်ခြင်း မပြုနိုင်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့တော့သည်။

ထိုသည်ကား မြားတစ်စင်းသည် မုန့်တိုင်း၏ သေနတ်ကိုင်လက်ကို လာရောက်စိုက်ဝင်သွားပြီးနောက် သေနတ်မှာ ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားသည်။

မရှေးမနှောင်းမှာပင် ပြတင်းပေါက်မှတစ်ဆင့် လူရိပ်တစ်ခုက ဝင်ရောက်လာခဲ့ပြန်သည်။

ကျွန်ုပ်က အလျင်အမြန်ပင် ကျနေသည့်မုန့်တိုင်း၏ သေနတ်ကို လဲနေရာမှ ကန်ထုတ်လိုက်ပြီး ထရပ်လိုက်သည်။

'ဟဲ…ဟဲ…ဟဲ ဒီတစ်ခါတော့ အချိန်မီပါသေးတယ်နော် မောင်သိန်းတန်'

ကျွန်ုပ်လည်း ဝင်လာသူကို ထိုအခါမှ သေသေချာချာ ကြည့်ရှုမိတော့သည်။

'အို…ဦးနတ်ရဲပါလား'

ဦးနတ်ရဲ၏လက်ထဲမှသေနတ်က မုန့်တိုင်း၏နားထင်ကို ချိန်ရွယ်ထားလေသည်။

ထိုအခိုက် မောင်လှဟန်က ၎င်း၏သေနတ်ကိုထုတ်လိုက်ရာ ကျွန်ုပ်က ခုန်ဝင်လိုက်သော်လည်း…



'ဒိုင်း'

'အား'

ကျည်ဆန်မှာ ကျွန်ုပ်၏လက်မောင်းကို ဖောက်ထွင်း ဝင်ရောက်သွားလေရာ လွန်စွာ နာကျင်သွားလေ၏။

သို့ရာတွင် ဒဏ်ရာကို လုံးဝဂရုမစိုက်နိုင်ဘဲ သေနတ်ကိုင်လက်ကို လိမ်ချိုး၍ ကိုင်ပေါက်လိုက်လေသည်။

'ဝုန်း'

'အား'

ကျွန်ုပ်က လဲနေသော မောင်လှဟန်အား လက်များကို ဖမ်းချုပ်၍ လည်မျိုကို ခါးမြှောင်ဖြင့် တေ့ထားရင်း…

'ကဲ…ဟေ့ကောင် ပြောစမ်း၊ ငါ့ချစ်သူကို ဘယ်မှာချုပ်ထားသလဲ၊ မင်း လိုက်ပြစမ်း'

'ပြ…ပြပါ့မယ်'

မောင်လှဟန်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် သော့ခတ်ထားသည့် အခန်းတစ်ခန်းကို လက်ညှိုးထိုးပြလေသည်။

ထိုအခိုက် လှေကားမှတစ်ဆင့် ပြေးတက်လာသော ခြေသံအချို့ကို ကြားရလေသည်။

သေနတ်သံကြောင့် မုန့်တိုင်း၏တပည့်များ တက်လာကြခြင်း ဖြစ်ပေသည်။

'မြန်မြန်လုပ်ဟေ့ မောင်သိန်းတန်၊ ငါ ဒီက ဆီးမထားမယ်၊ လောလောဆယ် ငါ့မိဘနဲ့ ငါ့ချစ်သူကိုသတ်တဲ့ မိစ္ဆာကို

www.burmeseclassic.com

www.burmeseclassic.com



တမလွန် ပို့ပေးလိုက်တော့မယ်၊ ဟော့ကောင် လှထွန်းစ ဆိုတဲ့ လူယုတ်မာ လိုရာဆုတောင်းပေတော့'

'ချမ်း....ချမ်းသာပေး'

'ဒိုင်း'

သေနတ်သံနှင့်အတူ စကားပြောလက်စ မုန်တိုင်းမှာ အခန်းတွင်းသို့ လှိမ့်စဉ်လဲကျသွားတော့သည်။

'ဒိုင်း'

ကျွန်ုပ်လည်း မောင်လှဟန်ကို ဖမ်းချုပ်ထားလျက်မှ သော့ကို သေနတ်ဖြင့် ပစ်ဖွင့်လိုက်သည်။

ထိုအခါ အခန်းထဲ၌ အဝတ်အစား ဖရိုဖရဲဖြင့် ကြိုးနှင့်အတုပ်ခံထားရသည့် မစပယ်ကို တွေ့ရလေသည်။

မောင်လှဟန်ကို ဆွဲခေါ်၍ ချည်ထားသောကြိုးများအား ဓားဖြင့် ဖြတ်ပေးနေစဉ် လှေကားဝမှ သေနတ်သံများကိုကြားရလေတော့သည်။

'ဒိုင်း....ဒိုင်း....ဒိုင်း'

'ဒိုင်း....ဒိုင်း'

'မောင်သိန်းတန် မြန်မြန်လုပ်ဟေ့'

သနားစဖွယ် မစပယ်၏ ဖြစ်အင်ကို မြင်ရသည်၌ ကျွန်ုပ်အသည်းနှလုံးတို့ ကြေမွှန်း၍ မီးဟုန်းဟုန်းတောက်လောင်ပြီးလျှင်....



'မစပယ်....မစပယ်'

'ဟုဘ်တယ်အစ်ကို၊ မစပယ်ကို သူတို့....'

မစပယ်မှာ ရှေ့မဆက်နိုင်တော့ဘဲ တအင့်အင့် ငိုရှိုက်နေရှာတော့သည်။

ကျွန်ုပ်က မောင်လှဟန်အား ဒေါသဖြင့် အခန်းအပြင်ကို ထုတ်ခဲ့ပြီးလျှင်....

'လှဟန်....လှဟန်၊ ငါဟာ မင်းကို ငယ်ငယ်လေးက ညီလေးပဲ ဆိုပြီး အင်မတန် ချစ်ခဲ့ဘယ်၊ မင်းကတော့ ငါနဲ့တကွ မိဘတွေကိုပါ ဒုက္ခပေးခဲ့တဲ့အပြင် အခု ငါ ငါချစ်သူကိုပါ....'

'ကျွန်....ကျွန်တော်'

ကျွန်ုပ်မှာ သူရူး တစ်ယောက်ကဲ့သို့ အော်ဟစ်၍ မောင်လှတန်အား ဆွဲယမ်းလှုပ်ခါနေတော့၏။

သို့စဉ်....

လှေကားအောက်မှ လူဆိုးများနှင့် အပေါ်ထပ်မှ ဦးနုတ်ရဲတို့၏ ပစ်ခတ်သံမှာ ဆူညံနေတော့သည်။

'ဝုန်း'

ထိုစဉ်အခိုက်

အခန်းတွင်းမှ လဲပြိုသံကြားလိုက်သောကြောင့် ကြည့်လိုက်ရာ မစပယ်မှာ ၎င်းဝဌ် ဓားစိုက်လျက် လဲကျသွားသည်ကို တွေ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ထိတ်ထိတ်ပျာပျာဖြစ်ကာ မစပယ်ဆီကိုပြေးသွားစဉ်တွင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အောက်ထပ်သို့ ဆင်းပြေးသွားသောမောင်လှဟန်မှာ ၎င်း၏တပည့်များ၏ကျည်ဆန်များကြောင့် နှစ်ပတ်သုံးပတ်သည်၍ ကြမ်းပြင်ပေါ်လဲကျသွားသည်ကို တွေ့မြင်လိုက်ရသည်။

'အို…ဖြစ်ရလေ မစပယ်လေးရယ်'

မစပယ်မှာ သေရှာလေပြီတကား….၊

ထိုစဉ်—

လက်တစ်ဖက်က ကျွန်ုပ်၏ ကုပ်ပိုးကို လာရောက် ဆုပ်ကိုင်လိုက်ပြီးလျှင်…

'ထမ်း မောင်သိန်းတန်၊ သေနတ်သံတွေကြားရင် မကြာခင် ပုလိပ်တွေ ရောက်လာတော့မယ်၊ မင်းချစ်သူလဲ သေရှာပြီ၊ ဒီတော့ သွားကြမှကွ၊ ဟိုကောင်တွေ လူစုက အောက်ထပ်မှာ အများကြီးပဲ၊ တို့ကို ဝိုင်းထားတယ်၊ ပြတင်းပေါက်က ထွက်ကြစို့'

ယင်းသို့မှပင် လက်ရှိအခြေအနေကိုသတောပေါက်လျက် လှဟန်နှင့် မုန်တိုင်းတို့၏အလောင်းများကိုခွကျော်ကာ ပြတင်းပေါက်မှ တစ်ဆင့် မရမ်းပင်သို့ ခုန်ကူးလိုက်တော့သည်။

ကျွန်ုပ်လည်း ကြိုးကို ရှာဖွေနေစဉ် သစ်ပင်ဆီသို့ ခုန်ကူးလိုက်သည့် ဦးနုတ်ရဲမှာ ဗိုင်းခနဲ သေနတ်သံနှင့်အတူ အောက်သို့ ပြုတ်ကျသွားသည်ကို တွေ့လိုက်၏။



'အား'

ဦးနုတ်ရဲအား ကူညီလိုသော်လည်း မည်သို့မျှ အကြောင်းထူးတော့မည် မဟုတ်တော့သဖြင့် စိတ်ကိုလျှော့ပြီး ကြိုးစကိုဆွဲ၍ လာခဲ့ရင်း ဒူးရင်းပင်ရှိရာသို့ ခုန်ကူးခဲ့တော့၏။

'ဗိုင်း…ဗိုင်း'

လေနတ်ကျည်ဆန်များသည် ကျွန်ုပ်၏ဘေးမှ တရှီရှီ ဖြတ်သန်းခဖြးလွှားကြသည်မှာ အသည်းယားစဖွယ် ဖြစ်နေတော့သည်။

မကြာမီ—

ဒူးရင်းပင်မှ ကြိုးကို လွှဲ၍ မြို့ပြင်သို့ ခုန်ထွက်ခဲ့သည်။

'ဟေ့ ကိုသိန်းတန်၊ ဒီဘက်ပြေးလာခဲ့၊ ကားကို ဒီမှာ အဆင့်သင့် ထုတ်ထားပြီးပြီ'

ကိုပြုံး၏အသံ ဖြစ်နေသောကြောင့် ကျွန်ုပ်လည်း အားတက်သွားကာ ၎င်း၏ အသံကြားရာ အားတင်း၍ ပြေးထွက်ခဲ့တော့သည်။

'ဗိုင်း….ဗိုင်း….ဗိုင်း'

မုန်တိုင်း၏လူများမှာ ကျွန်ုပ်ကို လွတ်သွားသည်ကို ရိပ်မိကာ လိုက်လံ၍ပစ်ခတ်နေရာ ကျွန်ုပ်တို့ဘက်မှ ကိုပြုံး၏တပည့် တစ်ဦးက ပြန်လှန်ပစ်ခတ်လိုက်တော့သည်။

'ဗိုင်း….ဗိုင်း….ဗိုင်း'

'ဟေ့ ကားစက်နှိုးပြီး ကားတံခါးကို အဆင်သင့်ဖွင့်ထားမ်း၊ တို့ ရောက်လာတာနဲ့ ထွက်မယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ... သူလဲကျသွားပြီဆရာ'

ကိုးပြူး၏အမိန့်ပေးလိုက်သောနတ်သံနှင့်ကျွန်ုပ်အားဆွဲယူလိုက်သော အသံများကို ဝိုးတဝါးမျှသာ မှတ်မိပြီးနောက် သွေးထွက်လွန်နေသော ကျွန်ုပ်မှာ လုံးလုံး လျားလျား သတိလစ်မေ့မြောသွားလေတော့သည်။

ကျွန်ုပ်၏ ဝါကြွမှာ

ကျွန်ုပ်အား လွန်စွာ ချစ်ခင်သည့် မီခင်နှင့် မစပယ်သည် ကျွန်ုပ်အား ပြုံးရွှင်စွာကြည့်၍ ကြည်နူးနေကြစဉ် လှပတန်နှင့် မုန်တိုင်းတိုက်သည့် သေနတ်များဖြင့် တရစပ်ပစ်ခတ်လေရာ မိခင်နှင့် မစပယ်တို့မှာ ရင်ဘတ်၌ သွေးများ စီးကျ၍ လဲကျသွားတော့သည်။

ထို့ကြောင့်....

ကျွန်ုပ်အာပြုံးအလွှားသွား၍ ထူမိတော့သည်။

'ဟင်...အမေ၊ အို...မစပယ်'

www.burmeseclassic.com

www.burmeseclassic.com



'အမေ...မစပယ်'

'ဟော... ဟော...သတိရလာပြီ၊ သား... သား...လူလေး၊ အောင်ကျော်သူ'

'ဟော...မောင်သိန်းတန် သတိရလာပြီ'

'အစ်ကို...အစ်ကိုသိန်းတန်'

ကျွန်ုပ် အားပါးတရ အော်ဟစ်ပြီးသည့်အဆုံး၌ ထို အသံများကို ကြားရသောကြောင့် မျက်စိဖွင့်ကြည့်ရာ ကျွန်ုပ်၏မျက်နှာပေါ်၌ အားရဝမ်းသာဖြစ်လျက်ရှိသည့် မျက်နှာများစွာကို မြင်တွေ့ရတော့သည်။

ထိုမျက်နှာများကား ဦးအောင်သူမြတ်၊ ဦးကျော်သူမြတ်၊ ဝေသွေး၊ ဝေသွေးနှင့် အပျိုကြီး ဒေါ်မွေးလှတို့ပင် ဖြစ်လေသည်။

ကျွန်ုပ်၏ မျက်လုံးများကို အခန်း ပတ်ပတ်လည် လျှောက်ကြည့်လိုက်သောအခါ အခန်း၏ကုလားထိုင်ပေါ်၌ ထိုင်လျက်ရှိသည့် ဘုန်းတော်ကြီး တစ်ပါးနှင့် ၎င်း၏အနီးရှိ စားပွဲဝိုင်းလေး ပေါ်တွင် စိန်ရောင်ရွှေရောင်များ တလက်လက်တောက်ပနေသည့် ရွှေဟသာရုပ် နှစ်ရုပ်ကိုလည်း မြင်တွေ့လိုက်ရတော့၏။

ထိုအခါ...

ကျွန်ုပ်သည် အံ့အားသင့်လျက် ရုတ်တရက်ထပြီး...



'အဖေ...အဖေ'

ကျွန်ုပ်က ဘုန်းတော်ကြီးဖြစ်သူ ကျွန်ုပ်၏ဖခင်အား ထိုသို့ခေါ်လိုက်ရာ ဘုန်းတော်ကြီး၏ ကြည်ငြိမ်စွာ ပြုံးလျက်...

'ဒကာ သိန်းတန်၊ ဒကာ သိန်းတန်ရဲ့ ဖခင်ဟာ ဟောဒီ ပုဂ္ဂိုလ်ကြီး ဦးအောင်သူမြတ်ဖြစ်ပါတယ်ကွယ်'

'ခင်ဗျာ...'

'ဖြည်းဖြည်းပေါ့ လူလေးရယ်၊ ဦးကြီး ရှင်းပြပါမယ်...၊ ငါ့တူကြီး သတိလစ်မေ့မျောနေတာ သုံးရက်ရှိသွားပြီ၊ ဟောဒီ ဆရာဝန်ကြီးက အထူးကုသပေးနေလို့ ဒီကနေ့ ကျက်သရေလာက်ရှိနေပါပြီ၊ သွေးအားနည်းပြီး 'မစပယ် အတွက် စိတ်ထိခိုက်သွားတာမှာ အခုလို သတိလစ်သွားတာလို့ သိပါကယ်'

ထိုအခါတင်မှ အခန်းတွင်းသို့ လှမ်းဝင်လာသည့် ဆရာဝန်ဆိုသူကို တွေ့လိုက်ရလေတော့၏။

ဆရာဝန်က...

'မောင်သိန်းတန်ရဲ့ အခြေအနေ ကောင်းသွားပြီ၊ သူ့ကို စိတ်ချမ်းသာအောင်ထားပြီး အားရှိတဲ့အစားအစာတွေကိုစားခိုင်းပါ၊ အနာကို နေ့စဉ် ဖန်ရည်ဆေးပြီး ဆေးထည့်ပေးပါ၊ ပြီးတော့ ပတ်တီးစည်းထားရင် ပျောက်သွားမှာပါ၊ ကျည်ဆန်က အရိုးမထိလို့ စိုးရိမ်စရာမရှိပါဘူး၊ ကဲ...ကျွန်တော် ခွင့်ပြုကြပါဦး ဦးအောင်သူမြတ်'

ထိုအခါ ကိုပြူးနှင့်တပည့်များက ဆရာဝန်ကို အခန်းတွင်းမှ လိုက်လံ ပို့ဆောင်ပေးကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကိုပေးအပ်ရန် ငွေအတော်များများကိုလည်း ဦးကျော်သူမြတ်က ကိုပြူးအား ပေးလိုက်တော့သည်။

ပြီးမှ....

'အင်း...ဆက်ဦးမှ၊ ဒီလိုကွယ့်၊ ငါတို့ရဲ့ ခင်း ယကိုလာစ်နေချိန်မှာ မင်းရဲ့ဓာတ်ဆရာကို စစ်ဆေးကြည့်ရှုဖို့ အကျီချွတ်လိုက်တော့ မင်းရဲ့ ကျောဘက်မှာ ဇာဦးအမှတ်သိုးခုဟာ ကြိုဂံပုံသဏ္ဍာန်ရှိတာကို တွေ့လိုက်ရတော့ ဦးအောင်သူမြတ်က တွေ့သိုက်ရတယ်'

'အဲ့ဒီတော့....'

ကျွန်ုပ်က သိလိုဇောဖြင့် ဝင်ထောက်လိုက်ရာ ဦးကျော်သူမြတ်က...

'ဖြည်းဖြည်းပေါ့ကွယ်၊ ဒီမှာတင် လေလံပွဲမှာပျောက်ဆုံးသွားခဲ့ရတဲ့ သူ့သားလေးမှာလဲ ဒီလို အမှတ်အသားမျိုးရှိတာကို သူ သတိရမိတော့တယ်၊ အဲဒီအခါမှာ ကိုပြူးတို့ကိုလွှတ်ပြီး မင်းရဲ့ဖခင် ဘုန်းတော်ကြီးကို မြည်မြို့ကနေ ပင့်ခဲ့ရတယ်၊ ရှေးဟောင်းရုပ်နှစ်ရုပ်ကိုပါ တစ်ပါတည်းယူခဲ့ဖို့ ဦးက စာရေးပြီး လျှောက်ထားလိုက်ရတယ်ဆိုပါတော့'

ကျွန်ုပ် ဘာမျှ ပြောဘဲ ရေခွက်ကိုကြည့်လိုက်ရာ တွေးတွေးကာ ငိုယိုကာ ရေတိုက်ရှာ၏။

ဦးကျော်သူမြတ်က ဆက်လက်၍ ပြောပြန်၏၊

'ဘုန်းတော်ကြီးနဲ့ တွေ့ဆုံဆွေးနွေးကြည့်တဲ့အခါ မင်းတို့သားအမိကို လေလံပွဲက ကူညီကယ်တင်ခဲ့ကြောင်း ပြောပြတယ်လေ၊ မောင်လှဟန်က မင်းရဲ့ မအေတူ ဖအေကွဲညီ ဖြစ်တယ်ကွယ့်'



ဦးကျော်သူမြတ်၏ စကားအဆုံး၌ ဘုန်းတော်ကြီးအား ကြည့်မိရာ ဘုန်းတော်ကြီးက ဦးကျော်သူမြတ် ပြောသည်မှာ မှန်ကြောင်း ကျွန်ုပ်အား ခေါင်းညိတ်ပြလေ၏။

တစ်ဖန် ဘုန်းတော်ကြီးက....

'ဓကာသိန်းတန်လဲ ရှိပ်မိမှာပါကွယ်၊ ဘုန်းကြီးဟာ လူ့ဘဝမှာ ဓကာသိန်းတန်ကို နှိပ်စက်ပြီး မောင်လှဟန်ကို ဘာကြောင့် အရေးပေးတာလဲ သိလား၊ ဓကာသိန်းတန်ဟာ ဘုန်းကြီးရဲ့သားအရင်း မဟုတ်ဘူးခိုတဲ့ စိတ်ကြောင့်ပေါ့၊ ခုပေမဲ့ ဓကာသိန်းတန်ဟာ သားအရင်းထက်တောင် ဘုန်းကြီးကို ချစ်ခင်တာကိုသိရလို့ နှိပ်စက်ခဲ့တဲ့ အပြစ်တွေအတွက် တွေးမိရင် အင်မတန် ကြေကွဲမိတာကလား၊ အင်းလေ ဘာပဲဖြစ်ဖြစ် စိတ်ထားကောင်းမြတ်သူဟာ တစ်နေ့မှာ အကျိုးထူးခံစားရမှာပေတာပဲ၊ ကဲ...ကဲ သားအဖနှစ်တွေ စကားပြောကြဦး၊ ဘုန်းကြီး ကြုံလျှောက်ဦးမယ်'

ဘုန်းတော်ကြီးက ကြီးမားသောဝှဲခြေဖြင့် အခန်းတွင်းမှ ထွက်ခွာသွားရာ ကျွန်ုပ်မှာ မယုံနိုင်လောစိတ်ဖြင့် မျက်စိတစ်ဆုံး ကြည့်နေမိတော့သည်။

ထိုအခါ ဦးကျော်သူမြတ်က....

'မင်းရဲ့ မွေးစားဖခင် ဘုန်းတော်ကြီးက မင်းမိခင်နဲ့ မင်းနာမည်ကိုပါ ပြောင်းပြီး ဇာတ်မြှုပ်နေသိုင်တော့ မင်းဖခင် ဦးအောင်သူမြတ်ရဲ့ အပည့်တွေ အရှာရခက်ပြီး ကြွေကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'သား...လူလေး အောင်ကျော်သူ'

'ဗျာ...ဖေဖေ'

'သားကို စ တွေ့ကတည်းက ငါ့သားလေးသာ ဖြစ်လိုက်ပါတော့လို့ ဆုတောင်းနေတာ၊ အခုတော့ ဆုတောင်းပြည့်တဲ့အပြင် သားအတွက် ရည်ရွယ်ထားတဲ့ ရွှေဟသင်္ဘာရုပ်နှစ်ရုပ်ကိုလဲ ငါ့သားကို ပေးနိုင်ပြီ၊ အဖေတော့ သိပ်ဝမ်းသာတာပဲကွယ်'

'သားလဲ သိပ်ဝမ်းသာတာပေါ့ ဖေဖေ၊ ဒါပေမယ့်...'

'ဒါပေမယ့်...ဘာဖြစ်လို့လဲ သားရယ်'

'မေမေပယ်အတွက် သား စိတ်မကောင်းဘူး ဖေဖေ'

## မင်္ဂလာပြီးမင်္ဂလာ

အထက်ပါကိစ္စများ ဖြစ်ပွားပြီးနောက် တစ်နှစ်ခန့်အကြာ၌ ပဲခူးမြို့တွင် တိုးတိုးတိတ်တိတ် မင်္ဂလာဆောင်တစ်ခုကို ဆင်နွှဲလေသည်။

ထိုမင်္ဂလာဆောင်၏သတို့သားမှာ ဘုရားလူကြီး၊ သူဌေးဦးသိဒ္ဓိခေါ် ဦးအောင်သူမြတ်နှင့် လန်ချားကုလား၊ ခေတ်မင်းသားဒေပေါက်၊ ပုန်းပိတောက် ဆိုသည့် အပျိုကြီးဒေါ်မွေးလှတို့၏ မင်္ဂလာဆောင်ပင် ဖြစ်ပါလေတော့သည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်ပြုသည့် သဘောဖြင့် သင့်တင့်သော ညှော်ဟည် များကိုသာ မဖြစ်မနေဖိတ်ကြား၍ လက်ထပ်မင်္ဂလာ ဆင်နွဲခြင်း ဖြစ်သည်။

မင်္ဂလာဆောင်အနား ပြီးဆုံးသော အခါ မိသားစုများသာ ရှိကြသည့်တွင် ဖခင်ကြီးဦးအောင်သူမြတ်က ကျွန်ုပ်အား မြုံးရှင်စွာ ကြည့်၍....

'ရှေ့လမှာ လက်ထပ်ပွဲတစ်ပွဲ ကျင်းပဖို့ ဖိတ်စာရိုက်ပြီးသွားပါပြီသားရဲ့၊ ဟောဒီမှာကြည့်စမ်း'

'ဗျာ'

ကျွန်ုပ်သည်း ဖခင်ဖြစ်သူ ပေးသည့် အသစ်စက်စက် ဖိတ်စာကို ဆွဲယူကြည့်မိရာ သတို့သားမှာ ကျွန်ုပ်ကိုယ်တိုင်ဖြစ်၍ သတို့သမီးမှာ ထွေးထွေးဖြစ်နေသဖြင့် အံ့အားသင့်လျက်....

'ဟာ...ဘယ်လိုလုပ်လိုက်တာလဲဖေဖေ၊ ကျော်မကောင်း ကြားမကောင်းတွေတော့ ဖြစ်ကုန်တော့မှာပဲ၊ သားတို့ဟာ မောင်နှမတွေပဲ မဟုတ်လား'

'ဟား....ဟား....ဟား'

ဖခင်ကြီးရယ်မောနေစဉ်အချိန်မှာပင် ညှော်ခန်းထဲသို့ ထွေးထွေး ဝင်လာခဲ့လေသည်။

ထိုအခါ ဖခင်ကြီးက....

'ဟား...ဟား...ဟား၊ ထွေးထွေးဟာ မင်းဦးကြီးရဲ့ မွေးသမီးပါကွယ်၊ မယုံရင်မေးကြည့်ပါသား၊ တိုက်ပွဲမှာ ကျ



သွားတဲ့ သူ့ညာလက်ရုံး ကိုသီဟဆိုသူရဲ့သမီးလေးလေ၊ သူ မိခင် ပါ ဆုံးပါးသွားလို့ မင်းဘကြီးက ခေါ်ပြီး သမီးအရင်းလို မွေးစားထားတာ၊ အခုသုပ်မယ့်အစီအစဉ်က ဲ မင်းဘကြီးရဲ့ ဆန္ဒကို ဖြည့်စွမ်းတာလို့လဲ ဆိုရမှာပဲကွယ်'

'ဟုတ်တယ် မောင်သိန်းတန်၊ အဲ့...သား'

'ဟား ဟား ဟား'

'ဖေဖေတို့၊ ဘကြီးတို့ဆန္ဒကို ကျွန်တော် လိုက်လျောတာတော့ ဟုတ်ပါပြီ၊ ထွေးထွေးကိုလဲ သူ့ဆန္ဒ မေးကြည့်ဦးမှပေါ့'

'ဒါဖြင့် သွားဘာသာမေးကြည့်'

ထိုနောက်....

အဖိုကြီးဒေါ်မွေးလှနှင့် ဖခင်ကြီးဦးအောင်သူမြတ်တို့သည် အိမ်ပေါ်ထပ်သို့ တက်သွားကြတော့သည်။

သို့ရှိစဉ်....

ကျွန်ုပ်က ထွေးထွေးအနားသို့ကပ်၍....

'ထွေးထွေးကကော သဘောတူရဲ့လားဟင်'

'မတူဘူး'

'တကယ်လားဟင်'

'တကယ်ပေါ့'

'ဒါဆို အစ်ကိုတောင်းပန်'

www.burmeseclassic.com



'ဘာကိုတောင်းပန်မှာလဲဟင်'

'ထွေးထွေးကို စော်ကားသလို ဖြစ်နေတဲ့အတွက်ပါ'

'ဟင်း....သိပ်ခက်တယ်၊... အစ်ကိုဟာ အရူးပဲ'

'အရူးဆိုတာတော့မှန်ပါတယ်၊ ထွေးထွေးကို သိပ်ချစ်တဲ့ အရူးလေ'

'အင်း....ဒါနဲ့များ'

ပြောပြောဆိုဆို ထွေးထွေး၏ကိုယ်လုံးလေးသည် ကျွန်ုပ်၏ ရင်ခွင်တွင်းသို့ ဝင်လာသဖြင့် အလိုက်သင့် ဖက်ထားလိုက်ရလေ တော့သည်။

ပြီးပါပြီ

သူရိန်ဆွေ